TOTAL BUSINESS SOLUTION CO., LTD.

No. 54, Room. 704, Waizayantar Tower, Waizayantar Road,

Thingangyun Township, Yangon, Myanmar

# ကားမက်(စ်) ဂရု မြန်မာကုမ္ပဏီလီမိတက်

# မော်တော်ဆိုင်ကယ်တပ်ဆင်ခြင်းလုပ်ငန်းအတွက်
# ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ
# (ပထမအကြိမ်ပြန်လည်ပြင်ဆင်ခြင်း)

| | | | |
|---|---|---|---|
| စီမံကိန်းအမှတ် | ၁၀၇-၂၀၁၈ | ဖြန့်ဝေခြင်း | |
| နေ့စွဲ | ဧပြီလ ၂၆၊ ၂၀၂၂ | ကားမက်(စ်) | ၃ စုံ |
| စာအမှတ် | | TBS: | ၁ စုံ |

# ကတိကဝတ်များ

(က) ဤ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာကို တိကျခိုင်မာမှုများနှင့်ပြည့်စုံစွာ ဆောင်ရွက်ထားပါသည်။

(ခ) စီမံကိန်းနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များကို စီမံကိန်းဖော်ဆောင်သူမှ လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာ၏ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး လုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲလိုက်နာဆောင်ရွက်သွားမည် ဟု ကတိကဝတ်ပြုပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းအား အဆင့်တိုးမြှင့် ဆောင်ရွက်မည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများ လျှော့ချနိုင်မည့်နည်းလမ်းများအား စီစဉ်ဆောင်ရွက်ပါမည်။

(င) စက်ရုံလုပ်ငန်းပြီးစီး၍ စီမံကိန်းပိတ်သိမ်းချိန်တွင် လူမှုဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အစီအမံများ ချမှတ် ဆောင်ရွက်ပေးမည်ဖြစ်ပြီး စီမံကိန်းကြောင်းထိခိုက်မှုများရှိခြင်းကိုလည်း မူလအခြေအနေသို့ ရောက်ရှိစေရန် ဆောင်ရွက်ပေးမည်ဟုကတိကဝတ်ပြုပါသည်။

ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီလီမိတက်.

## အကြံပေးအဖွဲ့အစည်း၏ဝန်ခံချက်

ဤ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာသည် အကြံပေးအဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာ နားလည်တတ်ကျွမ်းမှုနှင့် စုံစမ်းရရှိသော အချက်အလက်များကို အခြေခံ၍ ပြည့်စုံ မှန်ကန်မှုရှိအောင် ဆောင်ရွက်ထားပါကြောင်း ဝန်ခံပါသည်။

Total Business Solution Co., Ltd.
No.
Date.

Managing Director

Total Business Solution Co., Ltd.

Dr. Soe Moe Kyaw Win
MANAGING DIRECTOR
TOTAL BUSINESS SOLUTION CO., LTD.

# အစီရင်ခံစာအကျဉ်းချုပ်

## ၁။ နိဒါန်း

ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီလီမိတက် (ကားမက်(စ်))စက်ရုံသည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၌ ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာ မြို့နယ် တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် ဖြင့် သုံးဘီး ဆိုင်ကယ် တပ်ဆင် ရောင်းချခြင်း လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်ပါသည်။ ၂၀၁၇ ခုနှစ်၊ ဖွန်လ ၌ မန္တလေး တိုင်းဒေသကြီး၊ ပြည်ကြီးတံခွန် မြို့နယ် တွင် လည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် ဖြင့် နှစ်ဘီး ဆိုင်ကယ် နှင့် သုံးဘီး ဆိုင်ကယ် တပ်ဆင် ထုတ်လုပ်သော လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်ပါသည်။ မန္တလေး တိုင်းဒေသကြီး၊ ပြည်ကြီးတံခွန် မြို့နယ် မှ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် သို့ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၌ စက်ရုံ နေရာပြောင်း၍ နှစ်ဘီး ဆိုင်ကယ် နှင့် သုံးဘီး ဆိုင်ကယ် တပ်ဆင် ထုတ်လုပ်သော လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ နေရာ ပြောင်းလဲ လုပ်ကိုင်ခြင်း အပေါ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၏ လိုအပ်ချက်အရ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာကို ရေးဆွဲခဲ့ပါသည်။ အစီရင်ခံစာ ရေးဆွဲရန် အတွက် တတိယ အကြံပေး အဖွဲ့အစည်း အဖြစ် Total Business Solution ကုမ္ပဏီကို ငှားရမ်း ရေးဆွဲခဲ့ပါသည်။

## ၂။ စီမံကိန်းတည်နေရာ

ကားမက်(စ်) စက်ရုံသည် အမှတ်(၁၁၇)၊ ဦးပိုင်အမှတ်-၂၂၄၊ ၃၃၃/၂၊ ၂၄၆/၃၃၉၊ တောင်ရင်းရပ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး တွင်တည်ရှိပြီး ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် ၃ကီလိုမီတာ အကွာတွင် ရှိပါသည်။ စီမံကိန်း ဧရိယာသည် ၅ ဧက ကျယ်ဝန်းပြီး စဉ့်ကိုင်မြို့နယ် ဘဲလင်းရွာနှင့် ရဲရွာ ရေအားလျှပ်စစ် သို့ သွားရာလမ်း၏ ဘယ်ဘက်ခြမ်းတွင် တည်ရှိပြီး မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၄၀ မိနစ် ၄၀.၄၃ စက္ကန့် မှ ၂၁ ဒီဂရီ ၄၀ မိနစ် ၄၇.၁၀ စက္ကန့် နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၉ မိနစ် ၂၄.၅၄ စက္ကန့် မှ ၉၆ ဒီဂရီ ၀၉ မိနစ် ၃၀.၀၃ စက္ကန့် ကြားတွင် ရှိပါသည်။ စီမံကိန်းဧရိယာ ၏ တည်နေရာပြ မြေပုံကို ပုံ-၁ တွင် ပြသထားပါသည်။




**ပုံ (၁) စီမံကိန်းတည်နေရာပြ မြေပုံ**

**၃။စီမံကိန်းအကြောင်းအရာ**

ကားမက်(စ်) စက်ရုံသည် အများပြည်သူ အခြေခံသယ်ယူ ပို့ဆောင်ရေး ယာဉ်အဖြစ် သုံးစွဲသော သုံးဘီးဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ် တပ်ဆင် ထုတ်လုပ်သော လုပ်ငန်းဖြစ်ပြီး ပြည်သူများ သင့်တင့်သော ဈေးနှုန်းဖြင့် အရည်အသွေး ကောင်းမွန်သော ပစ္စည်းကို အသုံးပြုနိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်ခြင်းဖြစ်ပါသည်။

စက်ရုံတွင် ကုန်ကြမ်းပစ္စည်း ဖြစ်သော စက်ပစ္စည်း အစိတ်အပိုင်းများကို ပြည်ပတရုတ်နိုင်ငံမှ တင်သွင်း၍ ရရှိလာသော ကုန်ကြမ်းပစ္စည်း များကို ကားမက်(စ်) စက်ရုံရှိ ဂိုထောင်တွင်ယာယီသိုလှောင်သိမ်းဆည်းထားပါသည်။ နောက်ပိုင်းတွင် စက်ပစ္စည်း အစိတ်အပိုင်း အားလုံးကို ရာခိုင်နှုန်းအလိုက် ထုတ်လုပ်ရန် စီစဉ်ထား ပါသည်။ ထို့ပြင် မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ် အစီးရေ တိုးချဲ့ ထုတ်လုပ်ခြင်း နှင့် မော်တော်ဆိုင်ကယ် ဘေးအကာများ ဆေးမှုတ်ခြင်း လုပ်ငန်းကို တိုးချဲ့ရန် စီစဉ်ထားပါသည်။ ထုတ်လုပ်မည့် မော်တော်ဆိုင်ကယ် အစိတ်အပိုင်း အရေအတွက်နှင့် ရာခိုင်နှုန်းကို အောက်တွင် အသေးစိတ် ဖော်ပြထားပါသည်။

(က) ၃နှစ်အတွင်း။ ။အစိတ်အပိုင်း အားလုံးကို ပြည်ပမှ တင်သွင်း၍ တပ်ဆင် ထုတ်လုပ်ပါမည်။

(ခ) ၄နှစ်မှ၇နှစ်အတွင်း။ ။အစိတ်အပိုင်း(၃၀)မျိုး၊ (၂၃) ရာခိုင်နှုန်းကို ပြည်တွင်း၌ ထုတ်လုပ်ပါမည်။

(ဂ) ၇နှစ်မှ၁၀နှစ်အတွင်း။ ။အစိတ်အပိုင်း(၇၀)မျိုး၊ (၅၃) ရာခိုင်နှုန်းကို ပြည်တွင်း၌ ထုတ်လုပ်ပါမည်။

(ဃ) ၁၀နှစ်မှ၁၃နှစ်အတွင်း။ ။အစိတ်အပိုင်း(၁၀၀)မျိုး၊ (၇၆) ရာခိုင်နှုန်းကို ပြည်တွင်း၌ ထုတ်လုပ်ပါမည်။

(င) ၁၃နှစ်မှ၁၆နှစ်အတွင်း။ ။အစိတ်အပိုင်း(၁၃၀)မျိုး၊ (၁၀၀) ရာခိုင်နှုန်းကို ပြည်တွင်း၌ ထုတ်လုပ်ပါမည်။

(စ) ၁၆နှစ်မှစ၍။ ။ပြည်တွင်း၌ အစိတ်အပိုင်းများနှင့် ရာခိုင်နှုန်းပြည့် တပ်ဆင် ထုတ်လုပ်ပါမည်။

ကားမက်(စ်) ကုမ္ပဏီသည် မော်တော်ဆိုင်ကယ် အစိတ်အပိုင်းများကို အထက်ဖော်ပြပါ (၁၆)နှစ် တွင် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် စီစဉ်ထားပါသည်။

## ၄။ စီမံကိန်း တည်ဆောက်မှုအစီအစဉ်

စီမံကိန်း ဖော်ဆောင်မည့် မြေနေရာကို ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် အထက်ဖော်ပြပါ အဆောက်အဦများ ပါရှိသော မြေနေရာကို ငှားရမ်းပြီး ဒီဇင်ဘာလ၊ ၂၀၁၇ ခုနှစ်တွင် စက်ပစ္စည်းများ တပ်ဆင်ခြင်းနှင့် နေရာချထားခြင်းများကို စတင်ပြုလုပ်ခဲ့ပါသည်။

မော်တော်ဆိုင်ကယ် ထုတ်လုပ် တပ်ဆင်ခြင်း လုပ်ငန်း လည်ပတ်ရာတွင် လိုအပ်သော လျှပ်စစ်အသုံးပြုမှု၊ ရေရရှိမှု၊ ဝန်ထမ်းများနှင့် အလုပ်သမား နေထိုင်ရန် ဝန်ထမ်း အိပ်ဆောင်၊ အလုပ်သမား အိပ်ဆောင် တို့ကို ၂၀၁၈ ခုနှစ် မတ်လကုန် တွင် အပြီးသတ် ပြုလုပ်ပြီး၊ သုံးဘီးဆိုင်ကယ်နှင့် နှစ်ဘီးဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ခြင်းကို ဧပြီလတွင် စတင် ထုတ်လုပ်မည်ဖြစ်ပါသည်။ သုံးဘီးဆိုင်ကယ်နှင့် နှစ်ဘီးဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းများကို စက်ရုံမှ ဖေဖော်ဝါရီလ ၁ ရက် ၂၀၃၈ ခုနှစ် တွင်ပိတ်သိမ်းမည်ဟု ခန့်မှန်းထားပါသည်။

## ၅။ စီမံကိန်းဧရိယာအတွင်း ကွင်းဆင်းလေ့လာခြင်း

ကွင်းဆင်းလေ့လာမှုကို ၂၄ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ်တွင် စီမံကိန်းဧရိယာ၌ လေ့လာမှုနှင့် ဆွေးနွေးတိုင်ပင်မှု တစ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ၁၉ ရက်မှ ၂၂ ရက်၊ မတ်လ၊ ၂၀၁၈ ခုနှစ်တွင်လည်း ပတ်ဝန်းကျင် အခြေအနေ လေ့လာမှု နှင့် ပတ်ဝန်းကျင် အရည်အသွေး တိုင်းတာမှုများ ကို ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ လိုအပ်ချက်အရ ဒုတိယအကြိမ် လေအရည်အသွေး တိုင်းတာခြင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်မှ ၂၆ ရက်နေ့အထိ ၂၄နာရီ ကြာတိုင်းတာမှု ပြုလုပ်ခဲ့ပါသည်။ စီမံကိန်းဧရိယာသို့ ကွင်းဆင်း လေ့လာချိန်တွင် မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ် တပ်ဆင်ထုတ်လုပ်မည့် အဆောက်အဦ၌ ထုတ်လုပ်မည့် လုပ်ငန်းအတွက် လိုအပ်သော စက်ပစ္စည်းများ တပ်ဆင်နေပါသည်။ ထို့ပြင် စားသောက်ခန်း နှင့် လုပ်သား အိပ်ဆောင် ပြုပြင် တည်ဆောက်နေမှု၊ အလုပ်သမားများ အသုံးပြုသော အိမ်သာ နှင့် သုံးရေကန် ပြုပြင် တည်ဆောက်နေမှု၊ ရုံခန်း နှင့် ဝန်ထမ်း အိပ်ဆောင် ပြုပြင် တည်ဆောက်နေမှု၊ ရေကန် တည်ဆောက်နေမှု အခြေအနေများကို တွေ့ရှိခဲ့ပါသည်။ စက်ရုံအတွင်း ကွင်းဆင်းလေ့လာချိန်တွင် ရိုက်ယူခဲ့သည့်ပုံများကို အခန်း (၁) အပိုဒ်ခွဲ (၁.၆) တွင် ဖော်ပြထားပါသည်။

## ၆။ ဝန်ထမ်းအင်အား

ဝန်ထမ်းထားရှိမှု အနေဖြင့် နိုင်ငံခြားသား ၁၀% နှင့် နိုင်ငံသား ၉၀% ကို အသုံးပြုပြီး တပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက်ငှားရမ်း အသုံးပြုသွားမည် ဖြစ်သည်။ စတင်ထုတ်လုပ်ချိန်တွင် စုစုပေါင်း ဝန်ထမ်း ၅၉ ယောက် နှင့် လုပ်သား ၆၀ ယောက် ဖြင့် စတင် လည်ပတ်သွားမည် ဖြစ်ပြီး စီမံကိန်းတိုးချဲ့ပြီးချိန်တွင် လုပ်သားအင်အားကို ၁၄၀ ထပ်ပေါင်း တိုးမြှင့်သွားမည် ဖြစ်ပါသည်။ ထို့ကြောင့် စက်ရုံ၏ အမြင့်ဆုံး ဝန်ထမ်း စုစုပေါင်းမှာ ၂၅၉ ယောက် ဖြစ်ပါသည်။

## ၇။ တပ်ဆင်ထုတ်လုပ်မှုအဆင့်ဆင့်

ကားမက်(စ်) စက်ရုံ၌ တပ်ဆင် ထုတ်လုပ်မှုတွင် နှစ်ဘီးဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ် နှစ်မျိုး ထုတ်လုပ်မည် ဖြစ်သည်။

### ၇.၁။ သုံးဘီးဆိုင်ကယ်တပ်ဆင်မှု

သုံးဘီးဆိုင်ကယ်တွင် ရှေ့ပိုင်း တပ်ဆင်ခြင်းနှင့် နောက်ပိုင်း တပ်ဆင်ခြင်း ဟူ၍ နှစ်ပိုင်းခွဲပြီး ပြုလုပ်ပါသည်။ တပ်ဆင်မှု အဆင့်ဆင့်ကို အောက်ပါ ပုံ ၂ တွင် ဖော်ပြထားပါသည်။

ရှေ့ပိုင်း တပ်ဆင်မှုတွင် ပထမဦးစွာ အောက်ခံဘောင်တွင် ရေတိုင်ကီနှင့် ပန်ကာကို စတင် တပ်ဆင်ပါသည်။ ထို့နောက် လက်ကိုင်၊ ဒိုင်ခွက်၊ သော့ အစရှိသော ရှေ့ပိုင်းဆိုင်ရာ စက်ပစ္စည်းများ၊ ရှေ့ဘီးနှင့် ဆက်စပ်ပစ္စည်းများကို တပ်ဆင်ပြီးနောက် မီးသီးနှင့် လျှပ်စစ် ပိုင်းဆိုင်ရာများ တပ်ဆင်ပါသည်။ နောက်ဆုံးတွင် ထိုင်ခုံနှင့် ဘေးကာတို့ကို တပ်ဆင်ပါသည်။ ရှေ့ပိုင်း တပ်ဆင်မှု ပြုလုပ်နေချိန်တွင်ပင် နောက်ပိုင်း တပ်ဆင်ခြင်းကိုလည်း ပြုလုပ် ပါသည်။

နောက်ပိုင်း တပ်ဆင်ခြင်းတွင် ပထမဦးစွာ လေး၊ ရှော့ဘားနှင့် စပရိန်တို့ကို တပ်ဆင်ပါသည်။ ထို့နောက် ဘီးနှင့် ဆက်စပ်ပစ္စည်း တပ်ဆင်ခြင်း၊ နောက်ခြေနင်းနှင့် ဘတ္တရီ တပ်ဆင်ခြင်း၊ ကြမ်းခင်း၊ ဘေးကာနှင့် နောက်ပိတ် တပ်ဆင်ခြင်း၊ လက်ကိုင် ဘရိတ်နှင့် နောက်မီးသီး တပ်ဆင်ခြင်းများ ပြုလုပ်ပါသည်။ သုံးဘီး ဆိုင်ကယ်တပ်ဆင်ခြင်းတွင် အသုံးပြုမည့် ဆိုင်ကယ် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အခန်း (၁) အပိုဒ်ခွဲ (၁.၉) တွင် ဖော်ပြထားပါသည်။ သုံးဘီး ဆိုင်ကယ် စက်ပစ္စည်း အစိတ်အပိုင်းများ တပ်ဆင်မှု ပြီးစီးချိန်တွင် အင်ဂျင် စမ်းသပ် မောင်းနှင်ခြင်း နှင့် ကြံ့ခိုင်မှု စစ်ဆေးခြင်း ပြုလုပ်ရန်အတွက် စစ်ဆေးသည့် အပိုင်းသို့ ပို့ဆောင်ပါသည်။ စစ်ဆေးပြီးနောက် ရရှိလာသည့် သုံးဘီးဆိုင်ကယ် များကို ထုပ်ပိုးခြင်း ပြုလုပ်၍ ဈေးကွက်သို့ ဖြန့်ဖြူး သွားမည် ဖြစ်သည်။




**ပုံ (၂) သုံးဘီးဆိုင်ကယ်တပ်ဆင်ထုတ်လုပ်မှု အဆင့်ဆင့်**

## ၇.၂ နှစ်ဘီးဆိုင်ကယ်ထုတ်လုပ်မှုအဆင့်ဆင့်

နှစ်ဘီးဆိုင်ကယ် တပ်ဆင်ရာတွင် ပထမဦးစွာ ကိုယ်ထည်ဘောင်နှင့် ဆက်စပ်ပစ္စည်းများကို တပ်ဆင်ပါသည်။ ထို့နောက် ရှော့ဘား၊ ဘီးနှင့် ဆက်စပ် ပစ္စည်းများ တပ်ဆင်ခြင်း၊ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်း၊ ဆီတိုင်ကီနှင့် ကာဘာတပ်ဆင်ခြင်း များ ပြုလုပ်ပါသည်။ နှစ်ဘီး ဆိုင်ကယ် စက်ပစ္စည်း အစိတ်အပိုင်းများ တပ်ဆင်မှု ပြီးစီးချိန်တွင် သုံးဘီးဆိုင်ကယ် ကဲ့သို့ပင် စစ်ဆေးသည့် အပိုင်းသို့ ပို့ဆောင်ပါသည်။ စစ်ဆေးပြီးနောက် ရရှိလာသည့် နှစ်ဘီးဆိုင်ကယ် များကို ထုတ်ပိုးခြင်း ပြုလုပ်၍ ဈေးကွက်သို့ ဖြန့်ဖြူး သွားမည် ဖြစ်သည်။ နှစ်ဘီးဆိုင်ကယ်တပ်ဆင်ခြင်းတွင် အသုံးပြုမည့် ဆိုင်ကယ် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အခန်း (၁) အပိုဒ်ခွဲ (၁.၉) တွင် ဖော်ပြထားပါသည်။ ထို့ပြင် တပ်ဆင်ခြင်း အဆင့်ဆင့်ကို ပုံ (၃) တွင်ဖော်ပြထားပါသည်။




ပုံ (၃) နှစ်ဘီးဆိုင်ကယ်တပ်ဆင်မှုအဆင့်ဆင့်

**၈။ အရည်အသွေးစစ်ဆေးခြင်း**

တပ်ဆင်ပြီးသော ဆိုင်ကယ်များကို တင်ပို့ရောင်းချရန် အတွက် အရည်အသွေး ပြည့်ဝမှု ရှိ၊ မရှိ ကို စစ်ဆေးခြင်း ဖြစ်ပါသည်။ စစ်ဆေးခြင်းတွင် (Dyno test) ခေါ် အစမ်း မောင်းနှင်စမ်းသပ်ခြင်း၊ လျှပ်စစ် ကောင်းမွန်မှု နှင့် အင်ဂျင် ကောင်းမွန်စွာ လည်ပတ်မှု ရှိ၊ မရှိ အစရှိသည့် စစ်ဆေးခြင်းများ ပြုလုပ်ပါသည်။

**၉။ ဝန်ထမ်းအဆောင်**

ကားမက်(စ်) စက်ရုံတွင် ဝန်ထမ်းနှင့် အလုပ်သမားများ အတွက် အိပ်ဆောင်များ တည်ဆောက်ပြီး ဖြစ်ပါသည်။ တစ်ခန်းလျှင် လုပ်သား ၈ယောက်မှ ၁၅ယောက် အထိ နေထိုင်နိုင်သော အလျား ၆ မီတာ နှင့် အနံ ၉ မီတာ ရှိသော အခန်းများ နှင့် ဝန်ထမ်း ၂ ယောက်မှ ၅ ယောက် အထိ နေထိုင်နိုင်သော အလျား ၄

မီတာ နှင့် အနံ ၇.၆ မီတာ ရှိသော အခန်းများ ဖွဲ့စည်းထားရှိပါသည်။ အခန်းစုစုပေါင်း ၁၄ ခန်း ရှိပါသည်။ အသေးစိတ်အချက်အလက်များကို အခန်း (၁) အပိုဒ်ခွဲ (၁.၁၀) တွင် အသေးစိတ်ဖော်ပြထားပါသည်။

## ၁၀။ ရေအရင်းအမြစ်အသုံးပြုမှု

ရေရရှိမှုအနေဖြင့် စက်ရုံ၏တောင်ဘက် ပေ ၁,၂၀၀ ခန့် အကွာတွင် ရှိသော ပေ၃၀၀ အနက်ရှိ အဝီစိတွင်း၏ ရေကို အသုံးပြုသွားမည် ဖြစ်ပါသည်။ ထိုရေကို စက်ရုံဝန်းအတွင်းတွင် ၅၀၀၀ လီတာဆန့် ရေစည် နှင့် ၆ပေ ပတ်လည်ရှိသော ရေကန် ၂ကန် တို့တွင် သိုလှောင်ပြီး ဝန်ထမ်းများသုံးရေ အဖြစ် ထားရှိမည် ဖြစ်ပြီး ဝန်ထမ်းများ သောက်သုံးရေ အတွက်လည်း Filtration System ဖြင့် ရေသန့်စင်ပြီး အသုံးပြုမည် ဖြစ်ပါသည်။ ထို့ပြင် ရေဂါလံ ၂သောင်းဆန့် ၁၅ပေ ပတ်လည် ကန်၃ကန်တွင်လည်း ရေသိုလှောင်ပြီး မီးငြိမ်းသတ်ရေး အတွက် အသုံးပြုသွားမည် ဖြစ်ပါသည်။

## ၁၁။ လျှပ်စစ်စွမ်းအင်အသုံးပြုမှု

လျှပ်စစ်စွမ်းအင် အသုံးပြုမှုအတွက် ဘဲလင်းရွာရှိ ဘဲလင်းပင်မ ဓါတ်အားခွဲရုံမှ ပေးပို့သော ဓါတ်အားလိုင်းကို ၃၁၅ KVA ရှိသော transformer တစ်ခုတပ်ဆင်ပြီး အသုံးပြုပါသည်။ နောက်ပိုင်းတွင် တိုးချဲ့မည့် လုပ်ငန်းများ အတွက် ပြည့်မီသော လျှပ်စစ် စွမ်းအင် ရရှိနိုင်သည့် Transformer ကို ထပ်မံတပ်ဆင် အသုံးပြုရန် စီစဉ်ထားပါသည်။ လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားချိန်တွင် ယာယီအသုံးပြုရန်အတွက် ၁၁၀ KW ရှိသော မီးစက်ကို အသုံးပြုပါသည်။

## ၁၂။ ဥပဒေမူဝါဒများ

၁၂.၁။ နိဒါန်း

စီမံကိန်းလုပ်ငန်းသည် ပတ်ဝန်းကျင်အပေါ်တွင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ တာဝန်ယူလုပ်ဆောင်ရမည့် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ ရှိပါသည်။ စီမံကိန်းဆောင်ရွက်သူသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ၊ ဥပဒေများ၊ စည်းမျဉ်းများနှင့် အခြား နိုင်ငံတကာ လမ်းညွှန်ချက်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က သတ်မှတ်ထားသည့် ဥပဒေများနှင့် စည်းမျဉ်းများ အားလုံးကို လိုက်နာရမည် ဖြစ်သည်။ စီမံကိန်း၏ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းပဒေ၊ အမှတ် ၅၀/၂၀၁၄ နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ဆောင်ရမည့် အချက်များ၊ အမှတ် ၆၁၆/၂၀၁၅ တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အတွက် မူဝါဒနှင့် ဥပဒေမူဘောင်များ လိုအပ်ချက် များကို လိုက်နာရမည် ဖြစ်သည်။

### ၁၂.၂။ ကမ္ဘာ့ဘဏ်၏ ညစ်ညမ်းမှုကာကွယ်ခြင်းနှင့် လျော့ချခြင်းလမ်းညွှန်ချက်များ

ကမ္ဘာ့ဘဏ်၏ ညစ်ညမ်းမှုကာကွယ်ခြင်းနှင့် လျော့ကျခြင်းလမ်းညွှန်ချက်ကို စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ၏ညစ်ညမ်းမှုကိုထိန်းချုပ်ခြင်းနှင့် အဆိုပါလုပ်ငန်းများမှထွက်ရှိလာသော စွန့်ပစ် အညစ်အကြေးများနှင့် ပြင်ပလေအရည်အသွေးအတိုင်းအတာများကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုတွင် အသုံးချနိုင်ရန်လမ်းညွှန်ချက်များချမှတ်ပေးထားပါသည်။

## ၁၂.၃။ စီမံကိန်းအကောင်အထည်ဖော်ဆောင်သူလိုက်နာမည့်ဥပဒေ၊နည်းဥပဒေများ

လက်ရှိစီမံကိန်းနှင့်ဆက်စပ်နေသည့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို အောက် ပါ ဇယား (၁) တွင် စာရင်းပြုစု ဖော်ပြထားသည်။ စီမံကိန်းဖော်ဆောင်သူသည် စီမံကိန်းနှင့် ဆက်စပ်နေသည့် အမျိုးသားထိန်းသိမ်းရေးဥပဒေ အားလုံးကို လိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အောက်ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေများ၏ လက်ရှိစီမံကိန်းနှင့် သက်ဆိုင်သည့် ကတိကဝတ်များကိုလည်း လိုက်နာမည် ဖြစ်ပါသည်

**ဇယား (၁) စီမံကိန်းအကောင်အထည်ဖော်ဆောင်သူလိုက်နာမည့်ဥပဒေ၊နည်းဥပဒေများ**

| စဉ် | ဥပဒေနှင့်နည်းဥပဒေများ | ခုနှစ် |
|---|---|---|
| မြန်မာနိုင်ငံရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေရေးရာပြဋ္ဌာန်းချက်များ | | |
| ၁။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၂ |
| ၂။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ | ၂၀၁၄ |
| ၃။ | ပတ်ဝန်းကျင်ထိခိုက်မှုဆန်း စစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း | ၂၀၁၅ |
| ၄။ | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ | ၂၀၁၉ |
| ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ကျန်းမာရေး | | |
| ၅။ | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | ၂၀၁၅ |
| ၆။ | အမျိုးသား သောက်သုံးရေ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ | ၂၀၁၉ |
| ၇။ | ပြည်သူ့ကျန်းမာရေးဥပဒေ | ၁၉၇၂ |
| ၈။ | ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ | ၂၀၀၆ |
| ၉။ | ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ | ၁၉၉၅ |
| ၁၀။ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ | ၂၀၁၉ |
| ၁၁။ | ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေ | ၂၀၁၄ |
| ပေါက်ကွဲစေတတ်သော ပစ္စည်းများဆိုင်ရာ ဥပဒေ | | |
| ၁၂။ | အရေးပေါ်စီမံမှု အက်ဥပဒေ | ၁၉၅၀ |
| ၁၃။ | ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေ | ၁၉၀၈ |
| ၁၄။ | ပေါက်ကွဲမှုဆိုင်ရာ ဥပဒေ | ၁၈၈၇ |
| ၁၅။ | လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ | ၂၀၁၈ |
| ၁၆။ | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ | ၂၀၁၃ |
| ဇီဝမျိုးစုံမျိုးကွဲများကာကွယ်စောင့်ရှောက်ရေး | | |

| စဉ် | ဥပဒေနှင့်နည်းဥပဒေများ | ခုနှစ် |
|---|---|---|
| ၁၇။ | ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာဥပဒေ | ၂၀၁၈ |
| ၁၈။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေ | ၂၀၀၆ |
| ၁၉။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေ | ၂၀၁၃ |
| ၂၀။ | မြေအောက်ရေ ဥပဒေ | ၁၉၃၀ |
| ၂၁။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေအားပြင်ဆင်သည့် ဥပဒေ | ၂၀၁၇ |
| ၂၂။ | သစ်တောဥပဒေ | ၁၉၉၂ |
| ၂၃။ | သစ်တောနည်းဥပဒေများ | ၁၉၉၅ |
| ၂၄။ | ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ | ၁၉၈၉ |
| မြေသိမ်းဆည်းရေးဆိုင်ရာများ | | |
| ၂၅။ | မြန်မာနိုင်ငံအမျိုးသား မြေအသုံးချမှု မူဝါဒ | ၂၀၁၆ |
| ၂၆။ | လယ်ယာမြေဥပဒေ | ၂၀၁၂ |
| ၂၇။ | လယ်ယာမြေနည်းဥပဒေ | ၂၀၁၂ |
| ၂၈။ | မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ | ၂၀၁၂ |
| မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်စီမံခန့်ခွဲမှု | | |
| ၂၉။ | မြို့တော် စည်ပင်သာယာရေးကော်မတီ ဥပဒေ | ၂၀၁၃ |
| ၃၀။ | စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၁၉၉၇ |
| လူ့အခွင့်အရေးဆိုင်ရာများ | | |
| ၃၁။ | တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ | ၂၀၁၅ |
| ၃၂။ | မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ | ၂၀၁၅ |
| ၃၃။ | ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ | ၂၀၁၉ |
| ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ | | |
| ၃၄။ | ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ | ၂၀၁၉ |
| ၃၅။ | ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၅ |
| ၃၆။ | ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၅ |
| စက်တပ်ယာဉ်များ | | |
| ၃၇။ | ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ | ၂၀၂၀ |
| ၃၈။ | မော်တော်ယာဉ်ဥပဒေ | ၂၀၁၅ |
| ၃၉။ | မော်တော်ယာဉ်နည်းဥပဒေ | ၁၉၈၇ |

| စဉ် | ဥပဒေနှင့်နည်းဥပဒေများ | ခုနှစ် |
|---|---|---|
| **အလုပ်သမားရေးရာ** | | |
| ၄၀။ | အလုပ်သမားအဖွဲ့အစည်းဥပဒေ | ၂၀၁၁ |
| ၄၁။ | အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | ၂၀၁၃ |
| ၄၂။ | အနည်းဆုံးအခကြေးငွေဥပဒေ | ၂၀၁၃ |
| ၄၃။ | အခကြေးငွေပေးချေရေးဥပဒေ | ၂၀၁၆ |
| ၄၄။ | အလုပ်သမားများ လျော်ကြေးငွေ အက်ဥပဒေ | ၁၉၂၃ |
| ၄၅။ | အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ | ၂၀၁၂ |
| ၄၆ | အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ကိုပြင်ဆင်သည့် ဥပဒေ | ၂၀၁၄ |
| ၄၇။ | ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ | ၁၉၅၁ |
| ၄၈။ | လူမှုဖူလုံရေး ဥပဒေ | ၂၀၁၂ |
| **ဆက်စပ် နည်းပဒေများ နှင့် ဥပဒေများ** | | |
| ၄၉။ | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ | ၂၀၁၅ |
| ၅၀။ | မြန်မာ့အာမခံ ဥပဒေ | ၁၉၉၃ |
| ၅၁။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ | ၂၀၁၆ |
| ၅၂။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ | ၂၀၁၇ |
| ၅၃။ | ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ | ၂၀၁၇ |
| ၅၄။ | လျှပ်စစ်ဥပဒေ | ၂၀၁၄ |
| ၅၅။ | ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေ | ၂၀၁၆ |
| ၅၆။ | သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ | ၂၀၁၃ |
| ၅၇။ | နိုင်ငံခြားသားရင်းနှီးမြှုပ် နှံမှု ဥပဒေ | ၂၀၁၂ |
| ၅၈။ | နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ | ၂၀၁၃ |
| ၅၉။ | ကုန်သွယ်ခွန်ဥပဒေ | ၁၉၉၀ |
| ၆၀။ | ပို့ကုန်သွင်းကုန်ဥပဒေ | ၂၀၁၂ |

ကိုးကား ။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် ၂၀၁၈

### ၁၃။ ပတ်ဝန်းကျင်အခြေအနေလေ့လာမှု

စီမံကိန်းနှင့် အနီးပတ်ဝန်းကျင် ဧရိယာကို လေ့လာမှုများ ပြုလုပ်ရာတွင် ပတ်ဝန်းကျင် အနေအထားများအား ဂြိုလ်တုဓါတ်ပုံမှ တဆင့် ကြိုတင် လေ့လာခြင်း၊ လေ့လာမည့် ဧရိယာ သတ်မှတ်ခြင်း၊ ဧရိယာအတွင်း ကွင်းဆင်းလေ့လာခြင်းနှင့် လိုအပ်သော ပတ်ဝန်းကျင် အရည်အသွေး တိုင်းတာခြင်း တို့ကို ပြုလုပ်ပါသည်။

ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် စီမံကိန်းဧရိယာ၏ အနီးဝန်းကျင်ကို လေ့လာရမည့် အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ရူပဆိုင်ရာပတ်ဝန်းကျင် လေ့လာခြင်း၊

၂။ ဇီဝဆိုင်ရာပတ်ဝန်းကျင် လေ့လာခြင်း၊

၃။ လူမှုစီးပွားရေးဆိုင်ရာ လေ့လာခြင်း၊

၄။ ယဉ်ကျေးမှုဆိုင်ရာ နှင့် အနီးဝန်းကျင် အနေအထားများကို လေ့လာခြင်းတို့ဖြစ်ပါသည်။

ပတ်ဝန်းကျင်ဆိုင်ရာ အနေအထားများကို လေ့လာရာတွင် စက်ရုံ၏ အနေအထားအရ (၃ ကီလိုမီတာ) ပတ်လည်အတွင်းကို သတ်မှတ်၍ လေ့လာခဲ့ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုတွင် လေအရည်အသွေးတိုင်းတာခြင်း၊ အသံဆူညံမှုတိုင်းတာခြင်းနှင့် ရေအရည်အသွေး တိုင်းတာခြင်းများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ပတ်ဝန်းကျင် ဆိုင်ရာ လေ့လာမှု အသေးစိတ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ တိုင်းတာလေ့လာမှုများကို

၁၃.၁။ မြေမျက်နှာသွင်ပြင် နှင့် ပထဝီအခြေအနေ

မြန်မာနိုင်ငံတွင် မြေမျက်နှာသွင်ပြင် အနေအထား ၄မျိုးရှိသည်။ အနောက်ဘက်နှင့် မြောက်ဘက်တွင် ပင်လယ်ရေ မျက်နှာပြင်အထက် ၁၈၃၀ မှ ၆၀၀၀ မီတာ အထိ မြင့်သော တောင်တန်း၊ တောင်ကုန်းများ ဝန်းရံလျက် ရှိပါသည်။ ဘင်္ဂလား ပင်လယ်အော်နှင့် ရခိုင်ရိုးမကြားတွင် ရခိုင်ကမ်းမြောင် ဒေသ ရှိပါသည်။ အရှေ့ဘက်ရှိ ရှမ်းကုန်းပြင်မြင့်များသည် ယေဘုယျအားဖြင့် အမြင့် ၉၁၀ မီတာ ရှိပြီး တောင်ဘက် တနင်္သာရီ ရိုးမသို့ သွယ်တန်း လျက်ရှိပါသည်။ တနင်္သာရီရိုးမ သည် ၈၀၀ ကီလိုမီတာ ရှည်ပြီး အရှေ့တောင်ဘက်ရှိ မလေးကျွန်းဆွယ်သို့ သွယ်တန်းနေသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ သည် အရှေ့ဘက်တွင် စစ်တောင်းမြစ်၊ အနောက်ဘက်တွင် ဧရာဝတီမြစ်နှင့် ၎င်း၏ မြစ်လက်တက် ဖြစ်သော ချင်းတွင်းမြစ်တို့က ဝန်းရံထားသောကြောင့် စိုက်ပျိုးရေးဖြစ်ထွန်းသည်။ တောင်ဘက်တွင် တည်ရှိသော ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသနှင့် စစ်တောင်း မြစ်ဝကျွန်းပေါ် ဒေသတို့သည် ၂၅၉၀၀ စတုရန်း ကီလိုမီတာ ကျယ်ဝန်းပြီး ကမ္ဘာ့စပါးကျီကြီး တစ်ခု အဖြစ် ရပ်တည်နေပါသည်။

ကားမက်(စ်) စက်ရုံသည် မန္တလေးတိုင်း စဥ့်ကိုင်မြို့တွင်တည်ရှိပြီး ကျောက်ဆည် တက္ကသိုလ်မှ အရှေ့တောင်ဘက်၂ မိုင်ခန့်နှင့် ဧရာဝတီမြစ်၏ မြစ်လက်တက် ဖြစ်သော မြစ်ငယ်မြစ်မှ တောင်ဘက် ၆ မိုင်ခွဲခန့် အကွာတွင် ရှိပါသည်။ စဥ့်ကိုင်မြို့ အရှေ့ဘက်ခြမ်းတွင် ရှမ်းရိုးမတောင်တန်း၏ တောင်စွယ်များ တည်ရှိပြီး အခြားနေရာများမှာ ညီညာပြန့်ပြူးသော လွင်ပြင်ဒေသ ဖြစ်ပါသည်။ မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်သည် အရှေ့မှ အနောက်သို့ ဖြတ်သန်း စီးဆင်းလျှက် ရှိပြီး ပန်းလောင်မြစ်၊ ဇော်ဂျီမြစ်တို့သည် တောင်မှ မြောက်သို့ စီးဆင်းလျှက် ရှိပါသည်။ စွန်ရဲအင်း နှင့် မင်းလှကန် တို့မှာလည်း ထင်ရှားသော ရေကန်များ ဖြစ်ပြီး ထိုကန်များမှ စိုက်ပျိုးရန် ရေကို ရယူသုံးစွဲ လျှက်ရှိပါသည်။အသေးစိတ်အချက်အလက်များနှင့် မြေမျက်နှာသွင်ပြင် အနေအထားပြပုံကို အခန်း(၅) အပိုဒ်ခွဲ (၅.၂.၂) တွင်ဖော်ပြထားပါသည်။

၁၃.၂။ ပတ်ဝန်းကျင် အရည်အသွေးတိုင်းတာခြင်း

ပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး တိုင်းတာမှုနှင့် နမူနာ ကောက်ယူမှုတို့ အတွက် သတ်မှတ်ထားသော (၂ကီလိုမီတာ) ပတ်လည်အတွင်းတွင် ကွင်းဆင်း လေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။ တိုင်းတာမှု ပြုလုပ်ခဲ့သည့် အကြောင်းအရာများကို အခန်း (၅) တွင်အသေးစိတ်ဖော်ပြထားပါသည်။

၁၃.၂.၁ ပထမအကြိမ်လေအရည်အသွေးတိုင်းတာခြင်း

စီမံကိန်း ဧရိယာတွင်း လေထုထဲတွင် လွင့်မျောနေသော ဖုန်မှုန့် ပမာဏ (TSP) နှင့် (PM10) ကို တိုင်းတာမှု ပြုလုပ်ခဲ့ပါသည်။ လေအရည်အသွေး တိုင်းတာရခြင်းမှာ လေထုထဲ တွင် လွင့်မျောနေသော ဖုန်မှုန့်ကြောင့် စီမံကိန်း ဧရိယာ အနီးဝန်းကျင်တွင်ရှိသောဝန်ထမ်းများ နှင့် ပြည်သူလူထု အပေါ် ထိခိုက်နိုင်ခြေ ရှိ၊ မရှိကို တိုင်းတာခြင်း ဖြစ်ပါသည်။ တိုင်းတာမှုကို ၁၉.၃.၂၀၁၈ နေ့တွင် ၂၄ နာရီကြာ တိုင်းတာခဲ့ပါသည်။ တိုင်းတာမှု ရလဒ်များအသေးစိတ်ကို အခန်း (၅) အပိုဒ်ခွဲ (၅.၃.၁) တွင် ဖော်ပြထားပါသည်။

၁၃.၂.၂။ ဒုတိယအကြိမ်လေအရည်အသွေးတိုင်းတာခြင်း

မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ လိုအပ်ချက်အရ စီမံကိန်း ဧရိယာတွင်း လေထုထဲတွင် လွင့်မျောနေသော ဖုန်မှုန့်ပမာဏ CO, CO၂, SO၂, NO၂, O၃, PM၂.၅, PM၁၀, CH၄, VOCs များကို Haz-ScannerTM Model EPAS စက်ဖြင့် တိုင်းတာခဲ့ပါသည်။ လေအရည်အသွေး တိုင်းတာရခြင်းမှာ မော်တော်ဆိုင်ကယ်တပ်ဆင်လုပ်ငန်းလုပ်ကိုင်ရာတွင် ထွက်ပေါ် လာသော ဖုန်မှုန့်ကြောင့် စီမံကိန်းဧရိယာ အနီးဝန်းကျင်တွင်ရှိသော ဝန်ထမ်းများနှင့် ဒေသခံပြည်သူအပေါ် ထိခိုက်နိုင်ခြေ ရှိ၊ မရှိကို တိုင်းတာခြင်း ဖြစ်ပါသည်။ တိုင်းတာမှုကို မြောက်လတ္တီတွဒ် ၂၁° ၄၀' ၄၄.၆၈" နှင့် အရှေ့လောင်ဂျီတွဒ် ၉၆° ၉' ၂၉.၁၆" တွင် တိုင်းတာခဲ့ ပါသည်။ လေအရည်အသွေး စောင့်ကြည့်တိုင်းတာမှုကို စီမံကိန်းစက်ရုံဧရိယာအတွင်းတွင် တိုင်းတာမှု ပြုလုပ်ခဲ့ပါသည်။ တိုင်းတာသည့် အချိန် မှ ၂၅.၂.၂၀၂၂ မှ ၂၆.၂.၂၀၂၂ အထိ ၂၄ နာရီကြာ တိုင်းတာခဲ့ပါသည်။ တိုင်းတာမှု ရလဒ်များအသေးစိတ်ကို အခန်း (၅) အပိုဒ်ခွဲ (၅.၃.၂) တွင် ဖော်ပြထားပါသည်။

၁၃.၂.၃။ လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်း

လေတိုက်ရာအရပ်နှင့်လေတိုက်နှုန်းကို တိုင်းတာရခြင်း၏ရည်ရွယ်ချက်မှာ စီမံကိန်း လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိသော ဖုန်မှုန့်များသည်မည်သည့်အရပ်ဒေသသို့ ပျံ့လွင့်နိုင်ခြင်း၊ စီမံကိန်းအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုသည့်လုပ်ငန်းများ လုပ်ဆောင်ရာတွင် ပေါင်းစပ်ထိခိုက်မှုများ အားခွဲခြား သုံးသပ်နိုင်ရန်၊ လေသင့်ရာလမ်းကြောင်းများတွင် လေကာပင်များ စနစ်တကျ စိုက်ပျိုးနိုင်ရန် နှင့် အနီးပတ်ဝန်းကျင်သို့ ပတ်ဝန်းကျင် အရည်အသွေးထိခိုက်မှု လျော့ချနိုင်ရန်ဖြစ်ပါသည်။ တိုင်းတာမှု ရလာဒ်များနှင့် အသေးစိတ်အချက်အလက်များကို အခန်း (၅) အပိုဒ်ခွဲ (၅.၃.၃) တွင်ဖော်ပြထားပါသည်။

၁၃.၂.၄။ ဆူညံသံတိုင်းတာမှု

ဆူညံသံ တိုင်းတာမှုကို (၂)ကြိမ်ခွဲ၍ ပြုလုပ်ခဲ့ပါသည်။ ၂၄.၂.၂၀၁၈ နေ့တွင် စီမံကိန်း၏ ပင်မစက်ရုံအတွင်း ပြုပြင်မွမ်းမံနေချိန် စက်ရုံအတွင်း တစ်ကြိမ်နှင့် ၁၉.၃.၂၀၁၈ နေ့တွင် စီမံကိန်း ဧရိယာအတွင်း တစ်နေရာ နှင့် လုပ်ငန်း လည်ပတ်သည့် စက်ရုံတွင်း တစ်နေရာ စုစုပေါင်း နေရာ နှစ်နေရာကို နောက်ထပ် တစ်ကြိမ်ထပ်မံ တိုင်းတာခဲ့ပါသည်။ တိုင်းတာမှုတွင် စဉ်ဆက်မပြတ် ဖြစ်ပေါ်သော အသံလှိုင်း ပမာဏ (LAeq) နှင့် အမြင့်ဆုံး အသံလှိုင်း ပမာဏ (LAmax) တို့ကို တိုင်းတာခဲ့ပါသည်။ ဆူညံသံ တိုင်းတာခဲ့သည့် တည်နေရာနှင့် အချက်အလက်အသေးစိတ်ကို အခန်း (၅) အပိုဒ်ခွဲ (၅.၃.၄) တွင် ဖော်ပြထားပါသည်။

၁၃.၂.၅။ ရေအရည်အသွေး လေ့လာမှု

ရေအရည်အသွေး လေ့လာမှုကို စက်ရုံဝန်ထမ်းများ အသုံးပြုသောရေ ဖြစ်သည့် အဝီစိတွင်းရေကို နမူနာကောက်ယူ၍ ဓါတ်ခွဲ စမ်းသပ် ခဲ့ပါသည်။ ရေနမူနာကို (၂၀.၃.၂၀၁၈)နေ့တွင် ကောက်ယူခဲ့ပြီး (၂၁.၃.၂၀၁၈) နေ့တွင် Green Myanmar Environmental ဓါတ်ခွဲခန်းတွင် စမ်းသပ်ခဲ့ပါသည်။ ရေနမူနာ ကောက်ယူခဲ့သည့် တည်နေရာနှင့်အသေးစိတ် အချက်အလက်ကို အခန်း (၅) အပိုဒ်ခွဲ (၅.၃.၅) တွင် ဖော်ပြထားပါသည်။

## ၁၄။ ပတ်ဝန်းကျင်နှင့်လူမှု ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှုလေ့လာခြင်း

၁၄.၁။ လေ့လာဆန်းစစ်မှု၏အခြေခံအချက်အလက်

ပတ်ဝန်းကျင် ထိခိုက်မှု လေ့လာ ဆန်းစစ်ရာတွင် လက်ရှိ ပတ်ဝန်းကျင် နှင့် လူမှုဘဝ အခြေအနေပေါ်တွင် မူတည်၍ သုံးသပ်ခြင်း ဖြစ်ပါသည်။ လက်ရှိ ပတ်ဝန်းကျင်နှင့် လူမှုဘဝ၏ ကွင်းဆင်း လေ့လာမှုများကို အခန်း (၅)တွင် အသေးစိတ် ဖော်ပြထားပြီး ဖြစ်ပါသည်။ ယခု အခန်းတွင်မူ ရရှိထားသော ပတ်ဝန်းကျင်နှင့် လူမှုဘဝတို့၏ အကြောင်းအရင်းများအပေါ် စီမံကိန်း ဖော်ဆောင်မှုကြောင့် ထိခိုက်နိုင်ခြေရှိသော သက်ရောက်မှုများ နှင့် ကောင်းကျိုး သက်ရောက်မှုများ ကို လေ့လာ ဆန်းစစ်ပြီး ဖော်ပြသွားမည် ဖြစ်ပါသည်။

၁၄.၂။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနည်းလမ်းနှင့် သုံးသပ်ပုံ

ပတ်ဝန်းကျင်ထိခိုက်မှု စိစစ်သုံးသပ်ပုံမှာ ကမ္ဘာ့ဘဏ်(World Bank)၏ (၁၉၉၁) ခုနှစ် သုံးသပ်ချက်နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၏ (၁၉၉၈) ခုနှစ် စိစစ်သုံးသပ်မှု ထောက်ခံချက်များကို ကိုးကားပြီး လေ့လာဆန်းစစ် ထားပါသည်။

၁၄.၃။ ထိခိုက်မှုအဓိပ္ပာယ်သက်မှတ်ခြင်း

စီမံကိန်းဖော်ဆောင်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးနှင့် ကောင်းကျိုး ထိခိုက်မှုများကို သတ်မှတ်ရာတွင် စီမံကိန်း၏ လုပ်ဆောင်ချက်များနှင့် သက်ရောက်နိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝ အကြားရှိ ဆက်စပ် ဖြစ်ပေါ်လာသော ကောင်းကျိုး၊ ဆိုးကျိုးများ ဖြစ်ပါသည်။ စီမံကိန်း လုပ်ဆောင်သော လုပ်ငန်းဆောင်တာများကြောင့် ထိခိုက်ခံစားရသော ပတ်ဝန်းကျင်နှင့် လူမှုဘဝတို့အပေါ် ထိခိုက်နိုင်သော

အကြောင်းအရာများ၊ ထိခိုက်မှု၏ ရလဒ်များနှင့် ထိခိုက်မှု၏ အကျိုးကျေးဇူး တို့ကို အဓိပ္ပာယ် သက်မှတ်ခြင်း ပြုလုပ်ရမည်ဖြစ်သည်။

၁၄.၄။ ထိခိုက်မှုလေ့လာခြင်းနှင့်တွက်ချက်ခြင်း

ထိခိုက်မှုလေ့လာရာတွင် ဆက်စပ် သက်ရောက်နေသော ပတ်ဝန်းကျင်နှင့် လူမှုဘဝတို့၏ တန်ဖိုးအပေါ် အနှောင့်အယှက်ပေးမှု၊ အေးချမ်းသာယာမှု၊ ထိခိုက်စေမှု တို့၏ ကျယ်ပြန့်မှု၊ ပမာဏနှင့် အချိန်အတိုင်းအတာ တို့ကို လေ့လာ သတ်မှတ်ပြီး၊ ထွက်ပေါ်လာသော ထိခိုက်မှုများကို တွက်ချက်ခြင်း ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှု နှင့် အဆင့်သတ်မှတ်ချက်များ ကို အခန်း (၆) တွင် အသေးစိတ်ဖော်ပြထားပါသည်။

## ၁၅။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်

ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်သည် စီမံကိန်း အတွက် ပတ်ဝန်းကျင် နှင့် လူမှုဘဝ ထိခိုက်မှုများကို လျှော့ချရေး၊ ထိန်းသိမ်းရေး အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါသည်။ စီမံကိန်း လုပ်ဆောင်မှုများ အလိုက် စောင့်ကြပ်ကြည့်ရှုရမည့် အစီအစဉ်များ၊ လျှော့ချရေး နည်းလမ်းများကို ကာမက်(စ်) မှ ပြုလုပ်ရမည့် ကတိကဝတ်များ ပါရှိပါမည်။ ထို့အပြင် ပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး ချမှတ်ထားသော ပြဌာန်း ဥပဒေများကို လိုက်နာ ဆောင်ရွက်နိုင်ရန် အစီအရင်ခံစာတွင်အကြံပြုပါသည်။

၁၅.၁။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အကောင်အထည် ဖော်ရန် နည်းလမ်း

ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်တွင် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးထိခိုက်မှုများကို သင့်လျှော်သော လျှော့ချရေးနည်းလမ်းများကို ဖော်ဆောင်ရန် ဆက်စပ်နေသော ဥပဒေနှင့် နည်းလမ်းများကို လိုက်နာ၍ သက်ဆိုင်ရာပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း စုဖွဲ့ပြီး ပြုလုပ်ရမည် ဖြစ်သည်။ ထိုသို့ပြုလုပ်ရန် အောက်ဖော်ပြပါ ပုံ(၄) စက်ဝိုင်းဖြင့် အခြေခံကျကျ ပြုလုပ်ရမည် ဖြစ်ပါသည်။




**ပုံ (၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပြစက်ဝိုင်း**

စက်ဝိုင်းတွင်ဖေါ်ပြထားသည့်အတိုင်း (၁) အစီအစဉ်ရေးဆွဲခြင်း၊ ဆောင်ရွက်မည့် စီမံကိန်းကာလများ အတွက် EMP အစီအစဉ်ကို တတိယအဖွဲ့အစည်း (သို့) အကြံပေးပုဂ္ဂိုလ်မှ စနစ်တကျ ရေးဆွဲရမည်။ (၂) အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စီမံကိန်းအဆိုပြုသူ (သို့) လုပ်ငန်း လုပ်ဆောင်သူက ရေးဆွဲထားသော ပတ်ဝန်းကျင်လျှော့ချရေးနှင့် ထိန်းသိမ်းရေး အစီအစဉ်များကို လုပ်ဆောင်သွားရမည်ဖြစ်သည်။ (၃) စောင့်ကြပ်ကြည့်ရှုခြင်း၊ အစီအစဉ် အကောင် အထည်ဖော်မှု များအား စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးမှု ပြုလုပ်ရမည် ဖြစ်သည်။ စောင့်ကြည့်မှု အတွက် စီမံကိန်း ဖော်ဆောင်သူ အပါအဝင် သက်ဆိုင်ရာ အနီးပတ်ဝန်းကျင်ရှိ ပုဂ္ဂိုလ်များ၊ အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ ပုဂ္ဂိုလ်များ အစရှိသော သက်ဆိုင်ရာ အဖွဲ့အစည်းများ စုပေါင်း၍ လေ့လာ စောင့်ကြည့်မှု ပြုလုပ်ရပါမည်။ ၎င်းစောင့်ကြည့်မှုကိုလည်း အစီရင်ခံစာ ပြုစုပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်သည်။ (၄) စစ်ဆေးခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်မှုများအရ စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို ပြင်ဆင်ပြီး အစီအစဉ် ချမှတ်သွားရမည် ဖြစ်သည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အသေးစိတ်အချက်အလက်များနှင့် လျှော့ချရေးအစီအစဉ်များကို အခန်း (၇) တွင်ဖော်ပြထားပါသည်။

## ၁၆။ လူထုတွေ့ဆုံပွဲပြုလုပ်ခြင်း

### ၁၆.၁။ လူထုတွေ့ဆုံပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်

လူထုတွေ့ဆုံပွဲသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာတွင် လိုအပ်သော အခန်းကဏ္ဍတစ်ခု အဖြစ် ပါဝင်ပါသည်။ တွေ့ဆုံပွဲတွင် ကားမက်(စ်) စက်ရုံအတွက်ပြုလုပ်ထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအကြောင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များကို ရှင်းလင်းတင်ပြခြင်း တက်ရောက်လာကြသော သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးရုံး နှင့်အနီးဝန်းကျင်ရှိ ပြည်သူလူထု၏ အကြံပေးချက်များ၊ လိုအပ်ချက်များ ကိုရယူရန်အတွက် ပြုလုပ်သည့် ပွဲဖြစ်ပါသည်။ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်မဖော်မီနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်စဉ် ကာလများအတွင်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူတို့၏ သဘောထားမှတ်ချက်များ အတိုင်းညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤကဲ့သို့ လူထုတွေ့ဆုံပွဲ ပြုလုပ်ပြီးချိန်တွင်လည်း စီမံကိန်းအနီးနားရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် စဉ့်ကိုင် အထွေထွေ အုပ်ချုပ်ရေးမှူး ရုံးရှိကြော်ငြာဆိုင်းဘုတ်များတွင် Presentation Slide များဖြင့်လည်းကောင်း၊ မန္တလေးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးနှင့် ကားမက်(စ်) စက်ရုံတို့တွင်လည်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာများ ထားရှိခြင်းဖြင့်လည်းကောင်း အများပြည်သူသိရှိစေရန် ကြော်ငြာထားမည်ဖြစ်ပါသည်။

### ၁၆.၂။ လူထုတွေ့ဆုံပွဲပြုလုပ်ပုံအဆင့်ဆင့်

လူထုတွေ့ဆုံပွဲ ပြုလုပ်ပုံ အဆင့်ဆင့်မှာ

၁။ ပထမဦးစွာ TBS ကုမ္ပဏီသည် ကားမက်(စ်) စက်ရုံ နှင့် လူထုတွေ့ဆုံပွဲ အတွက် ဆွေးနွေးတိုင်ပင်ပါသည်။

၂။ TBS ကုမ္ပဏီသည် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် စီမံကိန်း အနီးပတ်ဝန်းကျင် တွင်နေထိုင်သူများကို ၃ ရက်၊ မေလ၊၂၀၁၈ခုနှစ်တွင် လူထုတွေ့ဆုံပွဲအတွက် ဖိတ်စာကို ဖိတ်ကြားခဲ့ပါသည်။

၃။ လူထုတွေ့ဆုံပွဲကို စဥ့်ကိုင်မြို့၊ ရန်ကုန်- မန္တလေး ကားလမ်းဘေးရှိ ရွှေအကယ်ဒမီ ဝိုင်ချစ်သူနှင့် စားဥယျာဉ် (ရွှေကိန္နရီခန်းမ)၌ ၁၀ ရက်၊ မေ လ၊ ၂၀၁၈ခုနှစ်တွင် ကျင်းပခဲ့ပါသည်။

၄။ လူထုတွေ့ဆုံပွဲတွင် တင်ပြထားသော ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာ နှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် တက်ရောက်လာသူများမှ သိလိုသည့် မေးခွန်းများကို ကားမက်(စ်) စက်ရုံမှ တာဝန်ရှိသူများ နှင့် TBS ကုမ္ပဏီမှ ဝန်ထမ်းများက ပြန်လည် ဖြေကြားခြင်းနှင့် အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၁၆.၃။ လူထုတွေ့ဆုံပွဲအကျဉ်း

အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးပွဲ တွင် TBS မှ ဦးထွန်းလင်းကျော် (Environmental Geologist) မှ အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့ပြီး ထို့နောက် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာ အကြောင်းကို TBS မှ ဒေါ်အိအိဇော် (Environmental Geologist) က ရှင်းလင်းတင်ပြခဲ့ပါသည်။ ရှင်းလင်းတင်ပြခဲ့သည့် Power Point presentation slide ကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။ ဆွေးနွေးပွဲပြုလုပ်သည့် တွေ့ဆုံပွဲသို့ တက်ရောက်လာသူများ၏ အမည်များ ပါဝင်သော အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။ လူထုတွေ့ဆုံပွဲ အခမ်းအနား တွင် သုံးဘီးဆိုင်ကယ်နှင့် နှစ်ဘီးဆိုင်ကယ်လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ ကို တင်ပြဆွေးနွေးပြီးနောက် အစည်းအဝေး တက်ရောက် လာသူများ နှင့် အပြန်အလှန် ဆွေးနွေး အကြံပေးခြင်းများကို အောက်တွင်ဖော်ပြ ထားပါသည်။

လူထုတွေ့ဆုံပွဲတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၊ စဥ့်ကိုင်မြို့နယ် စည်ပင်သာယာ ဌာန၊ မြို့နယ် မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှင့် စီမံကိန်း အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ တက်ရောက်ခဲ့ကြပါသည်။

သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် လူထု၏ အကြံပေးချက်များကို အောက်တွင် ဖော်ပြထားပါသည်။လူထု တွေ့ဆုံပွဲသို့ တက်ရောက် လာသူများ စာရင်းကို အစီရင်ခံစာ ၏ နောက်ဆုံးတွင် ပူးတွဲ ဖော်ပြထားပါသည်။ လူထုတွေ့ဆုံပွဲ အခမ်းအနား အစီအစဉ် များကို ဇယား (၂) တွင် ဖော်ပြထားပါသည်။ လူထုတွေ့ဆုံပွဲ၏ အသေးစိတ်အချက်အလက်များကို အခန်း (၈) တွင်ဖော်ပြထားပါသည်။

## ဇယား (၂) လူထုတွေ့ဆုံပွဲ အခမ်းအနား အစီအစဉ်

| စဉ် | အစီအစဉ် | အချိန် |
|---|---|---|
| ၁။ | အစည်းအဝေးတက်ရောက်သူများ စာရင်းကောက်ယူခြင်း | ၉း၃၀ မှ ၁၀း၀၀ |
| ၂။ | ကားမက်(စ်)မော်တော်ဆိုင်ကယ်စက်ရုံတာဝန်ရှိသူမှအဖွင့်မိန့်ခွန်းပြောကြားခြင်း | ၁၀း၀၀ မှ ၁၀း၁၅ |
| ၃။ | မော်တော်ဆိုင်ကယ်နှင့်သုံးဘီးဆိုင်ကယ်တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှု များကိုတင်ပြဆွေးနွေးခြင်း | ၁၀း၁၅ မှ ၁၁း၀၀ |
| ၄။ | အစည်းအဝေးတက်ရောက်သူများနှင့်အပြန်အလှန်ဆွေးနွေးဝေဖန်အကြံပြုခြင်း | ၁၁း၀၀ မှ ၁၁း၃၀ |
| ၅။ | နေ့လည်စာဖြင့်ဧည့်ခံခြင်း | ၁၁း၃၀ မှ ၁၂း၀၀ |

# မာတိကာ


အစီရင်ခံစာအကျဉ်းချုပ် ........................................ I

မာတိကာ ........................................ I

ပါဝင်သောဇယားများ ........................................ I

ပါဝင်သောရုပ်ပုံများ ........................................ IV

နောက်ဆက်တွဲဖော်ပြချက်များ ........................................ VII

အခန်း (၁) နိဒါန်း ........................................ ၁-၁

၁.၁ စီမံကိန်း၏နောက်ခံသမိုင်း ........................................ ၁-၁

၁.၂ စီမံကိန်းတည်နေရာ ........................................ ၁-၁

၁.၃ စီမံကိန်းအကြောင်းအရာ ........................................ ၁-၂

၁.၄ စီမံကိန်းတည်ဆောက်မှုအစီအစဉ် ........................................ ၁-၃

၁.၅ စီမံကိန်းတည်ဆောက်မှုအခြေအနေ ........................................ ၁-၃

၁.၆ စီမံကိန်းဧရိယာအတွင်း ကွင်းဆင်းလေ့လာခြင်း ........................................ ၁-၆

၁.၇ ဝန်ထမ်းအင်အား ........................................ ၁-၇

၁.၈ စက်ပစ္စည်းအသုံးပြုမှု ........................................ ၁-၈

၁.၉ ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်မှုအဆင့်ဆင့် ........................................ ၁-၉

၁.၉.၁ သုံးဘီးဆိုင်ကယ်တပ်ဆင်မှု ........................................ ၁-၉

၁.၉.၂ နှစ်ဘီးဆိုင်ကယ်တပ်ဆင်မှု ........................................ ၁-၁၄

၁.၉.၃ အရည်အသွေးစစ်ဆေးခြင်း ........................................ ၁-၄၅

၁.၁၀ ဝန်ထမ်းအဆောင်များ ........................................ ၁-၄၆

၁.၁၁ ရေအရင်းအမြစ်အသုံးပြုမှု ........................................ ၁-၄၇

၁.၁၂ လျှပ်စစ်စွမ်းအင်အသုံးပြုမှု ........................................ ၁-၄၈

၁.၁၃ စက်ရုံရေမြောင်း ........................................ ၁-၄၉

၁.၁၄ စွန့်ပစ်အမှိုက် ........................................ ၁-၅၀

၁.၁၄.၁ ဝန်ထမ်းများမှထွက်သော အမှိုက် ........................................ ၁-၅၁

၁.၁၅ စွန့်ပစ်ရေ ........................................ ၁-၅၁

အခန်း(၂) စီမံကိန်းအဆိုပြုသူ ........................................ ၂-၁

၂.၁ စီမံကိန်းအဆိုပြုသူ ........................................ ၂-၁

၂.၂ ကုမ္ပဏီ၏ရည်ရွယ်ချက် ........................................ ၂-၁

အခန်း (၃) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆောင်ရွက်သည့် အဖွဲ့အစည်း ........................................ ၃-၁

၃.၁ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆောင်ရွက်သည့် အဖွဲ့အစည်း ........................................ ၃-၁

၃.၁.၁ Total Business Solution ကုမ္ပဏီလီမိတက်(TBS) ........................................ ၃-၁

၃.၂ ကားမက်(စ်)စက်ရုံအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ............ ၃-၃

အခန်း (၄) ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းတည်ဆောက်ပုံ၊ မူဝါဒများနှင့် ဥပဒေမူဘောင်များ .... ၄-၁

၄.၁ နိဒါန်း .................................................................... ၄-၁

၄.၂ ကမ္ဘာ့ဘဏ်၏ ညစ်ညမ်းမှုကာကွယ်ခြင်းနှင့် လျော့ချခြင်းလမ်းညွှန်ချက်များ........................ ၄-၁

၄.၃ စီမံကိန်းအကောင်အထည်ဖော်ဆောင်သူလိုက်နာမည့်ဥပဒေ၊နည်းဥပဒေများ........................ ၄-၁

၄.၄ စီမံကိန်းဖော်ဆောင်သူ၏ ရည်ရွယ်ချက် ............................................. ၄-၄

၄.၅ မြန်မာနိုင်ငံရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေရေးရာပြဋ္ဌာန်းချက်များ........................ ၄-၄

၄.၅.၁ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂) ............................................ ၄-၄

၄.၅.၂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄)........................................ ၄-၅

၄.၅.၃ ပတ်ဝန်းကျင်ထိခိုက်မှုဆန်း စစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း(၂၀၁၅)............................ ၄-၆

၄.၅.၄ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ (၁၉၉၄) ............................................ ၄-၁၁

၄.၆ ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ကျန်းမာရေး........................................................ ၄-၁၁

၄.၆.၁ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် (၂၀၁၅) ..... ၄-၁၁

၄.၆.၂ အမျိုးသား သောက်သုံးရေ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ (၂၀၁၉)...................... ၄-၁၃

၄.၆.၃ ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဥပဒေ (၁၉၇၂)............................................ ၄-၁၄

၄.၆.၄ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၀၆)......... ၄-၁၅

၄.၆.၅ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ (၁၉၉၅).................................... ၄-၁၆

၄.၆.၆ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉) ............. ၄-၁၇

၄.၆.၇ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေ (၂၀၁၄)................................................ ၄-၂၁

၄.၇ ပေါက်ကွဲစေတတ်သောပစ္စည်းများဆိုင်ရာ ဥပဒေ ................................................ ၄-၂၂

၄.၇.၁ အရေးပေါ်စီမံမှုအက်ဥပဒေ (၁၉၅၀) .................................................. ၄-၂၂

၄.၇.၂ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေ (၁၉၀၈)................................ ၄-၂၃

၄.၇.၃ ပေါက်ကွဲမှုဆိုင်ရာ ဥပဒေ(၁၈၈၇)...................................................... ၄-၂၃

၄.၇.၄ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ (၂၀၁၈)............ ၄-၂၃

၄.၇.၅ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ (၂၀၁၃) ............................................................................ ၄-၂၄

၄.၈ ဇီဝမျိုးစုံမျိုးကွဲများကာကွယ်စောင့်ရှောက်ရေး .................................................. ၄-၂၅

၄.၈.၁ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ(၂၀၁၈).................................................... ၄-၂၅

၄.၈.၂ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေ(၂၀၀၆) ....................4-၂၇

၄.၈.၃ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒ(၂၀၁၃).................၄-၂၈

၄.၈.၄ မြေအောက်ရေ အက်ဥပဒေ (၁၉၃၀)....................၄-၂၈

၄.၈.၅ သစ်တောဥပဒေ (၂၀၁၈)....................၄-၂၉

၄.၈.၆ သစ်တောနည်းဥပဒေများ(၁၉၉၅)....................၄-၃၀

၄.၈.၇ ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ (၁၉၈၉)....................၄-၃၀

**၄.၉ မြေသိမ်းဆည်းရေးဆိုင်ရာများ ....................၄-၃၁**

၄.၉.၁ မြန်မာနိုင်ငံအမျိုးသား မြေအသုံးချမှု မူဝါဒ (၂၀၁၆)....................၄-၃၁

၄.၉.၂ လယ်ယာမြေဥပဒေ (၂၀၁၂)....................၄-၃၁

၄.၉.၃ လယ်ယာမြေနည်းဥပဒေ (၂၀၁၂)....................၄-၃၂

၄.၉.၄ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)....................၄-၃၃

**၄.၁၀ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်စီမံခန့်ခွဲမှု....................၄-၃၃**

၄.၁၀.၁ မြို့တော် စည်ပင်သာယာရေးကော်မတီ ဥပဒေ (၂၀၁၃)....................၄-၃၃

၄.၁၀.၂ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (၁၉၉၃)....................၄-၃၃

၄.၁၀.၃ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ(၁၉၉၇)....................၄-၃၆

**၄.၁၁ လူ့အခွင့်အရေးဆိုင်ရာများ....................၄-၃၆**

၄.၁၁.၁ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ(၂၀၁၅)....................၄-၃၆

၄.၁၁.၂ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)....................၄-၃၇

၄.၁၁.၃ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉)....................၄-၃၉

**၄.၁၂ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ....................၄-၃၉**

၄.၁၂.၁ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၉)....................၄-၃၉

၄.၁၂.၂ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ(၂၀၁၅)....................၄-၄၀

၄.၁၂.၃ ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)....................၄-၄၁

**၄.၁၃ စက်တပ်ယာဉ်များ ....................၄-၄၂**

၄.၁၃.၁ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (၂၀၂၀)....................၄-၄၂

၄.၁၃.၂ မော်တော်ယာဉ်ဥပဒေ (၂၀၁၅)....................၄-၄၃

၄.၁၃.၃ မော်တော်ယာဉ်နည်းဥပဒေ (၁၉၈၉)....................၄-၄၃

**၄.၁၄ အလုပ်သမားရေးရာ....................၄-၄၆**

၄.၁၄.၁ အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)....................၄-၄၆

၄.၁၄.၂ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)....4-၄၇
၄.၁၄.၃ အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)....၄-၄၈
၄.၁၄.၄ အခကြေးငွေပေးချေရေးဥပဒေ(၂၀၁၆)....၄-၅၀
၄.၁၄.၅ အလုပ်သမားများ လျော်ကြေးငွေ အက်ဥပဒေ (၁၉၂၃)....၄-၅၂
၄.၁၄.၆ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)....၄-၅၃
၄.၁၄.၇ အလုပ်သမားရေးရာ အငြင်းပွါးမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၄)....၄-၅၄
၄.၁၄.၈ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ (၁၉၅၁)....၄-၅၅
၄.၁၄.၉ လူမှုဖူလုံရေး ဥပဒေ (၂၀၁၂)....၄-၅၆
**၄.၁၅ ဆက်စပ် နည်းပဒေများ နှင့် ဥပဒေများ....၄-၅၉**
၄.၁၅.၁ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ(၂၀၁၅)....၄-၅၉
၄.၁၅.၂ မြန်မာ့အာမခံ လုပ်ငန်း ဥပဒေ (၁၉၉၃)....၄-၅၉
၄.၁၅.၃ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)....၄-၆၀
၄.၁၅.၄ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ (၂၀၁၇)....၄-၆၃
၄.၁၅.၅ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇)....၄-၆၄
၄.၁၅.၆ လျှပ်စစ်ဥပဒေ(၂၀၁၄)....၄-၆၆
၄.၁၅.၇ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ (၂၀၁၆)....၄-၆၆
၄.၁၅.၈ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ(၂၀၁၃)....၄-၆၇
၄.၁၅.၉ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂)....၄-၆၈
၄.၁၅.၁၀ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၃)....၄-၆၈
၄.၁၅.၁၁ ကုန်သွယ်ခွန်ဥပဒေ (၁၉၉၀)....၄-၆၈
၄.၁၅.၁၂ ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)....၄-၆၉
**အခန်း (၅) အနီးပတ်ဝန်းကျင်အခြေအနေ....၅-၁**
**၅.၁ ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုအတွက် ကိုးကားရန် အချက်များ....၅-၂**
**၅.၂ ရုပ်ဆိုင်ရာပတ်ဝန်းကျင်လေ့လာခြင်း....၅-၃**
၅.၂.၁ စီမံကိန်း၏အနီးဝန်းကျင်တွင်ရှိသောအဆောက်အဦများ....၅-၃
၅.၂.၂ မြေမျက်နှာသွင်ပြင် နှင့် ပထဝီအခြေအနေ....၅-၄
၅.၂.၃ ဘူမိဗေဒဆိုင်ရာအခြေအနေ....၅-၅
၅.၂.၄ ရာသီဥတုအခြေအနေ....၅-၆

၅.၃ ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာခြင်းနှင့် ကွင်းဆင်းလေ့လာခြင်း ....................................၅-၇
၅.၃.၁ ပထမအကြိမ်လေအရည်အသွေးတိုင်းတာခြင်း ....................................၅-၈
၅.၃.၂ ဒုတိယအကြိမ်လေအရည်အသွေးတိုင်းတာခြင်း ....................................၅-၁၀
၅.၃.၃ လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်း....................................၅-၁၄
၅.၃.၄ ဆူညံသံတိုင်းတာမှု....................................၅-၁၈
၅.၃.၅ ရေအရည်အသွေးလေ့လာမှု....................................၅-၂၁
၅.၄ ဇီဝဆိုင်ရာပတ်ဝန်းကျင် လေ့လာခြင်း....................................၅-၂၃
၅.၄.၁ အပင်များ ....................................၅-၂၄
၅.၄.၂ သက်ရှိသတ္တဝါများ....................................၅-၃၀
၅.၅ လူမှုစီးပွားရေးဆိုင်ရာလေ့လာခြင်း....................................၅-၄၃
၅.၅.၁ လူဦးရေနှင့်တိုင်းရင်းသား မျိုးနွယ်စု....................................၅-၄၃
၅.၅.၂ ကိုးကွယ်သည့်ဘာသာ....................................၅-၄၄
၅.၅.၃ စီးပွားရေးဆိုင်ရာ ခြုံငုံသုံးသပ်ချက်....................................၅-၄၄
၅.၅.၄ ကျန်းမာရေးကဏ္ဍ....................................၅-၄၈
၅.၅.၅ မြေအသုံးချမှုလေ့လာခြင်း ....................................၅-၄၈
၅.၆ ယဉ်ကျေးမှု နှင့် ဘာသာရေးဆိုင်ရာ အချက်အလက်များလေ့လာမှု ....................................၅-၅၃
အခန်း (၆) ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု လေ့လာသတ်မှတ်ခြင်း ...၆-၁
၆.၁ လေ့လာဆန်းစစ်မှု၏အခြေခံအချက်အလက်....................................၆-၁
၆.၂ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနည်းလမ်းနှင့် သုံးသပ်ပုံ....................................၆-၁
၆.၃ ထိခိုက်မှုအဓိပ္ပာယ်သက်မှတ်ခြင်း....................................၆-၁
၆.၄ ထိခိုက်မှုလေ့လာခြင်းနှင့်တွက်ချက်ခြင်း ....................................၆-၁
၆.၄.၁ ထိခိုက်သက်ရောက်မှု ပြင်းထန်ခြင်း....................................၆-၂
၆.၄.၂ ထိခိုက်သက်ရောက်မှုပမာဏ၏ ကျယ်ပြန့်မှု....................................၆-၃
၆.၄.၃ ထိခိုက်သက်ရောက်မှု၏ ကြာမြင့်ချိန် ....................................၆-၄
၆.၅ သိသာထင်ရှားသောထိခိုက်မှု....................................၆-၄
၆.၆ ထိခိုက်မှု အဓိပ္ပာယ်သတ်မှတ်ခြင်း....................................၆-၅
၆.၆.၁ စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်မှုအခြေအနေ အသေးစိတ် တွက်ချက်ခြင်း....................................၆-၈
၆.၇ လေထုအရည်အသွေးထိခိုက်မှု....................................၆-၉
၆.၈ ဆူညံမှု ....................................၆-၁၁

၆.၉ စွန့်ပစ်အမှိုက်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု ...................... ၆-၁၂
၆.၁၀ လုပ်သားများ ထိခိုက်ခြင်းနှင့် ကျန်းမာရေး ...................... ၆-၁၃
၆.၁၁ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးအစီအစဉ် အကျဉ်းချုပ် ...................... ၆-၁၃
အခန်း(၇) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များ ...................... ၇-၁
၇.၁ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အကောင်အထည် ဖော်ရန် နည်းလမ်း...................... ၇-၁
၇.၁.၁ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအတွက် တာဝန်ယူမည့်အဖွဲ့အစည်း ...................... ၇-၁၀
၇.၁.၂ အရေးပေါ်တုံ့ပြန်မှု အစီအစဉ် ...................... ၇-၁၀
၇.၂ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် ...................... ၇-၁၁
၇.၃ စက်ရုံတွင်ပြုလုပ်ရမည့်စီမံခန့်ခွဲမှုအစီအစဉ် ...................... ၇-၁၅
၇.၃.၁ စွန့်ပစ်အစိုင်အခဲ စီမံခန့်ခွဲမှု ...................... ၇-၁၅
၇.၃.၂ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု ...................... ၇-၁၅
၇.၃.၃ မီးဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု ...................... ၇-၁၅
၇.၃.၄ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်ရန်အတွက်အဖွဲ့အစည်းဖွဲ့ခြင်း ...................... ၇-၁၆
၇.၃.၅ ရန်ပုံငွေ လျာထားခြင်း ...................... ၇-၁၆
၇.၄ မှတ်တမ်းတင်ခြင်းနှင့် အစီအရင်ခံတင်ပြခြင်း ...................... ၇-၁၇
၇.၄.၁ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်စစ်ဆေးခြင်းမှတ်တမ်း ...................... ၇-၁၇
၇.၄.၂ မတော်တဆဖြစ်ခြင်းနှင့်အရေးပေါ်ဖြစ်ခြင်းမှတ်တမ်း ...................... ၇-၁၈
၇.၄.၃ သင်တန်းပို့ချခြင်းအစီအစဉ် ...................... ၇-၁၈
၇.၅ လူမှုအကျိုးပြုပူးပေါင်းပါဝင်မှု (CSR) အစီအစဉ် ...................... ၇-၁၈
၇.၆ ဒေသတွင်းကူညီ ထောက်ပံ့မှုများ ...................... ၇-၁၈
အခန်း (၈) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း ...................... ၈-၁
၈.၁ လူထုတွေ့ဆုံပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက် ...................... ၈-၁
၈.၂ လူထုတွေ့ဆုံပွဲပြုလုပ်ပုံအဆင့်ဆင့် ...................... ၈-၁
၈.၃ လူထုတွေ့ဆုံပွဲအကျဉ်း...................... ၈-၂
၈.၃.၁ အဖွင့်အမှာစကား...................... ၈-၃
၈.၃.၂ အမေးအဖြေကဏ္ဍ ...................... ၈-၃
အခန်း (၉) နိဂုံးချုပ်နှင့်အကြံပြုချက် ...................... ၉-၁
၉.၁ နိဂုံးချုပ် ...................... ၉-၁
၉.၂ ကိုးကားချက်များ ...................... ၉-၂

## ပါဝင်သောဇယားများ

ဇယား ၁-၁ ကာမက်(စ်) ၏ဝန်ထမ်းလျာထားမှု အစီအစဉ်..........၁-၇

ဇယား ၁-၂ စီမံကိန်း စတင်လည်ပတ်ချိန်တွင် အသုံးပြုမည့် မော်တော်ယာဉ်များ..........၁-၈

ဇယား ၁-၃ စီမံကိန်းစတင်လည်ပတ်ချိန်တွင် အသုံးပြုမည့် စက်အမျိုးအစားများ ..........၁-၈

ဇယား ၁-၄ ၁၅၀ အေ အင်ဂျင်ပါဝါ ဆိုင်ကယ်အမျိုးအစားအတွက် နှစ်စဉ်ထုတ်လုပ်မည့် ပစ္စည်းစာ ရင်း ......၁-၉

ဇယား ၁-၅ ၂၀၀ ဂျီ အင်ဂျင်ပါဝါ ဆိုင်ကယ်အမျိုးအစားအတွက် နှစ်စဉ်ထုတ်လုပ်မည့် ပစ္စည်းစာ ရင်း....... ၁-၁၀

ဇယား ၁-၆ ၂၅၀ ကေ ဆိုင်ကယ် အင်ဂျင်ပါဝါအမျိုးအစားအတွက် နှစ်စဉ်ထုတ်လုပ်မည့် ပစ္စည်းစာ ရင်း ... ၁-၁၁

ဇယား ၁-၇ ၂၅၀ အက်(ဖ်) ဆိုင်ကယ် အင်ဂျင်ပါဝါအမျိုးအစားအတွက် နှစ်စဉ်ထုတ်လုပ်မည့် ပစ္စည်းစာရင်း၁-၁၂

ဇယား ၁-၈ ၁၅၀ အေ ဆိုင်ကယ် အင်ဂျင်ပါဝါအမျိုးအစားအတွက် နှစ်စဉ်ထုတ်လုပ်မည့် ပစ္စည်း စာရင်း ....၁-၁၂

ဇယား ၁-၉ နှစ်စဉ်ထုတ်လုပ်မည့် ကေ၂ ၁၁၀ စီစီ ဆိုင်ကယ်အမျိုးအစားအတွက် ပစ္စည်း စာရင်း.............. ၁-၁၄

ဇယား ၁-၁၀ နှစ်စဉ်ထုတ်လုပ်မည့် ကေ၃ ၁၂၅ စီစီ ဆိုင်ကယ်အမျိုးအစားအတွက် ပစ္စည်း စာရင်း.......... ၁-၁၉

ဇယား ၁-၁၁ နှစ်စဉ်ထုတ်လုပ်မည့် ကေ၄ ၁၅၀ စီစီ ဆိုင်ကယ်အမျိုးအစားအတွက် ပစ္စည်း စာရင်း...........၁-၂၄

ဇယား ၁-၁၂ နှစ်စဉ်ထုတ်လုပ်မည့် ကေ၅ ၂၀၀ စီစီ ဆိုင်ကယ်အမျိုးအစားအတွက် ပစ္စည်းစာရင်း .............၁-၂၈

ဇယား ၁-၁၃ နှစ်စဉ်ထုတ်လုပ်မည့် ကေ၆ ၂၅၀ စီစီ ဆိုင်ကယ်အမျိုးအစားအတွက် ပစ္စည်း စာရင်း........... ၁-၃၃

ဇယား ၁-၁၄ နှစ်စဉ်ထုတ်လုပ်မည့် အော်တို ၁၁၀ စီစီ ဆိုင်ကယ်အမျိုးအစားအတွက် ပစ္စည်း စာရင်း ........ ၁-၃၅

ဇယား ၁-၁၅ နှစ်စဉ်ထုတ်လုပ်မည့် အော်တို ၁၂၅ စီစီ ဆိုင်ကယ်အမျိုးအစားအတွက် ပစ္စည်း စာရင်း........ ၁-၄၀

ဇယား ၂-၁ စီမံကိန်းဖော်ဆောင်သူအချက်အလက်များ.......... ၂-၁

ဇယား ၃-၁ TBS ၏ မြန်မာနိုင်ငံအတွင်းလုပ်ဆောင်ခဲ့သော ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ..........၃-၁

ဇယား ၃-၂ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ ရေးဆွဲသူများ ၏ သက်ဆိုင်ရာအခန်းကဏ္ဍ ..........၃-၄

ဇယား ၄-၁ စီမံကိန်းအကောင်အထည်ဖော်ဆောင်သူလိုက်နာမည့်ဥပဒေ၊နည်းဥပဒေများ..........၄-၁

ဇယား ၄-၂ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရန် လိုအပ်သော စီမံကိန်းများ ..........၄-၈

ဇယား ၄-၃ လေထုအရည်အသွေး အဆင့်သတ်မှတ်ချက် (National Guidelines of Air Quality) .......... ၄-၁၁

ဇယား ၄-၄ စွန့်ထုတ်ရည်အဆင့်သတ်မှတ်ချက်(National Guidelines for (Wastewater, Storm Water Runoff, Effluent and Sanity Discharges (General Application)) Operation phase)..၄-၁၂

ဇယား ၄-၅ အသံဆူညံမှုအဆင့်သတ်မှတ်ချက် (National Guidelines on Noise Level)..........၄-၁၂

ဇယား ၄-၆ စွန့်ထုတ်ရည်အဆင့်သတ်မှတ်ချက်များ(Effluent Levels)..........၄-၁၂

ဇယား ၄-၇ အမျိုးသား သောက်သုံးရေ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ (၂၀၁၉) ............................ ၄-၁၃

ဇယား ၅-၁ ပတ်ဝန်းကျင် ထိခိုက်နိုင်မှုများ အတွက် ကိုးကားရန် အချက်များ ............................................ ၅-၂

ဇယား ၅-၂ စဉ့်ကိုင်မြို့နယ်၏ နှစ်အလိုက်မိုးလေဝသအခြေအနေ ........................................................ ၅-၆

ဇယား ၅-၃ တိုင်းတာခဲ့သည့်အကြောင်းအရာ........................................................................................ ၅-၇

ဇယား ၅-၄ နိုင်ငံတကာနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ လေအရည်သွေးဆိုင်ရာစံနှုန်း ........................ ၅-၉

ဇယား ၅-၅ လေအရည်အသွေးရလဒ်............................................................................................... ၅-၁၀

ဇယား ၅-၆ လေအရည်အသွေးရလဒ်............................................................................................... ၅-၁၁

ဇယား ၅-၇ တိုင်းတာခဲ့သည့် အချက်အလက်များနှင့် ဓါတ်ပုံ .................................................................. ၅-၁၉

ဇယား ၅-၈ ပတ်ဝန်းကျင် အရည်အသွေးစံနှုန်း ..................................................................................... ၅-၂၁

ဇယား ၅-၉ ဆူညံသံတိုင်းတာမှုရလဒ်ပြဇယား ..................................................................................... ၅-၂၁

ဇယား ၅-၁၀ ရေအရည်အသွေးရလဒ် ............................................................................................... ၅-၂၂

ဇယား ၅-၁၁ လူဦးရေ နှင့်တိုင်းရင်းသား မျိုးနွယ်စုများ............................................................................ ၅-၄၃

ဇယား ၅-၁၂ မြို့နယ်တွင်း ဖြစ်ပွားတတ်သော ရောဂါများ.......................................................................... ၅-၄၈

ဇယား ၆-၁ ထိခိုက်မှုပြင်းထန်ခြင်း သက်မှတ်ပုံ ...................................................................................... ၆-၃

ဇယား ၆-၂ သိသာထင်ရှားသောထိခိုက်မှု လေ့လာပုံ ............................................................................... ၆-၄

ဇယား ၆-၃ ထိခိုက်မှုသတ်မှတ်ထားပုံနှင့်အကဲဖြတ်ခြင်း ............................................................................. ၆-၆

ဇယား ၆-၄ High Volume Air Sampler ဖြင့် တိုင်းတာရရှိသော လေအရည်အသွေးရလဒ်........................... ၆-၉

ဇယား ၆-၅ Haz Scanner (EPAS) ဖြင့် တိုင်းတာရရှိသော လေအရည်အသွေးရလဒ် .................................. ၆-၉

ဇယား ၆-၆ အသံဆူညံမှုတိုင်းတာခြင်းရလဒ် ........................................................................................ ၆-၁၁

ဇယား ၆-၇ သက်ရောက်နိုင်မှုများ နှင့် လျှော့ချရမည့် နည်းလမ်းများ ........................................................... ၆-၁၄

ဇယား ၆-၈ ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချခြင်းပြုလုပ်မည့်အဖွဲ့အစည်း ........................................................ ၆-၁၅

ဇယား ၇-၁ လုပ်ငန်းစဉ် ဆောက်လုပ်ချိန်နှင့် ပိတ်သိမ်းချိန်တွင် ပတ်ဝန်းကျင်အပေါ် အကျိုး သက်ရောက်
မှု များနှင့် လျှော့ချရေး အစီအစဉ်များ ..................................................................................................... ၇-၃

ဇယား ၇-၂ လုပ်ငန်းလည်ပတ်ချိန်တွင် ပတ်ဝန်းကျင် အပေါ်သက်ရောက်မှုများနှင့်လျှော့ချရေးအစီအစဉ်များ၇-၆

ဇယား ၇-၃ လုပ်ငန်းလည်ပတ်စဉ်တွင်စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ ............................................ ၇-၁၂

| ၅၅ | Trail Light Assembly | U | ၂၀,၀၀၀ |
| ၅၆ | Rear Turn Signa, L. r | U | ၂၀,၀၀၀ |
| ၅၇ | Rear License Light Ass'y | U | ၂၀,၀၀၀ |
| ၅၈ | Rear Reflector | U | ၂၀,၀၀၀ |
| ၅၉ | Light Grip Switch | U | ၂၀,၀၀၀ |
| ၆၀ | Cushion | U | ၂၀,၀၀၀ |
| ၆၁ | Rr. Brake Lever Ass'y | U | ၂၀,၀၀၀ |
| ၆၂ | Throttle Grip Holder | U | ၂၀,၀၀၀ |
| ၆၃ | L.r' Handle Rubber | U | ၂၀,၀၀၀ |
| ၆၄ | Balance Weight | U | ၂၀,၀၀၀ |
| ၆၅ | Balance Weight | U | ၂၀,၀၀၀ |
| ၆၆ | Linkage Brake Line | U | ၂၀,၀၀၀ |
| ၆၇ | Rr. Brake Cable | U | ၂၀,၀၀၀ |
| ၆၈ | Throttle Cable | U | ၂၀,၀၀၀ |
| ၆၉ | Seat Catch Cable | U | ၂၀,၀၀၀ |
| ၇၀ | Speedometer Cable | U | ၂၀,၀၀၀ |
| ၇၁ | Tank Port Guard | U | ၂၀,၀၀၀ |
| ၇၂ | L.R Rear Steering Light Holder | U | ၂၀,၀၀၀ |

| စဉ် | အမျိုးအစား | ယူနစ် | အရေအတွက်ပမာဏ |
|---|---|---|---|
| ၇၃ | Hanger Rubber | U | ၂၀,၀၀၀ |
| ၇၄ | Main Stand Rolling Rubber | U | ၂၀,၀၀၀ |
| ၇၅ | Hanger Cap | U | ၂၀,၀၀၀ |
| ၇၆ | Front Axle Left And Right Rubber Sleeve | U | ၂၀,၀၀၀ |
| ၇၇ | Fr.L.Absorber Ass’y | U | ၂၀,၀၀၀ |
| ၇၈ | Speedometer Gear Box | U | ၂၀,၀၀၀ |
| ၇၉ | Rr Absorber Ass’y | U | ၂၀,၀၀၀ |
| ၈၀ | Aluminium Front Wheels | U | ၂၀,၀၀၀ |
| ၈၁ | After Aluminium Wheels | U | ၂၀,၀၀၀ |
| ၈၂ | Stem Lock Nut | U | ၂၀,၀၀၀ |
| ၈၃ | Stop Washer 26 | U | ၂၀,၀၀၀ |
| ၈၄ | Steering Head Thread | U | ၂၀,၀၀၀ |
| ၈၅ | Upper Cone Race | U | ၂၀,၀၀၀ |
| ၈၆ | Steel Ball Upper | U | ၂၀,၀၀၀ |
| ၈၇ | Upper Ball Race | U | ၂၀,၀၀၀ |
| ၈၈ | Bottom Ball Race | U | ၂၀,၀၀၀ |
| ၈၉ | Steel Ball Under | U | ၂၀,၀၀၀ |
| ၉၀ | Bottom Cone Race | U | ၂၀,၀၀၀ |
| ၉၁ | Fuel Tank Comp | U | ၂၀,၀၀၀ |
| ၉၂ | Fuel Tank Cap | U | ၂၀,၀၀၀ |
| ၉၃ | Fuel Cock | U | ၂၀,၀၀၀ |
| ၉၄ | Fuel Filter | U | ၂၀,၀၀၀ |
| ၉၅ | Fuel Hose Clip | U | ၂၀,၀၀၀ |
| ၉၆ | Vacuum Hose | U | ၂၀,၀၀၀ |
| ၉၇ | Fuel Hose A B C | U | ၂၀,၀၀၀ |
| ၉၈ | Fuel Line ABC | U | ၂၀,၀၀၀ |
| ၉၉ | Vacuum Hose | U | ၂၀,၀၀၀ |
| ၁၀၀ | Fuel Sense | U | ၂၀,၀၀၀ |

| စဉ် | အမျိုးအစား | ယူနစ် | အရေအတွက်ပမာဏ |
|---|---|---|---|
| ၁၀၁ | Fuel Sense Seal | U | ၂၀,၀၀၀ |
| ၁၀၂ | Retainer Unit | U | ၂၀,၀၀၀ |
| ၁၀၃ | Front Disc Brake Assembly | U | ၂၀,၀၀၀ |
| ၁၀၄ | Front Disc Brake Disc | U | ၂၀,၀၀၀ |
| ၁၀၅ | Speedometer Ass,y | U | ၂၀,၀၀၀ |
| ၁၀၆ | Main Switch Ass’y | U | ၂၀,၀၀၀ |
| ၁၀၇ | Regulating Rectifier | U | ၂၀,၀၀၀ |
| ၁၀၈ | Cdi Assy | U | ၂၀,၀၀၀ |
| ၁၀၉ | Ignition Coil Comp | U | ၂၀,၀၀၀ |
| ၁၁၀ | Star Magnitic Switch | U | ၂၀,၀၀၀ |
| ၁၁၁ | Horn | U | ၂၀,၀၀၀ |
| ၁၁၂ | Winker Relay | U | ၁၂၀,၀၀၀ |
| ၁၁၃ | Battery | U | ၄၀,၀၀၀ |
| ၁၁၄ | Wire Harness | U | ၂၀,၀၀၀ |
| ၁၁၅ | Speed Meter Cable Guide | U | ၂၀,၀၀၀ |
| ၁၁၆ | Brake Hose Clip | U | ၂၀,၀၀၀ |
| ၁၁၇ | L.R.Back Mirror | U | ၂၀,၀၀၀ |
| ၁၁၈ | Fr.Wheel Axle | U | ၂၀,၀၀၀ |
| ၁၁၉ | Fr.Wheel Side Collar | U | ၂၀,၀၀၀ |
| ၁၂၀ | Collar | U | ၂၀,၀၀၀ |
| ၁၂၁ | Rear Brake Return Spring | U | ၂၀,၀၀၀ |
| ၁၂၂ | Main Stand Spring | U | ၂၀,၀၀၀ |
| ၁၂၃ | Side Stand Spring | U | ၂၀,၀၀၀ |
| ၁၂၄ | Driver’s Tool | U | ၂၀,၀၀၀ |
| ၁၂၅ | Band | U | ၂၀,၀၀၀ |
| ၁၂၆ | Rivet | U | ၂၀,၀၀၀ |
| ၁၂၇ | Frame Plate | U | ၂၀,၀၀၀ |
| ၁၂၈ | Rubber Mat A BC | U | ၂၀,၀၀၀ |
| ၁၂၉ | Instructions | U | ၂၀,၀၀၀ |

| စဉ် | အမျိုးအစား | ယူနစ် | အရေအတွက်ပမာဏ |
|---|---|---|---|
| ၁၃၀ | Labeling | U | ၂၀,၀၀၀ |

ဖယား ၁-၁၅ နှစ်စဉ်ထုတ်လုပ်မည့် အော်တို ၁၂၅ စီစီ ဆိုင်ကယ်အမျိုးအစားအတွက် ပစ္စည်း စာရင်း

| စဉ် | အမျိုးအစား | ယူနစ် | အရေအတွက်ပမာဏ |
|---|---|---|---|
| ၁ | Engine 125CC (Auto) | U | ၁၀,၀၀၀ |
| ၂ | Rear Brake Shoe | U | ၁၀,၀၀၀ |
| ၃ | Triangle Connecting Plate Assembly | U | ၁၀,၀၀၀ |
| ၄ | A B Bush | U | ၁၀,၀၀၀ |
| ၅ | Exhaust Muffler Assy | U | ၁၀,၀၀၀ |
| ၆ | Washer | U | ၁၀,၀၀၀ |
| ၇ | Carburetor Assy | U | ၁၀,၀၀၀ |
| ၈ | Air Cleaner Ass’y | U | ၁၀,၀၀၀ |
| ၉ | Frame Body | U | ၁၀,၀၀၀ |
| ၁၀ | Steering Stem | U | ၁၀,၀၀၀ |
| ၁၁ | Steering Handle | U | ၁၀,၀၀၀ |
| ၁၂ | Engine Hanger | U | ၁၀,၀၀၀ |
| ၁၃ | Main Stand | U | ၁၀,၀၀၀ |
| ၁၄ | Side Stand | U | ၁၀,၀၀၀ |
| ၁၅ | Panel Support | U | ၁၀,၀၀၀ |
| ၁၆ | Regulating Rectifier Bracket | U | ၁၀,၀၀၀ |
| ၁၇ | Panel Support | U | ၁၀,၀၀၀ |
| ၁၈ | Back Mudboard Support | U | ၁၀,၀၀၀ |
| ၁၉ | Rear Wheel Fender Support | U | ၁၀,၀၀၀ |
| ၂၀ | R/L.Step Bar Comp | U | ၁၀,၀၀၀ |
| ၂၁ | Fr.Handle Cover | U | ၁၀,၀၀၀ |
| ၂၂ | Speedmeter Up Cover | U | ၁၀,၀၀၀ |
| ၂၃ | Fr. Top Cover | U | ၁၀,၀၀၀ |
| ၂၄ | Fr. Fender | U | ၁၀,၀၀၀ |
| ၂၅ | Fr. Cover | U | ၁၀,၀၀၀ |

| စဉ် | အမျိုးအစား | ယူနစ် | အရေအတွက်ပမာဏ |
|---|---|---|---|
| ၂၆ | Inner Cover Lower | U | ၁၀,၀၀၀ |
| ၂၇ | Rack Cover | U | ၁၀,၀၀၀ |
| ၂၈ | Fr L.Cover | U | ၁၀,၀၀၀ |
| ၂၉ | Fr.R.Cover | U | ၁၀,၀၀၀ |
| ၃၀ | Fr.Ganrnish | U | ၁၀,၀၀၀ |
| ၃၁ | Fr.Lower Cover | U | ၁၀,၀၀၀ |
| ၃၂ | Floor Step | U | ၁၀,၀၀၀ |
| ၃၃ | Battary Lid | U | ၁၀,၀၀၀ |
| ၃၄ | Under Cover | U | ၁၀,၀၀၀ |
| ၃၅ | Center Cover | U | ၁၀,၀၀၀ |
| ၃၆ | L.r Body Cover | U | ၁၀,၀၀၀ |
| ၃၇ | L.r Side Cover | U | ၁၀,၀၀၀ |
| ၃၈ | RR.Center Cover | U | ၁၀,၀၀၀ |
| ၃၉ | Rr. Fender | U | ၁၀,၀၀၀ |
| ၄၀ | Rear License Plate Cover | U | ၁၀,၀၀၀ |
| ၄၁ | Trunk | U | ၁၀,၀၀၀ |
| ၄၂ | Oil Tank Cover Plate | U | ၁၀,၀၀၀ |
| ၄၃ | Tank Floor | U | ၁၀,၀၀၀ |
| ၄၄ | Rear Fender Backboard | U | ၁၀,၀၀၀ |
| ၄၅ | Fr L.r Windshield | U | ၁၀,၀၀၀ |
| ၄၆ | Fr L.r Side Cover Decorartion | U | ၁၀,၀၀၀ |
| ၄၇ | Lock Side Cover | U | ၁၀,၀၀၀ |
| ၄၈ | L.r Side | U | ၁၀,၀၀၀ |
| ၄၉ | Kettle Cover | U | ၁၀,၀၀၀ |
| ၅၀ | Rt.Signal Bracket | U | ၁၀,၀၀၀ |
| ၅၁ | Helmet Hook | U | ၁၀,၀၀၀ |
| ၅၂ | Rear Fender | U | ၁၀,၀၀၀ |
| ၅၃ | Rocker Arm Guard | U | ၁၀,၀၀၀ |
| ၅၄ | Headlight Ass'y | U | ၁၀,၀၀၀ |

| စဉ် | အမျိုးအစား | ယူနစ် | အရေအတွက်ပမာဏ |
|---|---|---|---|
| ၅၅ | Trail Light Assembly | U | ၁၀,၀၀၀ |
| ၅၆ | Rear Turn Signa, L. r | U | ၁၀,၀၀၀ |
| ၅၇ | Rear License Light Ass'y | U | ၁၀,၀၀၀ |
| ၅၈ | Rear Reflector | U | ၁၀,၀၀၀ |
| ၅၉ | Light Grip Switch | U | ၁၀,၀၀၀ |
| ၆၀ | Cushion | U | ၁၀,၀၀၀ |
| ၆၁ | Rr. Brake Lever Ass'y | U | ၁၀,၀၀၀ |
| ၆၂ | Throttle Grip Holder | U | ၁၀,၀၀၀ |
| ၆၃ | L.r' Handle Rubber | U | ၁၀,၀၀၀ |
| ၆၄ | Balance Weight | U | ၁၀,၀၀၀ |
| ၆၅ | Balance Weight | U | ၁၀,၀၀၀ |
| ၆၆ | Linkage Brake Line | U | ၁၀,၀၀၀ |
| ၆၇ | Rr. Brake Cable | U | ၁၀,၀၀၀ |
| ၆၈ | Throttle Cable | U | ၁၀,၀၀၀ |
| ၆၉ | Seat Catch Cable | U | ၁၀,၀၀၀ |
| ၇၀ | Speedometer Cable | U | ၁၀,၀၀၀ |
| ၇၁ | Tank Port Guard | U | ၁၀,၀၀၀ |
| ၇၂ | L.R Rear Steering Light Holder | U | ၁၀,၀၀၀ |
| ၇၃ | Hanger Rubber | U | ၁၀,၀၀၀ |
| ၇၄ | Main Stand Rolling Rubber | U | ၁၀,၀၀၀ |
| ၇၅ | Hanger Cap | U | ၁၀,၀၀၀ |
| ၇၆ | Front Axle Left And Right Rubber Sleeve | U | ၁၀,၀၀၀ |
| ၇၇ | Fr.L.Absorber Ass'y | U | ၁၀,၀၀၀ |
| ၇၈ | Speedometer Gear Box | U | ၁၀,၀၀၀ |
| ၇၉ | Rr Absorber Ass'y | U | ၁၀,၀၀၀ |
| ၈၀ | Aluminium Front Wheels | U | ၁၀,၀၀၀ |
| ၈၁ | After Aluminium Wheels | U | ၁၀,၀၀၀ |
| ၈၂ | Stem Lock Nut | U | ၁၀,၀၀၀ |

| စဉ် | အမျိုးအစား | ယူနစ် | အရေအတွက်ပမာဏ |
|---|---|---|---|
| ၈၃ | Stop Washer 26 | U | ၁၀,၀၀၀ |
| ၈၄ | Steering Head Thread | U | ၁၀,၀၀၀ |
| ၈၅ | Upper Cone Race | U | ၁၀,၀၀၀ |
| ၈၆ | Steel Ball Upper | U | ၁၀,၀၀၀ |
| ၈၇ | Upper Ball Race | U | ၁၀,၀၀၀ |
| ၈၈ | Bottom Ball Race | U | ၁၀,၀၀၀ |
| ၈၉ | Steel Ball Under | U | ၁၀,၀၀၀ |
| ၉၀ | Bottom Cone Race | U | ၁၀,၀၀၀ |
| ၉၁ | Fuel Tank Comp | U | ၁၀,၀၀၀ |
| ၉၂ | Fuel Tank Cap | U | ၁၀,၀၀၀ |
| ၉၃ | Fuel Cock | U | ၁၀,၀၀၀ |
| ၉၄ | Fuel Filter | U | ၁၀,၀၀၀ |
| ၉၅ | Fuel Hose Clip | U | ၁၀,၀၀၀ |
| ၉၆ | Vacuum Hose | U | ၁၀,၀၀၀ |
| ၉၇ | Fuel Hose A B C | U | ၁၀,၀၀၀ |
| ၉၈ | Fuel Line ABC | U | ၁၀,၀၀၀ |
| ၉၉ | Vacuum Hose | U | ၁၀,၀၀၀ |
| ၁၀၀ | Fuel Sense | U | ၁၀,၀၀၀ |
| ၁၀၁ | Fuel Sense Seal | U | ၁၀,၀၀၀ |
| ၁၀၂ | Retainer Unit | U | ၁၀,၀၀၀ |
| ၁၀၃ | Front Disc Brake Assembly | U | ၁၀,၀၀၀ |
| ၁၀၄ | Front Disc Brake Disc | U | ၁၀,၀၀၀ |
| ၁၀၅ | Speedometer Ass,y | U | ၁၀,၀၀၀ |
| ၁၀၆ | Main Switch Ass'y | U | ၁၀,၀၀၀ |
| ၁၀၇ | Regulating Rectifier | U | ၁၀,၀၀၀ |
| ၁၀၈ | Cdi Assy | U | ၁၀,၀၀၀ |
| ၁၀၉ | Ignition Coil Comp | U | ၁၀,၀၀၀ |
| ၁၁၀ | Star Magnitic Switch | U | ၁၀,၀၀၀ |
| ၁၁၁ | Horn | U | ၁၀,၀၀၀ |

| စဉ် | အမျိုးအစား | ယူနစ် | အရေအတွက်ပမာဏ |
|---|---|---|---|
| ၁၁၂ | Winker Relay | U | ၆၀,၀၀၀ |
| ၁၁၃ | Battery | U | ၂၀,၀၀၀ |
| ၁၁၄ | Wire Harness | U | ၁၀,၀၀၀ |
| ၁၁၅ | Speed Meter Cable Guide | U | ၁၀,၀၀၀ |
| ၁၁၆ | Brake Hose Clip | U | ၁၀,၀၀၀ |
| ၁၁၇ | L.R.Back Mirror | U | ၁၀,၀၀၀ |
| ၁၁၈ | Fr.Wheel Axle | U | ၁၀,၀၀၀ |
| ၁၁၉ | Fr.Wheel Side Collar | U | ၁၀,၀၀၀ |
| ၁၂၀ | Collar | U | ၁၀,၀၀၀ |
| ၁၂၁ | Rear Brake Return Spring | U | ၁၀,၀၀၀ |
| ၁၂၂ | Main Stand Spring | U | ၁၀,၀၀၀ |
| ၁၂၃ | Side Stand Spring | U | ၁၀,၀၀၀ |
| ၁၂၄ | Driver’s Tool | U | ၁၀,၀၀၀ |
| ၁၂၅ | Band | U | ၁၀,၀၀၀ |
| ၁၂၆ | Rivet | U | ၁၀,၀၀၀ |
| ၁၂၇ | Frame Plate | U | ၁၀,၀၀၀ |
| ၁၂၈ | Rubber Mat A BC | U | ၁၀,၀၀၀ |
| ၁၂၉ | Instructions | U | ၁၀,၀၀၀ |
| ၁၃၀ | Labeling | U | ၁၀,၀၀၀ |




**ပုံ ၁-၅ မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်မှု အဆင့်ဆင့်**

### ၁.၉.၃ အရည်အသွေးစစ်ဆေးခြင်း

တပ်ဆင်ပြီးသော ဆိုင်ကယ်များကို တင်ပို့ရောင်းချရန် အတွက် အရည်အသွေး ပြည့်ဝမှု ရှိ၊ မရှိ ကို စစ်ဆေးခြင်း ဖြစ်ပါသည်။ စစ်ဆေးခြင်းတွင် (Dyno test) ခေါ် အစမ်း မောင်းနှင်စမ်းသပ်ခြင်း၊ လျှပ်စစ် ကောင်းမွန်မှု နှင့် အင်ဂျင် ကောင်းမွန်စွာ လည်ပတ်မှု ရှိ၊ မရှိ အစရှိသည့် စစ်ဆေးခြင်းများ ပြုလုပ်ပါသည်။ အရည်အသွေး စစ်ဆေးခြင်း ပုံကို အောက်ပါ ပုံ ၁-၆ တွင် ဖော်ပြထား ပါသည်။

### ၁.၉.၃.၁ ထုပ်ပိုးခြင်း

စစ်ဆေးပြီး ရောင်းချရန် အသင့်ဖြစ်နေသော ဆိုင်ကယ်များကို ထုပ်ပိုးမှု ဌာန သို့ ပို့ဆောင်ကာ ထုပ်ပိုးပါသည်။

မော်တော်ဆိုင်ကယ် ထုတ်လုပ်မှု အဆင့်ဆင့်ပြုလုပ်မည့် စက်တပ်ဆင်လိုင်းများကို အောက်ပါ ပုံ ၁-၆ တွင်ဖော်ပြထားပါသည်။

| | |
|---|---|
|  |  |
| သုံးဘီးဆိုင်ကယ်တပ်ဆင်မည့်နေရာ | ဆိုင်ကယ်တပ်ဆင်မည့်လိုင်း |
| | |
| အရည်အသွေးစစ်ဆေးမည့်နေရာ | ထုတ်ပိုးမည့်ပုံစံ |

**ပုံ ၁-၆ ကားမက်(စ်) တွင် ဆိုင်ကယ် တပ်ဆင်ထုပ်လုပ်မည့်အခြေအနေတည်ရှိမှု**

## ၁.၁၀ ဝန်ထမ်းအဆောင်များ

ကားမက်(စ်) စက်ရုံတွင် ဝန်ထမ်းနှင့် အလုပ်သမားများ အတွက် အိပ်ဆောင်များ တည်ဆောက်ပြီး ဖြစ်ပါသည်။ တစ်ခန်းလျှင် လုပ်သား ၈ယောက်မှ ၁၅ယောက် အထိ နေထိုင်နိုင်သော အလျား ၆ မီတာ နှင့် အနံ ၉ မီတာ ရှိသော အခန်းများ နှင့် ဝန်ထမ်း ၂ ယောက်မှ ၅ ယောက် အထိ နေထိုင်နိုင်သော အလျား ၄ မီတာ နှင့် အနံ ၇.၆ မီတာ ရှိသော အခန်းများ ဖွဲ့စည်းထားရှိပါသည်။ အခန်းစုစုပေါင်း ၁၄ ခန်း ရှိပါသည်။

ဝန်ထမ်းများအတွက် စက်ရုံတွင်ဆေးပေးခန်းတစ်ခုထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု အတွက် ကျန်းမာရေးဝန်ထမ်း ထားရှိ ပေးမည် ဖြစ်ပါသည်။ ဝန်ထမ်းအိပ်ဆောင်အနီးတွင် အိမ်သာကို ဝန်ထမ်းအရေအတွက်နှင့် တွက်ချက်ပြီး (၁၅ ဦးလျှင် သန့်စင်ခန်း ၁ ခန်းနှုန်း) ဖြင့် တည်ဆောက် ပေးထားပါသည်။ ဝန်ထမ်းများ အသုံးပြုရန်အဆောင်များကိုပုံ ၁-၇ တွင်ဖော်ပြထားပါသည်။

| | |
|---|---|
| | |
| ဝန်ထမ်းအိပ်ဆောင်နှင့် စားသောက်ခန်း | သန့်စင်ခန်း |

**ပုံ ၁-၇ ကားမက်(စ်) တွင် ဝန်ထမ်းများအတွက် ပြင်ဆင်မှု**

## ၁.၁၁ ရေအရင်းအမြစ်အသုံးပြုမှု

ရေရရှိမှုအနေဖြင့် စက်ရုံ၏တောင်ဘက် ပေ ၁၂၀၀ ခန့် အကွာတွင် ရှိသော ပေ၃၀၀ အနက်ရှိ အဝီစိတွင်း၏ ရေကို အသုံးပြုသွားမည် ဖြစ်ပါသည်။ ထိုရေကို စက်ရုံဝန်းအတွင်းတွင် ၅၀၀၀ လီတာဆန့် ရေစည် နှင့် ၆ပေ ပတ်လည်ရှိသော ရေကန် ၂ကန် တို့တွင် သိုလှောင်ပြီး ဝန်ထမ်းများသုံးရေ အဖြစ် ထားရှိမည် ဖြစ်ပြီး ဝန်ထမ်းများ သောက်သုံးရေ အတွက်လည်း Filtration System ဖြင့် ရေသန့်စင်ပြီး အသုံးပြုမည် ဖြစ်ပါသည်။ ထို့ပြင် ရေဂါလံ ၂သောင်းဆန့် ၁၅ပေ ပတ်လည် ကန်၃ကန်တွင်လည်း ရေသိုလှောင်ပြီး မီးငြိမ်းသတ်ရေး အတွက် အသုံးပြုသွားမည် ဖြစ်ပါသည်။ ရေဖျန့်ဝေမှု အခြေအနေပြပုံကို ပုံ ၁-၈ တွင် ပြသထားပါသည်။

| | |
|---|---|
| | |
| အဝီစိတွင်းနှင့် ရေစုပ်စက် | ရေသန့်စက် |

| | |
|---|---|
| | |
| မီးသတ်ရေကန် | ရေစည် |

ပုံ ၁-၈ ရေဖြန့်ဝေမှု

## ၁.၁၂ လျှပ်စစ်စွမ်းအင်အသုံးပြုမှု

လျှပ်စစ်စွမ်းအင် အသုံးပြုမှုအတွက် ဘဲလင်းရွာရှိ ဘဲလင်းပင်မ ဓါတ်အားခွဲရုံမှ ပေးပို့သော ဓါတ်အားလိုင်းကို 315 KVA ရှိသော transformer တစ်ခုတပ်ဆင်ပြီး အသုံးပြုပါသည်။ နောက်ပိုင်းတွင် တိုးချဲ့မည့် လုပ်ငန်းများ အတွက် ပြည့်မှီသော လျှပ်စစ် စွမ်းအင် ရရှိနိုင်သည့် Transformer ကို ထပ်မံတပ်ဆင် အသုံးပြုရန် စီစဉ်ထားပါသည်။ လျှပ်စစ်ဓါတ်အား ပြတ်တောက်သွားချိန်တွင် ယာယီအသုံးပြုရန်အတွက် 110 KW ရှိသော မီးစက်ကို အသုံးပြုပါသည်။ လျှပ်စစ်အသုံးပြုမှု အတွက် မီးစက်နှင့် Transformer တပ်ဆင်ထားခြင်းကို တွင် ပုံ ၁-၉ တွင် ဖော်ပြထားပါသည်။

ပုံ ၁-၉ လျှပ်စစ်အသုံးပြုမှုအတွက် မီးစက်နှင့် Transformer တပ်ဆင်ထားမှု

## ၁.၁၃ စက်ရုံရေမြောင်း

စက်ရုံဝန်းအတွင်းတွင် ရေစီးရေလာကောင်းမွန်ရန်အတွက် ရေမြောင်းများကို စနစ်တကျ တည်ဆောက် ထားခြင်း၊ လုံလောက်သော မိလ္လာတွင်းများ ဆောက်လုပ်ထားခြင်း တို့ကို စီမံကိန်း ဧရိယာတွင် ပြုလုပ်ထားပြီး ဖြစ်ပါသည်။ စက်ရုံမှ ဆိုင်ကယ်များ တပ်ဆင် ထုတ်လုပ်ချိန်တွင် ရေဆိုးများ မထွက်ရှိနိုင်ပါ။ သို့သော် မိုးရွာသွန်းချိန်တွင် မိုးရေ စီးဆင်းမှုများ ရှိပါသည်။ ထို့ကြောင့် ထွက်ရှိလာသော မိုးရေများ စနစ်တကျ စီးဆင်းနိုင်ရန်နှင့် စွန့်ပစ်နိုင်ရန် စက်ရုံ ပတ်ပတ်လည်တွင် ရေသွားမြောင်းများ တည်ဆောက်ပြီး စက်ရုံရေမြောင်းမှထွက်ရှိသော မိုး ရေများကို မီးသတ်ကန်ထဲတွင် သိုလှောင်ထားပါသည်။ စက်ရုံရေမြောင်းမှ မိုးရေများ စီးဆင်းသွားသည့် ရေမြောင်းနှင့် မိုးရေသိုလှောင်သည့်နေရာကို ပုံ ၁-၂ တွင်ဖော်ပြထားပါသည်။ စက်ရုံပတ်လည်တွင် ရေသွားမြောင်းများ ဆောက်လုပ်နေပုံကိုပုံ ၁-၁၀ တွင်ဖော်ပြထားပါသည်။

**ပုံ ၁-၁၀ ရေသွားမြောင်းဆောက်လုပ်နေပုံ**

## ၁.၁၄ စွန့်ပစ်အမှိုက်

စွန့်ပစ်အမှိုက်များကို စက်ရုံမှ ထွက်ရှိသော အမှိုက်နှင့် ဝန်ထမ်းများမှထွက် ရှိသော အမှိုက်ဟူ၍ နှစ်မျိုးခွဲထားပါသည်။ ဆိုင်ကယ်ထုတ်လုပ်ခြင်းမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းမှာ အစိတ်အပိုင်း ပစ္စည်း ထုတ်ပိုးသော စက္ကူများ၊ ပလတ်စတစ်များ ဖြစ်ပါသည်။ ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်းမှ ထွက်ရှိလာသော စွန့်ပစ်အမှိုက်များကို စွန့်ပစ်ပစ္စည်းများ သိုလှောင်သည့် နေရာတွင် ယာယီသိုလှောင်၍ နှစ်ရက်လျှင်တကြိမ် ပြန်လည် ရောင်းချခြင်းဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းသိုလှောင်မည့် အမှိုက်ကန် ကိုလည်း ပုံ ၁-၂ တွင်ဖော်ပြထားပါသည်။ ဆိုင်ကယ်ထုတ်လုပ်မှုနှင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှု မျှချေ ကို အောက်ပါ ပုံ ၁-၁၁ ဖြင့်ရှင်းလင်း တင်ပြထားပါသည်။ ဝန်ထမ်းများမှ ထွက်ရှိသော အမှိုက်များကို စက်ရုံ၏မြောက်ဘက်ရှိ ချိုင့်ဝှမ်းကြီးတွင် နှစ်ရက်လျှင်တကြိမ် ပုံမှန် စွန့်ပစ်ပါသည်။




**ပုံ ၁-၁၁ ဆိုင်ကယ်ထုတ်လုပ်မှုနှင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှု မျှချေ**

### ၁.၁၄.၁ ဝန်ထမ်းများမှထွက်သော အမှိုက်

စွန့်ပစ်အမှိုက် ထွက်ရှိမှုကို တွက်ချက်ရာတွင် စက်ရုံရှိ ဝန်ထမ်းဦးရေ ၂၅၉ ယောက်နှင့် ၂၀၁၂ ခုနှစ် ရန်ကုန်မြို့တော် အမှိုက်ထွက်ရှိမှု စံနှုန်းအရ(၀.၃၉ ကီလိုဂရမ်/တစ်ယောက်/တစ်ရက်) ဖြင့် တွက်ယူရာတွင် စက်ရုံ၏ဝန်ထမ်းများမှ ထွက်ရှိသောအမှိုက်သည် တစ်ရက်လျှင် ၁၀၁.၀၁ ကီလိုဂရမ်ရှိပါသည်။

## ၁.၁၅ စွန့်ပစ်ရေ

စွန့်ပစ်ရေ ကိုလည်း စက်ရုံတွင် လုပ်ငန်းလုပ်ဆောင်ခြင်း မှ ထွက်ရှိသောရေနှင့် ဝန်ထမ်းများမှ ထွက်သောရေ ဟူ၍နှစ်မျိုးခွဲထားပါသည်။ သို့သော် စက်ရုံ၏ လုပ်ငန်းလုပ်ဆောင်မှုတွင် ရေဆိုးထွက်ရှိမှု မရှိပါ။ ဝန်ထမ်းများ အသုံးပြုပြီးသော ရေများ နှင့် မိုးရာသီတွင် မိုးရေစီးဆင်းမှုများသာရှိပါသည်။ စက်ရုံတွင် စုစုပေါင်းဝန်ထမ်းမှာ ၂၅၉ ယောက်ဖြစ်ပါသည်။ ထို့ကြောင့် နေ့စဉ်ရေအသုံးပြုမှုစံနှုန်း (၂၆ ဂါလံ/တစ်ယောက်/တစ်ရက်) အရ စက်ရုံတွင် စွန့်ပစ်ရေထွက်ရှိမှုပမာဏမှာ တစ်ရက်လျှင် ၉၀၆၅ ဂါလံရှိ နိုင်ပါသည်။

# အခန်း (၂)
# စီမံကိန်းအဆိုပြုသူ

## ၂.၁ စီမံကိန်းအဆိုပြုသူ

ကားမက်(စ်) ကုမ္ပဏီလီမိတက် သည် မြန်မာနိုင်ငံသား ရင်းနှီးမြှပ်နှံသည့် ကုမ္ပဏီဖြစ်ပါသည်။ ကားမက်(စ်) ကုမ္ပဏီ၏ မော်တော်ဆိုင်ကယ် တပ်ဆင် ထုတ်လုပ်သော စက်ရုံစီမံကိန်းသည် စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်း ဒေသကြီးတွင် တည်ရှိပါသည်။ စီမံကိန်းကို အဆိုပြု တင်သွင်းသော ရင်းနှီးမြှုပ်နှံသူ၏ အကြောင်းအရာ များကို ဇယား ၂-၁ တွင် အသေးစိတ် ဖော်ပြထားပါသည်။

**ဇယား ၂-၁ စီမံကိန်းဖော်ဆောင်သူအချက်အလက်များ**

| | |
|---|---|
| ရင်းနှီးမြှုပ်နှံသူ | ဦးရဲထွန်း |
| နိုင်ငံသားစိစစ်ရေးကဒ်အမှတ် | ၁၃/ကမန(နိုင်)၀၈၁၇၇၀ |
| နိုင်ငံသား | ရှမ်း/တရုတ် |
| နေရပ်လိပ်စာ | မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင် မြို့နယ် ရဲရွာလမ်း တောင်ရင်းကျေးရွာ ကွင်းအမှတ် ၂၄၄ အမှတ် ၁၁၇ |
| ဖုန်းနံပါတ် | ၀၉-၂၀၂၅၅၃၇ |
| အီးမေးလ် | kamaxmotocycle2@gmail.com |

## ၂.၂ ကုမ္ပဏီ၏ရည်ရွယ်ချက်

ကုမ္ပဏီ၏ ရည်ရွယ်ချက် များကို အောက်တွင် ဖော်ပြထားပါသည်။

(က) အများပြည်သူအတွက် အခြေခံ သယ်ယူပို့ဆောင်ရေးယာဉ် အဖြစ် သုံးစွဲနိုင်ရန်၊

(ခ) အများပြည်သူသွားလာရေး အတွက် စက်သုံးဆီ ကုန်ကျမှု သက်သာသောယာဉ်များ ထုတ်လုပ်ရန်၊

(ဂ) ပြည်သူများ သင့်တင့်သော ဈေးနှုန်းဖြင့် အရည်အသွေး ကောင်းမွန်သော ပစ္စည်းကို အသုံးပြုနိုင်ရန်၊

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှု မရှိအောင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေနှင့် အညီ ထုတ်လုပ်ရန်

(င) လုပ်ငန်းတိုးချဲ့သည့်အခါ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန်တို့ကို ရည်ရွယ်၍ ထုတ်လုပ်ခြင်း ဖြစ်ပါသည်။

# အခန်း (၃)
# ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆောင်ရွက်သည့် အဖွဲ့အစည်း

## ၃.၁ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆောင်ရွက်သည့် အဖွဲ့အစည်း

### ၃.၁.၁ Total Business Solution ကုမ္ပဏီလီမိတက် (TBS)

TBS ကုမ္ပဏီသည် ဘူမိဗေဒပညာရှင်များ၊ အင်ဂျင်နီယာများ နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ပညာရှင်များ ဖြင့်ဖွဲ့စည်းထားပါသည်။ TBS သည် မြန်မာနိုင်ငံ ရင်နှီးမြုပ်နှံမှု ကော်မရှင်တွင် ၂၀၁၂ခုနှစ်မှ စတင်၍ မှတ်ပုံတင်ပြီး ထိုင်းနိုင်ငံမှ Team group ကုမ္ပဏီ နှင့် အတူပူးပေါင်း၍ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အကြံပေးလုပ်ငန်းများကို ဆောင်ရွက် ပေးလျှက် ရှိပါသည်။ TBS ကုမ္ပဏီသည် ရန်ကုန်မြို့၊ မြန်မာနိုင်ငံ တွင် တည်ရှိပြီး ဆက်သွယ်နိုင်သော ပုဂ္ဂိုလ်၏ အကြောင်းအရာနှင့် လိပ်စာကို အောက်တွင် ဖော်ပြထားပါသည်။

| | |
|---|---|
| အမည် | ဒေါက်တာ စိုးမိုးကျော်ဝင်း |
| ရာထူး | ဦးဆောင် ညွှန်ကြားရေးမှူး |
| ဖုန်းနံပါတ် | ၀၉-၄၅၅၃၀၉၃၅၉ |
| Email | soemoe@tbs.com.mm |
| လိပ်စာ | အမှတ် ၅၄၊ အခန်း ၇၀၄၊ ဝေဇယန္တာ တာဝါ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |

TBS ၏ မြန်မာနိုင်ငံတွင် လုပ်ဆောင်ခဲ့သော ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းများကို အောက်ပါ ဇယား ၃-၁ တွင် ဖော်ပြထားပါသည်။

**ဇယား ၃-၁ TBS ၏ မြန်မာနိုင်ငံအတွင်းလုပ်ဆောင်ခဲ့သော ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ**

| Project Name | Location | Client | Period |
|---|---|---|---|
| Preliminary Environmetal Study for Kyaing Tone Power Plant | Southern Shan State | Ratchaburi Electricity Generating Holding PCL. | February-March 2014 |
| Environmental Consideration Study Combined Cycle Power Plant | Myingyan District, Mandalay Division Region. | Ratchaburi Electricity Generating Holding PCL. | 2013-2014 |
| ESIA for Combined Cycle Power Plant | Kanbauk, Dawei District, Tanin Tharyi Division Region. | Andaman Power and Utility Co., Ltd. | June-October 2013. |

| Project Name | Location | Client | Period |
|---|---|---|---|
| ESIA for the Transmission Line from Mawlamyine-Dawei. | Mawlamyine-Dawei, Tanin Tharyi Division Region. | Andaman Power and Utility Co., Ltd. | June-September 2013. |
| EIA of Re-Routing Sections and Soil Disposal Area of Zawtika Onshore Pipeline Construction | Dawei District, Tanin Tharyi Region. | PTTEP International Limited | February-April 2013 |
| Environmental monitoring program of the onshore pipeline | Dawei District, Tanin Tharyi Region. | PTTEP International Limited | 2012-2014 |
| IEE for New Foodstuffs Factory | Dagon Seikkan Industrial Zone, Yangon. | Makro Manufacturing Co., Ltd. | April -May 2014 |
| ESIA for 400MW Gas-Fired Combined Cycle Power Plant | Twantay Township, Yangon Region. | RANHILL POWER Sdn Bhd | July-December 2014 (On going) |
| IEE for Somerset Serviced Apartment and 68 Residence Condominium | Bahan Township, Yangon. | United GP Development Co., Ltd. | June 2015 |
| EIA for Somerset Serviced Apartment and 68 Residence Condominium | Bahan Township, Yangon. | United GP Development Co., Ltd. | Sep 2015-Jan 2016 |
| IEE for PVC pipes factory | Shwe Than Lwin Industrial Zone, Hlaing Tharyar Township, Yangon. | Grand Nawaplastic Myanmar Co., Ltd. | February – April 2016 |
| EMP report of Garment Factory | Shwe Lin Ban Industrial Zone, Hlaing Tharyar Township, Yangon | Hangzhou Hundred-Tex Garment (Myanmar) Co., Ltd. | May-July 2016 |
| ESIA report of Hantharwaddy International Airport | Bago | Japan Nus Co., Ltd. | Aug-Sep 2016 |
| IEE for Jean Washing Factory | Shwe Pyi Thar Industrial Zone (4), Yangon. | REEBLUE MYANMAR LIMITED | Sep-Nov 2016 |

| Project Name | Location | Client | Period |
|---|---|---|---|
| EMP for Electric component Factory | Hlaing Tharyar Industrial Zone (2), Hlaing Tharyar Township, Yangon. | FTE Corporation (Myanmar) Co., Ltd. | Oct-Nov 2016 |
| EMP for Hotel project | Dawei | Good Rainbow Trading Co., Ltd. | Nov 2016-on going |
| IEE for paper factory | Lwae-Taught villages track, Lashio Township, Northern Shan State | Swon Phone Tar Co., Ltd | Dec 2016- on going |
| EMP for Garment factory | Shwe Lin Pan Industrial Zone, Hlaing Thar Yar Township, Yangon | Myanmar Toppy Company Limiited | Feb 2017- on going |
| EIA for Dawei Gold Coast Condominium | Kyat Sar Pyin Ward, Dawei Township | Degao Construction Co., Ltd | Feb 2017- on going |
| EMP for Garment factory | Thar Du Kan Industrial Zone, Shwe Pyi Thar Township, Yangon. | Hundred Garment (Myanmar) Company Limited | March 2017- on going |
| EMP for Motor factory | Mandalay | CP Motor Myanmar Co., Ltd | April 2017- on going |
| IEE for PTTEPI office | 8 ½ Mile, Mayangone Township, Yangon. | PTTEP International Limited (PTTEPI) | Feb 2017- on going |

## ၃.၂ ကားမက်(စ်) စက်ရုံအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်သည် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ၏ လမ်းညွှန်ချက်များ အရ အဆိုပြုသူများ၏ အစီရင်ခံစာကို ရေးဆွဲပေးသူ ဖြစ်ပါသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနမှ ပေးအပ်ထားသော ကြားကာလ အကြံပေး လုပ်ကိုင်သူ မှတ်ပုံတင်ခြင်း အထောက်အထား လက်မှတ်ကိုလည်း ကိုင်ဆောင်ထားသူ ဖြစ်ပါသည်။ ကြားကာလ အကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်ခြင်း အထောက်အထား လက်မှတ်ကို အစီအရင်ခံစာ၏ နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီအရင်ခံစာ ရေးဆွဲသူများ၏ သက်ဆိုင်ရာအခန်းကဏ္ဍ များကို အောက်ပါဇယား ၃-၂ တွင် ဖော်ပြထားပါသည်။

ဇယား ၃-၂ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ ရေးဆွဲသူများ ၏ သက်ဆိုင်ရာအခန်းကဏ္ဍ

| No | Name and Position | Education | Experience | Responsible for report |
|---|---|---|---|---|
| 1 | Dr. Soe Moe Kyaw Win (Managing Director) Principal Geotechnical/Geoenvironmental Engineer | Ph.D (Geotechnical Engineering)<br>M.Sc (Geotechnical Engineering)<br>B.Sc (Geology) | 25 years' experience in the areas of environmental assessment, geotechnical and geological engineering in Southeast Asian, U.S.A and Canada. Dr. Soe Moe's experience includes environment assessments, mine waste management, site investigation, instrumentation, ground improvement, land reclamation and landslide investigation. | Overall review of the report.<br>Chapters 1 to 9 |
| 2 | Mr Lin Htet Sein (Environmental Geologist) | MSc (Regional Geology)<br>B Sc (Hons) Geology | 4 years experiences in Geological and Soil Study, Hydrology, Land Use Plan, Environmental Assessment and Coordination with government organizations and villagers, environmental risk assessment and environmental report preparation | Chapters 1, 4 , 6 and 8 |
| 3 | Mr Htun Lin Kyaw | MSc (Structural Geology)<br>B Sc (Hons) Geology | 3 years experiences in topography survey and road design work. Coordination with government organizations and villagers, environmental risk assessment and environmental report preparation | Chapters 1, 4, 5 and 7 |

| No | Name and Position | Education | Experience | Responsible for report |
|---|---|---|---|---|
| 6 | Ms Ei Ei Zaw | MRes (Petroleum Geology), MSc (Petroleum Geology), B Sc (Hons) Geology, Diploma in Apply Geology | Experiences in Water Supply, Land Use Plan, Environmental Assessment. | Chapter 1,2, 3 and 5 |
| 7 | Mr Paing Zin Oo | BSc (Hons. Hydrology) | 2 years experiences in Land Survey, River Survey and GIS Mapping | Location map, Land use map and Geological map |
| 8 | Mr Phyo Thu Kyaw | BE (Mechatronic) | Experiences in Telecom Companies as project coordinator, documentation and drafter. | Drawing map |

# အခန်း (၄)

## ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းတည်ဆောက်ပုံ၊ မူဝါဒများနှင့် ဥပဒေမူဘောင်များ

## ၄.၁ နိဒါန်း

စီမံကိန်းလုပ်ငန်းသည် ပတ်ဝန်းကျင်အပေါ်တွင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ တာဝန်ယူလုပ်ဆောင်ရမည့် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ ရှိပါသည်။ စီမံကိန်းဆောင်ရွက်သူသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ၊ ဥပဒေများ၊ စည်းမျဉ်းများနှင့် အခြား နိုင်ငံတကာ လမ်းညွှန်ချက်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က သတ်မှတ်ထားသည့် ဥပဒေများ နှင့် စည်းမျဉ်းများ အားလုံးကို လိုက်နာရမည် ဖြစ်သည်။ စီမံကိန်း၏ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီရင်ခံစာ တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းပဒေ၊ အမှတ် ၅၀/၂၀၁၄ နှင့် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ဆောင်ရမည့် အချက်များ၊ အမှတ် ၆၁၆/၂၀၁၅ တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အတွက် မူဝါဒနှင့် ဥပဒေမူဘောင်များ လိုအပ်ချက် များကို လိုက်နာရမည် ဖြစ်သည်။

## ၄.၂ ကမ္ဘာ့ဘဏ်၏ ညစ်ညမ်းမှုကာကွယ်ခြင်းနှင့် လျော့ချခြင်းလမ်းညွှန်ချက်များ

ကမ္ဘာ့ဘဏ်၏ ညစ်ညမ်းမှုကာကွယ်ခြင်းနှင့် လျော့ကျခြင်းလမ်းညွှန်ချက်ကို စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ၏ညစ်ညမ်းမှုကိုထိန်းချုပ်ခြင်းနှင့် အဆိုပါလုပ်ငန်းများမှထွက်ရှိလာသော စွန့်ပစ် အညစ်အကြေးများနှင့် ပြင်ပလေအရည်အသွေးအတိုင်းအတာများကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုတွင် အသုံးချနိုင်ရန်လမ်းညွှန်ချက်များချမှတ်ပေးထားပါသည်။

## ၄.၃ စီမံကိန်းအကောင်အထည်ဖော်ဆောင်သူလိုက်နာမည့်ဥပဒေ၊နည်းဥပဒေများ

လက်ရှိစီမံကိန်းနှင့်ဆက်စပ်နေသည့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို အောက် ပါ ဇယား ၄-၁ တွင် စာရင်းပြုစု ဖော်ပြထားသည်။ စီမံကိန်းဖော်ဆောင်သူသည် စီမံကိန်းနှင့် ဆက်စပ်နေသည့် အမျိုးသားထိန်းသိမ်းရေးဥပဒေ အားလုံးကို လိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အောက်ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေများ၏ လက်ရှိစီမံကိန်းနှင့် သက်ဆိုင်သည့် ကတိကဝတ်များကိုလည်း လိုက်နာမည် ဖြစ်ပါသည်

**ဇယား ၄-၁ စီမံကိန်းအကောင်အထည်ဖော်ဆောင်သူလိုက်နာမည့်ဥပဒေ၊နည်းဥပဒေများ**

| စဉ် | ဥပဒေနှင့်နည်းဥပဒေများ | ခုနှစ် |
|---|---|---|
| မြန်မာနိုင်ငံရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေရေးရာပြဋ္ဌာန်းချက်များ | | |
| ၁။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၂ |
| ၂။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ | ၂၀၁၄ |
| ၃။ | ပတ်ဝန်းကျင်ထိခိုက်မှုဆန်း စစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း | ၂၀၁၅ |
| ၄။ | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ | ၂၀၁၉ |

| စဉ် | ဥပဒေနှင့်နည်းဥပဒေများ | ခုနှစ် |
|---|---|---|
| **ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ကျန်းမာရေး** | | |
| ၅။ | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | ၂၀၁၅ |
| ၆။ | အမျိုးသား သောက်သုံးရေ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ | ၂၀၁၉ |
| ၇။ | ပြည်သူ့ကျန်းမာရေးဥပဒေ | ၁၉၇၂ |
| ၈။ | ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ | ၂၀၀၆ |
| ၉။ | ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ | ၁၉၉၅ |
| ၁၀။ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ | ၂၀၁၉ |
| ၁၁။ | ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေ | ၂၀၁၄ |
| **ပေါက်ကွဲစေတတ်သော ပစ္စည်းများဆိုင်ရာ ဥပဒေ** | | |
| ၁၂။ | အရေးပေါ်စီမံမှု အက်ဥပဒေ | ၁၉၅၀ |
| ၁၃။ | ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေ | ၁၉၀၈ |
| ၁၄။ | ပေါက်ကွဲမှုဆိုင်ရာ ဥပဒေ | ၁၈၈၇ |
| ၁၅။ | လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ | ၂၀၁၈ |
| ၁၆။ | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ | ၂၀၁၃ |
| **ဇီဝမျိုးစုံမျိုးကွဲများကာကွယ်စောင့်ရှောက်ရေး** | | |
| ၁၇။ | ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာဥပဒေ | ၂၀၁၈ |
| ၁၈။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေ | ၂၀၀၆ |
| ၁၉။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေ | ၂၀၁၃ |
| ၂၀။ | မြေအောက်ရေ ဥပဒေ | ၁၉၃၀ |
| ၂၁။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေအားပြင်ဆင်သည့် ဥပဒေ | ၂၀၁၇ |
| ၂၂။ | သစ်တောဥပဒေ | ၁၉၉၂ |
| ၂၃။ | သစ်တောနည်းဥပဒေများ | ၁၉၉၅ |
| ၂၄။ | ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ | ၁၉၈၉ |
| **မြေသိမ်းဆည်းရေးဆိုင်ရာများ** | | |
| ၂၅။ | မြန်မာနိုင်ငံအမျိုးသား မြေအသုံးချမှု မူဝါဒ | ၂၀၁၆ |
| ၂၆။ | လယ်ယာမြေဥပဒေ | ၂၀၁၂ |

| စဉ် | ဥပဒေနှင့်နည်းဥပဒေများ | ခုနှစ် |
|---|---|---|
| ၂၇။ | လယ်ယာမြေနည်းဥပဒေ | ၂၀၁၂ |
| ၂၈။ | မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ | ၂၀၁၂ |
| မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်စီမံခန့်ခွဲမှု | | |
| ၂၉။ | မြို့တော် စည်ပင်သာယာရေးကော်မတီ ဥပဒေ | ၂၀၁၃ |
| ၃၀။ | စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၁၉၉၇ |
| လူ့အခွင့်အရေးဆိုင်ရာများ | | |
| ၃၁။ | တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ | ၂၀၁၅ |
| ၃၂။ | မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ | ၂၀၁၅ |
| ၃၃။ | ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ | ၂၀၁၉ |
| ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ | | |
| ၃၄။ | ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ | ၂၀၁၉ |
| ၃၅။ | ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၅ |
| ၃၆။ | ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၅ |
| စက်တပ်ယာဉ်များ | | |
| ၃၇။ | ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ | ၂၀၂၀ |
| ၃၈။ | မော်တော်ယာဉ်ဥပဒေ | ၂၀၁၅ |
| ၃၉။ | မော်တော်ယာဉ်နည်းဥပဒေ | ၁၉၈၇ |
| အလုပ်သမားရေးရာ | | |
| ၄၀။ | အလုပ်သမားအဖွဲ့အစည်းဥပဒေ | ၂၀၁၁ |
| ၄၁။ | အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | ၂၀၁၃ |
| ၄၂။ | အနည်းဆုံးအခကြေးငွေဥပဒေ | ၂၀၁၃ |
| ၄၃။ | အခကြေးငွေပေးချေရေးဥပဒေ | ၂၀၁၆ |
| ၄၄။ | အလုပ်သမားများ လျော်ကြေးငွေ အက်ဥပဒေ | ၁၉၂၃ |
| ၄၅။ | အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ | ၂၀၁၂ |
| ၄၆ | အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ကိုပြင်ဆင်သည့် ဥပဒေ | ၂၀၁၄ |
| ၄၇။ | ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ | ၁၉၅၁ |
| ၄၈။ | လူမှုဖူလုံရေး ဥပဒေ | ၂၀၁၂ |
| ဆက်စပ် နည်းပဒေများ နှင့် ဥပဒေများ | | |
| ၄၉။ | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ | ၂၀၁၅ |

| စဉ် | ဥပဒေနှင့်နည်းဥပဒေများ | ခုနှစ် |
|---|---|---|
| ၅၀။ | မြန်မာ့အာမခံ ဥပဒေ | ၁၉၉၃ |
| ၅၁။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ | ၂၀၁၆ |
| ၅၂။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ | ၂၀၁၇ |
| ၅၃။ | ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ | ၂၀၁၇ |
| ၅၄။ | လျှပ်စစ်ဥပဒေ | ၂၀၁၄ |
| ၅၅။ | ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေ | ၂၀၁၆ |
| ၅၆။ | သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ | ၂၀၁၃ |
| ၅၇။ | နိုင်ငံခြားသားရင်းနှီးမြှုပ် နှံမှု ဥပဒေ | ၂၀၁၂ |
| ၅၈။ | နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ | ၂၀၁၃ |
| ၅၉။ | ကုန်သွယ်ခွန်ဥပဒေ | ၁၉၉၀ |
| ၆၀။ | ပို့ကုန်သွင်းကုန်ဥပဒေ | ၂၀၁၂ |

ကိုးကား ။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် ၂၀၁၈

## ၄.၄ စီမံကိန်းဖော်ဆောင်သူ၏ ရည်ရွယ်ချက်

စီမံကိန်းဖော်ဆောင်သူသည် အောက်ပါရည်ရွယ်ချက်များအတိုင်း စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၁ အရည်အသွေးမှီ (အရည်အသွေးမှီ မော်တော်ဆိုင်ကယ်များ ထုတ်လုပ်သုံးစွဲနိုင်ရေး။

(၂) နိုင်ငံတော်၏ အခွန်ဘဏ္ဍာများကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေး။

(၃) မြို့/ရွာ စည်ပင်ဝပြောတိုးတက်စေရေး နှင့်

(၅) မီးဘေးအန္တရာယ် ကင်းရှင်းစေရေး

## ၄.၅ မြန်မာနိုင်ငံရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေရေးရာပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင် မူဝါဒ (၁၉၉၄) သည် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ပြဋ္ဌာန်းထားသောမူဘောင်ဖြစ်သည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC)သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ၂၀၁၂ တွင် ပြဋ္ဌာန်းလိုက်ပြီး ၄င်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှုများကိုသာ လက်ခံဆုံးဖြတ်သည်။

### ၄.၅.၁ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သည် ပြင်ဆင်ရေးဆွဲပြီး (၂၀၁၂) ခုနှစ်၊ မတ်လတွင် ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး နည်းဥပဒေများအား ၂၀၁၃ခုနှစ် ဇူလိုင်လ တွင် အစိုးရက အတည်ပြု ထားပြီး ဖြစ်ပါသည်။

ပုဒ်မ ၇ (ဍ) အရအစိုးရဌာန၊ အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်မည့် စီမံချက် (သို့မဟုတ်) လုပ်ဆောင်မှုသည် ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေနိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်သည့် စနစ်နှင့် လူမှုရေးအရ ထိခိုက်မှု ဆန်းစစ်သည့် စနစ် တစ်ရပ်ကို ချမှတ်ဆောင်ရွက်စေခြင်း။

ပုဒ်မ (၁၄) အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကိုဖြစ်စေသည့် ပစ္စည်းများ ကိုသတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရမည်

ပုဒ်မ (၁၅) အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေနိုင်သည့် လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာ တစ်ခုခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် သုံးစွဲခြင်းပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေနိုင်သော နည်းလမ်းများနှင့် အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

ပုဒ်မ (၂၄) အရ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကစစ်ဆေးရန် အကြောင်းကြားခြင်းပြုနိုင်သည်။

### ၄.၅.၂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများကို ၂၀၁၄ ခုနှစ် ဇွန်လတွင် ပြဋ္ဌာန်းခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ၂၀၁၅ နှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက် ၂၀၁၅ တို့အတွက် အခြေခံပေးထားပါသည်။ ပုဒ်မ (၆၉) အရ

(က) မည်သူမျှ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ပစ္စည်းများကိုလည်းကောင်း၊ ဥပဒေနှင့် ဤနည်းဥပဒေတစ်ခုခုအရ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း သို့မဟုတ် ဘေးအန္တရာယ်ရှိပစ္စည်းများကိုလည်းကောင်း အများပြည်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင်မည့်နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုရ။

(ခ) အများပြည်သူအကျိုးငှာ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်အရမှတစ်ပါး ဂေဟစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ပြုလုပ်မှုများကို မည်သူမျှ ဆောင်ရွက်ခြင်းမပြုရ။

## ၄.၅.၃ ပတ်ဝန်းကျင်ထိခိုက်မှုဆန်း စစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅)

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ ပုဒ်မ ၄၂၊ အပိုဒ်ခွဲ (ခ) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ထားပါသည်။

ပုဒ်မ (၁၀၂) အရ စီမံကိန်း အဆိုပြုသူသည်-

(က) မိမိ ကိုယ်တိုင်ကြောင့်ဖြစ်စေ၊ မိမိကိုယ်စား ဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ လက်ခွဲဆောင်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ဖြစ်စေ ပေါ်ပေါက်လာသည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးအတွက် တာဝန်ရှိသည်။

(ခ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်း မဆောင်ရွက်မီ ကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ် ခိုင်မာမှု ရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးရန် စီစဉ်ဆောင်ရွက်ရမည်။

ပုဒ်မ (၁၀၃) အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စီမံကိန်း ကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စား စီမံကိန်းကို ဆောင်ရွက်ပေးသူကန်ထရိုက်တာ နှင့် လက်ခွဲဆောင်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးက စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်စေရန် တာဝန်ရှိသည်။

ပုဒ်မ (၁၀၄) အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းတို့တွင် ပါရှိသော လိုအပ်ချက်များအားလုံးအတွက် တာဝန်ရှိသည့် အပြင် ယင်းတို့ကို အပြည့်အဝထိရောက်စွာ အကောင် အထည် ဖော်ဆောင်ရွက်ရမည်။

ပုဒ်မ (၁၀၅) အရ စီမံကိန်းအဆိုပြုသူသည် အဆိုပြုစီမံကိန်းကြောင့်ဖြစ်ပေါ်နိုင်သော ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်သတ်မှတ်၍ သတင်းအချက်အလက်အပြည့်အစုံကို ဝန်ကြီးဌာနသို့ အချိန်နှင့် တစ်ပြေးညီ စာဖြင့် အသိပေးတင်ပြရမည်။

ပုဒ်မ (၁၀၆) အရ စီမံကိန်းအဆိုပြုသူသည် အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင် ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလ ဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအတွက် စီမံကိန်းနှင့် ဆက်စပ် ဆောင်ရွက်မှု များအား မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို စဉ်ဆက်မပြတ် လက်တွေ့ဆောင်ရွက်

ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလတ်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်များကို လိုက်နာ ဆောင်ရွက် ရမည်။

ပုဒ်မ (၁၀၇) အရ စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ခုခုကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ဖြစ်လာနိုင်သည့်ကိစ္စသို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် ကိစ္စကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြားကိစ္စများ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီး ဌာန သို့ အသိပေးတင်ပြရမည်။

ပုဒ်မ (၁၀၈) အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ဇယားပါအတိုင်း စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာကို ဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း တင်ပြရ မည်။

ပုဒ်မ (၁၀၉) အရ စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတွင် အောက်ပါအချက်များ ပါရှိရမည်-

(က) စည်းကမ်းချက်များအာလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခ) ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင် အထည် ဖော်မှု ဇယားအတိုင်းဆောင်ရွက်ရာတွင်အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂ) ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃ) ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန် သတ်မှတ်ချက်၊

(င) လုပ်ငန်းခွင်နှင့် လူမှု အဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်ရပ်များ၊

(စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

ပုဒ်မ (၁၁၀) အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ဇယားပါအတိုင်း အပိုဒ် ၁၀၈ နှင့် ၁၀၉ အရ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာအား

ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှ တပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူ စုဝေးရာ နေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူ ကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ဒီဂျစ်တယ်မိတ္တူကို အီးမေးလ် ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေပေးပို့ရမည်။

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရန် လိုအပ်သော စီမံကိန်းများကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်း စစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅) ၏ နောက်ဆက်တွဲ (က) တွင်ဖော်ပြထားရာ မော်တော်ဆိုင်ကယ်တပ်ဆင် ထုတ်လုပ်ခြင်းစီမံကိန်းအတွက် လိုအပ်သော အရွယ်အစားကို ဖော်ပြထားပါသည်။ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရန် လိုအပ်သော စီမံကိန်းများကို အောက်ရှိ ဇယား ၄-၂ နှင့် EIA နည်းစနစ်ကို အောက်ရှိ ပုံ ၄-၂ မှ ပုံ ၄-၄ အထိ ဖော်ပြထားပါသည်။

**ဇယား ၄-၂ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရန် လိုအပ်သော စီမံကိန်းများ[1]**

| စဉ် | ရင်းနှီးမြုပ်နှံမှု စီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သော အမျိုးအစား | ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သော အမျိုးအစား |
|---|---|---|---|
| ၁ | သုံးဘီးမော်တော်ဆိုင်ကယ်နှင့် နှစ်ဘီးမော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်း | ထုတ်လုပ်မှုဧရိယာစတုရန်းမီတာ၅၀၀၀ နှင့်အထက်သို့မဟုတ်အော်ဂဲနစ်ပျော်ဝင်ပစ္စည်း တစ်နာရီလျှင် ဖိကီလိုဂရမ်နှင့် အထက်သုံးစွဲခြင်း | ဝန်ကြီးဌာနက ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည်ဟု သတ်မှတ်သည့် စီမံကိန်းလုပ်ငန်း |

ကိုးကား။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်း စစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅)

[1] ပတ်ဝန်းကျင်ထိခိုက်မှုဆန်း စစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅)




ပုံ ၄-၁ EIA နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း




ပုံ ၄-၂ EIA စုံစမ်းစစ်ဆေးခြင်းနှင့် သုံးသပ်ခြင်း




ပုံ ၄-၃ EIA အစီရင်ခံစာအား အတည်ပြုခြင်း




ပုံ ၄-၄ EIA အယူခံခြင်း

### ၄.၅.၄ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ (၁၉၉၄)

ဤဥပဒေသည် အမျိုးသားရေးပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေအဖြစ် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင် ဥပဒေအမှတ် ၂၆/၉၄ အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရပြန်တမ်းတွင် ပြဌာန်းခဲ့သည်။

## ၄.၆ ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ကျန်းမာရေး

### ၄.၆.၁ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် (၂၀၁၅)

ဤလမ်းညွှန်ချက်၏ ရည်ရွယ်ချက်သည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံကိန်းများတည်ဆောက်လုပ်ကိုင်ရာမှ ထွက်ရှိလာသော အမျိုးမျိုးသောစွန့်ပစ်ပစ္စည်းများနှင့် လေထုညစ်ညမ်းမှုများ၊ ဆူညံသံနှင့် တုန်ခါမှုထိန်းချုပ်ခြင်းဆိုင်ရာ စည်းမျဉ်းများဖြင့် လူသားများကျန်းမာရေးနှင့် ဂေဟစနစ်များ ကာကွယ်ရန်အတွက် ဖော်ပြထားသည်။

စီမံကိန်းတည်ဆောက်စဉ်နှင့် လုပ်ငန်းလည်ပတ်စဉ်အတွင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်တွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး လမ်းညွှန်ချက်များ လိုက်နာရန် လိုအပ်ပါသည်။ လေ၊ ရေ နှင့် ဆူညံတုန်ခါမှုဆိုင်ရာ အညွှန်းကိန်းများကို ဇယား ၄-၃ ဇယား ၄-၄ နှင့်ဇယား ၄-၅ တို့ တွင် ဖော်ပြထားသည်။

**ဇယား ၄-၃ လေထုအရည်အသွေး အဆင့်သတ်မှတ်ချက် (National Guidelines of Air Quality)**

| Parameter | Averaging Period | Guideline Value µg/ m³ |
|---|---|---|
| Nitrogen dioxide | 1-year<br>1-hour | 40<br>200 |
| Ozone | 8-hour daily maximum | 100 |
| Particulate matter PM10a | 1-year<br>24-hour | 20<br>50 |
| Particulate matter PM2.5b | 1-year<br>24-hour | 10<br>25 |
| Sulphur dioxide | 24-hour<br>10 –minute | 40<br>500 |

a Particulate matter 10 micrometers or less in diameter

b Particulate matter 2.5 micrometers or less in diameter

**ဇယား ၄-၄ စွန့်ထုတ်ရည်အဆင့်သတ်မှတ်ချက်**(National Guidelines for (Wastewater, Storm Water Runoff, Effluent and Sanity Discharges (General Application)) Operation phase)

| Parameter | Unit | Guideline Value a |
|---|---|---|
| 5-day Biochemical oxygen demand | mg/l | 50 |
| Ammonia | mg/l | 10 |
| Arsenic | mg/l | 0.1 |
| Cadmium | mg/l | 0.1 |
| Chemical oxygen demand | mg/l | 250 |
| Chlorine (total residual) | mg/l | 0.2 |

**ဇယား ၄-၅ အသံဆူညံမှုအဆင့်သတ်မှတ်ချက်** (National Guidelines on Noise Level)

| Receptor | One Hour LAeq (dBA)a | |
|---|---|---|
| | Daytime 07:00-22:00 (10:00-22:00 for Public holidays) | Night time 22:00-07:00 (22:00-10:00 for Public holidays) |
| Residential, institutional, educational | 55 | 45 |
| Industrial, commercial | 70 | 70 |

a Equivalent continuous sound level in decibels

စီမံကိန်းဖော်ဆောင်သူသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် တွင် ပြဋ္ဌာန်းထားသော အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို လိုက်နာရမည် ဖြစ်သည်။ ဤလုပ်ငန်းအတွက် စွန့်ထုတ်အရည်သတ်မှတ်ချက်များမှာ အောက်ပါဇယား ၄-၆ အတိုင်းဖြစ်သည်။

**ဇယား ၄-၆ စွန့်ထုတ်ရည်အဆင့်သတ်မှတ်ချက်များ**(Effluent Levels)

| Parameter | Unit | Maximum Concentration |
|---|---|---|
| Biological oxygen demand | mg/l | 30 |
| Chemical oxygen demand | mg/l | 125 |
| Oil and grease | mg/l | 10 |
| pH | S.U.[a] | 6-9 |
| Total coliform bacteria | 100 ml | 400 |
| Total nitrogen | mg/l | 10 |

| Parameter | Unit | Maximum Concentration |
|---|---|---|
| Total phosphorus | mg/l | 2 |
| Total suspended solids | mg/l | 50 |

[a] Standard unit

### ၄.၆.၂ အမျိုးသား သောက်သုံးရေ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ (၂၀၁၉)

ဤဥပဒေကို အမျိုးသားသောက်သုံးရေ အရည်အသွေးစံချိန်စံနှုန်းများအဖြစ် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းခဲ့သည်။ အမျိုးသား သောက်သုံးရေ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ (၂၀၁၉) သည် ရေအရည်အသွေး ရလဒ်များကို နှိုင်းယှဉ်ရန်အတွက် မြန်မာနိုင်ငံ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ လက်ခံထားသော စံချိန်စံညွှန်းများ ဖြစ်သည်။ တိုင်းတာမှု ပြုလုပ်နိုင်သော Parameters ၁၆ခု ရှိပြီး E coli နှင့် Cadmium တို့သည် မြေအောက်ရေအရည်အသွေးတိုင်းတာရန်အတွက် ပုံမှန်အားဖြင့်လိုအပ်ပါသည်။ အဆိုပါဇယားကို အောက်ရှိ ဇယား ၄-၇ တွင် ဖော်ပြထားပါသည်။

**ဇယား ၄-၇ အမျိုးသား သောက်သုံးရေ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ (၂၀၁၉)**

| Parameters | Unit | Standard Values* | WHO Guideline Values[2] |
|---|---|---|---|
| Total Coliforms | Acceptable/No Obtionationable | 3 | None specified (recommended median value – 0 per 100 ml) |
| Fecal Coliforms | Acceptable/No Obtionationable | 0 | Must not be detectable in any 100 ml sample (recommended median value – 0 per 100 ml) |
| Taste | acceptable/no objectionable taste | | Non set (recommended median value –3 DN) |
| Odor | acceptable/no objectionable odor | | Non set (recommended median value –3 DN) |
| Color | True Color Unit (TCU) | 15 | None set (recommended median value – 15) |

[2] World Health Organization (WHO), 2018. A Global Overview of National Regulations and standards for Drinking-Water Quality

| Parameters | Unit | Standard Values* | WHO Guideline Values[2] |
|---|---|---|---|
| Turbidity | Nephelometric Turbidity Unit (NTU) | 5 | Non set (recommended median value – 5) |
| Arsenic | mg/L | 0.05 | 0.01 mg/l |
| Lead | mg/L | 0.01 | 0.01 mg/l |
| Nitrate | mg/L | 50 | 50 mg/l |
| Manganese | mg/L | 0.4 | 0.4 mg/l |
| Chloride | mg/L | 250 | Non set (recommended median value-250) |
| Hardness | mg/L as CaCO3 | 500 | Non set (recommended median value-500) |
| Iron | mg/L | 1 | None set (recommended median value- 0.3) |
| pH | - | 6.5 to 8.5 | None set (recommended median value- 6.5 - 8.5) |
| Sulphate | mg/L | 250 | None set (recommended median value-250) |
| Total Dissolved Solids (TDS) | mg/L | 1,000 | None set (recommended median value-1,000) |

Source: *MNDWQS (2019)

### ၄.၆.၃ ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဥပဒေ (၁၉၇၂)

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီမှ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး ကောင်စီ ဥပဒေအမှတ် (၁) အရ ပြဋ္ဌာန်းခဲ့သည်။

ပြည်သူ့ကျန်းမာရေး ဥပဒေ (၁၉၇၂) တွင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ခြင်းများ၌ ပတ်ဝန်းကျင်အရည်အသွေး ထိခိုက်စေသော အရာများကို တားမြစ်ခြင်းနှင့် တိုင်းတာဆောင်ရွက်ခြင်း တို့ကို ပြဋ္ဌာန်း ထားသည်။

ပုဒ်မ (၃) အရ အခြားတည်ဆဲဥပဒေများတွင်မည်သို့ပင်ပါရှိစေကာမူ အစိုးရသည် လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန်ငှင်း၊ လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို

ကျန်းမာရေးကို ထိခိုက်ခြင်းမှ ကာကွယ်ရန်၎င်း အောက်တွင်ဖော်ပြသော ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အကြံပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်း စသည့်လုပ်ငန်းတို့ကို လုပ်ဆောင်ရမည်။

(၁) ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊

(၂) လုပ်သားပြည်သူတို့ ထုတ်လုပ်ရောင်းချသော အစားအသောက်နှင့်ပတ်သက်သည့် ကိစ္စများ၊

(၃) လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ နှင့် ပတ်သက်သည့်ကိစ္စများ၊

(၄) ကူးစက်ရောဂါများနှင့် ပတ်သက်သည့် ကိစ္စများ၊

(၅) ကိုယ်ပိုင်ဆေးကုဂေဟာများနှင့် ပတ်သက်သည့်ကိစ္စများ၊

(၆) လုပ်သားပြည်သူများအတွက် အသုံးပြုရန်လိုအပ်သည့် ဆေးဝါးနှင့်ပတ်သက်သည့် ကိစ္စများ။

ပုဒ်မ (၅) အရ

ဤဥပဒေအရဖွဲ့စည်းထားသော အဖွဲ့အစည်းများက သော်လည်းကောင်း၊ ၎င်းအဖွဲ့များမှ တာဝန်ပေးအပ်ထားခြင်းခံရသူများက သော်လည်းကောင်း ဤဥပဒေအရတာဝန်ပေးအပ်ထားခြင်းခံရသော အစိုးရဌာနများနှင့် အစိုးရ လက်အောက်ခံအဖွဲ့အစည်းများက သော်လည်းကောင်း၊ ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ အစားအသောက်နှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကူးစက်ရောဂါ နှင့် ပတ်သက်သည့်ကိစ္စများ၊ ကိုယ်ပိုင်ဆေးကုဂေဟာနှင့် ပတ်သက်သည့်ကိစ္စများ၊ လုပ်သားပြည်သူတို့ အသုံးပြုသည့် ဆေးဝါးများနှင့်ပတ်သက်သည့်ကိစ္စများ စသည်တို့အတွက် အလုပ်ရုံ၊ စက်ရုံများ၊ လုပ်ငန်း ဌာနများ၊ ဆိုင်များ၊ ဥပစာများ၊ နေရာများ၊ အဆောက်အဦများသို့ အချိန်အခါမရွေးဝင်ရောက်စစ်ဆေး ညွှန်ကြားခွင့်ရှိသည်။

### ၄.၆.၄ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၀၆)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၆) အရ ၂၀၀၆ ခုနှစ်၊ မေလ (၄) ရက် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက် သည်။

တာဝန်ခံပုဂ္ဂိုလ်သည်-

(က) ပုဒ်မ ၆ တွင် ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသော နေရာဖြစ်ကြောင်း ဖော်ညွှန်း သည့်စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

(ခ) ပုဒ်မ ၇ တွင် ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိရမည့်အပြင် ယင်းသို့ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ ဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

(ဂ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၌ မည်သူမျှ ဆေးလိပ်သောက်ခြင်းမပြုရန် ကြပ်မတ်ဆောင်ရွက် ရမည်။

(ဃ) မိမိတာဝန်ရှိသည့်နေရာသို့ ကြီးကြပ်ရေးအဖွဲ့ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူ ရမည်။

### ၄.၆.၅ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ (၁၉၉၅)

ဤဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် ၁/၉၅၊ ၁၉၉၅ခုနှစ်၊ မတ်လ ၂၀ ရက် ဖြင့်ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ ကူးစက်တတ်သော ရောဂါများ ဖြစ်ပွားခြင်းကိုကာကွယ်ရန်ဖြစ်သည်။

ပုဒ်မ ၃ အရ ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းတို့ကို စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ဆောင်ရမည်။

- ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊
- လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊
- ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။

ပုဒ်မ ၄ အရ အဓိကကူးစက်မြန်ရောဂါ (သို့) တိုင်ကြားရမည့် ရောဂါများဖြစ်ပွားသည့်အခါ-

- အများပြည်သူတို့အား ကာကွယ်ဆေးထိုးခြင်း နှင့် အခြားလိုအပ်သော အစီအမံများနှင့် ၎င်းပြန့်ပွားမှုကို ထိန်းချုပ်ရန် ကျန်းမာရေးဌာနမှ ဆောင်ရွက်ရမည်။
- အများပြည်သူတို့သည် ပုဒ်မခွဲ (က) အရ ကျန်းမာရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များကို လိုက်နာရမည်။

ပုဒ်မ(၉) တွင် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးသည် အောက်ဖော်ပြပါအချက်များကို အနီးဆုံးကျန်းမာရေးစင်တာ သို့မဟုတ် ဆေးရုံသို့ ချက်ချင်းအကြောင်းကြားရမည်-

- ကြွက်ကျခြင်း
- အဓိကကူးစက်မြန်ရောဂါဖြစ်ပွားခြင်း
- တိုင်ကြားရမည့်ကူးစက်ရောဂါဖြစ်ပွားခြင်း

ထို့အပြင် ပုဒ်မ ၁၁ အရ ကျန်းမာရေးအရာရှိသည် အဓိကကပ်ရောဂါပျံ့နှံ့ခြင်းကို ကာကွယ်တားဆီးရန် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

- ကူးစက်ရောဂါဖြစ်ပွားသူကိုဖြစ်စေ၊ အခြားလိုအပ်သော ပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်းမေးမြန်းခြင်း
- ကျန်းမာရေးစစ်ဆေးစေခြင်း၊

- မစင်၊ ဆီး၊ သလိပ်၊ သွေးနမူနာများရယူ၍ ဓာတ်ခွဲစစ်ဆေးစေခြင်း၊
- ဆေးထိုးစမ်းသပ်စေခြင်း၊
- အခြားလိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ခြင်း။

### ၄.၆.၆ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)

ဤဥပဒေကို ပြည်ထောင်စုလွှတ်တော် ၂၀၁၉ ခုနှစ်မတ်လ ၁၅ ရက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၉ ဖြင့်ပြဋ္ဌာန်းခဲ့သည်။ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးဥပဒေ၏ရည်ရွယ်ချက်များမှာ -

ပုဒ်မ ၁၂ တွင်

(က) ဝန်ကြီးဌာနများ၏ ပြဋ္ဌာန်းချက်များအရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တာဝန်ရှိသူအား အလုပ်အမျိုးအစားနှင့်အညီ အလုပ်သမားများ၏ လုံခြုံရေးနှင့်ကျန်းမာရေးကို အနီးကပ်စောင့်ကြည့်စစ်ဆေးရန် ခန့်ထားရမည်။

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အလုပ်သမား အရေအတွက်ထက် စီးပွားရေးလုပ်ငန်းအမျိုးအစားအလိုက် အလုပ်ရှင် အရေအတွက်၊ အလုပ်သမား ကိုယ်စားလှယ်များပါဝင်သော လုပ်ငန်းခွင် ဘေးကင်း လုံခြုံရေးနှင့် ကျန်းမာရေး ကော်မတီတစ်ခုစီကို ဝန်ကြီးဌာန၏ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် လုပ်ငန်းခွင်သဘောသဘာဝအရ အမျိုးသမီးများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအပေါ် ထည့်သွင်းစဉ်းစား သင့်သည်။

ပုဒ်မ ၁၄ တွင် ဤဥပဒေသည် အလုပ်ခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ခွင်လုံခြုံမှု ရှိစေရန်ပြုလုပ်ပေးသည်။ ဤဥပဒေအရထုတ်ပြန်သောနည်းဥပဒေများ၊ အမိန့် ညွှန်ကြားချက် လုပ်ထုံး လုပ်နည်းများကို လိုက်နာရမည်ဖြစ်သည်။

ပုဒ်မ ၁၆ တွင် စစ်ဆေးရေးအရာရှိများသည် ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းခွင်များ၏ လုံခြုံမှုနှင့် ကျန်းမာရေးအခြေအနေများကို စစ်ဆေးပြီး သက်ဆိုင်ရာအလုပ်ရှင်အား ညွှန်ကြားချက်များကို လိုက်နာရန် ညွှန်ကြားရမည်။ စစ်ဆေးရေးအရာရှိချုပ်ထံ အစီရင်ခံစာတင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

အပိုင်း ၁၇ တွင် ကျင့်ဝတ်စည်းမျဉ်းနှင့်အညီ စစ်ဆေးရေးမှူးများသည် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အောက်ပါလုပ်ဆောင်မှုများကို လုပ်ပိုင်ခွင့်ရှိသည်။

(က) ဤဥပဒေနှင့်စပ်လျဉ်းသော မည်သည့်လုပ်ငန်းခွင်တွင်မဆို စစ်ဆေးရေးအရာရှိ သက်သေခံ ကတ်ပြားကို ပြသပြီး ဝရမ်းမပါဘဲ အချိန်မရွေး ဝင်ရောက်ခွင့်၊ စစ်ဆေးခွင့်နှင့်၊ စုံစမ်းမေးမြန်းခွင့်လုပ်ငန်းခွင်နှင့် လုပ်ငန်းစဉ်မှတ်တမ်းများ၊

(ခ) သက်သေ အထောက်အထား ရရှိနိုင်မှု၊ မိတ္တူကူးယူခြင်း၊ လိုအပ်ပါက သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းခွင့်၊

(ဂ) လုပ်ငန်းခွင် လုပ်ငန်းခွင်ဘေးကင်းရေးနှင့်ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော အခြေအနေများ၊ လုပ်ငန်းစဉ်များကို ဓါတ်ပုံနှင့်ရုပ်သံမှတ်တမ်းရယူခွင့်၊

(ဃ) ဆူညံသံ၊ အလင်းရောင်၊ အပူ၊ အအေး၊ အမှုန်အမွှား၊ အခိုးအငွေ့များနှင့် ဘေးအန္တရာယ်ရှိသောပစ္စည်းများကြောင့် လုပ်ငန်းခွင်ပတ်ဝန်းကျင်အား ထိခိုက်နိုင်မှု ပမာဏ နှင့် အချိန်အား လိုအပ်ပါက သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သူ၏ အကူအညီဖြင့် အကဲဖြတ်တိုင်းတာခွင့်၊ မှတ်တမ်းများရယူခွင့်၊

(င) လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှု သို့မဟုတ် ရရှိနိုင်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ အသိအမှတ်ပြု ဆရာဝန်၏ အကူအညီဖြင့် လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသည့် မည်သူကိုမဆို အလုပ်အချိန်အတွင်း စုံစမ်းမေးမြန်းခွင့်၊

(စ) လုပ်ငန်းတွင် ထိခိုက်မှုကြောင့်ဖြစ်စေ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါရရှိမှုကြောင့်ဖြစ်စေ ဆေးကုသမှု ခံယူနေသောအလုပ်သမားများနှင့်ပတ်သက်သည့် ဆေးကုသမှုဆိုင်ရာ အချက်အလက်များ သို့မဟုတ် သေဆုံးမှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ရင်ခွဲစမ်းသပ်စစ်ဆေးချက် အစီရင်ခံစာမှ ဦးစီးဌာန၏ သတ်မှတ်ပုံစံဖြင့် တောင်းခံသည့် အချက်အလက်များကို သတ်မှတ်လုံခြုံမှု အဆင့်အတန်းဖြင့် ပေးပို့ရန်ဆေးရုံ၊ ဆေးခန်းများမှ တာဝန်ရှိသူထံမှ တောင်းဆိုခွင့်။

ပုဒ်မ ၁၈ တွင် စစ်ဆေးရေးအရာရှိများသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် လုပ်ငန်းခွင် ထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါ၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်၊ ကြီးမားပြင်းထန်သော လုပ်ငန်းခွင် ထိခိုက်မှုများ ဖြစ်ပွားခြင်း သို့မဟုတ် ဖြစ်ပွားနိုင်မည်ဟု ယုံကြည်ပါက လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ယာယီရပ်နားစေရန် အမိန့်ကို စစ်ဆေးရေးအရာရှိချုပ်၏ အတည်ပြုချက်ဖြင့် အလုပ်ရှင်အား ထုတ်ပြန်ရမည်ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာဦးစီးဌာနများသို့ အကြောင်းကြားရမည်-

(က) ဘေးအန္တရာယ်မကင်းသော လုပ်ငန်းခွင်အခြေအနေကြောင့်ဖြစ်စေ၊ အလုပ်သမားများ ဘေးအန္တရာယ်မကင်းစွာ လုပ်ကိုင်နေမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ရှိသော ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသော စက်ကရိယာများ ရှိနေခြင်းကြောင့်ဖြစ်စေ၊ လုပ်ငန်းခွင်၊ စက်အစိတ်အပိုင်း သို့မဟုတ် စက်ကရိယာများနေရာချထားပုံနှင့် အလုပ် လုပ်ဆောင်ပုံကြောင့်ဖြစ်စေ လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း သို့မဟုတ် မလိုက်နာခြင်းကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ခြင်း၊

(ဂ) သူတစ်ဦးဦး၏ လုပ်ဆောင်ချက်ကြောင့်ဖြစ်စေ၊ လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ဂရုမစိုက်မှုကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်း လုပ်ကိုင် နေသူတို့အား အန္တရာယ်ဖြစ်စေနိုင်သည်ဟု ယူဆခြင်း၊

(ဃ) လုပ်ငန်းခွင်ထိခိုက်မှု အန္တရာယ်ဖြစ်ပွါးမည့် ဆဲဆဲ အခြေအနေကြောင့် အလုပ်သမားများ ဘေးအန္တရာယ်မှ လွတ်ကင်းရေးအတွက် ဖယ်ရှားရန်လိုအပ်ခြင်း

ပုဒ်မ ၂၆ တွင် အလုပ်ရှင်သည် -

(က) လုပ်ငန်းခွင်၊ လုပ်ငန်းစဉ်နှင့် ၎င်းတို့၌ အသုံးပြုသည့်ပစ္စည်းများနှင့် စက်ကရိယာများ၏ အန္တရာယ်ရှိမှု အတိုင်းအဆအား အကဲဖြတ်ဆန်းစစ်ခြင်းကို လိုအပ်သလို စီမံဆောင်ရွက် ရမည်။

(ခ) လုပ်ငန်းခွင်ပတ်ဝန်းကျင် အန္တရာယ်ကျရောက်နိုင်မှုအခြေအနေကို တိုင်းတာအကဲဖြတ်ရန် လိုအပ်သလို စီမံဆောင်ရွက်ရမည်။

(ဂ) အလုပ်သမားများကို လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှု ရှိ မရှိ သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြု ဆရာဝန်ဖြင့် ဆေးစစ်ပေးရန် စီမံပေးရမည်။

(က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ တို့အရ တွေ့ရှိချက်များအပေါ် အခြေခံ၍ လုပ်ငန်းခွင်ကို

ရောက ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်အခြေအနေထိ်ရှိစေရန် စီမံဆောင်ရွက်ရမည်။

(င) အလုပ်သမားများအား ဦးစီးဌာနက သတ်မှတ်ခွင့်ပြုထားသည့် သင့်တော်သော တစ်ကိုယ်ရည်သုံး ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံများ

(စ) ကြိုတင်တားဆီးကာကွယ်မှုအစီအမံနှင့် အရေးပေါ်အခြေအနေဖြစ်ပွားလာပါက ဆောင်ရွက်မည့် အစီအမံများထားရှိရမည်။

(ဆ) ဝန်ကြီးဌာနက သတ်မှတ်သော အလုပ်သမားဦးရေအောက်မနည်းသော လုပ်ငန်းများတွင် ဆေးပေးခန်းထားရှိခြင်း၊ မှတ်ပုံတင်ဆရာဝန်နှင့် သူနာပြုများခန့်ထားခြင်း၊ လိုအပ်သည့်ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရမည်။

(ဇ) သို့မဟုတ် မိမကိုယ်တိုင်အပါအဝင် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစား ဌာနအလိုက် စီမံခန့်ခွဲသူများ၊ အလုပ်သမားများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ကော်မတီဝင်များကို ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာသင်တန်းများ တတ်ရောက်စေရမည်။

(ဈ) အလုပ်သမား တဦးဦးက လုပ်ငန်းခွင် ထိခိုက်မှု )သို့ (အသက်အန္တရာယ်နှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ဖွယ်ရှိသည့် အခြေအနေများကြုံတွေ့ရလျှင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတာဝန်ခံ သို့မဟုတ် စီမံခန့်ခွဲသူ တစ်ဦးဦးထံ ချက်ချင်းသတင်းပို့နိုင်ရေး လိုအပ်သလို စီစဉ်ထားရှိရမည်။

(ည) လုပ်ငန်းခွင် ထိခိုက်မှု ဖြစ်ပွားမည့်ဆဲဆဲ အခြေအနေကြုံတွေ့ရပါက လုပ်ငန်းစဉ်အား ချက်ချင်းရပ်တန့်ခြင်း၊ အလုပ်သမားများအား ဖယ်ရှားရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့် အသက်ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအစီအမံများ ဆောင်ရွက်ရမည်။ ဖြစ်နိုင်ပါက အလုပ်သမားများအား အခြားသင့်တော်မည့် ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင်များသို့ ပြောင်းရွှေ့လုပ်ကိုင်စေနိုင်သည်။

(ဌ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဘေးအန္တရာယ်သတိပေးအချက်ပြများ၊ နို့တစ်စာများ၊ ပိုစတာများနှင့် လမ်းညွှန် ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့် အညီ များကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်။

(ဍ) ဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့် တားမြစ်ကန့်သတ်ထားသော လုပ်ငန်းခွင်နေရာများသို့ ဝင်ထွက်သွားလာရာတွင် ကြိုတင်သတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် စီမံဆောင်ရွက်ရမည်။

(ဎ) အသိပညာ၊ နည်းပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လက်စွဲစာစောင်နှင့် လမ်းညွှန်ချက်များကို အလုပ်သမားများအပြင် လုပ်ငန်းခွင်နှင့် ဆက်စပ်နေသူများကိုလည်း ဖြန့်ဝေခြင်း သို့မဟုတ် သိရှိနားလည်အောင်ဆောင်ရွက်ခြင်း စီမံဆောင်ရွက်ပေးရမည်။

(ဏ) မီးဘေးလုံခြုံရေးစီမံချက်ရေးဆွဲ၍ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးသတ်ပစ္စည်း ကိရိယာများအား စနစ်တကျအသုံးပြုတတ်စေရန် လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(တ) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများက အလုပ်ခွင်သို့ ဝင်ရောက်စစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ စာရွက်စာတမ်းများ၊ အထောက်အထားများတောင်းခံခြင်း သို့မဟုတ် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းတို့ကို ခွင့်ပြုပေးရမည်။

(ဒ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကုန်ကျစရိတ်များကို တာဝန်ယူကျခံရမည်။

ပုဒ်မ ၂၇ တွင် အလုပ်ရှင်သည် အောက်ပါကိစ္စရပ်တစ်ခုခုကြောင့် အလုပ်သမားတစ်ဦးဦးကို အလုပ်မှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးလျှော့ချခြင်းမပြုရ -

(က) လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းအတွက် မှတ်ပုံတင်ဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းကိုဖြစ်စေ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရခြင်းအတွက် အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းကိုဖြစ်စေ မရရှိမီ ကာလအတွင်း၊

(ခ) ဘေးအန္တရာယ်မကင်းသော သို့မဟုတ် ကျန်းမာရေးထိခိုက်မှုအန္တရာယ်ရှိသော ကိစ္စရပ်အပေါ် တိုင်တန်းခြင်း၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းခွင်ထိခိုက်မှု ဖြစ်ပွားမည့်ဆဲဆဲ အခြေအနေ သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမည့် အခြေအနေများတွင် အလုပ်ဆက်လက်မလုပ်ကိုင်ခြင်း။

ပုဒ်မ ၃၄ တွင် အလုပ်ရှင်သည် အောက်ပါကိစ္စရပ်များကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) လုပ်ငန်းခွင်ထိခိုက်မှု ဘေးအန္တရာယ်ရှိသော ဖြစ်ရပ်၊ ကြီးမားပြင်းထန်သော လုပ်ငန်းခွင်ထိခိုက်မှုဖြစ်ပွားပါက ဦးစီးဌာနသို့ ပေးပို့အကြောင်းကြားခြင်း။

### ၄.၆.၇ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေ (၂၀၁၄)

ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၃၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

ပုဒ်မ (၃) အရ

၃။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို တွေ့ရှိသူသည် ယင်းလူနာကို မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦး၏ အကူအညီရယူ၍ ဖြစ်စေ အရေးပေါ်ကူညီစောင့်ရှောက်မှုပေးရန် တာဝန်ရှိသည်။

ပုဒ်မ (၄) အရ

၄။ အရေးပေါ်ကူညီစောင့်ရှောက်မှုပေးသူသည် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ပို့ဆောင်ခြင်းမပြုမီ အောက်ပါတို့ကို ဆောင်ရွက်ရန်တာဝန်ရှိသည်-

(က) ရှေးဦးသူနာပြုစုနည်း တတ်မြောက်လျှင် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ရှေးဦးသူနာ ပြုစုနည်းဖြင့် ပြုစုခြင်းနှင့် ရွှေ့ပြောင်းခြင်း၊

(ခ) ရှေးဦးသူနာပြုစုနည်း တတ်မြောက်ခြင်းမရှိလျှင် ဒဏ်ရာအခြေအနေနှင့် လျော်ညီသော ပြုစုစောင့် ရှောက်မှုပေးခြင်း၊

(ဂ) ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) မှုခင်းနှင့်သက်ဆိုင်သည့် ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာများနှင့်ပတ်သက်၍ မိမိကိုယ်တိုင် ဖြစ်စေ၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ တာဝန်ရှိသူမှ တစ်ဆင့်ဖြစ်စေ၊ အခြားတစ် နည်းနည်းဖြင့်ဖြစ်စေ၊ ရဲစခန်း သို့မဟုတ် ရဲကင်းသို့ သတင်းပေးပို့ အကြောင်းကြားခြင်း။

ပုဒ်မ (၅) အရ

ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို တွေ့ရှိသူသည် ယင်းလူနာကို အရေးပေါ်ကူညီစောင့်ရှောက်မှု ပေးနိုင်ခြင်းမရှိလျှင် အောက်ပါအချက်တစ်ရပ်ရပ်ကို ဆောလျင်စွာဆောင်ရွက်ရန် တာဝန်ရှိ သည်-

(က) အနီးဆုံးဆေးရုံ သို့မဟုတ် ဆေးခန်းသို့ သင့်လျော်သောနည်းလမ်းဖြင့် ပို့ဆောင်ခြင်း၊

(ခ) အနီးဆုံးရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံဖြစ်စေ၊ အနီးဆုံး ရဲစခန်း သို့မဟုတ် ရဲကင်းသို့ဖြစ်စေ၊ အနီးဆုံးမီးသတ်စခန်းသို့ ဖြစ်စေ၊ အရေးပေါ်ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များသို့ ဖြစ်စေ သင့်လျော်သောနည်းလမ်းဖြင့် အကြောင်းကြားခြင်း။

ပုဒ်မ (၆) အရ

ဆေးရုံ သို့မဟုတ် ဆေးခန်းသည် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာနှင့် ပတ်သက်၍ အောက်ပါ တို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်-

(က) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာတွေ့ရှိကြောင်း အကြောင်းကြားချက်ကို လက်ခံရရှိ လျှင် မိမိဆေးရုံ သို့မဟုတ် ဆေးခန်းတွင် ကုသနိုင်ရေးအတွက် လိုအပ်ချက်များ ပြည့်စုံစွာ စီစဉ်ထားရှိခြင်း၊

(ခ) အရေးပေါ်မဟုတ်သော လူနာများထက် ဦးစားပေး၍ ကုသခြင်း၊

(ဂ) ဆေးရုံ သို့မဟုတ် ဆေးခန်း၏ အဆင့်နှင့်အညီ အမြန်ဆုံးနှင့် အထိရောက်ဆုံး ကုသမှုပေး ခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာ အဆင့်မြင့်ဆေးရုံသို့ စနစ်တကျ လွှဲပြောင်းပေးခြင်း၊

(ဃ) မှုခင်းနှင့် သက်ဆိုင်ပါက သက်ဆိုင်ရာ ရဲစခန်းသို့ ဆောလျင်စွာ အကြောင်းကြားခြင်း၊

(င) ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်းဖြစ်ပါက မှုခင်းနှင့် သက်ဆိုင်သည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို လိုအပ်သော ကုသမှုများဆောင်ရွက်ပြီးသည်နှင့် သက်ဆိုင်ရာ အစိုးရဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ဆေးမှတ်တမ်းအပြည့်အစုံဖြင့် အချိန်မီလွှဲပြောင်းပေးခြင်း။

ပုဒ်မ (၇) အရ

ရဲစခန်း သို့မဟုတ် ရဲကင်းသည် သက်ဆိုင်ရာ နယ်မြေအတွင်း ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ် လူနာနှင့်ပတ်သက်၍ မှုခင်းသတင်းဖြစ်စေ၊ မတော်တဆမှုသတင်းဖြစ်စေ၊ အခြားအခြေအနေတစ်ရပ်ရပ် ဖြစ်ပွားကြောင်း သတင်းဖြစ်စေရရှိလျှင် အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်-

(က) အချင်းဖြစ်ပွားသည့်နေရာသို့ အမြန်ဆုံးသွားရောက်၍ ကြည့်ရှုစစ်ဆေးခြင်း၊

(ခ) အချင်းဖြစ်ပွားသည့်နေရာတွင် တွေ့ရှိသည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အနီးဆုံး ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ အကြောင်းကြားခြင်းနှင့်အမြန်ရောက်ရှိရေးအတွက် စီစဉ်ဆောင်ရွက် ခြင်း၊

(ဂ) အချင်းဖြစ်ပွားမှု၏ ဖြစ်စဉ်ကို သိရှိနိုင်ရန် လိုအပ်သော ရဲလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက် ခြင်း။

## ၄.၇ ပေါက်ကွဲစေတတ်သောပစ္စည်းများဆိုင်ရာ ဥပဒေ

### ၄.၇.၁ အရေးပေါ်စီမံမှုအက်ဥပဒေ (၁၉၅၀)

ဤဥပဒေကို အရေးပေါ်စီမံမှုအက်ဥပဒေအဖြစ် ၁၉၅၀ ခုနှစ်၊ မတ်လ ၉ ရက်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးအဖွဲ့မှ ပြဋ္ဌာန်းခဲ့သည်။

ပုဒ်မ ၂ အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်း ဆောင်ရွက်ရန် တာဝန်ဝတ္တရားကို ဆောင်ရွက်နေသည့် နိုင်ငံတော် လက်နက်ကိုင် စစ်တပ်အစည်းအရုံးများ၏၊ သို့တည်းမဟုတ် ရာဇဝတ် အမှုထမ်းအဖွဲ့များ၏ ချီတက်သွားလာခြင်း၊ အရေအတွက်၊ အကြောင်းခြင်းရာ၊ အခြေအနေ၊ သို့တည်း မဟုတ် အနေအထား တို့ကိုဖြစ်စေ၊ အဆိုပါ အစည်းအရုံး အဖွဲ့များ၏ ဆောင်ရွက်ရေး အစီအစဉ်များကို

ဖြစ်စေ၊ အဆိုပါ အစည်းအရုံးအဖွဲ့တို့က၊ မည်သည့် ဒေသကိုမဆို၊ ခုခံကာကွယ်ရန် ရည်ရွယ်၍သော်၎င်း၊ ခုခံကာကွယ်ရေး နှင့် ပတ်သက်၍သော်၎င်း၊ ပြုလုပ်ဆောင်ရွက်ခြင်း များကိုဖြစ်စေ၊ နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်သူ တဦးတယောက်သို့၊ မည်သူမဆိုအကြောင်းကြားလျှင်၊ သို့တည်းမဟုတ် ဤသို့ အကြောင်းကြားရန်ရည်ရွယ်၍ အဆိုပါကိစ္စအရပ်ရပ်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှာဖွေစုဆောင်းလျှင်၊ သို့တည်းမဟုတ် ရှာဖွေစုဆောင်းရန် လုံ့လပြုလျှင်၊ ထိုသူအား သေဒဏ်၊ သို့တည်းမဟုတ် တသက်တကျွန်းဒဏ် ထိုက်သင့်စေရမည် ဟုပြဋ္ဌာန်း ထားပါသည်။

### ၄.၇.၂ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေ (၁၉၀၈)

ပုဒ်မ ၅ အရ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းတခုခုပြုလုပ်ရန် အတွက် မည်သည့် အရာဝတ္ထုပစ္စည်း တစ်ခုခုမဆို ပါဝင်သည် ဟုမှတ် ယူရမည်။ ထို့အပြင် ပေါက်ကွဲစေသည့် ဝတ္ထုပစ္စည်း တွင်ဖြစ်စေ၊ ပေါက်ကွဲစေသည့် ဝတ္ထုပစ္စည်း နှင့် တွဲဖက်၍ဖြစ်စေ အသုံးပြုသည်၊ အသုံးပြုရန် ရည်ရွယ်သည်။ တစ်စုံတစ်ရာ ပေါက်ကွဲစေရန် ပြုလုပ်သည် သို့မဟုတ် ပေါက်ကွဲစေရန် အထောက်အကူ ဖြစ်စေသည့် ကိရိယာ တန်ဆာပလာ၊ စက်ပစ္စည်း ကိရိယာ သို့မဟုတ် အရာဝတ္ထု ပစ္စည်းများ ပါဝင်သည်။ ထို့ပြင် ယင်းပစ္စည်း ကိရိယာများ၏ အစိတ်အပိုင်းလည်း ပါဝင်သည်။

ပုဒ်မ ၁၁ အရ။ ဤအက်ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ လက်နက်အက် ဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များအရ လူနှင့်ပစ္စည်းကို အန္တရာယ်ပြုရန်လက္ခဏာရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ပြုလုပ်မှု၊ ပေါက်ကွဲစေမှု၊ အားထုတ်မှု၊ လက်ဝယ် ထားရှိမှုအပြင် မတော်တဆပေါက်ကွဲမှုများကိုပါ အရေးယူရန် လုံလောက်မှု မရှိခြင်းကြောင့်လည်းကောင်း၊ သောင်းကျန်းသူများအား အဆောတလျင် အရေးယူဆောင်ရွက်ရန် လိုအပ်ခြင်းကြောင့် လည်းကောင်း ပြဋ္ဌာန်းရခြင်း ဖြစ်ပါသည်။

### ၄.၇.၃ ပေါက်ကွဲမှုဆိုင်ရာ ဥပဒေ (၁၈၈၇)

ပေါက်ကွဲမှုဆိုင်ရာဥပဒေ ၁၈၈၇ ခုနှစ် သည် ခွင့်ပြုမိန့်/ ခွင့်ပြုချက်မရှိဘဲ ပေါက်ကွဲစေတတ်သော ပစ္စည်းများအား အသုံးပြုခြင်း၊ သိုလှောင်သိမ်းဆည်းထားခြင်း၊ ထုတ်လုပ်ရောင်းချခြင်းများကို ကန့်သတ်ထားမြစ် ထားသော ဥပဒေဖြစ်သည်။

### ၄.၇.၄ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ (၂၀၁၈)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၇) အရ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက် တွင် ဤဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

ပုဒ်မ (၁၅) အရလိုင်စင်ရရှိသူသည်-

(က) လုပ်ငန်းခွင်သုံး ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများကို ခွင့်ပြုသည့် ပမာဏထက်မပိုစေဘဲ သတ်မှတ်ချက်နှင့်အညီ စနစ်တကျသိုလှောင်သိမ်းဆည်းရမည်။

(ခ) စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) လုပ်ငန်းခွင်သုံး ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများ ပျောက်ဆုံးခြင်း၊ မီးလောင်ခြင်း၊ ပေါက်ကွဲခြင်းကြောင့် ဆုံးရှုံးပျက်စီးခြင်း၊ လူများထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်း ဖြစ်ပေါ်ပါက အနီးဆုံးရဲစခန်းသို့ ချက်ချင်းအကြောင်းကြားရမည့်အပြင် စစ်ဆေးရေးအရာရှိချုပ်ထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရမည်။

(ဃ) လိုင်စင်အတွက် ဝန်ကြီးဌာနက သတ်မှတ်သော နှုန်းထားအတိုင်း အခကြေးငွေကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

ပုဒ်မ (၁၆) အရခွင့်ပြုချက်ရရှိသူသည်-

(က) လုပ်ငန်းခွင်သုံး ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများကို လိုင်စင်ရ ယမ်းတိုက်များ တွင်သာ သိုလှောင်ရမည်။

(ခ) လုပ်ငန်းခွင်သုံး ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်းပြုရာတွင် အန္တရာယ်မဖြစ်စေရေးအတွက် လိုအပ်သော ကာကွယ်မှု များကို သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆောင်ရွက်ရမည်။

ပုဒ်မ (၁၈) အရ လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူ မည်သူမျှ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေး အရာရှိ၏ စစ်ဆေးခြင်းကို ခံယူရန် ငြင်းပယ်ခြင်းမပြုရ။

ပုဒ်မ (၁၉) အရ မည်သူမျှ-

(က) ဤဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်သုံး ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်းမပြုရ။

(ခ) ပုဒ်မ ၈ အရ ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်အဖွဲ့၏ အတည်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ဖျက်ဆီးခြင်းမပြုရ။

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

ပုဒ်မ (၂၀) အရ မည်သူမျှ လိုင်စင်မရှိသည့် ယမ်းတိုက်တွင်-

(က) လုပ်ငန်းခွင်သုံး ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများကို လက်ခံ သိုလှောင်ခြင်း မပြုရ။

(ခ) လုပ်ငန်းခွင်သုံး ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများကို အပ်နှံ သိုလှောင်ခြင်း မပြုရ။

### ၄.၇.၅ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ (၂၀၁၃)

ဤဥပဒေသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တာဆီးကာကွယ်ရေး ဥပဒေ အဖြစ် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

ပုဒ်မ (၃၃) အရ

မည်သူမျှ ဗဟိုဦးစီးအဖွဲ့က တားမြစ်ပိတ်ပင်ထားသည့် ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူး ခြင်း၊ ရောင်းချ ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

ပုဒ်မ (၃၄) အရ

မည်သူမျှလိုင်စင်မရှိဘဲ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

ပုဒ်မ (၃၅) အရ

မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သော သို့မ ဟုတ် အရည်အသွေး စံချိန်စံညွှန်းမမီသော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို ဓာတု ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် သုံးစွဲခြင်း မပြုရ။

ပုဒ်မ (၃၆) အရ

မည်သူမျှ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းနှင့် စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေး အဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များက စစ်ဆေးခြင်းကို ဆောင်ရွက်ရာတွင် တားဆီးပိတ် ပင်ခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်း မပြုရ။

## ၄.၈ ဇီဝမျိုးစုံမျိုးကွဲများကာကွယ်စောင့်ရှောက်ရေး

### ၄.၈.၁ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ(၂၀၁၈)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၈) အရ ၂၀၁၈ ခုနှစ်၊ မေလ၂၆ ရက် တွင် ဤဥပဒေကိုပြဋ္ဌာန်းခဲ့သည်။

ပုဒ်မ (၁၉) အရ သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ အောက်ပါအမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည်-

(၁) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၂) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၃) ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ကြေညာထားသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် အမျိုးအစားများကို လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် သဘာဝအပင်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ အမျိုးအမည်နှင့် နေရာဒေသ ကို သတ်မှတ်ကြေညာရမည်။

(ဃ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ် မကျရောက်စေရန်နှင့် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်နိုင်ရန် ထိန်းသိမ်းမှု အဆင့်အတန်း သတ်မှတ်ချက်ကို နိုင်ငံတော်၏ လိုအပ်ချက်အရ အခါအားလျော်စွာ သတ်မှတ် ကြေညာရမည်။

(င) ကွန်ဗင်းရှင်းမှ ထုတ်ပြန်သည့် စာရင်းများကို အများပြည်သူသိရှိနိုင်ရေး သတ်မှတ်ကြေညာ ရမည်။

(စ) မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များအား ကာကွယ်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ဆ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်မှ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များသည် အခြားဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိနေပါက ယင်းတို့ကို ကာကွယ် ထိန်းသိမ်းရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

ပုဒ်မ (၃၅) အရ

အုပ်ချုပ်ရေးမှူးသည် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းဖြစ်စေ၊ အစိုးရအဖွဲ့က စီမံ အုပ်ချုပ်သည့် သို့မဟုတ် အစိုးရအဖွဲ့က အစုရှယ်ယာမတည်ငွေရင်း ပါဝင်သည့် တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန် သူအား အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်သုံးသောင်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသောနေရာသို့ သတ်မှတ်သည့် စည်းကမ်းနှင့် မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသောနေရာမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင် အနှောင့်အယှက်ပေးခြင်း၊

(င) သဘာဝအပင်နှင့် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို တစ်နည်းနည်းဖြင့်ပျက်စီးစေ ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း၊ ချိုးဖဲ့ခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

ပုဒ်မ (၃၆) အရ

မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လိုင်စင်မရရှိဘဲ အမဲလိုက်ခြင်း၊

(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း၊

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မြေဆီလွှာထု၊ ရေထု၊ လေထုကို တမင် ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်းနှင့် ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြု ခြင်း၊

(င) သဘာဝထိန်းသိမ်းနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(စ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လုပ်ငန်းလိုင်စင်မရှိဘဲ တည်ထောင် လုပ်ကိုင်ခြင်း၊

(ဆ) ကွန်ဗင်းရှင်း၏ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူက ထုတ်ပေးသော စာရွက်စာတမ်း၊ အမှတ်အသား၊ အချက်အလက်နှင့် ကိန်းဂဏန်းများကို မသမာသော နည်းဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အတုအပပြုလုပ်ခြင်း၊

(ဇ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များ၊ ယင်းတို့၏ မျိုးစိတ်နမူနာများ၌ ပြုလုပ်ထားသောအမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(ဈ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ မွေးမြူခြင်း၊ စိုက်ပျိုးခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

### ၄.၈.၂ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေ(၂၀၀၆)

ဤဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈/၂၀၀၆ အရ ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ပြဌာန်းထားပါသည်။

ပုဒ်မ (၁၁) အရမည်သူမျှ-

(က) ကမ်းပါးမှသော်လည်းကောင်း၊ ခုတ်မောင်းနေသော၊ ဆိုက်ကပ်ထားသော၊ ကျောက်ချ ရပ်နားထား သော၊ သောင်တင်နေသော သို့မဟုတ် နစ်မြုပ်နေသော ရေယာဉ်မှ သော်လည်းကောင်း၊ သဘာဝပတ်ဝန်း ကျင်ထိခိုက်ပျက်စီးခြင်းဖြစ်စေမည့် စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်းနှင့် အခြားပစ္စည်းများ စွန့်ပစ်ခြင်း သို့မဟုတ် ပေါက်ကွဲစေတတ်သော ပစ္စည်းများ စွန့်ပစ်ခြင်းမပြုရ။

(ခ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ် သို့မဟုတ် ကမ်းပါးနယ်အတွင်း အဆိပ်သင့်စေသော ပစ္စည်းတစ်မျိုး မျိုးဖြင့်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောပစ္စည်းဖြင့် ဖောက်ခွဲ၍ဖြစ်စေ ရေနေသတ္တဝါများအား ဖမ်းဆီးခြင်း မပြုရ။

(ဂ) မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်း လုပ် ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်းစီး ဝင်နိုင်သည့် ရေဆင်းလမ်းလျှိုမြောင်များအတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်းမပြုရ။

ပုဒ်မ (၁၉) အရ

မည်သူမျှ ကမ်းပါးမှသော်လည်းကောင်း၊ ခုတ်မောင်းနေသော၊ ဆိုက်ကပ်ထားသော၊ ကျောက်ချရပ် နားထားသော၊ သောင်တင်နေသော သို့မဟုတ် နစ်မြုပ်နေသော ရေယာဉ်ပေါ်မှ ရေလမ်းပျက်စီးခြင်း သို့ မဟုတ် ရေကြောင်းပြောင်းလဲခြင်းဖြစ်ပေါ်စေမည့် အရာဝတ္ထုတစ်ခုခုကို မြစ်ချောင်းအတွင်းသို့စွန့်ပစ် ခြင်းမပြုရ။

ပုဒ်မ (၂၂) အရ

မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းစီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်းမပြုရ။

### ၄.၈.၃ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒ(၂၀၁၃)

ပို့ဆောင်ရေ ဝန်ကြီးဌာနမှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းထားသည်။

နည်းဥပဒေ ပုဒ်မ ၈ (ဃ) အရ မည်သူမဆို-

ရေထုမညစ်ညမ်းစေရန် မစင်နှင့် အညစ်အကြေးများ၊ စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်း၊ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်း၊ အနုမြူဓာတ်ရောင်ခြည်သင့် ပစ္စည်းများနှင့် အခြား ပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

နည်းဥပဒေ ပုဒ်မ ၉ အရ မည်သူမဆို-

မြစ်ချောင်းများအတွင်း ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု ကျူးလွန်သူသည် ရေထုညစ်ညမ်းမှု ကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းတို့အတွက် ဦးစီးဌာနက လိုအပ်၍ ပြုပြင်ပေးရပါက ကုန်ကျစရိတ်ကာမိစေရန် လုံလောက်သော တန်ဖိုးကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

### ၄.၈.၄ မြေအောက်ရေ အက်ဥပဒေ (၁၉၃၀)

ဤဥပဒေသည် မြေအောက်ရေအက်ဥပဒေအဖြစ် ၁၉၃၀ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေတွင် မြေအောက်ရေများအား ခွင့်ပြုမိန့်လိုင်စင်ရယူခြင်းမရှိဘဲ ထုတ်ယူ သုံးစွဲခြင်း ကို ထားမြစ် ထားသည်။

ပုဒ်မ (၃) အရ

မည်သူတစ်ဦးတစ်ယောက်မှ မြေအောက်ရေ ထုတ်ယူသုံးစွဲရန်ရည်ရွယ်၍ ရေအရင်းအမြစ်ဆိုင်ရာ အရာရှိမှ ခွင့်ပြုထားသော လိုင်စင်မရှိဘဲ အဝီစိတွင်းတူးခြင်းကို ခွင့်မပြု။

သက်မှတ်နယ်မြေအတွင်း တွင် ဤမြေအောက်ရေ အက်ဥပဒေ မရေးဆွဲမီ တူးဖော်ထားသော အဝီစိတွင်း ပိုင်ဆိုင်သူများသည် အဆိုပါအဝီစိအတွက် ရေအရာရှိမှ လိုင်စင်ကို လျှောက်ထား တောင်းခံရမည်။ လိုင်စင်အတွက် အာမခံငွေကြေးအခမဲ့ဖြစ်သည်။

### ၄.၈.၅ သစ်တောဥပဒေ (၂၀၁၈)

ဤဥပဒေကို သစ်တောဥပဒေအဖြစ် ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၀ရက်တွင် ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အစိုးရ၏ သစ်တောရေးရာမူဝါဒကို အကောင်အထည်ဖော်ရန်။

(ခ) အစိုးရ၏ သယံဇာတနှင့် သဘာဝပတ်ဝ်းကျင်ထိန်းသိမ်းရေးမူဝါဒကို အကောင်အထည် ဖော်ရန်။

(ဂ)အစိုးရအဖွဲ့၏ သစ်တောရေးရာမူဝါဒနှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။

(ဃ) သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုး တိုးတက်လာစေရန်၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက် မပြတ် အကျိုးစီးပွားခံစားနိုင်စေရန်၊

(င) သစ်တောထိန်းသိမ်းကာကွယ်ရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးတို့နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(စ) သစ်တောနှင့် ဇီဝမျိုးများပြုန်းတီးခြင်း၊ မီးလောင်ခြင်း၊ ပိုးမွှားကျရောက်ခြင်းနှင့် အပင် ရောဂါကျရောက်ခြင်း ဘေးအန္တရာယ်တို့မှ ထိန်းသိမ်းကာကွယ်နိုင်ရန်၊

(ဆ) သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောစိုက်ခင်းသစ်များ တည်ထောင်ရေးတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရန်။

(ဇ) ပြည်တွင်းလောင်စာ လိုအပ်ချက်ကို အထောက်အကူ ဖြစ်စေရန်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို (ဈ)အထောက်အကူပြုသော ထာဝစဉ်တည်တံ့စေသည့် သစ်တော စီမံအုပ်ချုပ်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

### ၄.၈.၆ သစ်တောနည်းဥပဒေများ (၁၉၉၅)

ဤဥပဒေကို သစ်တောနည်းဥပဒေများအဖြစ် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ရက် တွင် သစ်တောရေးရာ ဝန်ကြီးဌာနမှ ပြဌာန်းခဲ့သည်။

နည်းဥပဒေ ၂၇ အရ မည်သူမျှ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင် ပေါက်ရောက်နေသည့် ကျွန်းနှင့်တားမြစ်သစ်ပင်များကို ခွင့်ပြုမိန့်အရ ထုတ်ယူခြင်းမှ တစ်ပါး ပိုင်းဖြတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း မပြုရ။

နည်းဥပဒေ ၃၀ အရ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင် ပေါက်ရောက်နေသော တားမြစ်သစ်ပင်စာရင်းတွင် မပါဝင်သည့် သစ်ပင်နှင့် သစ်များကို အောက်ပါကိစ္စရပ်များမှအပ သက်ဆိုင်ရာပြည်နယ်၊ တိုင်း သို့မဟုတ် ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုမိန့်မရရှိဘဲ မည်သူမျှခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ခွဲစိတ်ခြင်း သို့မဟုတ် သယ်ယူရွှေ့ပြောင်းခြင်းမပြုရ

(က) သုတေသနနှင့် ပညာပေးလုပ်ငန်း၊ ပြည်သူ့အကျိုးပြု သို့မဟုတ် ဘာသာရေးလုပ်ငန်းများတွင် သုံးစွဲရန် ဖြစ်သော သစ်တောထွက်ပစ္စည်းများနှင့် စီးပွားဖြစ်မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် ထုတ်ယူသော သစ်တောထွက်ပစ္စည်းများကို ထုတ်ယူသည့်နေ့မှ ၁ နှစ်အတွင်း နှင့် ထုတ်ယူသည့်နေရာမှ ၂၀ မိုင်အတွင်း သုံးစွဲခြင်း။

(ခ) မိမိသုံး၊ လယ်ယာသုံးလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် သတ်မှတ်အရေအတွက်ထက် မကျော်လွန်ဘဲ ထုတ်ယူခြင်း။

### ၄.၈.၇ ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ (၁၉၈၉)

ဤဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ၊ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၂၄၈၉ တွင် ပြဌာန်းခဲ့သည်။/

ပုဒ်မ (၂၉) တွင် မည်သူမျှ အောက်ပါတို့ကို မပြုလုပ်ရ -

(က) လိုင်စင်မရှိဘဲ ငါးမွေးမြူခြင်း။

(ခ) ငါးလုပ်ငန်းရေပြင်တွင် ရေကြောင်းသွားလာမှုနှင့် ရေစီးရေလာများကို အဟန့်အတား ဖြစ်စေခြင်း သို့မဟုတ် ရေကိုညစ်ညမ်းစေခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းကို အားပေးကူညီခြင်း။

(ဂ) ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ငါးအရှင်ကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခြင်း။

(ဃ) ဦးစီးဌာနက တားမြစ်သော ငါးကို မွေးမြူခြင်း။

## ၄.၉ မြေသိမ်းဆည်းရေးဆိုင်ရာများ

### ၄.၉.၁ မြန်မာနိုင်ငံအမျိုးသား မြေအသုံးချမှု မူဝါဒ (၂၀၁၆)

အဆိုပါမူဝါဒကို အမျိုးသား မြေအရင်းအမြစ်စီမံခန့်ခွဲရေးကော်မတီမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန် ခဲ့သည်။ ဤ မူဝါဒ၏ ရည်ရွယ်ချက်မှာ

(က) နိုင်ငံတော်ရှိ ပြည်သူအားလုံး၏ အကျိုးစီးပွားအလို့ငှာ ရေရှည်တည်တံ့စေမည့် မြေအသုံးချမှုစီမံခန့်ခွဲရေး၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေးတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်။

(ခ) နိုင်ငံတော်၏ မြို့ပြနှင့်ကျေးလက်နေပြည်သူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်းကောင်း၊ စားနပ်ရိက္ခာဖူလုံရေးတို့အတွက်လည်းကောင်း မြေလုပ်ပိုင်ခွင့် ခိုင်မာစေရန်။

(ဂ) တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများ ကို အသိအမှတ်ပြုပြီး အကာအကွယ်ပေးရန်၊

(ဃ) တရားဥပဒေနှင့် အညီ ပွင့်လင်းမြင်သာပြီး တရားမျှတသော သင့်တော်ပြီးလွတ်လပ်သော အငြင်းပွားမှု ဖြေရှင်းရေး ယန္တရားကိုအကောင်အထည်ဖော်ရန်၊

(င) နိုင်ငံတော်၏ စီးပွားရေးညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု၊ အများပြည်သူပါဝင် ဆုံးဖြတ်မှု၊ မြေအရင်းအမြစ်အားအခြေခံသော တာဝန်ခံမှု၊ တာဝန်ယူမှုမရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် မြေအသုံးချမှု စီမံခန့်ခွဲမှုတို့ ဖွံ့ဖြိုးတိုးတက်စေရန်။

(စ) အထက်ပါ မြန်မာနိုင်ငံအမျိုးသား မြေအသုံးချမှု မူဝါဒ၏ ရည်ရွယ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေဥပဒေကို ပြဌာန်းရန်။

### ၄.၉.၂ လယ်ယာမြေဥပဒေ (၂၀၁၂)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၁) အရ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက် တွင် ဤဥပဒေကိုပြဋ္ဌာန်းခဲ့သည်။

ပုဒ်မ (၉) အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် အောက်ပါအခွင့်အရေးများကို ရရှိစေရမည်-

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့် ၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲ ဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သမဝါယမ အသင်း၏ ရင်းနှီးမြှုပ်နှံမှုနှင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူ လုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူ လုပ်ကိုင်ခွင့်။

### ၄.၉.၃ လယ်ယာမြေနည်းဥပဒေ (၂၀၁၂)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာမြေဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ(က)အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

ပုဒ်မ (၆၇) အရ

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၆၆ အရ နိုင်ငံတော်က ပေးရမည့် နစ်နာကြေးနှင့် လျော်ကြေး ပမာဏ ကို နစ်နာကြေးနှင့် လျော်ကြေးပေးဆောင်ရန်တွက်ချက်မှုပုံစံ(၁၂)ဖြင့် အောက်ပါအတိုင်း စိစစ်တွက်ချက် ၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့နှင့် နေပြည်တော်ကောင်စီ၊ သို့မဟုတ် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့တို့မှ တစ်ဆင့် ဗဟိုလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်-

(က) သီးနှံနှင့်အဆောက်အအုံအတွက်နစ်နာကြေး-

(၁) လက်ရှိစိုက်ပျိုးထားသည့် စပါးနှင့် အခြားရာသီသီးနှံများအတွက်တစ်ကေပျမ်းမျှ အထွက်နှုန်းကို အခြေခံလျက်ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏ သုံးဆ၊

(၂) စိုက်ပျိုးထားသည့်နှစ်ရှည်ပင်အတွက်လက်ရှိအပင်တန်ဖိုးကိုအခြေခံလျက်ဒေသ ၏ ကာလပေါက်ဈေး ဖြင့် တွက်ချက်သောတန်ဖိုး၏ သုံးဆ၊

(၃) လယ်ယာမြေတွင် အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန်ပြုပြင်ခြင်း အပါအဝင် အခြား ဆောင်ရွက်ချက်များ အတွက် ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏ နှစ်ဆ။

(ခ) မြေအတွက်လျော်ကြေး-

(၁) နိုင်ငံတော်၏ရေရှည်အမျိုးသားရေး အကျိုးစီးပွားအလို့ငှာ ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းနိုင်မှုမရှိ သော တည်ဆောက်ရေးလုပ်ငန်းနှင့် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာကိစ္စ ရပ်များနှင့် စပ်လျဉ်း၍ အသုံးပြုခြင်း ဖြစ်လျှင် သိမ်းယူခြင်းခံရသည့် လယ်ယာမြေအတွက်ဒေသ၏ ကာလပေါက်ဈေးဖြင့်တွက်ချက်သော တန်ဖိုး၊

(၂) နိုင်ငံတော်၏ရေရှည်အမျိုးသားရေး၊အကျိုးစီးပွားအလို့ငှာ ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းနိုင်မှုရှိသော စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုခြင်းဖြစ်လျှင် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ နစ်နာမှုမရှိစေရေးအတွက် ညှိနှိုင်းသဘောတူညီသည့် ငွေကြေးပမာဏသို့မဟုတ် ဗဟိုလယ်ယာမြေ

စီမံခန့်ခွဲမှုအဖွဲ့က ဖွဲ့စည်းပေးသော လျော်ကြေးငွေ သတ်မှတ်ရေးအဖွဲ့က စီးပွားရေးလုပ်ငန်း အမျိုးအစားပေါ်မူတည်၍ ဆုံးဖြတ်သည့်ဒေသ၏ ကာလ ပေါက်ဈေးဖြင့်တွက်ချက်သော တန်ဖိုးအောက် မနိမ့်သည့်ငွေကြေးပမာဏ။

### ၄.၉.၄ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၀) အရ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက် တွင် ဤဥပဒေကိုပြဋ္ဌာန်းခဲ့သည်။

ပုဒ်မ (၂၅) (က) အရ ဗဟိုကော်မတီသည်-

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူက လုပ်ငန်းများအကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံတောင်သူလယ်သမားများနှင့် အငြင်းပွားခြင်း၊ ဟန့်တားနှောင့် ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများ ပြုလုပ်ခံရကြောင်း တင်ပြလာ လျှင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဦးစွာညှိနှိုင်းပေးရမည်။ ညှိနှိုင်း၍မရပါကဥပဒေအတိုင်း ဆောင်ရွက်ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာအပေါ်တွင် ယခင်ကတည်းက လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဒေသခံ တောင်သူလယ်သမားများ၏ စိုက်ပျိုးမြေ များပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့် ရရှိထားခြင်း မရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ဆန္ဒ အပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာအပေါ်တွင် ယခင်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားပြီးသော တောင်သူလယ်သမားများရှိပါက ၎င်းတို့နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်။

## ၄.၁၀ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်စီမံခန့်ခွဲမှု

### ၄.၁၀.၁ မြို့တော် စည်ပင်သာယာရေးကော်မတီ ဥပဒေ (၂၀၁၃)

အဓိကမြို့ကြီးများ၏စည်ပင်သာယာရေးကော်မတီများသည် ရန်ကုန်နှင့် မန္တလေးမြို့မှလွဲ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဥပဒေများအရ သတ်မှတ်ကာလအတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရန်ဖွဲ့စည်းထားသောအဖွဲ့အစည်းများကို ဆိုလိုသည်။ အဆိုပါ အဖွဲ့တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများပြုလုပ်ရန်အတွက် မြို့နယ်တစ်ခုအတွက် သို့မဟုတ် အခြားမြို့နယ်များ အတွက် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးကော်မတီများ ပါဝင်သည်။

### ၄.၁၀.၂ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (၁၉၉၃)

ဤဥပဒေကို စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအဖြစ် ၁၉၉၃ ခုနှစ်၊ ဧပြီလ (၁) ရက် နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၅/၉၃) ဖြင့် ပြဋ္ဌာန်းခဲ့သည်

ကော်မတီသည် စည်ပင်သာယာရေးအဖွဲ့၏ အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း ပြုရမည်-

(က) မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) မိလ္လာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဆ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဇ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ခြင်း၊

(ဈ) လမ်းဘေးဈေးဆိုင်များ ကြီးကြပ်ခြင်း၊

(ည) မုန့်ဖိုများနှင့် စားသောက်ဆိုင်များ ကြီးကြပ်ခြင်း၊

(ဋ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ဌ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်း တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(ဎ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊

(ဏ) အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း၊

(တ) အနေ့းယာဉ်များ စီမံခန့်ခွဲခြင်း၊

(ထ) လမ်း၊ တံတားများ  တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဒ) လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှုသတ်မှတ်ခြင်း၊ လမ်းအမည်သတ်မှတ်ခြင်း၊ အဆောက်အအုံ အမှတ် သတ်မှတ်ခြင်း၊

(ဓ) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(န) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့် ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ပ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဖ) ကျူးကျော်အဆောက်အအုံများ ဖျက်သိမ်းခြင်း၊

(ဗ) တည်းခိုခန်းများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဘ) မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန် အသေကောင် များကို သုတ်သင်ရှင်းလင်းခြင်း၊

(မ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့ အပ်နှံခြင်း၊

(ယ) လေလွင့်သွားလာနေသော  တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်း စီမံခန့်ခွဲခြင်း၊

(ရ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(လ) သုသာန်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုလ်စက်များတည်ထောင်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်း၊

(ဝ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သုသာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုသာန်မြေကို အခြားနည်းအသုံးပြုခြင်း၊

(သ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဟ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃၆။ ကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူ စားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ် ထားသည့် နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၃၇။ မည်သည့်ဒေသတွင်မဆို အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့်အခြားကိစ္စရပ်များ အတွက် ကျွဲ၊ နွား သတ်ဖြတ်ခွင့် အမိန့်ကို သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း အကြီးအကဲ၏ ကြီးကြပ်မှုဖြင့် ခွင့်ပြုနိုင်သည်။

၃၈။ ကော်မတီနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိသည် ကျွဲ၊ နွား တိရစ္ဆာန်များ သတ်ဖြတ်ခွင့် ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွားတိရစ္ဆာန်များ ပြုန်းတီးမှု မရှိစေရန် ညွှန်ကြား ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၉။ ဝန်ကြီးဌာနသည် တိရစ္ဆာန် သတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ လိုအပ်သော သတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

၄၀။ ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ အရ ခွင့်ပြုချက်ရရှိသူသာလျှင်-

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့် သားရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ် ၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း ပြုနိုင်သည်။

### ၄.၁၀.၃ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ(၁၉၉၇)

ဤဥပဒေ ကို စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေအဖြစ် ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၉၇ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့ကို အောက်ပါ ပုဒ်မခွဲများဖြင့် အစားထိုးရမည်

စည်ပင်သာယာရေး အဖွဲ့များ ဥပဒေပုဒ်မ ၃၇ ကို အောက်ပါအတိုင်းအစားထိုးရမည်

၃၇။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မည်သည့်ဒေသတွင်မဆို အများပြည်သူ စားသုံးရန်မှ အပ ဘာသာရေးနှင့် အခြား ကိစ္စ ရပ်များအတွက် ကျွဲ၊ နွား သတ်ဖြတ် ခွင့် အမိန့်ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့် အညီ ခွင့်ပြုနိုင်သည်။

စည်ပင်သာယာရေး အဖွဲ့များ ဥပဒေ ပုဒ်မ ၃၉ ကို အောက်ပါအတိုင်းအစားထိုးရမည်

၃၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၃၆ ပါ တိရစ္ဆာန် သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း တို့နှင့် စပ်လျဉ်း၍ လိုအပ်သော သတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

## ၄.၁၁ လူ့အခွင့်အရေးဆိုင်ရာများ

### ၄.၁၁.၁ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ(၂၀၁၅)

ဤဥပဒေသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ အဖြစ် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စု စိတ်ဓာတ် အခြေခံ၍ ထာဝစဉ် အတူတကွ လက်တွဲနေထိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်၊

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်း ကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

(င) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သော လူမှု စီးပွားရေးဖွံ့ဖြိုးတိုးတက် စေရန်၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိ စေရန်။

## ၄.၁၁.၂ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)

ဤဥပဒေသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအဖြစ် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမို၍ ကြည့်ရှုစောင့်ရှောက်နိုင်ရန်။

(ခ) ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။

(ဂ) နိုင်ငံသားများ ခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူ အာလုံး တန်းတူညီမျှ အပြည့်အဝရရှိစေရန်။

(ဃ) နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာစသည့် နယ်ပယ်အသီးသီးတွင် အခြားသူများနှင့်တန်းတူ လူမှုအဖွဲ့အစည်းတွင် လူမှုအဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင်ရန်။

(င) မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုရန်။

(စ) မသန်စွမ်းသူများ၏ လူနေမှုဘဝ လုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက် မြင့်မား လာစေရန်၊

(ဆ) မသန်စွမ်းသူများအား နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ လျော့နည်း ပပျောက်စေရန်နှင့် ထိုသို့ ခွဲခြားဆက်ဆံမှုများ မပြုစေရေးအတွက် ဥပဒေအရ ကာကွယ်ပေးရန်၊

(ဇ) မသန်စွမ်းသူများကို နိုင်ထက်စီးနင်းအကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု အမျိုးမျိုးအပါအဝင် အလွဲသုံးစားခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးရန်နှင့် မသန်စွမ်းသူ အမျိုးသမီးနှင့် ကလေးများကို အထူးကာကွယ်ပေးရန်၊

(ဈ) မိဘမဲ့၊ ခိုကိုးရာမဲ့နှင့် မသန်စွမ်းမှု တစ်ခုထက်ပို၍ ခံစားနေရသော မသန်စွမ်း သူများကို မသန်စွမ်းမှု အမျိုးအစားအလိုက် နိုင်ငံတော်က အထူးစောင့်ရှောက် ကူညီပေးနိုင်ရန်။

ပုဒ်မ ၁၄ တွင် မသန်စွမ်းသူများသည် -

(က) ပညာသင်ကြားခွင့်၊ သတင်းအချက်အလက်များ ရယူသုံးစွဲခွင့်နှင့် ကျန်းမာရေး စောင့်ရှောက်မှု ခံယူခွင့်ရှိသည်။

(ခ) မွေးရာပါ အသက်ရှင်သန်ခွင့်၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့် အပါအဝင် လူ့အခွင့် အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားသူများ နည်းတူ ခံစားခွင့်ရှိသည်။

(ဂ) တရားဝင်ရရှိသော ငွေကြေးများ၊ ပစ္စည်းများနှင့် အိမ်ရာအဆောက်အအုံများကို ပိုင်ဆိုင်ခွင့်၊ ဆက်ခံခွင့်နှင့် ပြည်သူ့အိုးအိမ်စီမံကိန်းဖြင့် ဆောက်လုပ်သော အိမ်ရာများတွင် နေထိုင်ခွင့်ရှိသည်။

(ဃ) တရားစွဲဆိုခွင့်၊ တရားစွဲဆိုမှုကို ခုခံနိုင်ခွင့်နှင့် သက်သေအဖြစ် စစ်ဆေးခံနိုင်ခွင့်တို့ရရှိရေးအတွက် တရားရုံးတွင် မသန်စွမ်းဖြစ်မှုအလိုက် လိုအပ်ချက်များကို စီစဉ်ပေးရန် တောင်းဆိုခွင့်ရှိသည်။

(င) မိမိတို့၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများအတွက် တရားမကြောင်းဖြင့် တရားစွဲ ဆိုရာတွင် ကျသင့် သော ရုံးခွန်ကင်းလွတ်ခွင့်ရှိသည်။

(စ) အကျဉ်းကျနေစဉ်အတွင်း မသန်စွမ်းမှုကို အကြောင်းပြု၍ နှိပ်စက်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ အနိုင်ကျင့်ခြင်းများမှ အကာအကွယ် ရရှိပိုင်ခွင့်နှင့် မသန်စွမ်းမှုဆိုင်ရာ ဝန်ဆောင်မှုများ ရရှိပိုင်ခွင့်ရှိသည်။

ပုဒ်မ ၂၈ တွင် အမျိုးသားကော်မတီသည် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် မသန်စွမ်းသူများ လွယ်ကူစွာ သွားလာနေထိုင် အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းပြီး အောက်ပါအတိုင်း ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) အများပြည်သူသုံး အဆောက်အအုံနှင့် ဆက်စပ်ပတ်ဝန်းကျင်ကို မသန်စွမ်း သူများ ကိုယ်စိတ်နှစ်ပါး လုံခြုံပြီး လွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် ပုံစံ ထုတ်လုပ်မှုနှင့် ပြုပြင် တည်ဆောက်မှုဆိုင်ရာ လမ်းညွှန် ချက်များချမှတ်ခြင်း၊

(ခ) မသန်စွမ်းသူများ အထောက်အကူပြုပစ္စည်းကိရိယာများဖြင့် အလွယ်တကူ သွားလာနိုင်ရေးအတွက် အများပြည်သူ အသုံးပြုသည့်နေရာများတွင် အတားအဆီးများ မရှိစေရေးအတွက် ပုံစံများ ရေးဆွဲ တည်ဆောက်ခြင်း၊

(ဂ) အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များတွင် မသန်စွမ်းသူများ လွယ်ကူစွာ စီးနင်းလိုက်ပါ နိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ပေးခြင်း၊

(ဃ) လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကျားများနှင့် လမ်းအကွေ့၊ အတက်အဆင်းများ တွင် မသန်စွမ်းသူများအတွက် အထောက်အကူဖြစ်စေသော အမှတ်အသားများ၊ သင်္ကေတများ၊ အသံပေး၍ အချက်ပြသည့် ကိရိယာများနှင့် အခြားလိုအပ်သည် များ တပ်ဆင်ခြင်း၊

(င) အများပြည်သူပိုင် အိမ်ရာ၊ ဆေးရုံနှင့် စာသင်ကျောင်း စသည့် ရုပ်ဝတ္ထု ပတ်ဝန်းကျင်များ၊ ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးနှင့် လူထု ဆက်သွယ်ရေးကဏ္ဍတို့တွင် မသန်စွမ်းသူများ လွယ်ကူစွာ သွားလာ သုံးစွဲနိုင်ရန် စီစဉ်ပေးခြင်း။

ပုဒ်မ ၃၆ တွင် အလုပ်ရှင်သည် -

(က) မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် စပ်လျဉ်း၍ အမျိုးသား ကော်မတီက ချမှတ်သော မူဝါဒနှင့် စီမံချက်များကို လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) အလုပ်ခန့်ထားရာတွင် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်ကိုင် နိုင်စွမ်းရှိသော မသန်စွမ်းသူများကို သင့်လျော်သောအလုပ်တွင် အမျိုးသား ကော်မတီမှ သတ်မှတ်ပေးသော ဝေပုံကျ နှုန်းထား အရေအတွက်အတိုင်း ခန့်ထားရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အလုပ်ခန့်ထားရာတွင် ဦးစီးဌာနနှင့် သက်ဆိုင်ရာ မြို့နယ်အလုပ် အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ထားသည့် မသန်စွမ်း သူများကို ရွေးချယ်ခန့် ထားရမည်။

(ဃ) မသန်စွမ်းသူများအား အလုပ်ခန့်ထားရာတွင် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိမှုအပေါ် မူတည်၍ လူတွေ့ စစ်ဆေးခန့်ထားရေး၊ လုပ်ခလစာနှင့် အလုပ်သမား အခွင့်အရေးများ တန်းတူခံစားခွင့်ရှိရေး၊ ရာထူးတိုးမြှင့်ရေး၊ အလုပ်ခွင် တည်မြဲရေး၊ အခမဲ့ အသက်မွေး ဝမ်းကျောင်းပညာများ လေ့ကျင့်သင်ကြားခွင့် ရရှိရေး အပါအဝင် မသန်စွမ်းသူများနှင့် သင့်လျော်သည့် အစီအစဉ်များ ဆောင်ရွက်ပေးရမည်။

(င) ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက်အတိုင်း အလုပ်ခန့် ထားခြင်း မပြုနိုင်လျှင်ဖြစ်စေ၊ အလုပ်ခန့်ထားရန် အခြေအနေ မပေးလျှင် သို့မဟုတ် အခွင့်အလမ်း မရှိလျှင်ဖြစ်စေ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေသို့ သတ်မှတ်ထားသော ငွေပမာဏကို ဝေပုံကျနှုန်း ထား အရေအတွက်အတိုင်း ပေးသွင်းရမည်။

(စ) ပုဒ်မခွဲ (ခ) အရ အလုပ်ခန့်အပ်ထားသော မသန်စွမ်းအလုပ်သမား သို့မဟုတ် ဝန်ထမ်း ဦးရေ စာရင်းကိုလည်းကောင်း၊ အလုပ်ခန့်ထားရန်ရှိသော လစ်လပ်သည့် အလုပ်အကိုင်စာရင်းကို လည်းကောင်း ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ် အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ပေးပို့ရမည်။

### ၄.၁၁.၃ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၂) အရ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် တွင် ဤဥပဒေကိုပြဌာန်းခဲ့သည်။ ဤဥပဒေသည် မြန်မာနိုင်ငံအတွင်းတွင် နေထိုင်သာလူအားလုံးအပေါ်သက်ရောက်မှုရှိပြီး နိုင်ငံသားများ၊ အမြဲတမ်းနေထိုင်သည့် ကဒ် ကိုင်ဆောင်သော နိုင်ငံခြားသားများနှင့် ပြစ်မှုကျူးလွန်သူ များလည်းအကျုံးဝင်သည်။

## ၄.၁၂ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ

### ၄.၁၂.၁ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၉)

ဤဥပဒေသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအဖြစ် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဌာန်းခဲ့သည်။

ဤဥပဒေ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှု အမွေအနှစ်များ အစွန်နှရှည်စွာ တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒကို မြှင့်တင် အကောင်အထည်ဖော်ရန်၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှု အမွေအနှစ် များအား သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့် ဖြစ်စေ၊ သစ်ပင် သစ်ဥကြောင့် ဖြစ်စေ၊ ပိုးမွှားများ၊ ငှက်၊ တိရစ္ဆာန်များကြောင့်ဖြစ်စေ ယိုယွင်းဆုံးရှုံးပျက်စီးခြင်း မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်စေရန်၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမှုများကို အများပြည်သူတို့ နားလည်ခံယူနိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာအကွယ် ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဆ) ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဇ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ် ကာကွယ် ထိန်းသိမ်းရေး လုပ်ငန်းနှင့်ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန်။

### ၄.၁၂.၂ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ(၂၀၁၅)

ဤဥပဒေသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေး ဥပဒေအဖြစ် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဌာန်းခဲ့သည်။

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများ အစွန်နှရှည်တည်တံ့စေရေးအတွက် ကာကွယ် ထိန်းသိမ်းခြင်း ဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ရှေးဟောင်း ဝတ္ထု ပစ္စည်းများ ယိုယွင်းပျက်စီးပျောက်ဆုံးခြင်း မရှိစေရေးအတွက် ကာကွယ် ထိန်းသိမ်း နိုင်ရန်၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန် နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်၊

(ဃ) အများပြည်သူတို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးမြင့်မားမှုကို နားလည်ခံယူ နိုင်ကြစေရန်၊



TOTAL BUSINESS SOLUTION CO., LTD.

(င) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူ လက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာ သဘောတူညီချက်များ နှင့်အညီ ဆောင်ရွက်ရန်။

### ၄.၁၂.၃ ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)

ဤဥပဒေသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအဖြစ် ၂၀၁၅၊ ဩဂုတ်လ ၂၆ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးဟောင်းအဆောက်အအုံများ အစွန့်ရှည်တည်တံ့ရေးအတွက် ကာကွယ် ထိန်းသိမ်း ခြင်းဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ရှေးဟောင်း အဆောက်အအုံများ ယိုယွင်းပျက်စီးပျောက်ဆုံးခြင်း မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် မျိုးချစ်စိတ် ရှင်သန်ခိုင်မာစေရန်၊

(ဃ) ရှေးဟောင်းအဆောက်အအုံများ၏ တန်ဖိုးမြင့်မားမှုကို အများပြည်သူတို့ သိရှိနားလည် နိုင်ကြစေရန်၊

(င) ရှေးဟောင်းအဆောက်အအုံများ ဖျက်ဆီးမှုမခံရစေရေးအတွက် ကာကွယ် စောင့်ရှောက် ရန်၊

(စ) ရှေးဟောင်းအဆောက်အအုံများ ရှာဖွေဖော်ထုတ် ထိန်းသိမ်းရန်၊

(ဆ) ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာ သဘော တူညီချက်များ နှင့်အညီ ဆောင်ရွက်ရန်။

ပုဒ်မ ၁၅ တွင် ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ဧရိယာအတွင်း၌ အောက်ပါ ပြုလုပ်မှု တစ်ခုခုကို ဆောင်ရွက်လိုသူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) မြို့၊ ရပ်ကွက်၊ ကျေးရွာများကို တိုးချဲ့ခြင်း၊

(ခ) ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများ၊ လူနေအဆောက်အအုံများအပါအဝင် အဆောက်အအုံ အသစ်များ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်း သို့မဟုတ် ချဲ့ထွင်ခြင်း၊

(ဂ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်း၊ စက်ရုံအလုပ်ရုံများ တည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ ဆက်သွယ်ရေး တာဝါတိုင်များ ဆောက်လုပ်ခြင်း၊ လမ်းဖောက်

လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ လေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ဆည်မြောင်း၊ တာတမံများစသော အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(ဃ) မြေအောက်တွင် လျှပ်စစ်သွယ်တန်းခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ သွယ်တန်းခြင်းနှင့် အခြားမြေအောက်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ရေတွင်း၊ ရေကန်၊ တူးမြောင်း၊ မွေးမြူရေးကန်များတူးဖော်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(စ) မြေမျက်နှာသွင်ပြင် ပျက်စီးစေသည့် ရွှေကျင်ခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်း၊ လျှို၊ ချိုင့်များတူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊ ကျောက်စရစ်၊ သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များ ဖြိုဖျက်ခြင်း၊

(ဆ) ပုဂ္ဂလိကပိုင်ဆိုင်သည့် အဝန်းအဝိုင်း၊ ဇရိယာအတွင်းတွင် ရှေးဟောင်းအဆောက်အအုံ များကို ထည့်သွင်းခြင်း၊ ခြံစည်းရိုးခတ်ထားခြင်း၊

(ဇ) ရှေးဟောင်းအဆောက်အအုံ၏ အနီးနှင့် ပတ်ဝန်းကျင်မြင်ကွင်း၌ ဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း။

## ၄.၁၃ စက်တပ်ယာဉ်များ

### ၄.၁၃.၁ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (၂၀၂၀)

ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ဖြင့် ၂၀၂၀ ခုနှစ်၊ မေလ ၂၆ ရက်တွင် ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။ ဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်

(က) မော်တော်ယာဉ်များအား ဥပဒေနှင့်အညီ မှတ်ပုံတင်စေရန်၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်မီမှုရှိမရှိစစ်ဆေးပြီး ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်၊

(ဂ) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော လေထု၊ ရေထု၊ မြေထု ညစ်ညမ်းခြင်းနှင့် အသံဆူညံခြင်းတို့ လျော့နည်းစေရေး ဆောင်ရွက်ရန်၊

(ဃ) မော်တော်ယာဉ်ကြောင့် မတော်တဆဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာစေရေးအတွက် စနစ်တကျ စီမံခန့်ခွဲရန်၊

(င) ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့် အညီ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း ပြုလုပ်နိုင်ရန်၊

(စ) ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းကျဆင်းလာစေရန် ယာဉ်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(ဆ) ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွား ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းလာစေရန်နှင့် လမ်းအသုံးပြုသူများ သွားလာမှု လွယ်ကူချောမွေ့စေရန်၊

(ဇ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကို အန္တရာယ်ကင်းစွာ သယ်ယူပို့ဆောင်စေရန်။

### ၄.၁၃.၂ မော်တော်ယာဉ်ဥပဒေ (၂၀၁၅)

ဤဥပဒေကို မော်တော်ယာဉ်ဥပဒေအဖြစ် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်တွင် ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊

(ခ) မော်တော်ယာဉ် အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်မီမှု ရှိ မရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်၊

(ဂ) လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့စေရန် ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ် ကင်းရှင်းစေရေး ကာကွယ်ဆောင်ရွက်ရန်၊

(ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့် နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုနိုင်ရန်၊

(င) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်။

### ၄.၁၃.၃ မော်တော်ယာဉ်နည်းဥပဒေ (၁၉၈၉)

ဤဥပဒေကို မော်တော်ယာဉ်နည်းဥပဒေအဖြစ် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် ၁/၈၉ ဖြင့် ဤနည်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

၂၄။ ဤအခန်းအရပြဋ္ဌာန်းထားသော နည်းဥပဒေများနှင့် သော် လည်းကောင်း၊ နည်းဥပဒေများ အရ ဗဟိုမှတ်ပုံတင်အဖွဲ့မှ ထုတ်ပြန်သော ညွှန်ကြားချက်များနှင့် သော်လည်းကောင်း မညီညွတ်သော မော်တော်ယာဉ်ကိုပြည်သူတို့ဆိုင်ရာနေရာများတွင် မည်သူမျှ အသုံးမပြုရ သို့မဟုတ် အသုံးမပြုစေရ

၂၅။ (က) သာမန်အားဖြင့် မော်တော်ယဉ်တိုင်းတွင် ခြေနင်း ဘရိတ် (ယဉ်မောင်းစဉ် သွားလာနေစဉ်သုံးဘရိတ်) နှင့် လက်ဆွဲဘရိတ် (ယာဉ်ရပ်ထားစဉ်သုံး ဘရိတ် သို့မဟုတ် အရေးပေါ်သုံးဘရိတ်) စနစ်နှစ်မျိုးကို သီးခြားတပ် ဆင်ထားရမည်။ မော်တော်ယဉ်ဘရိတ်များသည် ယာဉ်မောင်းနှင်နေသူက လွယ်ကူစွာ အသုံးပြုနိုင်သည့် အနေအထားတွင်ရှိရမည်။

(ခ) မော်တော်ယာဉ်တွင် တပ်ဆင်ထားရှိရမည့်ခြေနင်းဘရိတ်ကို ယာဉ်ပေါ်တွင် ဝန်တင်ထားသည်ဖြစ်စေ၊ ဝန်တင်မထားသည်ဖြစ်စေ၊ မြေညီလမ်းပေါ်၌ အသုံးပြုလျှင် စတင်အသုံးပြုသည့်နေရာမှ ယာဉ်ရပ်တန့်ရမည့် မော်တော်ယဉ် အရှိန်သတ်အကွာအဝေးသည် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

(ဂ) မော်တော်ယာဉ်တွင် တပ်ဆင်ထားရှိရမည့် လက်ဆွဲဘရိတ်ကို ယာဉ်ပေါ်တွင် ဝန်တင်ထားသည်ဖြစ်စေ ဝန်တင်မထားသည်ဖြစ်စေ ဆင်ခြေလျှော အတက်အဆင်းလမ်းပေါ်၌ အသုံးပြုလျှင် ယာဉ်သည် လုံးဝရပ်တန့်နေရမည်။

(ဃ) မော်တော်ယာဉ်တွင် ချိတ်ဆွဲမည့် နောက်တွဲ၌ ဘရိတ်တပ်ဆင်ထားရှိရမည်။ ၎င်းဘရိတ်ကို အသုံးပြုပုံမှာ ယာဉ်ထုတ်လုပ်သူ၏ လမ်းညွှန်မှုအတိုင်းဖြစ်ရမည်။

(င) မော်တော်ဆိုင်ကယ်တိုင်းတွင် နောက်ဘီးကို ဖမ်းသော ဘရိတ်နှင့် ရှေ့ဘီးကို ဖမ်းသော ဘရိတ်နှစ်မျိုး တပ်ဆင်ထားရှိရမည်။ မော်တော်ဆိုင်ကယ်ထုတ်လုပ်သူ၏ ပုံစံအရ ရှေ့ဘီးကို ဖမ်းသော ဘရိတ်မပါလျှင် ဗဟို မှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်ကို ရယူပြီးမှ အသုံးပြုရမည်။

၂၆။ (က) နေဝင်ချိန်မှ နေထွက်ချိန် စပ်ကြားတွင် လည်းကောင်း၊ ရာသီဥတုကြောင့် အလင်းရောင်နည်းနေသည့် နေ့အချိန်တွင်လည်းကောင်း၊ အလင်းရောင်ရရှိစေရန် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တိုင်းတွင် ရှေ့မီးနောက်မီးများအပြင် အခြားသတ်မှတ်ထားသည့် မီးများ စုံလင်စွာ တပ်ဆင်ထားရှိရမည်။

(ခ) မော်တော်ယာဉ်၏ ရှေ့လက်ဝဲ လက်ယာအစွန်းတစ်ဘက်တစ်ချက်တွင် ရှေ့မီးကြီးများ တစ်လုံးစီ သို့မဟုတ် နှစ်လုံးစီ ( ဘေးတိုက်ယှဉ်၍ သို့မဟုတ် အပေါ်အောက်) မီးလုံးအရေအတွက် နှင့် အကွာအဝေး ညီမျှစွာ တပ်ဆင်ထားရှိရမည်။ မီးလုံး များ၏ ပုံသဏ္ဍာန်၊အရွယ်အစားနှင့် မီးအရောင်တို့တူညီရမည်။ ရှေ့မီးအကြီး၏ မီးအရောင်သည် အဖြူရောင်ဖြစ်ရမည်။

(ဂ) မော်တော်ယာဉ်၏ ရှေ့နှင့်နောက်လက်ဝဲလက်ယာအစွန်း တစ်ဘက်တစ်ချက်တွင် ဘေးမီးငယ်တစ်လုံးစီကို တပ်ဆင်ထားရှိရမည်။ ရှေ့ဘေးမီးငယ်များ မီးအလင်းရောင်သည် အဖြူသို့မဟုတ် အဝါ ဖြစ် ရမည်။နောက်ဘေးမီးငယ်များ၏အရောင်သည် အနီဖြစ်ရမည်။ မီးသီးအား သည် (၇) ဝပ်ထပ်မပိုစေရ။ မှောင်မိုက်သည့် ညအချိန်တွင် ယာဉ်ရပ်ထားကြောင်းသိရှိစေရန် ဘေးမီးငယ်များကို ဖွင့်ထားနိုင်ရမည်။ ဘေးမီးငယ် များကို ဖွင့်ထားချိန်တွင် ရှေ့မီးကြီးများ ပိတ် နိုင်သော မီးခလုတ်ရှိရမည်။ ပုံစံဟောင်းမောတော်ဘဦဉ်များတွင် နောက်ဘေးမီးငယ်များမရှိပါက မပါရှိခြင်းကို ခွင့်ပြုသည်။

(ဃ) မော်တော်ယာဉ်၏ နောက်၌ လက်ဝဲလက်ယာ အစွန်း တစ်ဘက်တစ်ချက်စီတွင် အရောင်ပြန်ပြားအနီတခုစီကို တပ်ဆင်ထားရှိရမည်။ ထို အရောင်ပြန်ပြားသည် မြေပြင်မှ အနိမ့်အမြင့် တူညီရမည်။ ရောင်ပြန်ပြား အနီကို ဘရိတ်မီးတွင် တပ်ဆင်ထားနိုင်သည်။

(င) မော်တော်ယာဉ် တိုင်း၏ နောက်နံပါတ်ပြားပေါ်ရှိ ယာဉ်မှတ်ပုံတင်အမှတ်ကို ဥတုရာသီကြည်လင်သော ညအချိန်တွင် ၁၅.၂၅ မီတာ (၅၀) ပေမှမြင်နိုင်ရန် မီးတပ်ဆင်ထားရမည်။၎င်း မီးအရောင်သည် အဖြူဖြစ်ရမည်။ ယာဉ်၏ ရှေ့မီးကြီးများကိုသော်လည်းကောင်း၊ ဘေးမီးငယ်များကိုသော်လည်းကောင်း ဖွင့်သည့်အခါတိုင်း နောက်နံပါတ်ပြား မီးလင်းနေရမည်။

(စ) မော်တော်ယာဉ်၏ နောက်ဘက်၌ အရောင်ပြန်ပြား အနီနှင့် ဘေးချင်းယှဉ်၍ သော်လည်းကောင်း၊ အထက်အောက်သော်လည်းကောင်း လက်ဝဲနှင့် လက်ယာဘက်တွင် အနီရောင်ဘရိတ်မီးများ တစ်လုံးစီတပ်ဆင်ထားရှိရမည်။၎င်းမီးသည် ခြေနင်းဘရိတ်ကို အသုံးပြုသည့် အခါမှသာ လင်းရမည်။

(ဆ) မော်တော်ယာဉ်၏ ရှေ့နှင့်နောက် လက်ဝဲလက်ယာဘက်တွင် ယာဉ်သွားလားရာဘက်သို့ အချက်ပြနိုင်ရန်မီးများတပ်ဆင်ထားရှိရမည်။ ၎င်းမီး အရောင်များသည် ရှေ့တွင်အဖြူ သို့မဟုတ် အဝါ၊ နောက်တွင် အဝါ သို့မဟုတ် အနီဖြစ်ရမည်။ ၎င်းမီးသည် အလိုအလျောက်လင်းသောပိတ်သောမီးဖြစ်သည်။

(ဇ) ဆီးနှင့်မီးများကို ဆီးနှင်းဖုံးလွှမ်းသည့် နယ်မြေများတွင်သာ အသုံးပြုလေ့ရှိသည်။ ဤနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းသည့်အချိန်နှင့် မြူနှင့် ကျသည့် အချိန်များ တွင်သာ ၎င်း မီးများကို အသုံးပြုနိုင်သော်လည်းသာမန်အားဖြင့် ၎င်းအဝါ ရောင်မီးများကို မော်တော်ယာဉ်၏ ရှေ့မီးကြီးများအစားအသုံးမပြုရ။

(ဈ) နောက်ဆုတ်မီးကို မော်တော်ယာဉ်၏ နောက်တွင် တပ်ဆင်ထားရှိရမည်။ ၎င်းမီး၏အရောင်သည် အဖြူ သို့မဟုတ် အဝါ ဖြစ်ရမည်။ယာဉ်၏ နောက်ဂီယာကို အသုံးပြုမှသာလျှင် နောက်ဆုတ်မီးလင်းရမည်။

(ဉ) ညအချိန်၌ မော်တော်ယာဉ်ကို လမ်းပေါ်တွင်ရပ်ထားပါက ဘေးမီးငယ်များကို ဖွင့်ထားရမည်၊ သို့မဟုတ် သီးခြားတပ်ဆင်ထားသည့် ရပ်တန့်မီးရှိပါက ဖွင့်ထားရမည်။ သို့ရာတွင် လမ်းပေါ်တွင်ရပ်ထားသော မော်တော်ယာဉ်ကို ၃၀၀ မီတာ (၁၀၀၀ ပေ) ခန့် အကွာအဝေးမှမြင်နိုင်ပါက ရပ်တန့်မီးများကို ဖွင့်ထားရန်မလို။

(ဋ) သုံးဘီးယာဉ်တွင် အောက်ပါမီးများတပ်ဆင်ထားရှိရမည်။

(၁) ယာဉ်၏အနံသည် ၁.၀၇ မီတာ (၃ ပေ ၆ လက်မ) ထက်မပိုလျှင် ယာဉ်၏ ရှေ့ဗဟိုတွင် မီးကြီး တစ်လုံး တပ်ဆင်ထားရှိရမည်။ ယာဉ်၏ အနံသည် ၁.၀၇ မီတာ ( ၃ ပေ ၆ လက်မ) ထက်ကျော်လျှင် ရှေ့မီးကြီးနှစ်လုံး သို့မဟုတ် ယာဉ်၏ရှေ့ဗဟိုတွင် မီးသီးတစ်လုံးတပ်ဆင်ထားရှိရမည်။ ၎င်းမီးမှာ အဖြူရောင် ဖြစ်ပြီး အလင်းရောင်ကို ၄.၉ မီတာ (၁၆၀ ပေ အထိ) ပေးနိုင်ရမည်။ ၎င်းအပြင် ဘေးမီးငယ်များပါတပ်ဆင်ထားရမည်။

(၂) သုံးဘီးယာဉ်၏ နောက်တွင် အရောင်ပြန်ပြား အနီနှစ်ခု၊ နောက်နံပါတ်ပြားမီး အဖြူတစ်လုံးနှင့် ဘရိတ်မီး အနီနှစ်လုံးတပ်ဆင်ထားရမည်။

(၃) သုံးဘီးယာဉ်၏ ရှေ့နှင့်နောက်တို့တွင် အဝါရောင်အချက်ပြမီးများတပ်ဆင်ထားရမည်။

(ဒ) မော်တော်ဆိုင်ကယ်တွင် အောက်ပါမီးများတပ်ဆင်ထားရမည်။

(၁) မော်တော်ဆိုင်ကယ်၏ရှေ့ဗဟိုတွင် မီးကြီးတလုံးသာတပ်ဆင်ရမည်။ ၎င်းမီးမှာ အဖြူရောင်ဖြစ်ပြီး မော်တော်ဆိုင်ကယ်၏ ဆလင်ဒါ ကုဗ ၁၀၀ စီစီ ထက် မပိုပါက ရှေ့သို့ အနည်းဆုံး ၁၂.၂ မီတာ (၄၀ ပေ) အထိ လည်းကောင်း၊ ဆလင်ဒါ ကုဗ ၁၀၀ စီစီ ကျော်၍ ၂၀၀ စီစီ ထက်မပိုပါက အနည်းဆုံး ၂၄.၄ မီတာ (၈၀ ပေ) အထိ လည်းကောင်း၊ ဆလင်ဒါ ကုဗ ၂၀၀ စီစီ ထက်ပိုပါက အနည်းဆုံး ၄၉ မီတာ (၁၆၀ ပေ) အထိ လည်းကောင်း အလင်းရောင်ပေးနိုင်ရမည်။

(၂) မော်တော်ဆိုင်ကယ်၏နောက်ဗဟိုတွင် အရောင်ပြန်ပြား အနီတခုနှင့် ဘရိတ်မီး အနီတလုံးတပ်ဆင်ထားရမည့်အပြင် နောက်နံပါတ်ပြား မီးအဖြူ တစ်လုံးပါရမည်။

(၃) မော်တော်ဆိုင်ကယ်၏ရှေ့နှင့်နောက်တွင် အဝါ ရောင်အချက်ပြမီးများ တပ်ဆင်ထားရမည်။

(၄) မော်တော်ဆိုင်ကယ်ဘေးတွဲ၏ ရှေ့အစွန်း တစ်ဘက်တွင် အဖြူရောင် သို့မဟုတ် အဝါရောင် ဘေးမီးငယ်တစ်လုံးတပ်ဆင်ထားရမည်။ ဘေးတွဲ၏နောက်မြီးအစွန်းတွင်လည်း ရောင်ပြန်ပြားအနီတစ်လုံးတပ်ဆင်ထားရမည်။

## ၄.၁၄ အလုပ်သမားရေးရာ

### ၄.၁၄.၁ အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)

ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အလုပ်သမား များ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေး ကောင်းမွန်စေရန်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာဖွဲ့စည်း ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

ပုဒ်မ (၁၈) အရ

အလုပ်ရှင်က အလုပ်သမားတစ်ဦးဦးအား အလုပ်မှ ထုတ်ပယ်ရာတွင် ထိုသို့အလုပ်မှ ထုတ်ပယ်သောအကြောင်းရင်းများသည် အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်မှု သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းတွင် လုပ်ဆောင်မှုနှင့် သက်ဆိုင်လျှင်ဖြစ်စေ၊ အလုပ်သမား ဥပဒေများနှင့် ညီညွတ်မှုမရှိဟု ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ အလုပ်သမားအဖွဲ့အစည်းသည် ထိုအလုပ်သမားအား အလုပ်ပြန်လည်ခန့်ထားပေးရန် သက်ဆိုင်ရာ အလုပ်ရှင်အား တောင်းဆိုခွင့်ရှိသည်။

ပုဒ်မ (၁၉) အရ

အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် အလုပ်သမားကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။ အလားတူ အဆင့်ဆင့် သောအလုပ်သမား အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် ဖျန်ဖြေရေးခုံရုံးများ သို့လည်း ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။

ပုဒ်မ (၂၀) အရ

အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားများနှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူ အလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ်သမားအဖွဲ့အစည်း၏ ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးခွင့် ရှိ သည်။

ပုဒ်မ (၂၁) အရ

အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဥပဒေများနှင့်အညီ အလုပ်သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

ပုဒ်မ (၂၂) အရ

အလုပ်သမားအဖွဲ့အစည်းများသည် အစည်းအဝေးများပြုလုပ်ခြင်း၊ သပိတ်မှောက်ခြင်းနှင့် စုပေါင်းအရေးဆိုခြင်းတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ငြိမ်းချမ်းစွာ ဆောင်ရွက်ရ မည်။

ပုဒ်မ ၄၄ တွင် အလုပ်ရှင်များသည်-

(က) အငြင်းပွားမှု တစ်ရပ်အတွက် ဝါဏိဇ္ဇပဋိပက္ခမှု ဖြစ်နေစဉ်အတွင်း ယင်းအငြင်းပွားမှုကို အကြောင်းပြု၍ အလုပ်ပိတ်ခြင်းမပြုရ။

(ခ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သည့် ဥပဒေနှင့် ဆန့်ကျင်သော အလုပ်ပိတ်ခြင်းမပြုရ။

(ဂ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သည့် ဥပဒေနှင့် ဆန့်ကျင်သော အလုပ်ပိတ်ခြင်းကို ငြင်းဆန်သည့် အလုပ်သမားအား အလုပ်မှ ထုတ်ပစ်ခြင်း မပြုရ။

(ဃ) ဤဥပဒေနှင့်အညီ အလုပ်သမား အဖွဲ့အစည်းတစ်ခုခု၏ လှုပ်ရှားမှုများကို ဆောက်ရွက်ရန် အလုပ်သမားအဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်း သို့မဟုတ် သပိတ်မှောက်ရာတွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် အလုပ်သမားတစ်ဦးအား အလုပ်မှ ထုတ်ပစ်ခြင်း မပြုရ။

ပုဒ်မ ၄၄ တွင် အလုပ်သမားများသည် -

(က) အငြင်းပွားမှု တစ်ရပ်အတွက် ဝါဏိဇ္ဇပဋိပက္ခမှု ဖြစ်နေစဉ်အတွင်း ယင်းအငြင်းပွားမှုကို အကြောင်းပြု၍ သပိတ်မှောက်ခြင်းမပြုရ။

(ခ) ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သော ဥပဒေနှင့် ဆန့်ကျင်၍ သပိတ် မှောက်ခြင်း မပြုရ။

ပုဒ်မ ၅၁ တွင် မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၄၃၊ ၄၄ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထပ်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၅၂ တွင် မည်သည့်အလုပ်သမားမဆို ပုဒ်မ ၄၅၊ ၄၆ နှင့် ၄၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

### ၄.၁၄.၂ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)

ဤဥပဒေကို အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအဖြစ် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အလုပ်ရှင်များသည် အလုပ်ခွင်တွင် စနစ်တကျ သင်တန်းများပေးခြင်းနှင့် ဝန်ထမ်းများအား ပြင်ပသင်တန်းများသို့စေလွှတ်ခြင်း၊ အလုပ်သမားများ၏ အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်သည်။

ပုဒ်မ ၁၁ အရ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အလုပ်အကိုင်များ၏ ကျွမ်းကျင်မှုစံများ ခွဲခြားသတ်မှတ်ခြင်း၊ ရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းခြင်း၊

(ခ) အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးမှုများ ခွဲခြားသတ်မှတ်၍ ကျွမ်းကျင်မှု လေ့ကျင့်ရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ဂ) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဆိုင်ရာ အစီအစဉ်များကို သတ်မှတ်ခြင်း၊

(ဃ) သင်တန်းကျောင်း သို့မဟုတ် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ဌာနများအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(င) ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရေးအစီအစဉ်များ ချမှတ် ခြင်း၊

(စ) အလုပ်သမားများအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ထူထောင်၍ စီမံခန့်ခွဲစေခြင်း။

(ဆ) မိမိဖွဲ့စည်းသော ကော်မတီများနှင့် ဆပ်ကော်မတီများကိုကြီးကြပ်ကွပ်ကဲခြင်း၊

ပုဒ်မ ၁၄ တွင် အလုပ်ရှင်သည် မိမိ၏လုပ်ငန်းတွင် ခန့်အပ်ရန်လျာထားသော အလုပ်သမားများနှင့် လုပ်ငန်း၌ လက်ရှိလုပ်ကိုင်လျက်ရှိသော အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အဆင့်မြင့်မားစေရန် လေ့ကျင့်ရေးအစီအစဉ်များကို လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ မူဝါဒနှင့် အညီ ဆောင်ရွက်ရမည်။

ပုဒ်မ ၁၅ တွင် အလုပ်ရှင်သည်-

(က) အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအဆင့်မြင့်မားစေရန် လေ့ကျင့်ရေး အစီအစဉ်များကို စီမံဆောင်ရွက်ရာ၌ လုပ်ငန်းတွင်သင်တန်းများ ဖွင့်လှစ် သင်ကြားခြင်း၊ လုပ်ငန်းခွင်၌ စနစ်တကျ လေ့ကျင့်သင်ကြားခြင်း၊ လုပ်ငန်းပြင်ပ သင်တန်းများသို့ စေလွှတ်ခြင်းနှင့် သတင်းအချက်နည်းပညာအသုံးပြုသော စနစ်ဖြင့် လေ့ကျင့်သင်ကြားခြင်းတို့ ပြုလုပ်ရာတွင် လုပ်ငန်းတစ်ခုခြင်းဖြစ်စေ၊ လုပ်ငန်းများပေါင်းစပ်၍ ဖြစ်စေ အလုပ်သမားတစ်ဦးခြင်း သို့မဟုတ် အုပ်စုလိုက် လေ့ကျင့်သင်ကြားစေရန် ဆောင်ရွက် နိုင်သည်။

(ခ) အသက် (၁၆) နှစ်ပြည့်ပြီးသော လူငယ်များအား အလုပ်သင်အဖြစ် ခန့်ထား၍ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလုပ် အကိုင်နှင့် သက်ဆိုင်သည့် အတတ်ပညာရပ်များကို စနစ်တကျ လေ့ကျင့်သင်ကြား စေရန် ဆောင်ရွက်နိုင်သည်။

### ၄.၁၄.၃ အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)

ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းတို့တွင် လုပ်ကိုင်လျက်ရှိကြသော အလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီစေရေးအတွက်လည်းကောင်း၊ အလုပ်သမားများ၏ လုပ်ငန်းစွမ်း ဆောင်ရည်မြင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးတို့အတွက်လည်းကောင်း ရည်ရွယ်၍ ဤဥပဒေကို အနည်းဆုံးအခကြေးငွေ ဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၇)၊ ၂၀၁၃ခုနှစ်၊ မတ်လ ၂၂ ရက် တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

ပုဒ်မ (၁၂) အရအလုပ်ရှင်သည်-

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေအောက် လျှော့နည်း၍ အလုပ်သမား အား အခကြေးငွေပေးခြင်းမပြုရ။

(ခ) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေထက် ပို၍ ပေးနိုင်သည်။

(ဂ) ဤဥပဒေအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာတွင် အနည်းဆုံးအခကြေးငွေမှ နုတ်ယူခွင့်ရှိသည် ဟု သတ်မှတ်ထားသော အခကြေးငွေမှအပ အခြားအခကြေးငွေကို နုတ်ယူခွင့်မရှိစေရ။

(ဃ) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင် နေသော အလုပ်သမားများအား အနည်းဆုံးအခကြေးငွေကို ငွေသားဖြင့် ပေးရမည်။ ထို့ပြင် သီးခြား အကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန်ရှိပါက သတ်မှတ်ချက်များနှင့် အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမား၏ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ပေးနိုင်သည်။

(င) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအား အနည်းဆုံးအခကြေး ငွေပေးရာတွင် ဒေသဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်း သဘောတူညီချက်အရဖြစ်စေ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ပေးနိုင်သည်။ ထိုသို့ပေးခြင်းသည် အလုပ်သမားနှင့် ယင်း၏မိသားစု ကိုယ်ရေးကိုယ်တာ အသုံးပြုမှုနှင့် အကျိုးအမြတ်တစ်စုံတစ်ရာအတွက် ဖြစ်ရမည့်အပြင် ပေးသည့် တန်ဖိုးမှာလည်း ကျိုးကြောင်းဆီလျော်ပြီး မျှတရမည်။

ပုဒ်မ (၁၃) အရ အလုပ်ရှင်သည်-

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားများအနက် လုပ်ငန်းနှင့်သက် ဆိုင်သော အနည်းဆုံးအခကြေးငွေနှုန်းထားများကို အလုပ်သမားများအား အသိပေးရမည့်အပြင် လုပ် ငန်းခွင်တွင် သက်ဆိုင်ရာအလုပ်သမားများ မြင်နိုင်စေရန် ကြော်ငြာထားရမည်။

(ခ) အလုပ်သမားများ၏စာရင်း၊ ဇယားနှင့်စာတမ်းအမှတ်အသားများ၊ အခကြေးငွေများကို သတ်မှတ် ချက်များနှင့်အညီ မှန်ကန်စွာမှတ်တမ်းပြုစုထားရှိရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ပြုစုထားရှိသော စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများကို သတ်မှတ် ချက် များနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနသို့ အစီရင်ခံရမည်။

(ဃ) စစ်ဆေးရေးအရာရှိက စစ်ဆေးရန် ဆင့်ဆိုသည့်အခါ သွားရောက်စစ်ဆေးခံရမည်။ ထို့ပြင် အဆိုပါ စာရင်းနှင့် မှတ်တမ်းများကို တောင်းခံသည့်အခါ တင်ပြရမည်။

(င) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းခွင်များသို့ စစ်ဆေးရေးအရာရှိက ဝင်ရောက်စစ်ဆေးခြင်းကို ခွင့်ပြုရမည်ဖြစ်ပြီး လိုအပ်သောအကူအညီများ ပေးရမည်။

(စ) အလုပ်သမားများ ဖျားနာ၍ အလုပ်မလုပ်ကိုင်နိုင်သည့်အခါ သတ်မှတ်ချက်များနှင့်အညီ ဆေးကုသ ရန် အလုပ်နားခွင့်ပေးရမည်။

### ၄.၁၄.၄ အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇၊ ၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၂၅ ရက် တွင် ဤဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

ပုဒ်မ (၃) အရအလုပ်ရှင်သည်-

(က) မိမိ၏လုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမားများ၏ အခကြေးငွေကို ပြည်တွင်းသုံး ငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့် နိုင်ငံခြားသုံး ငွေဖြင့်ဖြစ်စေ ပေးချေရမည်။ ထိုသို့ ပေးချေရာတွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်သဘောတူညီမှုဖြင့် ငွေသားဖြင့်ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဘဏ်စာရင်းသို့ဖြစ်စေ ပေးချေနိုင်သည်။

(ခ) အခကြေးငွေပေးချေရာတွင်-

(၁) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင် နေသော အလုပ်သမားများအား သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးချေရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့် ဖြစ်စေ၊ အလုပ်သမား၏ဆန္ဒအရ ငွေသားတစ်ချို့တစ်ဝက်နှင့် ဒေသ ပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတစ်ချို့တစ်ဝက် တွဲဖက်၍ ဖြစ်စေ ပေးချေနိုင်သည်။

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအား ဒေသ ဓလေ့ထုံးတမ်း အရဖြစ်စေ၊ အလုပ်သမား အများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက် အရဖြစ်စေ ငွေသားတစ်ချို့တစ်ဝက်နှင့်ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ် သော ပစ္စည်းတစ်ချို့တစ်ဝက် တွဲဖက်၍ ပေးချေနိုင်သည်။ ထိုသို့ပေးချေခြင်းသည် အလုပ်သမားနှင့် ယင်းမိသားစု ကိုယ်ရေးကိုယ်တာ အသုံးပြုမှုနှင့် အကျိုးအမြတ်တစ်စုံတစ်ရာအတွက် ဖြစ်ရမည့်အပြင် ပေးချေသည့် တန်ဖိုးမှာလည်း ကျိုးကြောင်းဆီလျော်ပြီး မျှတရမည်။

(ဂ) အလုပ်သမား တစ်ဦးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရသည့်အခါ ထိုအလုပ် သမားအား အထူးခွင့်အဖြစ် သတ်မှတ်ပြီး ရက်ပေါင်း (၆၀)အတွက် အခကြေးငွေ ထုတ်ပေးရမည်။

ပုဒ်မ (၄) အရအလုပ်ရှင်သည်-

(က) နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခု အတွက် သော်လည်းကောင်း၊ ယာယီအလုပ်သို့မဟုတ် ပုတ်ပြတ်အလုပ် တစ်ခုအတွက် သော်လည်းကောင်း အလုပ်ပြီးဆုံး သည့်အခါဖြစ်စေ၊ အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလ တွင်ဖြစ်စေ အခကြေးငွေပေးချေရမည်။

(ခ) ပုဒ်မခွဲ(က)အရ အခကြေးငွေပေးချေရန် အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလ အပိုင်းအခြားသည် တစ်လထက် မကျော်စေရ။

(ဂ) အမြဲတမ်းအလုပ်အတွက် အခကြေးငွေကို လစဉ်ပေးချေရမည်။ ထိုသို့ ပေးချေရာတွင်-

(၁) အလုပ်သမားဦးရေ ၁၀၀ ထက်မပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့် နေ့တွင်ပေးချေရမည်။

(၂) အလုပ်သမားဦးရေ ၁၀၀ ထက်ပိုပါက အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် နောက်အကျဆုံး ၄ ရက်အတွင်း ပေးချေရမည်။

(ဃ) အလုပ်သမားအား အလုပ်ရပ်စဲသည့်အခါ ပေးထိုက်သည့် အခကြေးငွေကို အလုပ်မှ ရပ်စဲခြင်းခံရသည့်နေ့မှ အလုပ်ဖွင့်ရက် နှစ်ရက်အတွင်း ပေးချေရမည်။

(င) အလုပ်သမားက အလုပ်ရှင်ထံ ကြိုတင်အကြောင်းကြားစာ ပေးပို့၍ မိမိဆန္ဒအရ အလုပ်မှ နုတ်ထွက်ပါက အခကြေးငွေ ပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးချေရမည်။

(စ) အလုပ်သမား သေဆုံးသည့်အခါ ထိုအလုပ်သမားအား ပေးထိုက်သည့် အခကြေးငွေကို သေဆုံးပြီးနောက် အလုပ်ဖွင့်ရက် နှစ်ရက်အတွင်း သေဆုံးသူ၏ တရားဝင်အမွေဆက်ခံသူထံသို့ ပေးချေရမည်။

(ဆ) အခကြေးငွေအားလုံးကို အလုပ်ဖွင့်သည့်နေ့ရက်တွင် ပေးချေရမည်။

ပုဒ်မ (၅) အရ

အလုပ်ရှင်သည် သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်လင့်သော ထူးခြားသည့် အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်သဖြင့် ပုဒ်မ၄၊ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးချေရန် အခက်အခဲရှိပါက အလုပ် သမားများ၏ သဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့်နေ့ရက်သို့ ပြောင်းလဲပေးချေမည် ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ တင်ပြရမည်။

ပုဒ်မ (၁၀) အရအလုပ်ရှင်သည်-

(က) ပုဒ်မ ၁၁ အရ ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ် တောက်ခြင်း မပြုမီ မည်သည့်ကိစ္စအတွက် မည်သို့မည်မျှ ဖြတ်တောက်မည်ကို ဦးစီးဌာန၏ ကြိုတင် ခွင့်ပြုချက် ရယူရမည်။

(ခ) ပုဒ်မခွဲ (က) ပါခွင့်ပြုချက်ကို သက်ဆိုင်ရာအလုပ်ရုံ၊ လုပ်ငန်းဌာန၌ အများမြင်သာသော နေရာများတွင် ကပ်ထားရမည်။

(ဂ) နုတ်ယူဖြတ်တောက်သည့် ပေးလျော်ရန် ဒဏ်ငွေမှာ အလုပ်သမား၏ လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှု တန်ဖိုးထက် မပိုစေရ။

(ဃ) ပုဒ်မ ၁၁ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင်-

(၁) အလုပ်သမားအား ထုချေဖြေရှင်းခွင့် တစ်စုံတစ်ရာမပေးဘဲ ထိုအခကြေးငွေမှနုတ်ယူ ဖြတ်တောက်ခြင်း မပြုရ။

(၂) အလုပ်သမား၏ လစဉ်အခကြေးငွေမှ တစ်လလျှင် ၅ရာခိုင်နှုန်း ထက်ပို၍ နုတ်ယူ ဖြတ်တောက် ခြင်းမပြုရ။



TOTAL BUSINESS SOLUTION CO., LTD.

(င) အသက် ၁၆ နှစ်အောက် အလုပ်သမားထံမှ ဒဏ်ငွေအဖြစ် လုံးဝနုတ်ယူ ဖြတ်တောက်ခြင်း မပြုရ။

(စ) ချမှတ်ထားသော ဒဏ်ငွေအား ပေးချေရမည့် ကာလသတ်မှတ်ချက်ကို အလုပ်ရှင်နှင့် အလုပ်သမား သဘော တူညီချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဆ) ပစ္စည်းဆုံးရှုံးမှုအတွက် ဖြတ်တောက်ငွေကို ဥပဒေအရ ဖွဲ့စည်းထားသည့် မြို့နယ် ညှိနှိုင်းဖျန်ဖြေ ရေးအဖွဲ့ဖြင့် ညှိနှိုင်းသဘောတူညီချက်အရ သတ်မှတ်အချိန်ကာလအတွင်း နုတ်ယူ ဖြတ်တောက်ရမည်။

(ဇ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့် ငွေများကို မှတ်တမ်းတွင် ရေးသွင်း၍ စနစ်တကျ ထိန်းသိမ်းထား ရမည်။

(ဈ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့်ငွေနှင့်စပ်လျဉ်း၍ လစဉ်အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(ည) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)အရ နုတ်ယူဖြတ်တောက်သည့် ဒဏ်ငွေများကို စက်ရုံရှိ တရားဝင် မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ အလုပ်သမားများ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၌ အသုံးပြုရမည်။

ပုဒ်မ (၁၁) အရ

အလုပ်ရှင်သည် အလုပ်သမား၏ အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအတွက် ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်-

(က) အလုပ်သမား၏ တမင်လျစ်လျူရှုမှု၊ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု ကြောင့်ဖြစ်စေ အလုပ်ရှင်က အလုပ်သမားအား ထိန်းသိမ်းစောင့်ရှောက်ရန် အတိအလင်း အပ်နှံထားသည့် တာဝန်ရှိသော ပစ္စည်းနှင့် ငွေကြေးတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှုသည် ထို အလုပ်သမား၏ ပေါ့ဆမှုနှင့် မှားယွင်းမှုကြောင့် တိုက်ရိုက်ပေါ်ပေါက်လာသည့် ပျက်စီးဆုံးရှုံးမှု၊

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ ဒဏ်ငွေသတ်မှတ်ထားသည့် အလုပ်ခွင် စည်းကမ်းချက် တစ်ရပ်ရပ်ကို အလုပ်သမားက ဖောက်ဖျက်မှု။

### ၄.၁၄.၅ အလုပ်သမားများ လျော်ကြေးငွေ အက်ဥပဒေ (၁၉၂၃)

အလုပ်သမားများ လျော်ကြေးငွေ အက်ဥပဒေကို ၁၉၂၃ ခုနှစ်တွင် ပြဋ္ဌာန်းထားပါသည်။ အခန်း(၂) တွင် အောက်ပါတို့ကို ဖော်ပြထားပါသည်။

ပုဒ်မ (၃) (က) အရ

အလုပ်သမားတစ်ဦးသည် အလုပ်လုပ်နေစဉ်တွင်အတွင်းတွင် မတော်တဆဖြစ်ပွားမှုကြောင့် ပုဂ္ဂိုလ် ရေးဆိုင်ရာ အနာတရထိခိုက်မှုဖြစ်ပွားပါက ဤအခန်းတွင် ဖော်ပြထားသည့် အချက်အလက်များအတိုင်း လျော်ကြေးပေးလျော်ရမည်။

ပုဒ်မ (၄) (က) အရ

အက်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းအောက်ပါ လျော်ကြေးငွေပမာဏကိုပေးလျော်ရမည်-

(က) ဒဏ်ရာအနာတရသည် သေသည်အထိဖြစ်ပါက

(ကက) အရွယ်ရောက်သူတစ်ဦးအတွက် အလုပ်သမား၏ လုပ်ခ လစာ (၃၆) ဆကို ဤ အက်ဥပဒေနှင့်အညီ ပေးလျော်ရမည်။

အနည်းဆုံးနှင့် အများဆုံး လျော်ကြေးငွေသည် ဖော်ပြပါ ကိစ္စရပ်များအတွက် အလုပ်သမားဝန်ကြီး ဌာနမှထုတ်ပြန်ပြီး အစိုးရမှ ခွင့်ပြုပေးထားသော အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် လျော်ကြေးငွေ ပမာဏကိုပေးလျော်ရမည်။

(ခခ) သေးဖွဲ့သောကိစ္စရပ်များအတွက် လျော်ကြေးငွေသည် ဖော်ပြပါ ကိစ္စရပ်များအတွက် အလုပ်သမား ဝန်ကြီး ဌာနမှထုတ်ပြန်ပြီး အစိုးရမှ ခွင့်ပြုပေးထားသော အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် လျော်ကြေးငွေ ပမာဏကိုပေးလျော်ရမည်။

(ခ) ဒဏ်ရာအနာတရသည် သက်တမ်းတစ်လျှောက်လုံးအတွက် မသန်စွမ်းသည်အထိဖြစ်ပါက

(ကက) အရွယ်ရောက်သူတစ်ဦးအတွက် အလုပ်သမား၏ လုပ်ခ လစာ (၃၆) ဆ၊ (၁၄၀) ရာခိုင်နှုန်းကို ဤ အက်ဥပဒေနှင့်အညီ ပေးလျော်ရမည်။

အနည်းဆုံးနှင့် အများဆုံး လျော်ကြေးငွေသည် ဖော်ပြပါ ကိစ္စရပ်များအတွက် အလုပ်သမားဝန်ကြီး ဌာနမှထုတ်ပြန်ပြီး အစိုးရမှ ခွင့်ပြုပေးထားသော အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် လျော်ကြေးငွေ ပမာဏကိုပေးလျော်ရမည်။

(ခခ) သေးဖွဲ့သောကိစ္စရပ်များအတွက် လျော်ကြေးငွေသည် ဖော်ပြပါ ကိစ္စရပ်များအတွက် အလုပ် သမား ဝန်ကြီး ဌာနမှထုတ်ပြန်ပြီး အစိုးရမှ ခွင့်ပြုပေးထားသော အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် လျော်ကြေးငွေ ပမာဏကိုပေးလျော်ရမည်။

### ၄.၁၄.၆ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)

ဤဥပဒေကို အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေအဖြစ် ၂၀၁၂ ခုနှစ်၊ မတ်လ ၂၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။ ဥပဒေ၏ ရည်ရွယ်ချက်မှာ အလုပ်ရှင်နှင့်အလုပ်သမား အငြင်းပွားမှုအား တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့် များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာ ရရှိခံစားနိုင်စေရန် ဖြစ်သည်။

ပုဒ်မ (၃၈) အရ

မည်သည့် အလုပ်ရှင်မျှ တောင်းဆိုတိုင်ကြားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း ဆွေးနွေး ညှိနှိုင်း ဖြေရှင်းရန် ခိုင်လုံသော အကြောင်းမရှိဘဲ ပျက်ကွက်ခြင်း မရှိစေရ။

ပုဒ်မ (၃၉) အရ

မည်သည့် အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှု စစ်ဆေးနေစဉ် ထိုအငြင်းပွားမှုမစမီ တစ်ဆက်တည်းအချိန်က ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်း မပြုရ။

ပုဒ်မ (၄၀) အရ

မည်သူမျှ အငြင်းပွားမှု တစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်း မပြုဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းမပြုရ။

ပုဒ်မ (၅၁) အရ

အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကို ဖြေရှင်းနေစဉ်အတွင်း လုံလောက်သော အကြောင်းမရှိဘဲ ကုန်ထုတ်လုပ်မှု ကျဆင်းစေခြင်းဖြင့် အလုပ်သမား၏ အကျိုးခံစားခွင့် လျော့နည်းစေရန် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခု ကျူးလွန်လျှင် ခုံမသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ဆုံးဖြတ်သည့် လျော်ကြေးငွေကို အပြည့်အဝ ပေးဆောင်ရမည်။ ယင်းငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့အရ ကောက်ခံရမည်။

### ၄.၁၄.၇ အလုပ်သမားရေးရာ အငြင်းပွါးမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၄)

ဤဥပဒေကို အလုပ်သမားရေးရာအငြင်းပွါးမှု ဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေအဖြစ် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ် ၄၀ဖြင့်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

အလုပ်သမားရေးရာအငြင်းပွါးမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀၏ခြေဆင်းစကားရပ်နှင့် ပုဒ်မခွဲ (က)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

''၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော် အပါအဝင်ပြည်ထောင်စုနယ်မြေတခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်နေပြည်တော် အပါအဝင် ပြည်ထောင်စုနယ်မြေတခုခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိမြို့နယ်များတွင် အငြင်းပွါးမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်။

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ဥက္ကဋ္ဌ နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က တာဝန်ပေးအပ်သူတစ်ဦး၊”

၃။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့”ဆိုသည့်စကားရပ်ကို “တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ် အစိုးရအဖွဲ့နှင့်

နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတခုခု၏ကောင်စီ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

၄။ အလုပ်သမားရေးရာအငြင်းပွါးမှု ဖြေရှင်းရေး ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)တွင် ပါရှိသော "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း" ဆိုသည့်စကားရပ်၏ရှေ့တွင် "နေပြည်တော်အပါအဝင်ပြည်ထောင်စု နယ်မြေတခုခုသို့မဟုတ်" ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရမည်။

၅။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေပုဒ်မ ၄၃၏ နောက်တွင် ပုဒ်မ ၄၃-က အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၃ -က။ ပုဒ်မ ၃၇ပါလိုက်နာရန် တာဝန်ရှိသူမည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိ ကောင်စီ၏ အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်ကိုလိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။"

၆။ အလုပ်သမားရေးရာ အငြင်းပွါးမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၆ တွင် ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၇။ အလုပ်သမားရေးရာအငြင်းပွါးမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၄၇ တွင် ပါရှိသော "ငွေဒဏ် ကျပ်သုံးသောင်းအထိ ချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ကို " ငွေဒဏ် ကျပ်ငါးသိန်းအထိ ချမှတ် နိုင်သည်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အလုပ်သမားရေးရာအငြင်းပွါးမှုဖြေရှင်းရေး ဥပဒေပုဒ်မ၄၈ တွင် ပါရှိသော "ငွေဒဏ် အနည်းဆုံးကျပ်တစ်သိန်းချမှတ်ရမည်" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံးကျပ်ငါးသိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အလုပ်သမားရေးရာအငြင်းပွါးမှုဖြေရှင်းရေး ဥပဒေပုဒ်မ၄၈၏ နောက်တွင် ပုဒ်မ ၄၈-ကအဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄၈-က။ ပုဒ်မ ၃၇ ပါလိုက်နာရန်တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၃-ကပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်ဆယ်သိန်းချမှတ်ရမည်။ လျော်ကြေးပေးထိုက်သည့် အကြောင်းပေါ်ပေါက်ပါက တရားရုံးက ချမှတ်သည့် ငွေဒဏ်မှ သင့်လျော်သော ငွေကိုလျော်ကြေးအဖြစ် နစ်နာသူအား ထုတ်ပေးရမည်။"

၁၀။ အလုပ်သမားရေးရာအငြင်းပွါးမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၄ ၏ နောက်တွင် ပုဒ်မ ၅၄-က အဖြစ်အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၅၄-က။ ပုဒ်မ ၄၂ ပါတားမြစ်ချက်မှ အပ ဤဥပဒေပါ အခြားတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုရာတွင် ခုံသမာဓိကောင်စီ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။"

### ၄.၁၄.၈ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ (၁၉၅၁)

ဤဥပဒေကို ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ အဖြစ် ၁၉၅၁ ခုနှစ်၊ နိုင်ဝင်ဘာလ ၂ရက် တွင် သမ္မတအိမ်တော်မှ ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

ပုဒ်မ (၃) အရ

(၁) အလုပ်ရှင်က၊ မိမိ၏ အလုပ်သမားအသီးသီးအား၊ သက်ဆိုင်ရာရာ အခကြေးငွေ၊ သို့တည်းမဟုတ် လစာငွေအပြည့်နှင့် အောက်ပါနေ့များကို အများ အလုပ်ပိတ်ရက်အဖြစ်ဖြင့် ခွင့်ပြုရမည်။

ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် နှစ်စဉ်ထုတ်ပြန်ကြေညာသည့် အများပြည်သူ အလုပ်ပိတ်ရက်များ။

(၂) အများပြည်သူအလုပ်ပိတ်ရက် တရက်သည်၊ ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့်ဖြစ်စေ၊ အခြားအများ အလုပ်ပိတ်ရက်နှင့်ဖြစ်စေ တိုက်ဆိုင်နေလျှင်၊ အခြားနေ့တနေ့ကို အများပြည်သူ အလုပ်ပိတ်ရက် အဖြစ်ဖြင့် ပြောင်းလဲ၍ခွင့်မပြုရ။ ထိုသို့တိုက်ဆိုင်သည့် အလုပ်ပိတ်ရက်ကို အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်သည်ဟု ယူဆရမည်။ သို့ရာတွင် အလုပ်သမားသည် အများပြည်သူ အလုပ်ပိတ်ရက်တွင် အလုပ်လုပ်ရလျှင်၊ ထိုအလုပ်သမားအား သက်ဆိုင်ရာအခြေခံ အခကြေးငွေကိုသော်၎င်း၊ အခြေခံလစာငွေကိုသော်၎င်း၊ ထိုနေ့အတွက် ပေးမြဲနှုန်း၏ နှစ်ဆရထိုက် စေရမည့်အပြင်၊ ရှားပါးစရိတ်ရနေလျှင် ထိုနေ့အတွက် ပေးမြဲနှုန်းအတိုင်း ရှားပါးစရိတ်ကို ရထိုက်စေရ မည်။

(၃) ဗုဒ္ဓဘာသာဝင်မဟုတ်သည့် အလုပ်သမားများအတွက် ထိုအလုပ်သမားများနှင့် အလုပ်ရှင်များ အချင်းချင်း သဘောတူညီချက်အတိုင်း သက်ဆိုင်ရာရာဘာသာရေး အခါကြီးရက်ကြီးများကို လစာမရှိ အလုပ်ပိတ်ရက် အဖြစ်ခွင့်ပြုနိုင်သည်။

(၄) အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တပတ်လျှင် အနည်းဆုံးတစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေအပြည့်ဖြင့် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ ခွင့်ပြုပေးရမည်။

### ၄.၁၄.၉ လူမှုဖူလုံရေး ဥပဒေ (၂၀၁၂)

ဤဥပဒေသည် လူမှုဖူလုံရေးဥပဒေ အဖြစ် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ရက် တွင် ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

ဥပဒေ၏ ရည်ရွယ်ချက်မှာ အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းအာမခံပြီး နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစု ဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု များကို ပိုမိုခံစားရရှိစေ ခြင်းဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန်ဖြစ်သည်။

ပုဒ်မ (၁၁) (က)အရ

(က) အောက်ပါလုပ်ငန်းဌာနများသည် အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ သတ်မှတ်ထားသော အနည်းဆုံး အလုပ်သမားဦးရေနှင့်အထက် အလုပ်လုပ်ကိုင်ပါက ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေ ရမည်-

(၁) စက်အား သို့မဟုတ် စွမ်းအားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ စီးပွားရေး လုပ်ငန်းလုပ်ကိုင်သော စက်မှုလက်မှု အလုပ်ဌာနများ၊ ပစ္စည်းထုတ်လုပ်မှု၊ ပြုပြင်မှု၊ ဝန်ဆောင်မှုလုပ်ငန်း များ သို့မဟုတ် အင်ဂျင်နီယာလုပ်ငန်း လုပ်ကိုင်သောလုပ်ငန်းများ၊ အလုပ်ရုံများ၊ သိုလှောင်ရုံများ၊ ဌာနများ၊

(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊

(၃) စည်ပင်သာယာရေး အဖွဲ့အစည်းများ၊

(၄) ငွေရေးကြေးရေး အဖွဲ့အစည်းများ၊

(၅) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်းများနှင့် ယင်းတို့၏ လက်အောက်ခံ လုပ်ငန်းဌာနများနှင့် ရုံးခွဲများ၊

(၆) ဆိုင်များ၊ ကုန်သွယ်အလုပ်ဌာနများ၊ အများပြည်သူဖျော်ဖြေရေး အလုပ်ဌာနများ၊

(၇) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ဒေသဆိုင်ရာ အုပ်ချုပ် ရေးအဖွဲ့အစည်းပိုင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ယင်းဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ဖြစ်စေ၊ ယင်းဌာန၊ အဖွဲ့အစည်းနှင့် ဖက်စပ်ဖြစ်စေ စီးပွားရေးအရ လုပ်ကိုင်သော သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊

(၈) အလုပ်ခန့်ထားမှု သဘောတူညီချက်ဖြင့် တစ်နှစ်နှင့်အထက် လုပ်ကိုင်သော ဆောက်လုပ်ရေး လုပ်ငန်းများ၊

(၉) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ လုပ်ကိုင်သော လုပ်ငန်းများ နှင့်ဖက်စပ် လုပ်ငန်းများ၊

(၁၀) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ သတ္တုတွင်းနှင့် ကျောက်မျက်ရတနာဆိုင်ရာ လုပ်ငန်းများ၊

(၁၁) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ လုပ်ငန်းများ၊

(၁၂) တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ ဆိပ်ကမ်းများနှင့် ပြင်ပဆိပ်ကမ်းများ၊

(၁၃) ကုန်တင်ကုန်ချ အလုပ်သမားများဖြင့် လုပ်ကိုင်သော လုပ်ငန်းအဖွဲ့အစည်းများ၊

(၁၄) အလုပ်သမားဝန်ကြီးဌာနနှင့် ယင်း၏လက်အောက်ခံဌာန၊ အဖွဲ့အစည်းများ၊

(၁၅) ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက် များနှင့် သက်ဆိုင်သည်ဟု အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာ သတ်မှတ်သော လုပ်ငန်းဌာနများ။

ပုဒ်မ (၁၅) (က)အရ

(က) လူမှုဖူလုံရေးရန်ပုံငွေတွင် အောက်ပါ ရန်ပုံငွေများပါဝင်သည်-

(၁) ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု ရန်ပုံငွေ၊

(၂) မိသားစုထောက်ပံ့မှုရန်ပုံငွေ၊

(၃) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ရန်ပုံငွေ၊

(၄) အလုပ်လက်မဲ့ အကျိုးခံစားခွင့် ရန်ပုံငွေ၊

(၅) ပုဒ်မ ၁၃၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ် (၂) အရ အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ မှတ်ပုံမတင်မနေရ မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးငွေပေးသွင်းရမည်ဟု သတ်မှတ်သော လူမှုဖူလုံရေး စနစ်အတွက် အခြားလူမှုဖူလုံရေး ရန်ပုံငွေများ၊

(၆) ပုဒ်မ ၁၃၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၂)အရ မိမိတို့၏ ဆန္ဒအလျောက် မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးငွေ ပေးသွင်းနိုင်သည်ဟု သတ်မှတ်သော အခြားလူမှုဖူလုံရေး ရန်ပုံငွေများ၊

(၇) လူမှုဖူလုံရေး အိမ်ရာစီမံကိန်း ရန်ပုံငွေ။

ပုဒ်မ (၁၈) (ခ)အရ

အလုပ်ရှင်သည် ဤဥပဒေအရ မိမိ၏ အလုပ်သမားက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေကို ယင်း၏လုပ်ခထဲမှနုတ်ယူပြီး မိမိကပေးသွင်းရမည့် ထည့်ဝင်ကြေးငွေနှင့်အတူ သက်ဆိုင်ရာလူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းရသည့် ကုန်ကျစရိတ်ကိုလည်း အလုပ်ရှင်ကကျခံရ မည်။

ပုဒ်မ (၄၈) (ခ) အရ

အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အတွက် မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိသော အလုပ်သမားများအတွက် အလုပ်ရှင်များသည် မိမိတို့၏ဆန္ဒအလျောက် မှတ်ပုံ တင်ပြီး အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေသို့ သတ်မှတ်ထားသော ထည့်ဝင်ကြေးငွေကို ပေး သွင်းပြီး အာမခံထားရှိနိုင်သည်။

ပုဒ်မ (၇၅) အရ

ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းဌာနများ၏ အလုပ်ရှင်သည်-

(က) အောက်ပါမှတ်တမ်းနှင့် စာရင်းများကို မှန်ကန်စွာပြုစုထားရှိပြီး သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်-

(၁) အလုပ်သမားများ နေ့စဉ်အလုပ်တက်ဆင်း မှတ်တမ်းနှင့် စာရင်းများ၊

(၂) အလုပ်သမား အသစ်ခန့်ထားခြင်း၊ အလုပ်သမားအား အလုပ်ပြောင်းလဲ၍ အလုပ်လုပ်စေခြင်း၊ အလုပ်ရပ်စဲခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်းနှင့် အလုပ်မှ နုတ်ထွက်ခြင်းမှတ်တမ်းများ၊

(၃) အလုပ်သမားအား ရာထူးတိုးမြှင့်ပေးခြင်းနှင့် လုပ်ခပေးခြင်း မှတ်တမ်းများ၊

(၄) အလုပ်ရှင်၊ မန်နေဂျာနှင့် အုပ်ချုပ်သူတို့၏မှတ်တမ်းနှင့်စာရင်းများ၊ ယင်းတို့အပြောင်းအလဲ မှတ်တမ်းများ။

(ဂ) အလုပ်မှတ်တမ်းနှင့် စာရင်းများကို ဤဥပဒေအရ လူမှုဖူလုံရေးရုံးချုပ်နှင့် ဒေသဆိုင်ရာ လူမှုဖူလုံ ရေးရုံး အဆင့်ဆင့်တို့က တာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အရာရှိက တောင်းဆိုသည့် အခါ တင်ပြရမည်။

## ၄.၁၅ ဆက်စပ် နည်းပဒေများ နှင့် ဥပဒေများ

### ၄.၁၅.၁ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ(၂၀၁၅)

ပြည်ထောင်စုလွှတ်တော်သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) နိုင်ငံပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များကို မီးဘေးနှင့်အခြားသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေး အတွက်ကာကွယ်ပေးရန်၊

(ခ) မီးသတ်တပ်ဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ မီးသတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရန်၊

(ဂ) မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ ကာကွယ်တားဆီးရေး၊ ရှာဖွေကယ်ဆယ်ရေးတို့ကို ဆောင်ရွက်ရန်၊

(ဃ) ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ ပြည်သူတို့၏ ပူးပေါင်း ဆောင်ရွက်မှုကိုရရှိရေးအ တွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊

(င) နိုင်ငံတော်လုံခြုံရေး၊ ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်ပါက ပါဝင်ကူညီဆောင်ရွက်ရန်။

ပုဒ်မ (၂၅) အရ

စက်ရုံ၊ အလုပ်ရုံ၊ ကားဂိုတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင် အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ-

(က) သီးသန့်မီးသတ်တပ်ဖွဲ့ဖွဲ့စည်းရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ထားရှိရန် ပျက်ကွက်ခြင်းမရှိစေရ။

### ၄.၁၅.၂ မြန်မာ့အာမခံ လုပ်ငန်း ဥပဒေ (၁၉၉၃)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၃ အရ ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၂၃ တွင်ပြဋ္ဌာန်းခဲ့သည်။

ရည်ရွယ်ချက်မှာ



TOTAL BUSINESS SOLUTION CO., LTD.

(က)ဖြစ်ပျက်တတ်သော ဘေးအန္တရာယ်များကြောင့် ပြည်သူများကြုံတွေ့နိုင်သည့် လူမှုရေး၊ စီးပွားရေး နစ်နာမှုများကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်အရ အာမခံထားခြင်းဖြင့် ငွေကြေးပြေလည်မှုရှိစေရန်ဖြစ်သည်။

(ခ) လူတစ်ဦးစီအလိုက် အသက်အာမခံထားခြင်းဖြင့် ငွေစုဆောင်းသည့် အလေ့အထတိုးပွားစေပြီး နိုင်ငံတော်၏ အရင်းအနှီးစုဆောင်းမှုကို အထောက်အကူပြုစေရန်၊

(ဂ) လူမှုရေး၊ စီးပွဦးရေး ဖွံ့ဖြိုးတိုးတက်လာသည့်နှင့်အညီ လိုအပ်လာမည့် အာမခံ အကာအကွယ် အမျိုးမျိုးကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် အာမခံစနစ်ကို ပြည်သူများ ယုံကြည်ကိုးစားမှု ရှိလာစေရန်။

ပုဒ်မ အရ (၁၅)

စက်တပ်ယာဉ်ပိုင်ရှင်များသည် မြန်မာ့အာမခံ၌ သူတစ်ပါးထိခိုက်မှု အာမခံ မထားမနေရ ထားရှိရမည်။

ပုဒ်မ (၁၆) အရ

နိုင်ငံပိုင်ပစ္စည်းများကိုဆုံးရှုံးမှု ဖြစ်စေနိုင်သော သို့မဟုတ် ပြည်သူတို့၏ အသက် အိုးအိမ်စည်းစိမ်ကို နစ်နာဆုံးရှုံးမှုဖြစ်စေနိုင်သော သို့မဟုတ် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေနိုင်သော လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သော လုပ်ငန်းရှင်သို့မဟုတ် အဖွဲ့အစည်းသည် မြန်မာ့အာမခံ၌ အထွေထွေ နစ်နာဆုံးရှုံးမှု ပေးလျော်ရန် အာမခံ မထားမနေရ ထားရှိရမည်။

### ၄.၁၅.၃ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၄၀) အရ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်တွင် ဤဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ဂ) ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊

(ဃ) လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊

(င) စွမ်းဆောင်ရည်မြင့်မားသည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊



TOTAL BUSINESS SOLUTION CO., LTD.

(စ) နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဆ) နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံအဆောက်အအုံများ အပါအဝင် ပညာရပ်နယ်ပယ် အသီးသီးတို့၌ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဇ) နိုင်ငံသားများအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ယှဉ်တွဲလုပ်ကိုင် ဆောင်ရွက်နိုင်စေရန်၊

(ဈ) နိုင်ငံတကာစံနှုန်းနှင့်ညီသော စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်း လာစေရန်။

ပုဒ်မ (၅၀) (ဃ)အရ

ရင်းနှီးမြှုပ်နှံသူသည် မြေငှားရမ်းခြင်းစာချုပ်အား စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း အက်ဥပဒေနှင့် အညီ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

ပုဒ်မ (၅၁) အရ

ရင်းနှီးမြှုပ်နှံသူသည်-

(က) နိုင်ငံတော်အတွင်း ၎င်း၏ရင်းနှီးမြှုပ်နှံမှုတွင် သတ်မှတ်အရည်အချင်းကိုက်ညီသည့် မည်သည့် နိုင်ငံသားကိုမဆို အကြီးတန်းစီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးအဖြစ် ဥပဒေများနှင့်အညီ ခန့်အပ်နိုင်သည်။

(ခ) အဆင့်ဆင့်သော စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနေရာတို့တွင် နိုင်ငံသားများအား ခန့်အပ်နိုင်ရန်အလို့ငှာ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်၍ အစားထိုးခန့်ထား ရမည်။

(ဂ) ကျွမ်းကျင်မှုမလိုသော လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရမည်။

(ဃ) နိုင်ငံခြားသားနှင့် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ ခန့်ထားရာတွင် အလုပ်သမားဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘော တူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး၍ ခန့်ထားရမည်။

(င) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အခွင့် အရေးနှင့် တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာစည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံး လုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံရေးနှင့် အလုပ်သမားများနှင့် သက်ဆိုင်သည့် အခြားအာမခံ ထားရှိခြင်းတို့ အပါအဝင် အလုပ်သမားဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ အခွင့်အရေးများ ရရှိရေး အတွက် ဆောင်ရွက်ပေးရမည်။

(စ) ရင်းနှီးမြှုပ်နှံမှုတွင် အလုပ်ရှင်အချင်းချင်း၊ အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှု များကို တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရမည်။

ပုဒ်မ (၆၅) အရ

(စ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏ သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲမှုကို ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ရ။

(ဆ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင် ကျင့်သုံးသည့် အကောင်းဆုံး စံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှု၊ နစ်နာမှုမဖြစ်စေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်ရမည်။

(ဇ) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာ စာရင်းဇယားများ၊ နှစ်ပတ်လည်ငွေစာရင်းများနှင့် လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတကာနှင့်ပြည်တွင်းအသိအမှတ်ပြု စာရင်းကိုင်စံနှုန်းများနှင့် အညီ ကောင်းမွန်စွာ ပြုစုမှတ်တမ်းတင် ထားရှိရမည်။

(ဈ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ဖောက်ဖျက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု အပြီးပိတ်သိမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရပ်ဆိုင်းခြင်း၊ လုပ်သားအင်အား လျှော့ချခြင်းတို့ အတွက် အလုပ်သမားများအား တည်ဆဲဥပဒေများနှင့်အညီ နစ်နာကြေးပေးပြီးမှသာ ရင်းနှီးမြှုပ်နှံမှုကို ရပ်ဆိုင်းပိတ်သိမ်းရမည်။

(ည) ခိုင်လုံသော အကြောင်းပြချက်ဖြင့် ရင်းနှီးမြှုပ်နှံမှု ယာယီပိတ်သိမ်းရပါက ပိတ်သိမ်း ထားရသည့် ကာလအတွင်း အလုပ်သမားများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများ စသည်တို့နှင့်အညီ လုပ်ခ၊ လစာ ပေးရမည်။

(ဋ) အလုပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု၊ ကိုယ်အင်္ဂါအစိတ်အပိုင်း ချို့ယွင်းဆုံးရှုံးမှု၊ ရောဂါရရှိမှု၊ သေဆုံးမှုတို့ ဖြစ်ပွားသော အလုပ်သမားများအတွက် သက်ဆိုင်ရာ အလုပ်သမား သို့မဟုတ် အမွေဆက်ခံ ခွင့်ရှိသူအား တည်ဆဲဥပဒေနှင့်အညီ ရထိုက်သည့် နစ်နာကြေးနှင့် လျော်ကြေးကို ပေးရမည်။

(ဌ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုတွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသားကျွမ်းကျင် ပညာရှင် များနှင့် ကြီးကြပ်သူများ၊ မိသားစုဝင်များသည် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြား ချက်များ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လေးစားလိုက်နာရန် ကြပ်မတ်ရမည်။

(ဍ)အလုပ်သမားရေးရာ ဥပဒေများကို လေးစားလိုက်နာရမည်။

(ဎ) ဥပဒေနှင့်အညီ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိရမည်။

(ဏ) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ပါ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်ချက်အရ ဆောင်ရွက်ခြင်းမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုနှင့်မသက်ဆိုင်သော သစ်တောများ ခုတ်ထွင်ခြင်း၊ သဘာဝ သယံဇာတများ တူးဖော်ခြင်း စသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေခြင်းနှင့် လူမှုစီးပွားအပေါ် ဆိုးရွားမှုများ ဖြစ်ပေါ်စေပါက အဆိုပါ ဆိုးရွားနစ်နာမှုအတွက် ထိရောက်သည့် လျော်ကြေးကို နစ်နာသူ ထံသို့ ပေးလျော်ရမည်။

(တ) ကော်မရှင်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား စစ်ဆေးကြည့်ရှုရန် ကြိုတင်အကြောင်းကြား လာပါက မည်သည့်နေရာကိုမဆို ဝင်ရောက်စစ်ဆေးရန် ခွင့်ပြုပေးရမည်။

(ထ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများသည် ဆန်းစစ် ခြင်းများ မလုပ်ဆောင်မီ ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ဦးစွာရယူရမည်။ ဤသို့ ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရယူထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် ၎င်းတို့ လုပ်ငန်းဆောင်ရွက်နေသည့် ကာလတစ်လျှောက်လုံး လိုအပ်သည့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေး ထိခိုက်မှုဆန်းစစ်ချက်များ ဆောင်ရွက်မှုအခြေအနေများကို ကော်မရှင်သို့ တင်ပြရမည်။

### ၄.၁၅.၄ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ (၂၀၁၇)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ၂၀၁၇ ခုနှစ် မတ်လ ၃၀ ရက်တွင် ထုတ်ပြန်လိုက်သည်

ပုဒ်မ (၂၀၂) နှင့် (၂၀၃) အရ

ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်သည့်အခါ ခွင့်ပြုမိန့်နှင့် အခြားသက်ဆိုင် သည့် ဥပဒေများတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များအားလုံးကိုလိုက်နာရမည်။

ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကြောင့် ထိခိုက်နစ်နာရသူများအတွက် သက်ဆိုင် ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အပြည့်အဝ ကူညီဆောင်ရွက်ပေးရမည်။

ပုဒ်မ (၂၀၆) အရ

ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားသား ကျွမ်းကျင်သူအား ဥပဒေပုဒ်မ ၅၁ (က) အရ အကြီးတန်း စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူ သို့မဟုတ် အကြံပေးအဖြစ် ခန့်အပ်လိုပါက အဆိုပါ နိုင်ငံခြားသားကျွမ်းကျင်သူ၏ နိုင်ငံကူးလက်မှတ်၊ ကျွမ်းကျင်မှု အထောက်ထား သို့မဟုတ် ဘွဲ့လက် မှတ်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့နှင့်အတူ ကော်မရှင်ရုံးသို့ တင်ပြလျှောက်ထား၍ ခွင့်ပြု ချက်ရယူရမည်။

ပုဒ်မ (၂၁၂) အရ

ခွင့်ပြုမိန့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းသဘာဝအပေါ်မူတည်၍ အောက်ပါအာမခံအမျိုးအစားများ အနက်သက်ဆိုင်သည့် အာမခံအမျိုးအစားကို နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် အာမခံထားရှိရမည်-

(က) ပစ္စည်းနှင့်စီးပွားရေးလုပ်ငန်းရပ်ဆိုင်းမှုအာမခံ၊

(ခ) အင်ဂျင်နီယာလုပ်ငန်းအာမခံ၊

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာတာဝန်ရှိမှုအာမခံ၊

(ဃ) ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊

(င) ရေကြောင်းအာမခံ၊

(စ) အလုပ်သမားလျော်ကြေးအာမခံ။

### ၄.၁၅.၅ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇)

ဤဥပဒေကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအဖြစ် ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေပြဋ္ဌာန်းချက်များ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များနှင့် အညီ စနစ်တကျ ဆောင်ရွက်စေရန်၊

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ဆောင်ရွက်စေနိုင်ရန်၊

(ဂ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွတ်လပ်၍မျှတသော ဈေးကွက် ယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက်စေရန်၊

(ဃ) နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရန်၊

(င) နိုင်ငံတော်အတွက် အခွန်အခများရရှိစေရန်။

ပုဒ်မ (၉) အရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း ၍အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများ ကို လိုင်စင်ထုတ်ပေးခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ လိုင်စင် လျှောက်ထားပုံ နည်းလမ်းများ၊ ခွင့်ပြုမည့်အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ် ခြင်း၊

(ဂ) ရေကြောင်းမှတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်းဆောင်ရွက်သည့် ရေယာဉ်နှင့်တွဲများ အတွက် ဆိပ်ကမ်းများသတ်မှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ကြီးကြပ်ခြင်း၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ရေကြောင်းမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်ရာတွင် ယိုဖိတ်မှုနှင့် မတော်တဆမှု ဖြစ်ပွားပါက တည်ဆဲဥပဒေများနှင့် အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(င) ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်းမှအပဖြစ်သည့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကိုသတ်မှတ်ခြင်း။

ပုဒ်မ (၁၀)အရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုး မျိုး နှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွက် သိုလှောင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကိုသယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများ အတွက် သယ်ယူခွင့်ခွင့်ပြုမိန့်ကို ထုတ်ပေးခြင်း၊

(ဂ) ပုဒ်မခွဲ (က) ပါ လိုင်စင်နှင့် ပုဒ်မခွဲ (ခ) ပါ ခွင့်ပြုမိန့်တို့အတွက် လျှောက်ထားရန် ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လျှောက်ထားပုံနည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေ များကိုသတ်မှတ်ခြင်း၊

(ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု များ ဖြစ်ပွားပါက ကွင်းဆင်းစစ်ဆေးခြင်း တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူ ဆောင်ရွက်ခြင်း၊

(င) သိုလှောင်ကန်နှင့် သိုလှောင်ရုံများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်တွဲများရှိ သိုလှောင်ကန်များ၏ စံချိန်စံညွှန်းအရည်အသွေးနှင့် သက်ဆိုင်သည့် လုပ် ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းသတ်မှတ်ခြင်း။

ပုဒ်မ (၁၁) အရ

ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးပါရှိသည့် ထုပ်ပိုးထည့်သွင်းပစ္စည်း အားလုံးတွင် တံဆိပ်နှိပ်ခြင်း၊ ဖောင်းကြွပုံဖော်ခြင်း၊ ဆေးဖြင့်ရေးသားခြင်း၊ ပုံနှိပ်ခြင်းတို့ဖြင့် ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အန္တရာယ်သတိပေးချက်ကို ဖော်ပြရမည်။ ထိုသို့ ဖော်ပြရန်မဖြစ်နိုင်ပါကထုတ်ပိုးထည့်သွင်း ပစ္စည်းအနီး၌ ခတ်ဆီ၊ အရက်ပျံ သို့မဟုတ် ရေနံ၏ဘေးအန္တရာယ်ရှိသည့်

သဘာဝကိုသတိပေးသည့် အလားတူသတိပေးချက်ကို မြင်သာသည့်နေရာတွင် ထင်ရှားသော စာလုံးများဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။

### ၄.၁၅.၆ လျှပ်စစ်ဥပဒေ (၂၀၁၄)

ဤဥပဒေသည် လျှပ်စစ်ဥပဒေ အဖြစ် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လျှပ်စစ်ဆိုင်ရာကိစ္စရပ်များကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်း နိုင်စေရန်နှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်၊

(ခ) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများအပြင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ပိုမိုအားပေးရန်၊

(ဂ) လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာနှင့် ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်ရန်၊

(ဃ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်စေရန်၊

(င) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာစေရန်၊

(စ) ခေတ်နှင့်လျော်ညီသောလျှပ်စစ်ဓာတ်အားခ နှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် မျှတသော၊ ပွင့်လင်းမြင်သာသော၊ ကျိုးကြောင်းဆီလျော်သော နည်းဥပဒေများ၊ စည်းမျဉ်းများ ရေးဆွဲပြဋ္ဌာန်းပေးနိုင်ရန်၊

(ဆ) လျှပ်စစ်ဓာတ်အားသုံးစွဲသူများသည် စံချိန်စံညွှန်းနှင့် ကိုက်ညီသော ဗို့အားနှင့် ကြိမ်နှုန်းရှိသည့် လျှပ်စစ်ဓာတ်အားကို အသုံးပြုခွင့်ရရှိစေရန်နှင့် စံချိန်စံညွှန်း မကိုက်ညီသော လျှပ်စစ်ဓာတ်အားကြောင့် သုံးစွဲသူများ၏ လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးရခြင်းမှ အကာအကွယ်ပေးနိုင်ရန်၊

(ဇ) မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနိုင်ငံတကာစာချုပ်များနှင့်အညီ လေးစားလိုက်နာဆောင်ရွက်မှုရှိစေရန်။

### ၄.၁၅.၇ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ (၂၀၁၆)

ဤဥပဒေသည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအဖြစ် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ဖွံ့ဖြိုး တိုးတက်စေရန်အတွက် စနစ်တကျကြီးကြပ်ကွပ်ကဲ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရန် အတွက် ပုဂ္ဂလိကခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ရန်၊

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျရှိရေးနှင့် ဖွံ့ဖြိုးတိုးတက် စေရန်အတွက် ဥပဒေနှင့်အညီ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ ထုတ်ပြန်၍ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်၊

(ဃ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ထိခိုက် စေနိုင်သည့် အကြောင်းများ လျော့ပါးစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်ရန်၊

(င) မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(စ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာသဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ စနစ်တကျ ချောမွေ့စွာ ဆောင်ရွက် နိုင်ရန်။

### ၄.၁၅.၈ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၃)

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ ကို ၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၃၁ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် ၂၁ဖြင့် ပြဋ္ဌာန်းခဲ့သည်။ ဥပဒေ၏ရည်ရွယ်ချက်သည်

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးရေး အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို စနစ်တကျထိရောက် လျင်မြန်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်း ပြည်ပ အစိုးရဌာန၊ အစိုးရ၏အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြား အဖွဲ့အစည်းများနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြား ဒေသတွင်း အဖွဲ့အစည်းများနှင့် လည်းကောင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝ ပတ်ဝန်းကျင်ကို ပြန်လည် ထိန်းသိမ်း ကာကွယ်ရန်၊

(င) ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ ရရှိစေရေး အတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါသည်

### ၄.၁၅.၉ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂)

နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံ ဥပဒေကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ(၂)ရက် နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းခဲ့သည်။ ဥပဒေ ၏ရည်ရွယ်ချက်မှာ-

နိုင်ငံတော်၏ ကြွယ်ဝသော သယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများ လောက်ငစွာ သုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့ တင်ပို့ရောင်းချ နိုင်စေရန်၊ လုပ်ငန်းများ တိုးတက် ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါများ လာစေရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊ အခြေခံ အဆောက်အအုံများဖြစ်သော ဘဏ်နှင့်ငွေကြေးဆိုင်ရာ လုပ်ငန်းများ၊ အဆင့်မြင့် လမ်းမကြီးများ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ထားသည့် အဝေးပြေး လမ်းများ၊ အမျိုးသား လျှပ်စစ်နှင့်စွမ်းအင် ထုတ်လုပ်ရေးလုပ်ငန်းများ၊ ခေတ်မီ သတင်းအချက်အလက် နည်းပညာအပါအဝင် အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးစေရန်၊ ဆက်သွယ်ရေး ကွန်ရက်များ၊ နိုင်ငံတကာအဆင့်မီ ရထား၊ သင်္ဘော၊ လေယာဉ်စသည့် ပို့ဆောင်ရေးလုပ်ငန်းများ အပါအဝင် ပညာရပ်နယ်ပယ်အသီးသီး နိုင်ငံတော်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံသားများ နိုင်ငံတကာနှင့် ယှဉ်တွဲလုပ်ကိုင် ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတကာ စံနှုန်းနှင့် အညီ စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ် ပါသည်။

### ၄.၁၅.၁၀ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၃)

နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင်လ (၂၉) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈ဖြင့်ပြဋ္ဌာန်းခဲ့သည်။

နိုင်ငံတော်၏ကြွယ်ဝသော သံယံဇာတ ပစ္စည်းများကို ဖော်ထုတ်၍ပြည်သူများလောက်ငစွာ သုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့ တင်ပို့ရောင်းချ နိုင်စေရန်၊ လုပ်ငန်းများ တိုးတက် ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါများ လာစေရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊ အခြေခံအဆောက်အအုံ အပါအဝင် နိုင်ငံတော်ဒေသအသီးအသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့်မြန်မာနိုင်ငံသားပိုင်စီးပွါးရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများပေါ်ထွန်းလာစေရန် ရည်ရွယ်ပါသည်။

### ၄.၁၅.၁၁ ကုန်သွယ်ခွန်ဥပဒေ (၁၉၉၀)

ဤကုန်သွယ်ခွန် ဥပဒေကို မတ်လ ၃၁ ရက် ၁၉၉၀-၉၁ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရပါမည်။

အခွန်ကျသင့်စေခြင်းနှင့် အခွန်ပေးဆောင်ရန် တာဝန်ရှိစေခြင်းအတွက် မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဇယား၌ ဖော်ပြထားသည့် အတိုင်းအခွန်ကျသင့်စေရမည်။

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း

(ခ) ကုန်စည်တင်သွင်းခြင်း

(ဂ) ကုန်သွယ်မှု ဆောင်ရွက်ခြင်း



TOTAL BUSINESS SOLUTION CO., LTD.

(ဃ) ဝန်ဆောင်မှု ဆောင်ရွက်ခြင်း

ပုဒ်မ(၄) အရ ကျသင့်သော အခွန်

(က) ကုန်စည်တင်သွင်းခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူက ပေးဆောင်ရမည်

(ခ) ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းချခြင်းသို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည်ထုတ်လုပ်မှု သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်သူသို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူ က ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မှီ ရောင်းရငွေသို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မှီ ရငွေနှင့်အတူ ကုန်စည်ကို ဝယ်ယူသူသို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကို တစ်ပါတည်းကောက်ခံပြီးပေးဆောင်ရမည်။

(ဂ) ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေပါ အထူးကုန်စည်များဖြစ်ပါက ကုန်ထုတ်လုပ်သူ၊ ကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။

မည်သည့်နှစ်အတွက်ဆို ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေဖြင့်

(က) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါဖော်ပြချက်များကိုဖြစ်စေ အခွန်နှုန်းများကို ဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုနိုင်ပါသည်။

(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေသို့မဟုတ် ဝန်ဆောင်မှု ရငွေ ပမာဏကို သတ်မှတ်နိုင်သည်။

ဤ ကပေဒေပြဌာန်းချက်များသည် ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်း တခုခုက ဘာသာရေးသို့မဟုတ် ကုသိုလ်ရေးကိစ သက်သက်အတွက် ထုတ်လုပ်ရောင်းချသည့် ကုန်စည် သို့မဟုတ် ဆောင်ရွက်သည့် ဝန်ဆောင်မှုအတွက် အကျိုးမသက်ရောက်စေရ။

ရှင်းလင်းချက်။ ကုသိုလ်ရေးဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့်သဘာဝဘေးအနရာယ် ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေး သည့် အများပြည်သူ အကျိုးအတွက်ထောက်ပံ့ပေးကမ်းခြင်းများပါဝင်သည်။

### ၄.၁၅.၁၂ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)

ပို့ကုန်သွင်းကုန် ဥပဒေကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ် ၁၇ ဖြင့် ပြဋ္ဌာန်းခဲ့သည် ဥပဒေ၏ ရည်ရွယ်ချက်မှာ_

(က) နိုင်ငံတော်၏ စီးပွါးရေးဆိုင်ရာအခြေခံမူများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

(ခ) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပို့ကုန်သွင်းကုန် ဆိုင်ရာ မူဝါဒများကို ချမှတ်နိုင်ရန်၊

(ဂ) နိုင်ငံတော်၏ ပို့ကုန်သွင်းကုန်ဆိုင်ရာမူဝါဒများနှင့် ဆောင်ရွက်ချက်များသည် နိုင်ငံတကာ ကုန်သွယ်မှုစံများနှင့် အညီဖြစ်စေရန်

(ဃ) ပို့ကုန်သွင်းကုန် ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ချောမွေ့လွယ်ကူ မြန်ဆန်စေရန်။



TOTAL BUSINESS SOLUTION CO., LTD.

# အခန်း (၅)

# အနီးပတ်ဝန်းကျင်အခြေအနေ

စီမံကိန်းနှင့် အနီးပတ်ဝန်းကျင် ဧရိယာကို လေ့လာမှုများ ပြုလုပ်ရာတွင် ပတ်ဝန်းကျင် အနေအထားများအား ဂြိုလ်တုဓါတ်ပုံမှ တဆင့် ကြိုတင် လေ့လာခြင်း၊ လေ့လာမည့် ဧရိယာ သတ်မှတ်ခြင်း၊ ဧရိယာအတွင်း ကွင်းဆင်းလေ့လာခြင်းနှင့် လိုအပ်သော ပတ်ဝန်းကျင် အရည်အသွေး တိုင်းတာခြင်း တို့ကို ပြုလုပ်ပါသည်။

ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် စီမံကိန်းဧရိယာ၏ အနီးဝန်းကျင်ကို လေ့လာရမည့် အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ရူပဆိုင်ရာပတ်ဝန်းကျင် လေ့လာခြင်း၊

၂။ ဇီဝဆိုင်ရာပတ်ဝန်းကျင် လေ့လာခြင်း၊

၃။ လူမှုစီပွားရေးဆိုင်ရာ လေ့လာခြင်း၊

၄။ ယဉ်ကျေးမှုဆိုင်ရာ နှင့် အနီးဝန်းကျင် အနေအထားများကို လေ့လာခြင်းတို့ဖြစ်ပါသည်။

ပတ်ဝန်းကျင်ဆိုင်ရာ အနေအထားများကို လေ့လာရာတွင် စက်ရုံ၏ အနေအထားအရ (၃ ကီလိုမီတာ) ပတ်လည်အတွင်းကို သတ်မှတ်၍ လေ့လာခဲ့ပါသည်။ လေ့လာခဲ့သည့် ဧရိယာ အတွင်းပြ မြေပုံကိုလည်း အောက်ပါ ပုံ ၅-၁ တွင်ဖော်ပြထားပါသည်။




**ပုံ ၅-၁ လေ့လာခဲ့သည်ဧရိယာအတွင်းပြမြေပုံ**

## ၅.၁ ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုအတွက် ကိုးကားရန် အချက်များ

လေ့လာဆန်းစစ်မှုတွင် တွေ့ရှိရသော ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ အတွက် ကိုးကားရန် အချက်များကို ဇယား ၅-၁ တွင်ဖော်ပြထားပါသည်။ အဆိုပါ အချက်များထဲမှ လေထုအရည်အသွေး၊ ရေထု အရည်အသွေး၊ ဆူညံသံ၊ ဂေဟစနစ်၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်သော အချက်အလက်များ ကို ကွင်းဆင်းလေ့လာမှုများ အပြင် ဓါတ်ခွဲ စမ်းသပ်မှုများပါ ပြုလုပ်ရပါမည်။

**ဇယား ၅-၁ ပတ်ဝန်းကျင် ထိခိုက်နိုင်မှုများ အတွက် ကိုးကားရန် အချက်များ**

| အမျိုးအစား | အချက်အလက် | လေ့လာရမည့် အချက် | လေ့လာရန်နည်းစနစ် |
|---|---|---|---|
| ညစ်ညမ်းမှု | လေထု | ဖုန်ပမာဏTSP, PM10 | High volume air sampler ခေါ်စက်ဖြင့် စမ်းသပ်ခြင်း |
| | ရေအရည်အသွေး | ကျန်းမာရေးထိခိုက်စေနိုင်သော အချက်များ | နမူနာကောက်ယူခြင်းနှင့်ဓါတ်ခွဲစမ်းသပ်ခြင်း |
| | ဆူညံသံ | စက်ရုံလုပ်ငန်းလည်ပတ်ချိန် | ဆူညံမှုအားတိုင်းတာသည့်စက်ဖြင့်တိုင်းတာခြင်း |
| | စွန့်ပစ်ပစ္စည်း | စွန့်ပစ်ပစ္စည်းပမာဏ | ဆောက်လုပ်စဉ်ကာလနှင့်လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်းစွန့်ပစ်ပစ္စည်းများတိုင်းထွာမှု(သို့)အလားတူစီမံကိန်းများမှ ကိုးကားရန် |
| သဘာဝ ပတ်ဝန်းကျင် | ဂေဟစနစ် | အပင်နှင့် အကောင် | မေးမြန်းခြင်းနှင့်ကိုးကားခြင်း |
| | ဇလဗေဒ | မိုးလေဝသနှင့်မုန်တိုင်း အခြေအနေ | သက်ဆိုင်ရာဌာနမှရယူခြင်း |
| လူမှုဝန်းကျင် | နေထိုင်မှုနှင့် အသက်မွေးမှု | စီမံကိန်း၏ပတ်ဝန်းကျင်ရှိနေထိုင်မှုနှင့် အသက်မွေးမှုအခြေအနေ | ကွင်းဆင်းလေ့လာမှု |
| | လက်ရှိလူမှုအဆောက်အဦနှင့် သွားလာရေး | စီမံကိန်း၏ပတ်ဝန်းကျင်တွင်လက်ရှိလူမှုအဆောက်အဦနှင့် သွားလာရေး | ကွင်းဆင်းလေ့လာမှု |
| | ရေသုံးစွဲမှု | ရေလိုအပ်မှု | |
| | ယဉ်ကျေးမှုအမွေ အနှစ်များ | စီမံကိန်း၏ပတ်ဝန်းကျင်ရှိယဉ်ကျေးမှု အမွေအနှစ်များ | ကွင်းဆင်းလေ့လာမှု |
| | ကူးစက်ရောဂါ | AIDS/HIVနှင့် အခြားကူးစက်ရောဂါ များကိုကာကွယ် ရန်အချက်များ | သက်ဆိုင်ရာဌာနမှတွက်ချက်ထားသော ရလဒ်နှင့်စီမံခန့်ခွဲမှုများလေ့လာခြင်း |

| အမျိုးအစား | အချက်အလက် | လေ့လာရမည့် အချက် | လေ့လာရန်နည်းစနစ် |
|---|---|---|---|
| | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး | လုပ်သားများဘေးအန္တရာယ်ကင်းရှင်းရေး | လုပ်ငန်းခွင် အန္တရာယ်ဖြစ်ပေါ်စေနိုင်သော |

## ၅.၂ ရူပဆိုင်ရာပတ်ဝန်းကျင်လေ့လာခြင်း

ရူပဆိုင်ရာပတ်ဝန်းကျင် လေ့လာရာတွင် စီမံကိန်းဧရိယာ အနီးဝန်းကျင်၏ မြေမျက်နှာသွင်ပြင် နှင့် ပထဝီအခြေအနေ၊ ဘူမိဗေဒဆိုင်ရာ အခြေအနေ၊ ရာသီဥတု အခြေအနေ၊ လက်ရှိ တည်ရှိနေသော အဆောက်အဦများနှင့် လက်ရှိ ပတ်ဝန်းကျင် အရည်အသွေး တိုင်းတာမှု တို့ဖြစ်ပါသည်။

### ၅.၂.၁ စီမံကိန်း၏အနီးဝန်းကျင်တွင်ရှိသောအဆောက်အဦများ

စီမံကိန်းစက်ရုံ အနီးဝန်းကျင်တွင် ဌာနဆိုင်ရာ နှင့် ပုဂ္ဂလိက အဆောက်အဦများ ဖြစ်သော နည်းပညာမြှင့်တင်ရေး သင်တန်းကျောင်း(ပညာရေးဝန်ကြီးဌာန)၊ ကုန်ထုတ်ဌာန (ပြည်ထဲရေးဝန်ကြီးဌာန)၊ ပလတ်စတစ်စက်ရုံ (မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)၊ ပီနံအိတ်စက်ရုံ၊ ကြိမ်စက်ရုံ၊ ကျောက်ခွဲစက်၊ အထပ်သားစက်ရုံ နှင့် ဘဲလင်းပင်မ ဓာတ်အားခွဲရုံ (လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန) တို့ရှိပါသည်။ စီမံကိန်းအနီး စီမံကိန်းအနီး တည်ရှိနေသော အဆောက်အဦများကို ပုံ ၅-၂ တွင် ဖော်ပြထားပါသည်။




ပုံ ၅-၂ စီမံကိန်းအနီးဝန်းကျင်ရှိအဆောက်အဦများပြပုံ

## ၅.၂.၂ မြေမျက်နှာသွင်ပြင် နှင့် ပထဝီအခြေအနေ

မြန်မာနိုင်ငံတွင် မြေမျက်နှာသွင်ပြင် အနေအထား ၄မျိုးရှိသည်။ အနောက်ဘက်နှင့် မြောက်ဘက်တွင် ပင်လယ်ရေ မျက်နှာပြင်အထက် ၁၈၃၀ မှ ၆၀၀၀ မီတာ အထိ မြင့်သော တောင်တန်း၊ တောင်ကုန်းများ ဝန်းရံလျက် ရှိပါသည်။ ဘင်္ဂလား ပင်လယ်အော်နှင့် ရခိုင်ရိုးမကြားတွင် ရခိုင်ကမ်းမြောင် ဒေသ ရှိပါသည်။ အရှေ့ဘက်ရှိ ရှမ်းကုန်းပြင်မြင့်များသည် ယေဘုယျအားဖြင့် အမြင့် ၉၁၀ မီတာ ရှိပြီး တောင်ဘက် တနင်္သာရီ ရိုးမသို့ သွယ်တန်း လျက်ရှိပါသည်။ တနင်္သာရီရိုးမ သည် ၈၀၀ ကီလိုမီတာ ရှည်ပြီး အရှေ့တောင်ဘက်ရှိ မလေးကျွန်းဆွယ်သို့ သွယ်တန်းနေသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ သည် အရှေ့ဘက်တွင် စစ်တောင်းမြစ်၊ အနောက်ဘက်တွင် ဧရာဝတီမြစ်နှင့် ၎င်း၏ မြစ်လက်တက် ဖြစ်သော ချင်းတွင်းမြစ်တို့က ဝန်းရံထားသောကြောင့် စိုက်ပျိုးရေးဖြစ်ထွန်းသည်။ တောင်ဘက်တွင် တည်ရှိသော ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသနှင့် စစ်တောင်း မြစ်ဝကျွန်းပေါ် ဒေသတို့သည် ၂၅၉၀၀ စတုရန်း ကီလိုမီတာ ကျယ်ဝန်းပြီး ကမ္ဘာ့စပါးကျီကြီး တစ်ခု အဖြစ် ရပ်တည်နေပါသည်။

ကားမက်(စ်) စက်ရုံသည် မန္တလေးတိုင်း စဥ့်ကိုင်မြို့တွင်တည်ရှိပြီး ကျောက်ဆည် တက္ကသိုလ်မှ အရှေ့တောင်ဘက်၂ မိုင်ခန့်နှင့် ဧရာဝတီမြစ်၏ မြစ်လက်တက် ဖြစ်သော မြစ်ငယ်မြစ်မှ တောင်ဘက် ၆ မိုင်ခွဲခန့် အကွာတွင် ရှိပါသည်။ စဥ့်ကိုင်မြို့ အရှေ့ဘက်ခြမ်းတွင် ရှမ်းရိုးမတောင်တန်း၏ တောင်စွယ်များ တည်ရှိပြီး အခြားနေရာများမှာ ညီညာပြန့်ပြူးသော လွင်ပြင်ဒေသ ဖြစ်ပါသည်။ မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်သည် အရှေ့မှ အနောက်သို့ ဖြတ်သန်း စီးဆင်းလျှက် ရှိပြီး ပန်းလောင်မြစ်၊ ဇော်ဂျီမြစ်တို့သည် တောင်မှ မြောက်သို့ စီးဆင်းလျှက် ရှိပါသည်။ စွန်ရဲအင်း နှင့် မင်းလှကန် တို့မှာလည်း ထင်ရှားသော ရေကန်များ ဖြစ်ပြီး ထိုကန်များမှ စိုက်ပျိုးရန် ရေကို ရယူသုံးစွဲ လျှက်ရှိပါသည်။

စီမံကိန်း စက်ရုံသည် မြေနိမ့်ပိုင်းတွင် တည်ရှိပြီး အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် တောင်တန်းများ ဝန်းရံလျက်ရှိပါသည်။ ထိုတောင်တန်းများမှာ အရှေ့မှ အနောက် သို့ သွယ်တန်းလျက်ရှိပြီး မတ်စောက်၍ အမြင့် မီတာ ၁၃၆မှ ၄၄၇ မီတာ ခန့်ရှိပါသည်။ ထိုစက်ရုံ၏ တောင်ဘက်တွင် ညီညာပြန့်ပြူးသော မြေမျက်နှာသွင်ပြင် အနေအထားရှိပြီး အမြင့် ၇၆ မီတာမှ ၁၃၅ မီတာခန့် ရှိပါသည်။ ပထဝီအခြေအနေနှင့် မြေမျက်နှာသွင်ပြင် အနေအထားကို အောက်ပါ ပုံ ၅-၃ တွင် ဖော်ပြထားပါသည်။




**ပုံ ၅-၃ ပထဝီနှင့် မြေမျက်နှာသွင်ပြင်ပြမြေပုံ**

## ၅.၂.၃ ဘူမိဗေဒဆိုင်ရာအခြေအနေ

စဉ့်ကိုင်မြို့နယ်သည် မန္တလေးတိုင်း ဒေသကြီးတွင် တည်ရှိပါသည်။ မြေအောက် ကျောက်လွှာ အနေအထားမှာ မီးသင့်ကျောက်၊ အသွင်ပြောင်းကျောက် နှင့် အနည်ကျကျောက်များ ရှိပါသည်။ စီမံကိန်း ဧရိယာအတွင်းတွင် Holocenc သက်တမ်းရှိ မြေနုကျောက်လွှာဖြစ်သော အနည်ကျကျောက်များဖြင့် ဖွဲ့စည်းထားသော မြေအနေအထားကို လေ့လာတွေ့ရှိခဲ့ပါသည်။ ဧရာဝတီမြစ်၏ မြေနုကျွန်းများတွင် ဧရာဝတီ သဲများပါဝင်ပြီး ရွှံ့စေးများလည်း ပါဝင်ပါသည်။ မန္တလေးဝန်းကျင် ဘူမိဗေဒပြ မြေပုံကို **ပုံ ၅-၄** တွင် ဖော်ပြထားပါသည်။




Source: Myanmar Geosciencist Society (MGS) 2014

## ပုံ ၅-၄ ဘူမိဗေဒအခြေအနေပြပုံ

## ၅.၂.၄ ရာသီဥတုအခြေအနေ

စီမံကိန်းစက်ရုံ တည်ရှိသော စဉ့်ကိုင်မြို့နယ်သည် သမပိုင်း ရာသီဥတု ရှိပြီး အမြင့်ဆုံး အပူချိန်မှာ ၃၇.၆၆ ံC နှင့် အနိမ့်ဆုံး အပူချိန်မှာ ၁၀ ံC ဖြစ်ပါသည်။ နှစ်အလိုက် ဖြစ်ပေါ်ခဲ့သော မိုးရေချိန် နှင့် အပူချိန်ကို အောက်ပါ ဇယား ၅-၂ တွင် ဖော်ပြထားပါသည်။

**ဇယား ၅-၂ စဉ့်ကိုင်မြို့နယ်၏ နှစ်အလိုက်မိုးလေဝသအခြေအနေ**

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်းမိုးရေချိန် (လက်မ) | နွေရာသီ ℃ (အမြင့်ဆုံး) | ဆောင်းရာသီ ℃ (အနိမ့်ဆုံး) |
| ၁ | ၂၀၁၂ | ၂၄ | ၁၇.၅၃ | ၃၈ | ၂၈ |
| ၂ | ၂၀၁၃ | ၃၈ | ၃၇.၀၇ | ၃၈ | ၂၈ |
| ၃ | ၂၀၁၄ | ၂၆ | ၂၄.၁၉ | ၃၈ | ၂၈ |
| ၄ | ၂၀၁၅ | ၂၉ | ၂၆.၆၃ | ၃၈ | ၂၈ |
| ၅ | ၂၀၁၆ | ၃၇ | ၃၃.၇၃ | ၃၈ | ၂၈ |
| ၆ | ၂၀၁၇ | ၄၅ | ၃၉.၈၁ | ၃၈ | ၂၈ |

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်းမိုးရေချိန် (လက်မ) | နွေရာသီ ℃ (အမြင့်ဆုံး) | ဆောင်းရာသီ ℃ (အနိမ့်ဆုံး) |
| ၇ | ၂၀၁၈ | ၃ | ၂.၀၆ | ၃၈ | ၂၈ |

*အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ စဉ့်ကိုင်မြို့နယ်။

## ၅.၃ ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာခြင်းနှင့် ကွင်းဆင်းလေ့လာခြင်း

ပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး တိုင်းတာမှုနှင့် နမူနာ ကောက်ယူမှုတို့ အတွက် သတ်မှတ်ထားသော (၂ကီလိုမီတာ) ပတ်လည်အတွင်းတွင် ကွင်းဆင်း လေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်(ပုံ ၅-၅)။ တိုင်းတာမှု ပြုလုပ်ခဲ့သည့် အကြောင်းအရာများကို အောက်ဖော်ပြပါ ဇယား ၅-၃ တွင် ဖော်ပြထားပါသည်။




ပုံ ၅-၅ ပတ်ဝန်းကျင်အခြေခံအချက်အလက်ကောက်ယူမှုပြမြေပုံ

ဇယား ၅-၃ တိုင်းတာခဲ့သည့်အကြောင်းအရာ

| အကြောင်းအရာ | တိုင်းတာမှု | သဘာဝနှင့်လူမှုပတ်ဝန်းကျင်ဆိုင် ရာ လေ့လာချက် | နေရာ |
|---|---|---|---|
| လေအရည်အသွေးတိုင်းတာမှု | ၂၄ နာရီ | ဖုန်ထွက်ရှိမှုပမာဏ (TSP၊ PM10) | စက်ရုံဝန်း အတွင်း |

| အကြောင်းအရာ | တိုင်းတာမှု | သဘာဝနှင့်လူမှုပတ်ဝန်းကျင်ဆိုင်ရာ လေ့လာချက် | နေရာ |
|---|---|---|---|
| ရေအရည်အသွေးတိုင်း တာမှု | သောက်သုံးရေ အရည်အသွေး | မြေအောက်ရေ | စက်ရုံသုံး (အဝီစိတွင်း) |
| ဆူညံသံတိုင်းတာမှု | နေ့အချိန်၊ ညအချိန် | ဆူညံသံပမာဏ | စက်ရုံဝန်း အတွင်း |
| ဒေသဆိုင်ရာအချက် အလက်ကောက်ယူမှု | စဥ့်ကိုင်မြို့နယ် အတွင်း | လူမှုစီးပွားရေး အခြေအနေ | အထွေထွေအုပ်ချုပ်ရေး မှူး ရုံးမှရယူသည် |
| ဇီဝဆိုင်ရာအချက် | စဥ့်ကိုင်မြို့နယ် အတွင်း | ဇီဝဆိုင်ရာ ပတ်ဝန်းကျင် အခြေအနေ | ကျောက်ဆည် တက္ကသိုလ်မှရယူသည် |

## ၅.၃.၁ ပထမအကြိမ်လေအရည်အသွေးတိုင်းတာခြင်း

စီမံကိန်း ဧရိယာတွင်း လေထုထဲတွင် လွင့်မျောနေသော ဖုန်မှုန့် ပမာဏ (TSP) နှင့် (PM၁၀) ကို တိုင်းတာမှု ပြုလုပ်ခဲ့ပါသည်။ လေအရည်အသွေး တိုင်းတာရခြင်းမှာ လေထုထဲ တွင် လွင့်မျောနေသော ဖုန်မှုန့်ကြောင့် စီမံကိန်း ဧရိယာ အနီးဝန်းကျင်တွင်ရှိသောဝန်ထမ်းများ နှင့် ပြည်သူလူထု အပေါ် ထိခိုက်နိုင်ခြေ ရှိ၊ မရှိကို တိုင်းတာခြင်း ဖြစ်ပါသည်။ တိုင်းတာမှုကို ၁၉.၃.၂၀၁၈ နေ့တွင် ၂၄ နာရီကြာ တိုင်းတာခဲ့ပါသည်။

### ၅.၃.၁.၁ လေအရည်အသွေးတိုင်းတာမှုပုံစံ

**Total Suspended Particulate (TSP)**

TSP ဆိုသည်မှာ ပတ်ဝန်းကျင်လေထုထဲတွင် လွင့်ပျံနေသော ဖုန်မှုန့်၏ ပမာဏကို ခေါ်ပါသည်။ တိုင်းတာရယူပုံမှာ High Volume Air Sampler ခေါ် လေစုပ်စက်ဖြင့် ပတ်ဝန်းကျင်လေများကို လေစုပ်အား တစ်မိနစ်တွင် 1.4m3နှုန်းဖြင့် glass fiber filter စာရွက်ကို အသုံးပြုပြီး ၂၄ နာရီကြာ ဖုန်မှုန့်များကို စုပ်ယူခဲ့ပါသည်။

**Particulate Metter Less Than 10 Micrometer ($PM_{10}$)**

PM10 ဆိုသည်မှာ ပတ်ဝန်းကျင်လေထုထဲတွင် လွင့်ပျံနေသော ဖုန်မှုန့်၏ အရွယ်အစား သည် 10µm (10 micrometer size-selective inlet (SSI)) ထက်သေးငယ်မှုကို ဆိုလိုပါသည်။ (PM10) တိုင်းတာရာတွင်လည်း (TSP) ကဲ့သို့ တိုင်းတာ ရယူပါသည်။ သို့သော် လေစုပ်အားကို တစ်မိနစ်တွင် 1.13m3 နှုန်းဖြင့် ၂၄ နာရီကြာ စုပ်ယူခဲ့ပါသည်။

### ၅.၃.၁.၂ တိုင်းတာသည့်နေရာ

လေအရည်အသွေး စောင့်ကြည့်တိုင်းတာမှုကို စက်ရုံဝန်းအတွင်းပြုလုပ်ခဲ့ပါသည်။ တိုင်းတာနေချိန် (၂၄) နာရီအတွင်းတွင် စက်ရုံပြုပြင် မွမ်းမံခြင်း၊ အသေးစားဆောက်လုပ်ရေးများ တည်ဆောက်ခြင်းနှင့် ညနေပိုင်းတွင် လုပ်သားများ ဘောလုံးကန်ခြင်း စသည်တို့ ပြုလုပ်နေခြင်းများရှိပါသည်။ စောင့်ကြည့် တိုင်းတာမှု ခတ်ပုံ ကို အောက်တွင် ပုံ ၅-၆ ဖော်ပြထားပါသည်။

ပုံ ၅-၆ လေအရည်အသွေး နမူနာကောက်ယူမှုပုံ

### ၅.၃.၁.၃ လေ့လာသုံးသပ်မှုရလဒ်

တိုင်းတာမှုမှ ရရှိလာသော ရလဒ်ကို ပတ်ဝန်းကျင် လေအရည်အသွေး စံနှုန်းများဖြစ်သော အမျိုးသားပတ်ဝန်းကျင် အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် နှင့် ကမ္ဘာ့ဘဏ်တို့မှ စံနှုန်းများနှင့် နှိုင်းယှဉ်လေ့လာခဲ့သည် စံနှုန်းများကို အောက်ပါ ဇယား ၅-၄ တွင် ဖော်ပြထားပါသည်။

**ဇယား ၅-၄ နိုင်ငံတကာနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ လေအရည်သွေးဆိုင်ရာစံနှုန်း**

| လေအရည်အသွေး တိုင်းတာမှု | အချိန် | ယူနစ် | (NEQG*) | ကမ္ဘာ့ဘဏ် |
|---|---|---|---|---|
| TSP | -၂၄ နာရီ | µg/m³ | - | ၂၃၀ |
| PM10 | -၂၄ နာရီ | µg/m³ | ၅၀ | - |

*အမျိုးသား ပတ်ဝန်းကျင် အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်

**TSP ရလဒ်**

၂၄ နာရီ တိုင်းတာခဲ့သည့် လေထုထည်တွင် လွင့်ပျံ့နေသော TSP ပါဝင်မှု ပမာဏသည် ၂၃၃ µg/m3 ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်၏ သတ်မှတ် စံနှုန်းထက် သိသိသာသာများနေခြင်း မရှိကြောင်းတွေ့ရှိရပါသည်။

**PM10 ရလဒ်**

၂၄ နာရီ တိုင်းတာခဲ့သည့် လေထုထည်တွင် လွင့်ပျံ့နေသော PM10 ပါဝင်မှု ပမာဏသည် ၁၅၈ µg/m3 ဖြစ်ပါသည်။ အမျိုးသားပတ်ဝန်းကျင် အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ သတ်မှတ် စံနှုန်းထက် သိသိသာသာများနေသည်ကိုတွေ့ရပါသည်။

TSP နှင့် PM10 ရလဒ်များအား ပတ်ဝန်းကျင်စံနှုန်းများဖြင့် နှိုင်းယှဉ်ဖော်ပြထားမှုကို အောက်ပါ ဇယား ၅-၅ ဖြင့်ပြထားပါသည်။

**ဇယား ၅-၅ လေအရည်အသွေးရလဒ်**

| လေအရည်အသွေး တိုင်းတာမှု | အချိန် | ယူနစ် | ရလဒ် | (NEQG*) | ကမ္ဘာ့ဘဏ် |
|---|---|---|---|---|---|
| TSP | ၂၄ နာရီ | $\mu g/m^3$ | ၂၃၃ | - | ၂၃၀ |
| PM10 | ၂၄ နာရီ | $\mu g/m^3$ | ၁၅၈ | ၅၀ | - |

*အမျိုးသား ပတ်ဝန်းကျင် အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်

## ၅.၃.၂ ဒုတိယအကြိမ်လေအရည်အသွေးတိုင်းတာခြင်း

မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ လိုအပ်ချက်အရ စီမံကိန်း ဧရိယာတွင်း လေထုထဲတွင် လွင့်မျောနေသော ဖုန်မှုန့်ပမာဏ $CO_2$, CO, $CH_4$, $NO_2$, $O_3$, $PM_{10}$, $PM_{2.5}$, $SO_2$ and VOCs များကို Haz-ScannerTM Model EPAS စက်ဖြင့် တိုင်းတာခဲ့ပါသည်။ လေအရည်အသွေး တိုင်းတာရခြင်းမှာ မော်တော်ဆိုင်ကယ်တပ်ဆင်လုပ်ငန်းလုပ်ကိုင်ရာတွင် ထွက်ပေါ် လာသော ဖုန်မှုန့်ကြောင့် စီမံကိန်းဧရိယာ အနီးဝန်းကျင်တွင်ရှိသော ဝန်ထမ်းများနှင့် ဒေသခံပြည်သူအပေါ် ထိခိုက်နိုင်ခြေ ရှိ၊ မရှိကို တိုင်းတာခြင်း ဖြစ်ပါသည်။ တိုင်းတာမှုကို မြောက်လတ္တီတွဒ် ၂၁° ၄၀' ၄၄.၆၈" နှင့် အရှေ့လောင်ဂျီတွဒ် ၉၆° ၉' ၂၉.၁၆" တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်မှ ၂၆ ရက်နေ့အထိ ၂၄နာရီကြာတိုင်းတာမှု ပြုလုပ်ခဲ့ ပါသည်။

### ၅.၃.၂.၁ တိုင်းတာသည့်နေရာလေ့လာသုံးသပ်မှုရလဒ်

တိုင်းတာမှုမှ ရရှိလာသောရလဒ်ကို ပတ်ဝန်းကျင်လေအရည်အသွေး စံနှုန်းများဖြစ်သော အမျိုးသား ပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် စံနှုန်းများနှင့် နှိုင်းယှဉ် လေ့လာခဲ့ သည်။ တိုင်းတာရရှိလာသောရလဒ်များသည် လမ်းညွှန်ချက်အတွင်း ရှိနေသည်ကိုတွေ့ရှိခဲ့ရပါသည်။ သို့သော် ပတ်ဝန်းကျင် ထိခိုက်မှု မဖြစ်ပေါ်စေရန်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် လျော့ချရေးနည်းလမ်းများကို အခန်း (၅) တွင် ဖော်ပြထား ပါသည်။ တိုင်းတာမှုရလဒ်များကို အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်(၂၀၁၅) ဖြင့် နှိုင်းယှဉ်ဖော်ပြထားမှုကို အောက်ပါ ဇယား ၅-၆ တွင် အသေးစိတ်ဖော်ပြထားပါသည်။

**ဇယား ၅-၆ လေအရည်အသွေးရလဒ်**

| No. စဉ် | Parameters တိုင်းတာသည့် အရည်အသွေး | Result ရလဒ် | Unit ယူနစ် | Sampling Duration ပျှမ်းမျှကာလ | | *Guideline value ထုတ်လွှတ်မှုစံနှုန်း | Avg.Period ပျှမ်းမျှကာလ |
|---|---|---|---|---|---|---|---|
| 1. | Carbon dioxide (CO2) ကာဗွန်ဒိုင်အောက်ဆိုဒ် | ၄၀၉.၉၈ | ppm | ၂၄ | နာရီ | NG | - |
| 2. | Carbon monoxide (CO) ကာဗွန်မိုနောက်ဆိုဒ် | ၇၄.၅၈ | µg/m³ | ၂၄ | နာရီ | NG | - |
| 3. | Methane (CH4) မီသိန်း | ၂၁၂,၈၈ | ppm | ၂၄ | နာရီ | NG | - |
| 4. | Nitrogen dioxide (NO2) နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | - | µg/m³ | - | နာရီ | - | ၁နှစ် |
| | | ၄၅.၀ | µg/m³ | ၁ | နာရီ | ၂၀၀ µg/m³ | ၁နာရီ |
| 5. | Ozone (O3) အိုဇုန်း | ၈၇.၃ | µg/m³ | ၈ | နာရီ | ၁၀၀ µg/m³ | ၈နာရီ |
| 6. | Particulate Matter (PM10) လေထုထဲရှိ အမှုန်အမွှား | ၁၄.၃၃ | µg/m³ | ၂၄ | နာရီ | ၅၀ µg/m³ | ၂၄-နာရီ |
| 7. | Particulate Matter (PM2.5) လေထုထဲရှိ အမှုန်အမွှား | ၈.၀၂ | µg/m³ | ၂၄ | နာရီ | ၂၅ µg/m³ | ၂၄-နာရီ |
| 8. | Sulphur dioxide (SO2) ဆာလဖာဒိုင်အောက်ဆိုဒ် | ၁၄.၅၁ | µg/m³ | ၂၄ | နာရီ | ၂၀µg/m³ | ၂၄-နာရီ |
| 9. | Volatile Organic Compound (VOCs) | ၁.၂၅ | ppb | ၂၄ | နာရီ | NG | - |
| 10. | Humidity စိုထိုင်းစ | ၆၉ | %RH | ၂၄ | နာရီ | - | ၂၄-နာရီ |
| 11. | Temperature အပူချိန် | ၃၂.၃ | °C | ၂၄ | နာရီ | - | - |
| 12. | Wind Speed လေတိုက်နှုန်း | ၁.၂ | m/s | ၂၄ | နာရီ | - | - |
| 13 | Win Direction လေတိုက်ရာအရပ် | ၆၀ | Deg | ၂၄ | နာရီ | - | - |

စီမံကိန်း၏ လေထုအရည်အသွေး တိုင်းတာမှု ရလဒ်အား လေ့လာ သုံးသပ်ရာတွင် တိုင်းတာမှု ရလဒ်များသည် အမျိုးသား ပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန် ချက်များ အတွင်းရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ တိုင်းတာမှု ရလဒ်များကို ပုံ ၅-၇ မှ ပုံ ၅-၁၂ အထိ ဖော်ပြထားပါသည်။




ပုံ ၅-၇ $SO_2$ and CO တို့၏ တိုင်းတာမှုရလဒ်




ပုံ ၅-၈ $PM_{10}$ and $PM_{2.5}$ တို့၏ တိုင်းတာမှုရလဒ်




ပုံ ၅-၉ $CH_4$ and $CO_2$ တို့၏ တိုင်းတာမှုရလဒ်




ပုံ ၅-၁၀ $O_3$ ၏ တိုင်းတာမှုရလဒ်




ပုံ ၅-၁၁ $NO_2$ ၏ တိုင်းတာမှုရလဒ်




ပုံ ၅-၁၂ VOC ၏ တိုင်းတာမှုရလဒ်

## ၅.၃.၃ လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်း

လေတိုက်ရာအရပ်နှင့်လေတိုက်နှုန်းကို တိုင်းတာရခြင်း၏ရည်ရွယ်ချက်မှာ စီမံကိန်း လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိသော ဖုန်မှုန့်များသည်မည်သည့်အရပ်ဒေသသို့ ပျံ့လွင့်နိုင်ခြင်း၊ စီမံကိန်းအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုသည့်လုပ်ငန်းများ လုပ်ဆောင်ရာတွင် ပေါင်းစပ်ထိခိုက်မှုများ အားခွဲခြား သုံးသပ်နိုင်ရန်၊ လေသင့်ရာလမ်းကြောင်းများတွင် လေကာပင်များ စနစ်တကျ စိုက်ပျိုးနိုင်ရန် နှင့် အနီးပတ်ဝန်းကျင်သို့ ပတ်ဝန်းကျင် အရည်အသွေးထိခိုက်မှု လျော့ချနိုင်ရန်ဖြစ်ပါသည်။

### ၅.၃.၃.၁ တိုင်းတာသည့်နည်းလမ်း

လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းကို စီမံကိန်း ဧရိယာ၏ မြောက်လတ္တီတွဒ် ၂၁° ၄၀ ’၄၄.၆၈” ၊ အရှေ့လောင်ဂျီတွဒ် ၉၄° ၉ ’၂၉.၁၆ ”တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်မှ ၂၆ ရက်နေ့အထိ ၂၄ နာရီကြာတိုင်းတာမှု ပြုလုပ်ခဲ့ ပါသည်။ တိုင်းတာသည့် တည်နေရာပြမြေပုံ ကို ပုံ ၅-၁၃ တွင် ဖော်ပြထား၍ တိုင်းတာသည့် ရလဒ်ပုံ ကို ပုံ ၅-၁၄ နှင့် ပုံ ၅-၁၅ တွင်ဖော်ပြထားပါသည်။




ပုံ ၅-၁၃ လေတိုက်နှုန်းနှင့် လေတိုက်ရာ အရပ် တိုင်းတာသည့် နေရာ




ပုံ ၅-၁၄ လေတိုက်ရာအရပ်နှင့်လေတိုက်နှုန်းပြပုံ




ပုံ ၅-၁၅ လေတိုက်နှုန်းအမျိုးအစားပြပုံ

### ၅.၃.၃.၂ တိုင်းတာမှုရဒ်

စီမံကိန်း၏ လေတိုက်ရာအရပ်များတွင် အရှေ့မြောက်အရပ်သို့ သိသိသာသာ တိုက်ခတ်၍ တိုက်ခိုက်နှုန်းမှာ ၁.၂ မီတာပါစက္ကန့် နှုန်းဖြင့် တိုက်ခတ်နေ ပါသည်။ သို့သော် ဖုန်မှုန့်များ ပျံ့လွင့်သွားနိုင်သော လမ်းကြောင်းတွင် လယ်ကွင်းများနှင့် မြေလွတ်မြေရိုင်းများသာ ရှိသောကြောင့် ဖုန်မှုန့်များသည် အဝေးသို့ အလွယ်တကူပျံ့လွင့်နိုင်မှု ရှိနိုင်ပါသည်။

### ၅.၃.၄ ဆူညံသံတိုင်းတာမှု

ဆူညံသံ တိုင်းတာမှုကို (၂)ကြိမ်ခွဲ၍ ပြုလုပ်ခဲ့ပါသည်။ ၂၄.၂.၂၀၁၈ နေ့တွင် စီမံကိန်း၏ ပင်မစက်ရုံအတွင်း ပြုပြင်မွမ်းမံနေချိန် စက်ရုံအတွင်း တစ်ကြိမ်နှင့် ၁၉.၃.၂၀၁၈ နေ့တွင် စီမံကိန်း ဧရိယာအတွင်း တစ်နေရာ နှင့် လုပ်ငန်း လည်ပတ်သည့် စက်ရုံတွင်း တစ်နေရာ စုစုပေါင်း နေရာ နှစ်နေရာကို နောက်ထပ် တစ်ကြိမ်ထပ်မံ တိုင်းတာခဲ့ပါသည်။ တိုင်းတာမှုတွင် စဉ်ဆက်မပြတ် ဖြစ်ပေါ်သော အသံလှိုင်း ပမာဏ (LAeq) နှင့် အမြင့်ဆုံး အသံလှိုင်း ပမာဏ (LAmax) တို့ကို တိုင်းတာခဲ့ပါသည်။ ဆူညံသံ တိုင်းတာခဲ့သည့် တည်နေရာနှင့် အချက်အလက်များကို အောက်ဖော်ပြပါ ဇယား ၅-၇ တွင် ဖော်ပြထားပါသည်။

ဇယား ၅-၇ တိုင်းတာခဲ့သည့် အချက်အလက်များနှင့် ဓါတ်ပုံ

| တိုင်းတာသည့် အမှတ်စဉ် | တိုင်းတာသည့်နေရာ | ရက်စွဲ | | တိုင်းတာသည့် ကြာချိန် | ဓါတ်ပုံ | တိုင်းတာသည့် စက် |
|---|---|---|---|---|---|---|
| N1 | စီမံကိန်း ဧရိယာအတွင်း | ၂၄.၂.၂၀၁၈ | ၂၄.၂.၂၀၁၈ | ၃ နာရီ | | Sound level meter |
| N2 | ဆိုင်ကယ် ထုတ်လုပ်မည့်စက်ရုံအတွင်း (လုပ်ငန်းလည်ပတ်ချိန်) | ၁၉.၃.၂၀၁၈ | ၁၉.၃.၂၀၁၈ | ၈ နာရီ | | Sound level meter |

| တိုင်းတာသည့် အမှတ်စဉ် | တိုင်းတာသည့်နေရာ | ရက်စွဲ | | တိုင်းတာသည့် ကြာချိန် | ဓါတ်ပုံ | တိုင်းတာသည့် စက် |
|---|---|---|---|---|---|---|
| N3 | စီမံကိန်း ဧရိယာအတွင်း | ၁၉.၃.၂၀၁၈ | ၂၀.၃.၂၀၁၈ | ၂၄ နာရီ | | Sound level meter |

### ၅.၃.၄.၁ လေ့လာသုံးသပ်မှုရလဒ်

တိုင်းတာမှု ရလဒ်များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ဖြစ်သော ဆူညံသံပမာဏ စံနှုန်း၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ကာလနှင့် ပတ်ဝန်းကျင်အနေအထား အတိုင်း ခွဲခြား၍ ဖော်ပြထားပါသည်။ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက် စံနှုန်းကို အောက်ပါ ဇယား ၅-၈ တွင် ဖော်ပြထားပါသည်။

**ဇယား ၅-၈ ပတ်ဝန်းကျင် အရည်အသွေးစံနှုန်း**

| အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် | အချိန် | |
|---|---|---|
| | နေ့ (နံနက် ၇နာရီ- ည၁၀ နာရီ) | ည (ည ၁၀ နာရီ- နံနက် ၇ နာရီ) |
| လူနေရပ်၊ အများပြည်သူဆိုင်ရာနေရာ၊ | ၅၅ | ၄၅ |
| စက်ရုံအလုပ်ရုံနေရာ | ၇၀ | ၇၀ |

တိုင်းတာမှု၏ ရလဒ်များကို တည်နေရာနှင့် အချိန် ခွဲ၍ အောက်ပါ ဇယား ၅-၉ ဖြင့် ဖော်ပြထားပါသည်။

**ဇယား ၅-၉ ဆူညံသံတိုင်းတာမှုရလဒ်ပြဇယား**

| နေ့စွဲ | တိုင်းတာသည့်နေရာ | တိုင်းတာမှုနေရာအနီးအနားလုပ်ဆောင်နေမှု | အချိန် | Average 1 hr (dBA) | |
|---|---|---|---|---|---|
| | | | | Laeq | Lamax |
| ၂၄.၂.၂၀၁၈ | စက်ရုံဧရိယာအတွင်း | အဆောက်အဦများအား ပြုပြင်မွမ်းမံနေစဉ် | နံနက် ၁၀ နာရီ မှ နေ့လည် ၁ နာရီ | ၅၄.၈ | ၆၇.၃ |
| ၁၉-၂၀ .၃.၂၀၁၈ (၂၄ နာရီ) | ဆိုင်ကယ်ထုတ်လုပ် မည့်စက်ရုံအတွင်း (လုပ်ငန်းလည်ပတ်ချိန်) | မော်တော်ဆိုင်ကယ် နှင့်သုံးဘီးဆိုင်ကယ် တပ်ဆင်ထုတ်လုပ် | နံနက် ၉ နာရီ မှ ညနေ ၅ နာရီ | ၇၂.၄ | ၇၄.၂ |
| | စီမံကိန်းဧရိယာအတွင်း | စက်ရုံချဉ်းကပ်လမ်းနှင့် ၈၀ မီတာ အကွာ ထူခြားသောလုပ်ဆောင်နေမှုမရှိ | နံနက် ၇ နာရီ မှ ည ၁၀ နာရီ | ၅၈.၁ | ၆၂.၄ |
| | | | ည ၁၀ နာရီမှ နံနက် ၇ နာရီ | ၄၃.၁ | ၄၆.၁ |

### ၅.၃.၅ ရေအရည်အသွေးလေ့လာမှု

ရေအရည်အသွေး လေ့လာမှုကို စက်ရုံဝန်ထမ်းများ အသုံးပြုသောရေ ဖြစ်သည့် အဝီစိတွင်းရေကို နမူနာကောက်ယူ၍ ဓါတ်ခွဲ စမ်းသပ် ခဲ့ပါသည်။ ရေနမူနာကို (၂၀.၃.၂၀၁၈)နေ့တွင် ကောက်ယူခဲ့ပြီး

(၂၁.၃.၂၀၁၈) နေ့တွင် Green Myanmar Environmental ဓါတ်ခွဲခန်းတွင် စမ်းသပ်ခဲ့ပါသည်။ စီမံကိန်းအနီးအနားတွင် မြစ်ချောင်းအင်းအိုင်များ မရှိခြင်း နှင့် စက်ရုံမှ စွန့်ပစ်ရေ မထွက်ခြင်း တို့ကြောင့် မြေပေါ်ရေ တိုင်းတာမှု မပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ရေနမူနာ ကောက်ယူနေသည့် ပုံကို ပုံ ၅-၁၆ တွင် ဖော်ပြထားပါသည်။

**ပုံ ၅-၁၆ စက်ရုံသုံးရေအား နမူနာကောက်ယူမှု**

### ၅.၃.၅.၁ လေ့လာသုံးသပ်မှုရလဒ်

စီမံကိန်း စက်ရုံတွင် အသုံးပြုနေသော ရေအရည်အသွေး ရလဒ်များကို အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်များ (NEQEG) 2015 စံချိန် စံညွှန်းနှင့် WHO သောက်သုံးရေစံနှုန်းတို့ ဖြင့် နှိုင်းယှဉ်၍ ဇယား ၅-၁၀ တွင် ဖော်ပြထားပါသည်။

**ဇယား ၅-၁၀ ရေအရည်အသွေးရလဒ်**

| စဉ် | အရည်အသွေးညွှန်းကိန်း | ယူနစ် (Unit) | ရလဒ်အဖြေ | သောက်သုံးရေစံနှုန်း (WHO) | စွန့်ရေစံနှုန်း (NEQG*) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ချဉ်ဖန်ကိန်း (pH) | * | ၇.၇ | ၆.၅-၈.၅ | ၆-၉ | Normal |
| ၂ | အပူချိန် (Temperature) | °C | ၂၁.၃ | - | ± ၃ | - |
| ၃ | အရောင် (Colour) | - | ၀ | - | - | - |
| ၄ | ဆိုင်းကြွ အနည်(TSS) | mg/L* | ၀ | NG | ≤ ၅၀ | Normal |

| စဉ် | အရည်အသွေးညွှန်းကိန်း | ယူနစ် (Unit) | ရလဒ်အဖြေ | သောက်သုံးရေစံနှုန်း (WHO) | စွန့်ရေစံနှုန်း (NEQG*) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၅ | အောက်ဆီဂျင် ပျော်ဝင်မှု (Dissolved oxygen) | mg/L* | ၆.၅ | ≥ ၃ | - | Normal |
| ၆ | ဇီဝဆိုင်ရာ အောက်ဆီဂျင် လိုအပ်ချက် (BODs) | mg/L* | ၄ | ≤ ၃ | ≤ ၅၀ | Above DW limit |
| ၇ | ဓာတုဆိုင်ရာ အောက်ဆီဂျင် လိုအပ်ချက် (COD) | mg/L* | ၆.၂ | NG | ≤ ၂၅၀ | Normal |
| ၈ | ကလိုရင်း(Free Chlorine) | mg/L* | ၀.၄၇ | NG | - | - |
| ၉ | စိန်ဓာတ် (Arsenic) | mg/L* | ၀ | ≤ ၀.၀၁ | ≤ ၀.၁ | Normal |

*အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် NG=No Guideline ND= Not Detected

## ၅.၄ ဇီဝဆိုင်ရာပတ်ဝန်းကျင် လေ့လာခြင်း

ဇီဝဆိုင်ရာ ပတ်ဝန်းကျင် လေ့လာမှုအတွက် စဉ့်ကိုင်မြို့နယ် အနီးဝန်းကျင်တွင် ပြုလုပ်ခဲ့သော ဇီဝဗေဒဆိုင်ရာ မဟာသုတေသန စာတမ်းများနှင့် စဉ့်ကိုင်မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များကို ကိုးကား၍ လေ့လာခဲ့ပါသည်။ လေ့လာရန် အချက်အလက်များကို ကျောက်ဆည် တက္ကသိုလ်နှင့် စဉ့်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ရယူခဲ့ပါသည်။

စာတမ်းများ နှင့် ဒေသဆိုင်ရာမှ ရရှိသော အချက်အလက်များ အရ စဉ့်ကိုင်မြို့နယ် အတွင်း တွေ့ရှိရသော အပင်များနှင့် သက်ရှိသတ္တဝါများကို လေ့လာခဲ့သည့် တည်နေရာပြ မြေပုံကို အောက်ပါ ပုံ ၅-၁၇ တွင် ဖော်ပြထားပါသည်။




## ပုံ ၅-၁၇ ဇီဝဆိုင်ရာ အချက်အလက်များ ရယူခဲ့သည့်နေရာပြမြေပုံ

### ၅.၄.၁ အပင်များ

စဥ့်ကိုင်မြို့နယ်အတွင်း သဘာဝအတိုင်း ပေါက်ရောက်နေသည့် အပင်များ၊ စိုက်ပျိုးသီးနှံပင်များ နှင့် ဟင်းသီးဟင်းရွက်ပင်များ ရှိပါသည်။ သဘာဝ ပေါက်ပင်များ ဖြစ်သော ကုက္ကို မန်ကျည်း၊ ထနောင်း၊ တမာ၊ လက်ပံ၊ စိန်ပန်း၊ သစ်ကြီး၊ ရှား၊ ကန္တာရ၊ ဒဟတ်၊ သန်း စသည့် အပင်များ ပေါက်ရောက်ပါသည်။ မြို့နယ်၏ လက်ရှိ သဘာဝ ပတ်ဝန်းကျင် အခြေအနေမှာ သစ်တောဖုံးလွှမ်းမှု ၂၈% ရှိပြီး ကြိုးဝိုင်းသစ်တော နှင့် ကြိုးပြင်သစ်တော ဖုံးလွှမ်းမှုလည်း ရှိပါသည်။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ကြိုးဝိုင်းကာကွယ်တော မရှိပါ။ ကြိုးပြင်ကာကွယ်တော ၇၄၀၂ ဧက ထိန်းသိမ်းလျက် ရှိပါသည်။ စဥ့်ကိုင်မြို့နယ် အတွင်း အဓိက စိုက်ပျိုးသီးနှံများမှာ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံ နှင့် နှစ်ရှည်သီးနှံပင်များ ဖြစ်သော ထန်း၊ အုန်း၊ ကွမ်း၊ ငှက်ပျော၊ သရက်၊ ရှောက်/သံပရာ၊ ဇီးချိုသီး၊ မန်ကျည်း/မာလကာ နှင့် နဂါးမောက်ပင် တို့ကို စိုက်ပျိုးကြပါသည်။ (စဥ့်ကိုင်မြို့နယ် ဒေသဆိုင်ရာ အချက်အလက်၊ အုပ်ချုပ်ရေးမှူးရုံး)[3]

[3] Department of Administration, Sintgaing Township, 2017.

စဉ့်ကိုင်မြို့နယ် အတွင်းရှိ စွန်ရဲကန် အနီးဝန်းကျင်တွင် အပူပိုင်းဒေသထွက် ဟင်းသီးဟင်းရွက်များ၊ သစ်တောများ ရှိပြီး ရဲရမာန်တောင် နှင့် ခတ်တော်တောင် အနီးဝန်းကျင်တွင် ရွက်ပြတ်တောများကို အများဆုံး တွေ့ရှိရပါသည်။ စွန်ရဲကန် အနီးဝန်းကျင်တွင် ကောက်ပဲသီးနှံများ ဖြစ်သော စပါး၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ ပဲတီစိမ်း၊ နေကြာ နှင့် ကြက်သွန်နီ တို့ကို စိုက်ပျိုးကြပြီး သဘာဝ ပေါက်ပင်များ ဖြစ်သော ပဒုမ္မာကြာ၊ ကြာပြာ၊ ခေါင်ယမ်း၊ ဘောက်ခွေး၊ ချဉ်ပေါင်ခါး၊ သံမနိုင် ကျောက်မနိုင်၊ လေးညှင်းကြီး၊ တောင်ကန်စွန်း၊ ဖေဒါ နှင့် နွယ်ရှုပ်ပင် စသည်တို့ ပေါက်ရောက်နေပါသည်။ စွန်ရဲကန် အနီးဝန်းကျင်တွင် ပေါက်ရောက်နေသော အပင်များကို အောက်ပါ ပုံ ၅-၁၈ တွင် ဖော်ပြထားပါသည်။ (ကျော်ဇေယျာသူ (၂၀၁၁)၊ မဟာသုတေသန စာတမ်း)[4]

| | |
|---|---|
| | |
| ပဒုမ္မာကြာ | ကြာပြာ |
| | |
| ခေါင်ယမ်း | တောင်ကန်စွန်း |

[4] Kyaw Zay Ya Thu, 2011. MSc. Taxonomic study on some member of Angiopermae in Son Ye Lake and its surrounding area, Sintgaing Township, Kyaukse District, Mandalay Region.

| | |
|---|---|
| | |
| ဘောက်ခွေး | ချဥ်ပေါင်ခါး |
| | |
| သံမနိုင်ကျောက်မနိုင် | လေးညှင်းကြီး |
| | |
| ဗေဒါ | နွယ်ရှုပ် |

**ပုံ ၅-၁၈ စွန်ရဲကန်အနီးဝန်းကျင်တွင်တွေ့ရသောအပင်များ**

စဉ့်ကိုင်မြို့နယ် အတွင်းရှိ ဘဲလင်းရွာတွင် နှစ်ရှည်ပင်များ ဖြစ်သော သံပရာပင်၊ ရှောက်ပင် နှင့် သရက်ပင် တို့စိုက်ပျိုးကြပါသည်။ ဘဲလင်းရွာတွင် တွေ့ရသောသံပရာပင် နှင့် ရှောက်ပင် တို့၏ ပြင်ပ

သွင်ပြင် လက္ခဏာများကို အောက်ပါ ပုံ ၅-၁၉ နှင့်ပုံ ၅-၂၀ တွင် ဖော်ပြထားပါသည်။ (ယမင်းကေသီ (၂၀၁၆)၊ မဟာသုတေသန စာတမ်း)[5]

| | |
|---|---|
| | |
| သံပရာပင် | သံပရာရွက် |
| | |
| သံပရာပွင့် | သံပရာပွင့်ချပ် |
| | |
| သံပရာသီး | သံပရာခြမ်း |

**ပုံ ၅-၁၉ ဘဲလင်းရွာတွင်တွေ့ရသောသံပရာပင်၏ပြင်ပသွင်ပြင်လက္ခဏာများ**

---

[5] Ya Min Kay Thi, 2016. MSc. Meiotic Behaviors of *Citrus SPP*. Commercially cultivated in Bellin Village Tract, Sintgaing Township.

| | |
|---|---|
| | |
| ရှောက်ပင် | ရှောက်ရွက် |
| | |
| ရှောက်ပွင့် | ရှောက်ပွင့်ချပ် |
| |  |
| ရှောက်သီး | ရှောက်ခြမ်း |

**ပုံ ၅-၂၀ ဘဲလင်းရွာတွင်တွေ့ရသော ရှောက်ပင်၏ ပြင်ပသွင်ပြင်လက္ခဏာများ**

ဘဲလင်းရွာ တွင် ဟင်းသီးဟင်းရွက်ပင်များ ဖြစ်သော ခရမ်းပင်၊ ခရမ်းကဆော့ပင်၊ အာလူးပင်၊ ခရမ်းချဉ်သီးပင်၊ ငရုတ်ကောင်းပင် တို့ကို စိုက်ပျိုးကြပါသည်။ ခရမ်းပင် နှင့် ခရမ်းကဆော့ပင် တို့၏

ပြင်ပသွင်ပြင် လက္ခဏာများကို အောက်ပါ ပုံ ၅-၂၁ နှင့် ပုံ ၅-၂၂ တွင် ဖော်ပြထားပါသည်။ (နီလာပိုင် (၂၀၁၆)၊ မဟာသုတေသန စာတမ်း)[6]

| | |
|---|---|
| | |
| ခရမ်းပင် | ခရမ်းပွင့် |
| |  |
| ခရမ်းပွင့် | ခရမ်းပွင့်ချပ် |
| | |
| ခရမ်းသီး | ခရမ်းစိတ် |

**ပုံ ၅-၂၁ ဘဲလင်းရွာတွင်တွေ့ရသော ခရမ်းပင် ၏ ပြင်ပသွင်ပြင်လက္ခဏာများ**

[6] Nilar Paing, 2016. MSc. Meiotic characters *Solanum SPP*. Commercially cultivated in Bellin Village Tract, Sintgaing Township.

| | |
|---|---|
| | |
| ခရမ်းကဆော့ပင် | ခရမ်းကဆော့ပွင့် |
| |  |
| ခရမ်းကဆော့ပွင့် | ခရမ်းကဆော့ပွင့်ချပ် |
| | |
| ခရမ်းကဆော့သီး | ခရမ်းကဆော့စိတ် |

**ပုံ ၅-၂၂ ဘဲလင်းရွာတွင်တွေ့ရသောခရမ်းကဆော့ပင် ၏ ပြင်ပသွင်ပြင်လက္ခဏာများ**

## ၅.၄.၂ သက်ရှိသတ္တဝါများ

စဥ့်ကိုင်မြို့နယ်တွင် တောရိုင်းတိရစ္ဆာန်များ နှင့် မွေးမြူရေး သတ္တဝါများ ရှိပါသည်။ တောရိုင်းတိရစ္ဆာန်များ ဖြစ်သော ယုန်၊ ဂျီ၊ ဆက်ရက်၊ စာကလေး၊ ကျီး၊ ချိုး၊ မြွေအမျိုးမျိုး၊ လိပ်ပြာ နှင့်

အခြားပိုးမွှား တို့ရှိပြီး မေးွမြူရေး သတ္တဝါများ ဖြစ်သော ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ၊ ငုံး၊ ငါး နှင့် ပုဇွန် တို့ကို မွေးမြူကြပါသည်။ (စဉ့်ကိုင်မြို့နယ် ဒေသဆိုင်ရာ အချက်အလက်၊ အုပ်ချုပ်ရေးမှူးရုံး)[7]

စဉ့်ကိုင်မြို့နယ် အတွင်းရှိ အကြီးဆုံး ရေကန်ဖြစ်သော စွန်ရဲအင်းကန်တွင် ငါးမျိုးအုပ်စု ၇ အုပ်စု၊ မျိုးကွဲစု ၁၂ စု နှင့် မျိုးစိတ်ပေါင်း ၂၇ စိတ် တို့ရှိပါသည်။ (ခိုင်ဖြူထက် ၊ မဟာသုတေသန စာတမ်း(၂၀၁၅))[8]

မြန်မာနိုင်ငံတွင် တွေ့ရှိရသော ငါးများမှာ ရေချိုငါး နှင့် ပင်လယ် ရေငန်ငါး ဟူ၍ နှစ်မျိုး ရှိပါသည်။ စဉ့်ကိုင်မြို့နယ် အနီးဝန်းကျင်တွင် ငါးမျိုးအုပ်စု ၂ အုပ်စု၊ မျိုးကွဲစု ၁၀ စု နှင့် မျိုးစိတ်ပေါင်း ၂၂ စိတ် တို့ရှိ၍ အများစုမှာ ရေချိုငါးများ ဖြစ်ပြီး အောက်ပါ ပုံ ၅-၂၃ တွင် ဖော်ပြထားပါသည်။ (စုမြတ်နိုင် ၊ မဟာသုတေသန စာတမ်း(၂၀၁၆))[9]

| | |
|---|---|
| | |
| *Amblypharyngodon mola* | *Chela sardinella* |
| |  |
| *Barilius gatensis* | *Barilius guttatus* |

[7] Department of Administration, Sintgaing Township, 2017.

[8] Khine Phyu Htet, 2015. MSc. Study on the gut content of *Oreochromis niloticus* from Sun Ye Lake at Sintkaing Township.

[9] Su Myat Naing, 2016. MSc. Occurrence of fish species in order Cypriniformes at Sintkaing Environs, Mandalay Region.

| | |
|---|---|
| | |
| *Cyprinus carpio* | *Puntius sarana* |

| | |
|---|---|
|  | |
| *Puntius chola* | *Puntius stigma* |
|  |  |
| *Puntius swelli* | *Osteobrama cotio* |
| |  |
| *Osteobrama belangeri* | *Osteobrama alfredianus* |
| |  |
| *Labeo nandina* | *Labeo rohita* |

| | |
|---|---|
|  |  |
| *Labeo kontius* | *Labeo calbasu* |

| | |
|---|---|
|  | |
| *Labeo boga* | *Labeo micropthalmus* |
| | |
| *Cirrhinus mrigala* | *Catla catla* |
| |  |
| *Lepidocephalus berdmorei* | *Lepidocephalus thermalis* |

**ပုံ ၅-၂၃ စဉ့်ကိုင်မြို့နယ်အနီးဝန်းကျင်တွင် တွေ့ရသော ငါးမျိုးစိတ်များ**

စွန်ရဲအင်းကန်သည် စဉ့်ကိုင်မြို့နယ်တွင် အကြီးဆုံးဖြစ်ပြီး ၅၉၀.၇၁၆ ဧရိယာ နှင့် ပင်လယ်ရေမျက်နှာပြင် အထက် ၁၀၅ မီတာ တွင်ရှိ၍ ငါးမျိုးအုပ်စု ၁၁ အုပ်စု၊ မျိုးကွဲစု ၁၅ စု နှင့် မျိုးစိတ်ပေါင်း ၁၈ စိတ် တို့ရှိပါသည်။ စွန်ရဲအင်းကန်တွင် တွေ့ရသော ငါးမျိုးစိတ်များကို အောက်ပါ ပုံ ၅-၂၄ တွင် ဖော်ပြထားပါသည်။ (ယဉ်ယဉ်အေး ၊ မဟာသုတေသန စာတမ်း(၂၀၁၇))[10]

[10] Yin Yin Aye, 2017. MSc. Species composition and abundance of some fishes in Sun Ye Lake at Sintkaing Township, Mandalay Region.

| | |
|---|---|
|  |  |
| *Notopterus notopterus* | *Hypophthalmichthys molitrix* |
|  |  |
| *Amblypharyngodon atkinsonii* | *Osteobrama cunma* |
| |  |
| *Puntius chola* | *Puntius sarana* |
| | |
| *Puntius sophore* | *Labeo rohita* |
|  |  |
| *Mystus pulcher* | *Heteropneustes fossils* |
|  |  |
| *Macrognathus zebrinus* | *Parambasis ranga* |

| | |
|---|---|
| |  |
| *Oreochromis* sp. | *Glossogobius giuris* |
|  |  |
| *Anabas testudineus* | *Trichogaster pectoralis* |
|  |  |
| *Channa punctatus* | *Channa striata* |

**ပုံ ၅-၂၄ စွန်ရဲအင်းကန်တွင်တွေ့ရသောငါးမျိုးစိတ်များ**

စဉ့်ကိုင်မြို့နယ်၊ ပလိပ်အင်း အနီးဝန်းကျင်တွင် ရေငှက်မျိုးအုပ်စု ၇ အုပ်စု၊ မျိုးကွဲစု ၄ စု နှင့် မျိုးစိတ်ပေါင်း ၂၂ စိတ် တို့ရှိပြီး စိုစွတ်မြေ၊ လယ်ကွင်း၊ သစ်ပင် နှင့် ရေပြင်ပေါ်တွင် နေထိုင်ကြပါသည်။ ပလိပ်အင်း အနီးဝန်းကျင်တွင် တွေ့ရသော ငှက်မျိုးစိတ်များကို အောက်ပါ ပုံ ၅-၂၅ တွင် ဖော်ပြထားပါသည်။ (မျိုးအောင်၊ မဟာသုတေသန စာတမ်း(၂၀၁၆))[11]

[11] Myo Aung, 2016. MSc. Species composition of water birds at Paleik Inn from Sintkaing Township, Mandalay Region.

| | |
|---|---|
| | |
| *Ansrer anser* | *Ansrer indicus* |
| | |
| *Sarkidiornis melanotos* | *Dendrocygna javanica* |
| | |
| *Anas poecilorhyncha* | *Ansre albifrons* |
| | |

| | |
|---|---|
| *Threskiornis melanocephalus* | *Plegadis falcinellus* |
|  | |
| *Phalacrocorax niger* | *Phalacrocorax carbo* |
| | |
| *Anastomus oscitans* | *Anhinga melanogaster* |
| | |
| *Nycticorax nycticorax* | *Ardea cinerea* |

| | |
|---|---|
| | |
| *Ardeola bacchus* | *Bubulcus ibis* |

*Casmerodius albus*

**ပုံ ၅-၂၅ ပလိပ်အင်းဝန်းကျင်တွင် တွေ့ရသော ငှက်မျိုးစိတ်များ**

စဥ့်ကိုင်မြို့နယ် အတွင်းရှိ ဘူတာရွာတွင် လိပ်ပြာမျိုးအုပ်စု ၈ အုပ်စု၊ မျိုးကွဲစု ၃၁ စု နှင့် မျိုးစိတ်ပေါင်း ၄၂ စိတ် တို့ရှိပါသည်။ ဘူတာရွာတွင် တွေ့ရသော လိပ်ပြာ မျိုးစိတ်များကို အောက်ပါ ပုံ ၅-၂၆ တွင် ဖော်ပြထားပါသည်။ (ဝင်းအိဖြိုး (၂၀၁၇)၊ မဟာသုတေသန စာတမ်း)[12]

| | |
|---|---|
| | |

[12] Win Ei Phyo, 2017. MSc. Relative abundance of some butterfly species from Butar Village, Sintkaing Township, Mandalay Region.

| | |
|---|---|
| *Papilio demoleus* | *Papilio polytes* |
|  | |
| *Pachliopta aristolochiae* | *Graphium Agamemnon* |
| | |
| *Appias libythea* | *Ixias pyrene* |
|  | |
| *Pareronia valeria* | *Pareronia anais* |
| | |
| *Leptosia nina* | *Catopsilia Pomona* |

| | |
|---|---|
| | |
| *Catopsilia pyranthe* | *Eurema hecabe* |
|  | |
| *Delias descombesi* | *Cethosia cyane* |
| | |
| *Junonina lemonius* | *Junonia almana* |
| | |
| *Junonia atlites* | *Junonia orithya* |

| | |
|---|---|
| | <br> |
| *Phalanta phalantha* | *Hypolymnas misippus* |
| | <br> |
| *Ariadne ariadne* | *Neptis hylas* |
| | |
| *Phaedyma columella* | *Moduza procris* |
| <br> | <br> |
| *Danaus chrysippus* | *Danaus genutia* |

| | |
|---|---|
|  | |
| *Tirumala limniace* | *Euploea core* |
| | |
| *Mycalesis visala* | *Mycalesis persiodes* |
| | |
| *Mycalesis intermedia* | *Melanitis zitenius* |
| | |
| *Melanitisb leda* | *Ypthima baldus* |

*Ypthima similis*

ပုံ ၅-၂၆ ဘူတာရှာတွင်တွေ့ရသော လိပ်ပြာ မျိုးစိတ်များ

## ၅.၅ လူမှုစီးပွားရေးဆိုင်ရာလေ့လာခြင်း

လူမှုစီးပွားရေး ပတ်ဝန်းကျင်တွင် လူဦးရေ နှင့် တိုင်းရင်းသား မျိုးနွယ်စု၊ ကိုးကွယ်သည့်ဘာသာ၊ စီးပွားရေးဆိုင်ရာ ခြုံငုံသုံးသပ်ချက်၊ ပညာရေးကဏ္ဍ ၊ကျန်းမာရေးကဏ္ဍ နှင့် မြေအသုံးချမှုတို့ပါဝင်ပါသည်။

### ၅.၅.၁ လူဦးရေနှင့်တိုင်းရင်းသား မျိုးနွယ်စု

စီမံကိန်း ဧရိယာ တည်ရှိသော စဥ့်ကိုင်မြို့နယ်တွင် လူဦးရေ စုစုပေါင်း ၁၃၃၅၄၈၊ အိမ်ခြေပေါင်း ၂၇၉၆၂ နှင့် အိမ်ထောင်စုပေါင်း ၂၈၄၆၆ တို့ရှိပါသည်။ လူဦးရေ နှင့်တိုင်းရင်းသား မျိုးနွယ်စုများကို ဇယား ၅-၁၁ တွင်အသေးစိတ် ဖော်ပြထားပါသည်။

ဇယား ၅-၁၁ လူဦးရေ နှင့်တိုင်းရင်းသား မျိုးနွယ်စုများ

| စဥ် | လူမျိုး | လူဦးရေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ကချင် | ၅ | ၀.၀၃ |
| ၂ | ကယား | - | - |
| ၃ | ကရင် | ၁၈ | ၀.၀၁၃ |
| ၄ | ချင်း | ၁၄ | ၀.၀၁၀ |
| ၅ | မွန် | ၆ | ၀.၀၀၄ |
| ၆ | ဗမာ | ၁၂၆၅၀၁ | ၉၄.၇၂၃ |
| ၇ | ရခိုင် | ၈ | ၀.၀၀၆ |
| ၈ | ရှမ်း | ၂၆ | ၀.၀၂၀ |
| ၉ | အခြား | ၆၉၇၀ | ၅.၂၂၀ |
|  | **မြို့နယ်ချုပ်** | **၁၃၃၅၄၈** | **၁၀၀** |

ကိုးကား။*အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ စဥ့်ကိုင်မြို့နယ်။(၂၀၁၉)

## ၅.၅.၂ ကိုးကွယ်သည့်ဘာသာ

စဉ့်ကိုင်မြို့နယ်တွင် နေထိုင်သော လူမျိုး အများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး ခရစ်ယာန်ဘာသာဝင်၊ ဟိန္ဒူဘာသာဝင် နှင့် အစ္စလာမ်ဘာသာဝင်များလည်း အနည်းငယ် ရှိပါသည်။

## ၅.၅.၃ စီးပွားရေးဆိုင်ရာ ခြုံငုံသုံးသပ်ချက်

စဉ့်ကိုင်မြို့နယ်သည် မန္တလေးတိုင်း ဒေသကြီးအတွင်း တည်ရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု သင့်တင့်သော မြို့နယ်တစ်ခု ဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ လူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင် ဆောင်ရွက်ကြပါသည်။ စဉ့်ကိုင်မြို့နယ်သည်ကုန်းလမ်း၊ ရေလမ်းကြောင်းများဆုံရာ လမ်းမပေါ်တွင် တည်ရှိ၍ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏ အဓိက ထုတ်ကုန်မှာ ဆန်၊ စပါး ဖြစ်ပြီး မန္တလေးမြို့သို့ အများဆုံး တင်ပို့ရောင်းချပါသည်။

### ၅.၅.၃.၁ စဉ့်ကိုင်မြို့နယ်တွင် အသုံးပြုနေသော မြေအမျိုးအစားများနှင့် ဧရိယာများ

၅.၅.၃.၁.၁ မြေအသုံးချမှု

စဉ့်ကိုင် မြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသော စိုက်ပျိုးမြေ ဧရိယာပေါင်းမှာ ၆၈၉၉၇ ကေဖြစ်ပါသည်။ လုပ်ထားးမြေ ဧရိယာပေါင်းမှာ ၆၃၁ ကေ ဖြစ်၍ အမျိုးအစား၅ မျိုးခွဲခြားထားပါသည်။ ထို ခွဲခြားထားသော မြေအမျိုးအစားများမှာ လယ် မြေဧရိယာ၊ ယာမြေ၊ ကိုင်း/ ကျွန်းမြေ၊ ဥယျာဉ်မြေ နှင့် ဓနိတို့ဖြစ်ကျပါသည်။ စားကျက်မြေတွင် ၁၃၄၈ ကေ၊ စက်မှုလုပ်ငန်းသုံးမြေတွင် ၁,၃၉၈ ကေ၊ မြို့မြေ ၂၇၄ ကေ၊ ရွာမြေ ၃,၂၇၀၊ အခြားမြေ ၇,၉၇၈ ကေ၊ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ဧရိယာ ၇,၄၀၂ နှင့် စိုက်ပျိုးခြင်း မပြုနိုင်သော ဧရိယာ တွင် ၁၉,၅၃၈ ကေ ဟူ၍ အသီးသီး ရှိကြပါသည်။ စဉ့်ကိုင် မြို့နယ်၏ မြေအသုံးချမှု စုစုပေါင်း ဧရိယာပေါင်းမှာ ၁၁၀,၈၃၆ ကေ ဖြစ်ပါသည်။

၅.၅.၃.၁.၂ ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ

စဉ့်ကိုင် မြို့နယ်တွင် မြစ်ရေတင် စီမံကိန်း ၉ ခု ရှိပါသည်။ ထို မြစ်ရေတင် စီမံကိန်းများမှာ ရွာသာ ရွာရှိ ရွာသာရွာ လျှပ်စစ်မြစ်ရေတင်၊ မီးသွေးဘုတ်ကျေးရွာ အနီး ထီးတော်မိုး လျှပ်စစ်မြစ်ရေတင်၊ မီးသွေးဘုတ်ကျေးရွာ အနီးရွှေလှံဗိုလ် လျှပ်စစ်မြစ်ရေတင်၊ စဉ့်ကိုင်တွင် ရွှေဘိုလျှပ်စစ်မြစ်ရေတင်၊ ညှော့ပြ ကျေးရွာအနီးတွင် ညှော့ပြလျှပ်စစ်မြစ်ရေတင်၊ အိုးထိန်းတောင်ရွာအနီးတွင် အိုးထိန်းတောင် မြစ်ရေတင်၊ မြောက်ကိုင်းကျေးရွာ အနီးတွင် မြောက်ကိုင်းမြစ်ရေတင်၊ စိတ္တရ ကျေးရွာ အနီးတွင် စိတ္တရ လျှပ်စစ်မြစ်ရေတင်၊ သာယာ ကျွန်းကျေးရွာအနီးတွင် သာယာကျွန်း မြစ်ရေတင် တို့ဖြစ်ကြပါသည်။ စဉ့်ကိုင်မြို့နယ်အတွင်းရှိ စုစုပေါင်း အကျိုးပြုဧကမှာ ၇,၂၇၀ ကေဖြစ်ပါသည်။

၅.၅.၃.၁.၃စိုက်ပျိုးရေးလုပ်ငန်း

စဥ့်ကိုင် မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိက သီးနှံ (၁၀) မျိုး စိုက်ပျိုးထုတ်လုပ်ပါသည်။ ထို သီးနှံ (၁၀) မျိုးမှာ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံ နှင့် အစေ့ထုတ်ပြောင်းတို့ဖြစ်ကြပါသည်။ နှစ်ရှည်သီးနှံ စိုက်ပျိုးသော စုစုပေါင်းဧကမှာ ၁၅၃၇၃ ဖြစ်၍ သီးနှံအမျိုးအစားများမှာ ထန်း၊ အုန်း၊ ကွမ်းရွက်၊ ငှက်ပျော၊ သရက်၊ ရှောက်/သံပုရာ၊ ဇီးချိုသီး၊ မန်းကျည်း/မာလကာ၊ အခြားအစားသုံးပင်နှင့် နဂါးမောက်တို့ဖြစ်ကြပါသည်။

၅.၅.၃.၁.၄ မွေးမြူးရေးလုပ်ငန်းများ

စဥ့်ကိုင်မြို့နယ်တွင် မွေးမြူးရေးဇုန် မရှိပါ။ မွေးမြူသော အကောင်အရေများမှာ ကျွဲ၊ နွား၊ ဝက်၊ သိုး/ဆိတ်၊ ကြက်၊ဘဲနှင့် ငုံးတို့ဖြစ်ကြပါသည်။ စဥ့်ကိုင် မြို့နယ်တွင် နို့စားနွား ၄၉၆၉ အကောင်ရေအတွက်ရှိ၍ နို့ထွက် ပိသာပေါင်း ၉၀၆၆၆၀ ရှိပါသည်။ ထို့အပြင်စဥ့်ကိုင်မြို့နယ်တွင် ငါး၊ ပုဇွန် မွေးမြူးရေ လုပ်ငန်းများလည်းရှိ၍ စုစုပေါင်း ထုတ်လုပ်မှု မှာ ၇၁၉,၄၂၀ ဖြစ်ပါသည်။

၅.၅.၃.၁.၅စက်မှုလက်မှု လုပ်ငန်း

စဥ့်ကိုင် မြို့နယ်အတွင်း စက်မှုဇုန်မရှိပါ။ သို့သော် စက်ရုံ နှစ်ခုရှိပါသည်။ ထို စက်ရုံမှာ Panda အထည်စက်ရုံ (ပလိပ်) နှင့် သစ်သား အချောထည်စက်ရုံ တို့ ဖြစ်၍ စက်ရုံနှစ်ခုပေါင်း လုပ်သား အင်အား မှာ ၂,၂၀၆ ဦးရေဖြစ်ပါသည်။ စဥ့်ကိုင်မြို့နယ်အတွင်းတွင် အလုပ်ရုံပေါင်း ၅၆ ခုဖြစ်၍ စုစုပေါင်းလုပ်သားဦးရေမှာ ၂,၄၈၃ ဦးရေဖြစ်ပါသည်။

စဥ့်ကိုင်မြို့နယ်အတွင်း အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းအမျိုးအစား (၇) မျိုးရှိ၍ ထို လုပ်ငန်းများမှာ ယက္ကန်း၊ စက်ချုပ်၊ မုန့်၊ ပန်းတိမ်၊ ပန်းပဲ၊ ပန်းချီ နှင့် အိုးလုပ်ငန်းတို့ဖြစ်ပါသည်။ စုစုပေါင်း လုပ်ငန်းအရေအတွက်မှာ ၆၆ခုဖြစ်၍ လုပ်သားအင်အားမှာ ၁၄၃ ဦးဖြစ်ပါသည်။

**၅.၅.၃.၂ စီးပွါးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ**

| စဉ် | မြို့နယ် | ပွဲရုံအမည် | ရောင်းဝယ်သည့် ပစ္စည်းများ | တည်နေရာ |
|---|---|---|---|---|
| ၁ | စဥ့်ကိုင် | ဒေါ်နန်းလွမ်း | ငါးရှည့် | မြနန္ဒာ၊ ပလိပ်ကျေးရွာအုပ်စု |
| ၂ | ။ | အောင် | ဂဏန်း | ဆီဆုံ ကျေးရွာ အုပ်စု |
| ၃ | ။ | ကျော်မိုး | ဂဏန်း | ဆီဆုံ ကျေးရွာ အုပ်စု |
| ၄ | ။ | သိန္ဒီ | ဂဏန်း | ဆည်ရွာကျေးရွာအုပ်စု |
| ၅ | ။ | ကြယ်တာ | ဂဏန်း | ဆည်ရွာကျေးရွာအုပ်စု |
| ၆ | ။ | ဓ.ဓ.ဓ | ဂဏန်း | ဆည်ရွာကျေးရွာအုပ်စု |
| ၇ | ။ | | ဂဏန်း | ဆည်ရွာကျေးရွာအုပ်စု |
| ၈ | ။ | | ဂဏန်း | ဆီဆုံကျေးရွာအုပ်စု |

| စဉ် | မြို့နယ် | ပွဲရုံအမည် | ရောင်းဝယ်သည့် ပစ္စည်းများ | တည်နေရာ |
|---|---|---|---|---|
| ၉ | ॥ | | ဂဏန်း | ဆည်ရွာကျေးရွာအုပ်စု |
| ၁၀ | ॥ | | ဂဏန်း | ဆည်ရွာကျေးရွာအုပ်စု |
| ၁၁ | ॥ | ဦးခင်မောင်ဦး | သီးနှံစုံ | ရန်အောင်မြင် |
| ၁၂ | ॥ | သိန်းသန်းစံ | သီးနှံစံ | အုန်းပင်ခြံ |
| မြို့နယ်ချုပ် | ၁၂ | - | - | - |

ကိုးကား။ *အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ စဉ့်ကိုင်မြို့နယ်။(၂၀၁၉)

(၄) ဈေးများ

| စဉ် | မြို့နယ် | ဈေးအမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | စဉ့်ကိုင် | မြို့မဈေး | မြို့မရပ်ကွက် | ဆိုင်ခန်း - ၂၇၀ ခန်း |
| ၂ | ॥ | ပလိပ်ဈေး | ပလိပ်ကျေးရွာ အုပ်စု | ဆိုင်ခန်း - ၁၆၆ ခန်း |
| ၃ | ॥ | သစ်ခေါက်ဈေး | မြောင်းဆုံငယ်ရွာ | |
| ၄ | ॥ | ဘယ်လင်းဈေး | ဘယ်လင်းကျေးရွာ | |
| မြို့နယ်ချုပ် | | - | - | ၄၃၆ |

ကိုးကား။ *အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ စဉ့်ကိုင်မြို့နယ်။(၂၀၁၉)

(၁) ဘဏ်များ

| စဉ် | မြို့နယ် | ဘဏ်အမည် | အစိုးရပိုင် | ပုဂ္ဂလိကပိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | စဉ့်ကိုင် | မြန်မာ့ စီးပွါးရေးဘဏ်ခွဲ | အစိုးရ | - | ၁ |
| | | ကမ္ဘောဇဘဏ် | - | ပုဂ္ဂလိက | ၁ |
| | | သမဝါယမဘဏ် | - | ပုဂ္ဂလိက | ၁ |
| မြို့နယ်ချုပ် | | | ၁ | ၂ | ၃ |

ကိုးကား။ *အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ စဉ့်ကိုင်မြို့နယ်။(၂၀၁၉)

(ဂ) စတိုးဆိုင်နှင့် အရောင်းဆိုင်များ

| စဉ် | ဆိုင် အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | စတိုးဆိုင် | ၃၂ |
| ၂ | ရွှေဆိုင် | ၁၀ |
| ၃ | လျှပ်စစ်ပစ္စည်းဆိုင် | ၉ |
| ၄ | ဖုန်း/ဖုန်းပစ္စည်းအရောင်းဆိုင် | ၄ |
| ၅ | စာအုပ်ဆိုင် | ၃ |
| ၆ | ဆေးဆိုင် | ၁၀ |
| ၇ | စားသောက်ဆိုင် | ၂၇ |

| စဉ် | ဆိုင် အမျိုးအစား | အရေအတွက် |
|---|---|---|
| ၈ | လက်ဖက်ရည်ဆိုင် | ၆၁ |
| ၉ | ကုန်မာဆိုင် | ၁၂ |
| ၁၀ | စိုက်ပျိုးရေးပစ္စည်းဆိုင် | ၉ |
| ၁၁ | ဆောက်လုပ်ရေးပစ္စည်းဆိုင် | ၁၀ |
| ၁၂ | ဝန်ဆောင်မှု လုပ်ငန်းဆိုင် | ၄ |
| ၁၃ | ဆန်ဆိုင် | ၁၂ |
| ၁၄ | အဝတ်အထည်ဆိုင် | ၂၅ |
| ၁၅ | နိဗ္ဗာန်ကုန်ဆိုင် | - |
| မြို့နယ်ချုပ် | | ၂၂၈ |

ကိုးကား။ *အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ စဉ့်ကိုင်မြို့နယ်။(၂၀၁၉)

## ၅.၅.၃.၃ ပုံနှိပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းများ

စဉ့်ကိုင် မြို့နယ်တွင်ရှိသော ပုံနှိပ်တိုက်နှင့် မီဒီယာ လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်

(က) ပုံနှိပ်လုပ်ငန်းနှင့် တေးသံသွင်း၊ ဗီဒီယို

| စဉ် | မြို့နယ် | ပုံနှိပ်စက် | | ပုံနှိပ်တိုက် | ဓာတ်ပုံ | တေးသံသွင်း | ဗီဒီယို |
|---|---|---|---|---|---|---|---|
| | | နေ့စဉ်ထုတ် | အပတ်စဉ်ထုတ် | | | | |
| ၁ | စဉ့်ကိုင် | - | - | ၁၂ | ၃ | - | ၅ |
| မြို့နယ်ချုပ် | | - | - | ၁၂ | ၃ | - | ၅ |

ကိုးကား။ *အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ စဉ့်ကိုင်မြို့နယ်။(၂၀၁၉)

## ၅.၅.၃.၄ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး

စဉ့်ကိုင်မြို့နယ်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| စဉ် | အကြောင်းအရာ | ၂၀၁၈-၁၉ အသားတင်ထုတ်လုပ်မှုတန်ဖိုး | ၂၀၁၉-၂၀ ရည်မှန်းချက် တန်ဖိုး | ၂၀၁၉-၂၀ ခုနှစ်ဆောင်ရွက်နိုင်မှု | | |
|---|---|---|---|---|---|---|
| | | | | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု | တိုးတက်မှု |
| ၁ | ထုတ်လုပ်မှု တန်ဖိုး | ၄၀၅၅၅၃.၀ | ၅၁၇၆၈၃.၀ | ၄၇၄၉၁၆.၄ | ၉၁.၇ | ၁၇.၁ |
| ၂ | ဝန်ဆောင်မှု | ၉၆၃၁၄.၈ | ၁၀၉၈၆၈.၂ | ၉၇၈၄၂.၀ | ၈၉.၁ | ၁.၆ |
| ၃ | ကုန်သွယ်မှုတန်ဖိုး | ၁၄၃၈၀၁.၈ | ၁၉၂၉၇၉.၁ | ၁၅၆၃၄၁.၇ | ၈၁.၀ | ၈.၇ |

| စဉ် | အကြောင်းအရာ | ၂၀၁၈-၁၉ အသားတင်ထုတ်လုပ်မှုတန်ဖိုး | ၂၀၁၉-၂၀ ရည်မှန်းချက်တန်ဖိုး | ၂၀၁၉-၂၀ ခုနှစ်ဆောင်ရွက်နိုင်မှု | | |
|---|---|---|---|---|---|---|
| | | | | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု | တိုးတက်မှု |
| ၄ | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး | ၆၄၅၆၆၉.၆ | ၈၂၀၅၃၀.၃ | ၇၂၉၁၀၀.၁ | ၈၈.၉ | ၁၂.၉ |

ကိုးကား။*အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ စဉ့်ကိုင်မြို့နယ်။(၂၀၁၉)

### ၅.၅.၃.၅ ပညာရေးကဏ္ဍ

စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျောင်း အရေအတွက်မှာ မူလတန်းကျောင်း ၈၉ကျောင်း၊ အလယ်တန်းကျောင်း ၁၈ကျောင်း၊ အထက်တန်းကျောင်း ၅ကျောင်း နှင့် တက္ကသိုလ် ၂ကျောင်း ရှိပါသည်။ မြို့နယ်အတွင်းရှိ ကျောင်းအားလုံး၏ ဆရာ/ဆရာမဦးရေ နှင့်ကျောင်းသားဦးရေ အချိုးသည် ပျှမ်းမျှအားဖြင့် ၁း၂၃ ခန့် ရှိပါသည်။

### ၅.၅.၄ ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍ အနေဖြင့် စဉ့်ကိုင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၏ အချက်အလက်များ အရ မြို့နယ်အတွင်း ၅၀ ကုတင်ဆန့် မြို့နယ်ဆေးရုံ နှင့် ၁၆ ကုတင်ဆန့် တိုက်နယ်ဆေးရုံ တို့ရှိပါသည်။ မြို့နယ်အတွင်းတွင် အစိုးရဆေးရုံ ၂ရုံ နှင့် ပုဂ္ဂလိကဆေးရုံ ၁၅ ရုံ ရှိပါသည်။ ဖြစ်ပွားတတ်သော ရောဂါများမှာ ငှက်ဖျားရောဂါ၊ ဝမ်းလျှောရောဂါ၊ တီဘီရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အသည်းရောင်ရောဂါ နှင့် HIV/AIDS ရောဂါ စသည်တို့ဖြစ်ပါသည်။ အများဆုံး ဖြစ်တတ်သောရောဂါ များမှာ ဝမ်းလျှောရောဂါ၊ တီဘီရောဂါ နှင့် ဝမ်းကိုက်ရောဂါ တို့ဖြစ်ပါသည်။ မြို့နယ်တွင်း ဖြစ်ပွားတတ်သော ရောဂါများကို ဇယား ၅-၁၂ တွင်ဖော်ပြထားပါသည်။

ဇယား ၅-၁၂ မြို့နယ်တွင်း ဖြစ်ပွားတတ်သော ရောဂါများ

| စဉ် | ရောဂါအမျိုးအစား | | | | | | |
|---|---|---|---|---|---|---|---|
| | ငှက်ဖျား | ဝမ်းလျှော/ပျက် | တီဘီ | ဝမ်းကိုက် | အသည်းရောင် | HIV/AIDS | |
| | | | | | | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ |
| ဖြစ် | - | ၁၃၆၆ | ၂၃၉ | ၃၇၅ | - | ၄ | ၂၀ |
| သေ | - | - | - | - | - | - | - |

ကိုးကား။*အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ စဉ့်ကိုင်မြို့နယ်။(၂၀၁၉)

### ၅.၅.၅ မြေအသုံးချမှုလေ့လာခြင်း

စီမံကိန်းဧရိယာ ပတ်ဝန်းကျင်ရှိ မြေအသုံးချမှုကို လေ့လာရာတွင် စုဆောင်းရရှိသော အချက်အလက်နှင့် ကွင်းဆင်းလေ့လာမှုမှ ရသောအချက်အလက်များကို ပေါင်းစပ်၍ ဆောင်ရွက်ခြင်း

ဖြစ်ပါသည်။ ကွင်းဆင်းလေ့လာခဲ့သည့် ၂ကီလိုမီတာအတွင်း စုဆောင်းရရှိထားသော အချက်အလက်များသည် မြေပုံပေါ်တွင်လေ့လာခဲ့သော အချက်အလက်များအား လိုအပ်ချက်များကို ဖြည့်စွက်ရန် ဖြစ်ပါသည်။ မြေအသုံးချမှု အတွက် အောက်ပါ အချက်အလက် များကို ပြင်ဆင်ခဲ့ပါသည်။ ၎င်းတို့မှာ-

၁။ GOOGLE EARTH PRO မှ ဓာတ်ပုံ ထုတ်ယူခြင်း

၂။ ArcGIS software အသုံးပြု၍ မြေပုံထုတ်ယူခြင်း တို့ပြုလုပ်ခဲ့ပါသည်။

စီမံကိန်းဧရိယာအတွင်း ၂၀၁၈ခုနှစ်၊ မတ်လ၊ ၂၀ရက်နေ့ တွင် ကောင်းကင်မြေပုံကို အသုံးပြု၍ ကွင်းဆင်း လေ့လာမှုများ ပြုလုပ်ခဲ့ပြီး မြေအသုံးချမှု အချက်အလက်များကို ရယူခဲ့ပါသည်။ ရရှိသောရလဒ်များကို အခြေခံ၍ မြေအသုံးချ မြေပုံတွင် အမျိုးအစား တစ်ခုချင်း အလိုက် ပြန်လည် စစ်ဆေးခြင်း၊ ပြန်လည် ကြည့်ရှုခြင်း နှင့် ပြုပြင် ပြောင်းလဲခြင်းများ ပြုလုပ်ခဲ့ပါသည်။ မြေအသုံးချ မြေပုံကို ပုံ ၅-၂၇ တွင် ပြသထားပါသည်။


96°8'30"E
96°9'0"E
96°9'30"E
96°10'0"E
96°10'30"E
21°42'0"N
21°41'30"N
21°41'0"N
21°40'30"N
21°40'0"N
21°39'30"N
စီမံကိန်း တည်နေရာ
Service Layer Credits: Source: Esri, DigitalGlobe, GeoEye, Earthstar Geographics, CNES/Airbus DS, USDA, USGS, AeroGRID, IGN, and the GIS User Community
မြေပုံအညွှန်း
လမ်းနယ်
လေ့လာသည့် ဧရိယာ
(၂ကီလိုမီတာ အချင်းဝက်)
ချောင်း
မြေအသုံးချမှု
အစိုးရပိုင်အဆောက်အဦ
စက်ရုံ ဧရိယာ
မြေလွတ်မြေရိုင်း
သာသနာ့နယ်မြေ
တောင်ကုန်းတောင်တန်း
လယ်ကွင်းများ
လူနေ ဧရိယာ
N
W
E
S
km
0
0.25
0.5
1

ပုံ ၅-၂၇ မြေအသုံးချမြေပုံ

လေ့လာတွေ့ရှိချက်များ အရ စီမံကိန်းဧရိယာ၏ ၂ ကီလိုမီတာ ပတ်လည်တွင် မြေအသုံးချမှုများမှာ အစိုးရပိုင် ဧရိယာ၊ စက်ရုံ ဧရိယာ၊ လူနေအိမ် ဧရိယာ၊ သာသနာရေး နယ်မြေ ဧရိယာ၊ မြေလွတ် မြေရိုင်း ဧရိယာ၊ တောင်ကုန်း တောင်တန်း နှင့် လယ်ကွင်းများ ရှိပါသည် ပုံ ၅-၂၈ ။

စီမံကိန်းဧရိယာ အနီးဝန်းကျင်တွင် မြေလွတ် မြေရိုင်း၊ တောင်ကုန်း တောင်တန်း နှင့် လယ်ကွင်းများကို အများဆုံးတွေ့ ရှိရပါသည်။

လူနေအိမ် ဧရိယာသည် စီမံကိန်းဧရိယာ၏ ၁.၁၄ ကီလိုမီတာ ခန့်တွင်ရှိပြီး ဈေးဆိုင်များ နှင့် အသေးစား အလတ်စား ကုန်စုံဆိုင်များ ရှိပါသည်။ အစိုးရပိုင် ဧရိယာ၊ စက်ရုံ ဧရိယာ၊ လူနေအိမ် ဧရိယာ နှင့် သာသနာရေး နယ်မြေ ဧရိယာ တို့သည် စီမံကိန်းဧရိယာ၏ တောင်ဘက်ခြမ်းတွင် ရှိပါသည်။ စက်ရုံ ဧရိယာတွင် ရှိသော စက်ရုံများသည် အကြီးစား စက်ရုံအလုပ်ရုံများ ဖြစ်ပါသည်။

ဘာသာရေးဆိုင်ရာအဆောက်အဦများ

အကြီးစား စက်ရုံအလုပ်ရုံများ

အစိုးရရုံးစိုက်ရာနေရာများ

မြေလွတ်မြေရိုင်းများ

လူနေရိယာ

| | |
|---|---|
| | |
| တောင်ကုန်းတောင်တန်း | လယ်ကွင်း |

**ပုံ ၅-၂၈ စီမံကိန်းဧရိယာအနီးပတ်ဝန်းကျင်ရှိပုံများ**

## ၅.၆ ယဉ်ကျေးမှု နှင့် ဘာသာရေးဆိုင်ရာ အချက်အလက်များလေ့လာမှု

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံဖြစ်သောကြောင့် ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများစွာ ရှိပါသည်။ ဌာနဆိုင်ရာမှ ရရှိထားသော အချက်အလက်များ အရ စဉ့်ကိုင်မြို့နယ် အတွင်း ထင်ရှားသော ယဉ်ကျေးမှုဇုန်များမှာ ပလိပ် ယဉ်ကျေးမှုဇုန်၊ မက္ခရာ ယဉ်ကျေးမှုဇုန် နှင့် ထင်ရှားသော ဘုရား၊ စေတီပုထိုးများမှာ ရွှေကျီးနား၊ ဖားလင်းပိုး၊ ပေါ်တော်မူ၊ ကံကြီးမ နှင့် မြွေဘုရား တို့ဖြစ်ပြီး အခြား သာသနိက အဆောက်အအုံများလည်း ရှိပါသည်။

# အခန်း (၆)

# ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု လေ့လာသတ်မှတ်ခြင်း

## ၆.၁ လေ့လာဆန်းစစ်မှု၏အခြေခံအချက်အလက်

ပတ်ဝန်းကျင် ထိခိုက်မှု လေ့လာ ဆန်းစစ်ရာတွင် လက်ရှိ ပတ်ဝန်းကျင် နှင့် လူမှုဘဝ အခြေအနေပေါ်တွင် မူတည်၍ သုံးသပ်ခြင်း ဖြစ်ပါသည်။ လက်ရှိ ပတ်ဝန်းကျင်နှင့် လူမှုဘဝ၏ ကွင်းဆင်း လေ့လာမှုများကို အခန်း (၅)တွင် အသေးစိတ် ဖော်ပြထားပြီး ဖြစ်ပါသည်။ ယခု အခန်းတွင်မူ ရရှိထားသော ပတ်ဝန်းကျင်နှင့် လူမှုဘဝတို့၏ အကြောင်းအရင်းများအပေါ် စီမံကိန်း ဖော်ဆောင်မှုကြောင့် ထိခိုက်နိုင်ခြေရှိသော သက်ရောက်မှုများ နှင့် ကောင်းကျိုး သက်ရောက်မှုများ ကို လေ့လာ ဆန်းစစ်ပြီး ဖော်ပြသွားမည် ဖြစ်ပါသည်။

## ၆.၂ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနည်းလမ်းနှင့် သုံးသပ်ပုံ

ပတ်ဝန်းကျင်ထိခိုက်မှု စိစစ်သုံးသပ်ပုံမှာ ကမ္ဘာ့ဘဏ်(World Bank)၏ (၁၉၉၁) ခုနှစ် သုံးသပ်ချက်နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၏ (၁၉၉၈) ခုနှစ် စိစစ်သုံးသပ်မှု ထောက်ခံချက်များကို ကိုးကားပြီး လေ့လာဆန်းစစ် ထားပါသည်။

## ၆.၃ ထိခိုက်မှုအဓိပ္ပာယ်သက်မှတ်ခြင်း

စီမံကိန်းဖော်ဆောင်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးနှင့် ကောင်းကျိုး ထိခိုက်မှုများကို သတ်မှတ်ရာတွင် စီမံကိန်း၏ လုပ်ဆောင်ချက်များနှင့် သက်ရောက်နိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝ အကြားရှိ ဆက်စပ် ဖြစ်ပေါ်လာသော ကောင်းကျိုး၊ ဆိုးကျိုးများ ဖြစ်ပါသည်။ စီမံကိန်း လုပ်ဆောင်သော လုပ်ငန်းဆောင်တာများကြောင့် ထိခိုက်ခံစားရသော ပတ်ဝန်းကျင်နှင့် လူမှုဘဝတို့အပေါ် ထိခိုက်နိုင်သော အကြောင်းအရာများ၊ ထိခိုက်မှု၏ ရလဒ်များနှင့် ထိခိုက်မှု၏ အကျိုးကျေးဇူး တို့ကို အဓိပ္ပာယ် သက်မှတ်ခြင်း ပြုလုပ်ရမည်ဖြစ်သည်။

## ၆.၄ ထိခိုက်မှုလေ့လာခြင်းနှင့်တွက်ချက်ခြင်း

ထိခိုက်မှုလေ့လာရာတွင် ဆက်စပ် သက်ရောက်နေသော ပတ်ဝန်းကျင်နှင့် လူမှုဘဝတို့၏ တန်ဖိုးအပေါ် အနှောင့်အယှက်ပေးမှု၊ အေးချမ်းသာယာမှု၊ ထိခိုက်စေမှု တို့၏ ကျယ်ပြန့်မှု၊ ပမာဏနှင့် အချိန် အတိုင်းအတာ တို့ကို လေ့လာ သတ်မှတ်ပြီး၊ ထွက်ပေါ်လာသော ထိခိုက်မှုများကို တွက်ချက်ခြင်း ကို ပုံ ၆-၁ တွင် ပြသထားပါသည်။




**ပုံ ၆-၁ ထိခိုက်မှု တွက်ချက်ပုံအဆင့်ဆင့်**

## ၆.၄.၁ ထိခိုက်သက်ရောက်မှု ပြင်းထန်ခြင်း

ထိခိုက်သက်ရောက်မှု ပြင်းထန်ခြင်းဆိုသည်မှာ ပတ်ဝန်းကျင်၏ တန်ဖိုး အပေါ် ထိခိုက်မှုကြောင့် ပြောင်းလဲသွားမှုနှင့် ထိခိုက်ခံစားမှုတို့၏ အဓိက ဆက်စပ် သက်ရောက်နေသော ရလဒ်များကို ပေါင်းစပ် ဖေါ်ပြထားသော အကျိုးဆက်များကို ဆိုလိုခြင်းဖြစ်ပါသည်။

### ၆.၄.၁.၁ ပတ်ဝန်းကျင်တန်ဖိုး

ပတ်ဝန်းကျင် ၏ တန်ဖိုးဆိုသည်မှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝတို့ အကြား အစိတ်အပိုင်းများကို တစ်စုတည်း အဖြစ် ပေါင်းစပ် ဖွဲ့စည်းပြီး ရရှိလာသော အကျိုးရလဒ်ကို ဆိုလိုသည်။ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဘဝတို့၏ တန်ဖိုးကို သမာ သမတ်ကျကျ ပိုင်းခြားနိုင်ရန် အတွက် အဆင့် ၃ဆင့် ခွဲ၍ဖော်ပြထားပါသည်။

H= အဓိက အရေးကြီးပြီး လူနှင့်တိရစ္ဆာန်များ ကျက်စားရာနေရာ အစရှိသော မဖြစ်မနေ ထိန်းသိမ်း စောင့်ရှောက်ရမည့် နေရာများ/အရာများ

M= အရေးကြီးသည့်အရာ ဖြစ်သော်လည်း မဖြစ်မနေ ထိန်းသိမ်းရန် မလိုသော ထိန်းသိမ်း စောင့်ရှောက်ရမည့် နေရာများ/အရာများ

L= အရေးကြီး သော်လည်း သတိမပြုမိ သောနေရာ/အရာများဖြစ်၍ ထိန်းသိမ်း စောင့်ရှောက်သင့်သည့် နေရာများ/အရာများ

### ၆.၄.၁.၂ အနှောက်အယှက်ပေးမှု အဆင့်

စီမံကိန်း လုပ်ငန်းနှင့် ဆက်စပ် သက်ရောက်နေသော အကျိုးဆက်များကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝအပေါ် ပေါင်းစပ်ဖြစ်ပေါ်လာသော ကောင်းကျိုး၊ ဆိုးကျိုးတို့၏ ပမာဏ၊ အဆင့် သတ်မှတ်ချက် ရလဒ်များကို ခေါ်ပါသည်။ ပတ်ဝန်းကျင်နှင့် လူမှုဘဝအပေါ် ထိခိုက်မှု သတ်မှတ်ချက်ကို အဆင့် ၃ဆင့် သတ်မှတ် ထားပါသည်။

H= ပတ်ဝန်းကျင်၏ အစိတ်အပိုင်းများအပေါ် ဆိုးရွားစွာ တိုက်ရိုက် ထိခိုက်နိုင်သော ဆိုးကျိုးထိခိုက်မှု ပမာဏဖြစ်သည်။

M= ထိခိုက်မှုပမာဏမှာ ပြောင်းလဲနိုင်သော ပမာဏဖြစ်ပြီး လျှော့ကျသွားနိုင်သလို၊ တိုးလာနိုင်သော ပမာဏမျိုး ဖြစ်သည်။ ပတ်ဝန်းကျင်၏ အစိတ်အပိုင်းများ အပေါ် မဆင်မခြင် ပြုလုပ်မှသာ ထိခိုက်နိုင်ပါသည်။

L= ပတ်ဝန်းကျင် အစိတ်အပိုင်းများအပေါ် သိသိသာသာ ထိခိုက်မှုမျိုး မဟုတ်ပဲ ကာကွယ်နိုင်သော ပမာဏ (သို့) မျက်ကွယ်ပြုနိုင်သော ပမာဏမျိုးဖြစ်သည်။

ထိခိုက်သက်ရောက်မှု၏ ပြင်းထန်ခြင်းကို သိရှိရန် ပတ်ဝန်းကျင် တန်ဖိုးအပေါ် ကျရောက်လာသော ထိခိုက်မှု အဆင့် သတ်မှတ်ချက် ရလဒ်များ၏ ပေါင်းစပ်လေ့လာမှုကို အောက်ပါ ဇယား ၆-၁ တွင် ဖော်ပြထားပါသည်။

**ဇယား ၆-၁ ထိခိုက်မှုပြင်းထန်ခြင်း သက်မှတ်ပုံ**

| ထိခိုက်မှု၏အဆင့် | ပတ်ဝန်းကျင်တန်ဖိုး | | |
|---|---|---|---|
| | H | M | L |
| H | V H | H | M |
| M | H | H | L |
| L | M | L | L |

### ၆.၄.၂ ထိခိုက်သက်ရောက်မှုပမာဏ၏ ကျယ်ပြန့်မှု

ထိခိုက်သက်ရောက်မှု ပမာဏ၏ ကျယ်ပြန့်မှု ဆိုသည်မှာ ပတ်ဝန်းကျင် တန်ဖိုးအပေါ် ထိခိုက်မှု ဖြစ်ပေါ်ချိန်တွင် သက်ရောက်နိုင်သော နယ်ပယ်ဧရိယာကို ဆိုလိုသည်။ ကျယ်ပြန့်မှု အကွာအဝေးကို ၃ ပိုင်းခွဲ၍ သတ်မှတ်ထားပါသည်။

Regional= ထိခိုက်မှုသည် ပထဝီအနေအထားအရ အလွန် ကျယ်ပြန့်သော အတိုင်းအတာ (သို့) များပြားသော ပတ်ဝန်းကျင် အစိတ်အပိုင်း တို့ကို ထိခိုက်သည့် အတိုင်းအတာ ကို ဆိုလိုသည်။

Local= ထိခိုက်မှုသည် ကန့်သတ်ထားသော အတိုင်းအတာ (သို့) စီမံကိန်းနှင့် အနီးအနား (သို့) သတ်မှတ်ထားသော အကွာအဝေး အတိုင်းအတာကို ဆိုလိုသည်။

Site-specific= ထိခိုက်မှုသည် စီမံကိန်းအတွင်း (သို့) ထိခိုက်မှု ဖြစ်ပေါ်သော နေရာနှင့် အလွန်နီးကပ်သော အကွာအဝေးကို ဆိုလိုသည်။

### ၆.၄.၃ ထိခိုက်သက်ရောက်မှု၏ ကြာမြင့်ချိန်

ထိခိုက်သက်ရောက်မှု၏ ကြာမြင့်ချိန် ဆိုသည်မှာ စီမံကိန်းကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးထိခိုက်မှုများ၏ ပတ်ဝန်းကျင် တန်ဖိုးအပေါ် ကျရောက်မှု အချိန် အတိုင်းအတာကို ဆိုလိုခြင်း ဖြစ်ပါသည်။ ထိုကြာမြင့်ချိန်ကို ၃ ပိုင်းခွဲ၍ ဖော်ပြထားပါသည်။

Long = ထိခိုက်မှုသည် ဆက်တိုက်ဖြစ်ပေါ်ပြီး မူလအတိုင်း ပြန်မဖြစ်နိုင်သော အခြေအနေထိ ကြာမြင့်သည့် အချိန်ကာလကို ဆိုလိုသည်။

Medium = ထိခိုက်မှုသည် မူလ အတိုင်း ပြန်မဖြစ်နိုင်သော အချိန် (သို့) ဘဝနှင့် နှိုင်းယှဉ်လျှင် တိုတောင်းပြီး အထိုက်အသင့် (သို့) ထိခိုက်မှု သက်တမ်း တစ်ခုအဖြစ် ကြာမြင့်သော ကာလကို ဆိုလိုသည်။

Temporary = ထိခိုက်မှုသည် စီမံကိန်း သတ်မှတ်ထားသော အကြို တည်ဆောက်ခြင်းကာလ/ တည်ဆောက်ဆဲကာလ/ဖျက်သိမ်းခြင်းကာလ များတွင် သတ်မှတ်သည့် အချိန်အတွင်း ဖြစ်ပေါ်မှုကို ဆိုလိုသည်။

## ၆.၅ သိသာထင်ရှားသောထိခိုက်မှု

သိသာထင်ရှားသော ထိခိုက်မှုကို ရရှိရန်အတွက် ဆက်စပ် သက်ရောက်နေသော ထိခိုက်မှု၏ ပမာဏ၊ ကျယ်ပြန့်မှုနှင့် ကြာမြင့်ချိန်တို့ကို ပေါင်းစပ်ကာ ရရှိလာသော ရလဒ်များကို ဖော်ပြခြင်း ဖြစ်သည်။ တွက်ချက် လေ့လာမှုပုံစံကို အောက်ဖော်ပြပါ ဇယား ၆-၂ တွင် အသေးစိတ်ဖော်ပြထားပါသည်။

**ဇယား ၆-၂ သိသာထင်ရှားသောထိခိုက်မှု လေ့လာပုံ**

| ပမာဏ | ကျယ်ပြန့်မှု | ကြာချိန် | သိသာထင်ရှားသော ထိခိုက်မှု |
|---|---|---|---|
| VH | R | L | VH |
| | | M | VH |
| | | T | VH |
| | L | L | VH |
| | | M | VH |
| | | T | H |
| | S | L | VH |
| | | M | H |
| | | T | H |
| H | R | L | VH |
| | | M | H |

| ပမာဏ | ကျယ်ပြန့်မှု | ကြာချိန် | သိသာထင်ရှားသော ထိခိုက်မှု |
|---|---|---|---|
| | | T | H |
| | L | L | H |
| | | M | H |
| | | T | M |
| | S | L | H |
| | | M | M |
| | | T | M |
| M | R | L | H |
| | | M | M |
| | | T | M |
| | L | L | M |
| | | M | M |
| | | T | L |
| | S | L | M |
| | | M | L |
| | | T | L |
| L | R | L | M |
| | | M | L |
| | | T | L |
| | L | L | L |
| | | M | L |
| | | T | VL |
| | S | L | L |
| | | M | VL |
| | | T | VL |

## ၆.၆ ထိခိုက်မှု အဓိပ္ပာယ်သတ်မှတ်ခြင်း

ထိခိုက်မှု၏ အဓိပ္ပာယ်ကို သတ်မှတ်ရာတွင် အခန်း (၁) တွင် ဖော်ပြထားသော စီမံကိန်း ဖော်ဆောင်မှု အကြောင်းအရာများကြောင့် အခန်း (၅)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်နှင့် လူမှုဘဝတို့ အပေါ် သက်ရောက်နိုင်မှုတို့ကို အဓိပ္ပာယ် သတ်မှတ်၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။ စီမံကိန်း၏ လုပ်ငန်းဆောင်တာများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝတို့ အပေါ် တစ်ခု သို့မဟုတ် တစ်ခုထက် ပို၍ ပြောင်းလဲ သွားနိုင်သော အကြောင်း အချက်အလက်များကို သုံးသပ်၍ သတ်မှတ်ထားခြင်းကို ပမာဏအဆင့် (၄ ဆင့်) ခွဲ၍ ပြသထားပါသည်။

0. ထိခိုက်မှု ဖြစ်နိုင်ခြေမရှိခြင်း

1. ထိခိုက်မှု ပမာဏအလွန်နည်းပါးခြင်း

2. ထိခိုက်မှု ပမာဏ အသင့်အတင့်ရှိခြင်း

3. ဆိုးရွားသောထိခိုက်မှုရှိခြင်း

အဆင့် သတ်မှတ်ချက် ပမာဏ 2 နှင့် 3 တို့ အခြေအနေ ရောက်ရှိနေသော ပမာဏများကို မဖြစ်မနေ လျှော့ချရေးနှင့် ထိန်းသိမ်းရေး အစီအစဉ်များ ပြုလုပ်ရန် လိုအပ်ပါသည်။

စီမံကိန်း၏ တည်ဆောက်နေစဉ် ကာလနှင့် ထုတ်လုပ်မည့် ကာလများတွင် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် အကျိုး သက်ရောက်မှုများကို တွက်ချက် ခန့်မှန်း၍ သတ်မှတ်ထားသော ပမာဏ အဆင့် ၄ ဆင့်ဖြင့် ဖော်ပြထားသော အကျဉ်းချုပ်ကို အောက်ပါ ဇယား ၆-၃ တွင် ပြသထားပါသည်။

**ဇယား ၆-၃ ထိခိုက်မှုသတ်မှတ်ထားပုံနှင့်အကဲဖြတ်ခြင်း**

| အမျိုးအစား | အချက်အလက် | စီမံကိန်းကာလ | | အကဲဖြတ်မှုအကြောင်းအရာ |
|---|---|---|---|---|
| | | ဆောက်လုပ်စဉ် | လုပ်ငန်းလည်ပတ်စဉ် | |
| ညစ်ညမ်းမှု | လေထု | ၂ | ၁ | ဆောက်လုပ်ရေးကာလ<br>➢ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လုပ်ငန်းသုံးယာဉ်များကြောင့် ဖုန်မှုန့်၊သဲမှုန့်များထွက်ခြင်းကြောင့် လေထုအရည်အသွေးထိခိုက်မှု ယာယီဖြစ်ပေါ်စေနိုင်ပါသည်။<br>➢ လုပ်ငန်းသုံးကားများ နေ့စဉ်မောင်းနှင်းခြင်းကြောင့်ပတ်ဝန်းကျင် လေထုထဲသို့ ဖုန်မှုန့်များ ပျံ့နှံ့ပြီး လေထုအရည်အသွေးထိခိုက်ခြင်း။<br>➢ အဆောက်အဦးကို ဆေးသုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ချိန် တွင် လုပ်သားများအား အနံ့အသက်များထိခိုက်နိုင်ခြင်း။<br>လုပ်ငန်းလည်ပတ်စဉ်ကာလ<br>➢ ဆိုင်ကယ် အထုပ်အပိုးများ ကို ဖြေထုတ် ချိန်တွင် ဖုန်မှုန့်များ ထွက်ရှိနိုင်ခြင်း |

| အမျိုးအစား | အချက်အလက် | စီမံကိန်းကာလ | | အကဲဖြတ်မှုအကြောင်းအရာ |
|---|---|---|---|---|
| | | ဆောက်လုပ်စဉ် | လုပ်ငန်းလည်ပတ်စဉ် | |
| | | | | ➢ ဝန်ထမ်းအကြိုအပို့ ယာဉ်များကြောင့် ဖုန်မှုန့်များထွက်ရှိနိုင်ခြင်း<br>➢ အဆောက်အဦအတွင်း ဆိုင်ကယ်ဆေးမှုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် လေအရည်အသွေးနှင့် အနံ့အသက်များထိခိုက်နိုင်ခြင်း |
| | ရေအရည်အသွေး | ၁ | ၁ | ဆောက်လုပ်ရေးကာလ<br>➢ ဆောက်လုပ်ရေး ပစ္စည်းများ ဆေးကြောသန့်စင်ခြင်းမှ ရေဆိုးများ ထွက်ရှိခြင်း<br>➢ ဆောက်လုပ်ရေး လုပ်သားများ၏ စွန့်ပစ်ရေများမှ ရေဆိုးများထွက်ရှိခြင်း။<br>လုပ်ငန်းလည်ပတ်စဉ်ကာလ<br>➢ ဆိုင်ကယ်သုံးစက်ဆီချောဆီများ ဆေးကြောခြင်းမှ ရေဆိုးများထွက်ရှိခြင်း<br>➢ ဝန်ထမ်းများနေ့စဉ်အသုံးပြုရာမှ ရေဆိုးများထွက်ရှိခြင်း။ |
| | ဆူညံသံ | ၁ | ၁ | ဆောက်လုပ်ရေးကာလ<br>➢ ဆောက်လုပ်ရေးသုံးစက်ပစ္စည်း များ ကြောင့်ဆူညံသံယာယီဖြစ်ပေါ် စေခြင်း။<br>➢ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကားများကြောင့် အသံဆူညံမှု ဖြစ်ပေါ်စေခြင်း။<br>လုပ်ငန်းလည်ပတ်စဉ်ကာလ<br>➢ လုပ်ငန်းလည်ပတ်စဉ် တွင်မူစက်ရုံအတွင်းတွင်ပြုလုပ် မည် ဖြစ်သောကြောင့်ပတ်ဝန်းကျင် ဆူညံမှုလျော့နည်းသော်လည်း လုပ်သား များ ကို ထိခိုက်မှု ဖြစ်ပေါ် နိုင် ခြင်း |
| | စွန့်ပစ်ပစ္စည်း | ၁ | ၂ | ဆောက်လုပ်ရေးကာလ |

| အမျိုးအစား | အချက်အလက် | စီမံကိန်းကာလ | | အကဲဖြတ်မှုအကြောင်းအရာ |
|---|---|---|---|---|
| | | ဆောက်လုပ်စဉ် | လုပ်ငန်းလည်ပတ်စဉ် | |
| | | | | ➢ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများထွက်ရှိနိုင်ခြင်း<br>လုပ်ငန်းလည်ပတ်စဉ်ကာလ<br>➢ လုပ်ငန်းလည်ပတ်စဉ် ထွက်ရှိနိုင် သော ပစ္စည်းများမှာ မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများ ထုတ်ပိုးသည့် စက္ကူပုံးနှင့်ပလက် စတစ်များထွက်ရှိခြင်း။ |
| သဘာဝ ပတ်ဝန်းကျင် | ဂေဟစနစ် | ၀ | ၀ | စီမံကိန်းဧရိယာအနီးဝန်းကျင်တွင် လယ်ယာမြေနှင့်မြေလွတ်နေရာများသာရှိပါသည်။ အခြေခံလေ့လာမှုများ စာရင်းတွင်အဓိကအရေးပါသည့်မျိုးသုန်းပျောက်ကွယ်နိုင်သည့်မျိုးစိတ်များမရှိပါ။ |
| | ဇလဗေဒ | ၀ | ၀ | လေ့လာခဲ့သည့်စာရင်းများအရ စီမံကိန်းဧရိယာသည်အပူပိုင်းမုတ်သုံရာသီဥတုမျိုးဖြစ်သောကြောင့် ဆိုးရွားသောမုန်တိုင်းဒဏ်နှင့် ရေကြီးရေလျှံမှုမျိုး မတွေ့ရှိပါ။ |
| လူမှုဝန်းကျင် | နေထိုင်မှုနှင့် အသက်မွေးမှု | ၀ | ၀ | ဒေသဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်း လုပ်ဆောင်ချက်များအရ ဖြစ်ပေါ်နိုင်သော အခြေအနေကို မတွေ့ရှိပါ၊ |
| | လက်ရှိလူမှုအဆောက်အဦနှင့် သွားလာရေး | ၀ | ၀ | |
| | ယဉ်ကျေးမှုအမွေအနှစ်များ | ၀ | ၀ | |
| | ကူးစက်ရောဂါ | ၀ | ၀ | |
| | လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး | ၁ | ၁ | လုပ်ငန်းခွင်တွင် ပေါ့လျော့စွာလုပ်ဆောင်ခြင်း၊ သတိမမူခြင်းများကြောင့် ဖြစ်ပေါ်နိုင်ခြေရှိသည်။ |

## ၆.၆.၁ စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်မှုအခြေအနေ အသေးစိတ် တွက်ချက်ခြင်း

ဇယား ၆-၃ တွင်ဖော်ပြထားသော ထိခိုက်မှု သုံးသပ်ချက်များကို အခြေခံ၍ စီမံကိန်းကာလ နှစ်ခုဖြစ်သော တည်ဆောက်ရေး ကာလနှင့် လုပ်ငန်း လည်ပတ်စဉ် ကာလ တို့အတွင်း ပတ်ဝန်းကျင်နှင့် လူမှုဘဝတို့ အပေါ် ထိခိုက်မှုအသေးစိတ်ကို ကဏ္ဍအလိုက် ခွဲခြား တွက်ချက်ထားပါသည်။

ဖြစ်ပေါ်နိုင်ခြေရှိသော ဆိုးကျိုး ထိခိုက်မှု များကိုသာ ဦးစားပေး ဖော်ပြသွားမည် ဖြစ်ပြီး ကျန်ထိခိုက်မှု မရှိသော အချက်အလက်များကိုမူ ချန်လှပ် သွားမည် ဖြစ်ပါသည်။

## ၆.၇ လေထုအရည်အသွေးထိခိုက်မှု

လေထုထိခိုက်မှုမှာ တည်ဆောက်ရေး ကာလနှင့် စက်ရုံ စတင်လည်ပတ်ချိန်တွင် လေထုအပေါ်အနည်းငယ်ထိခိုက်မှုရှိနိုင်ပါသည်။ ထို့ကြောင့် စက်ရုံ တည်ဆောက်ရေး နှင့် စက်ပစ္စည်းများ တပ်ဆင်ခြင်း ပြုလုပ်နေချိန်တွင် စက်ရုံဝန်းအတွင်း လေအရည်အသွေး တိုင်းတာမှု ပြုလုပ်ခဲ့ပါသည်။ High Volume Air Sampler စက်ဖြင့်တိုင်းတာခဲ့သည့် ရလဒ်များသည် မြန်မာနိုင်ငံနှင့် နိုင်ငံတကာ လေအရည်အသွေး စွန့်ထုတ်မှုလမ်းညွှန်ချက် စံနှုန်းများထက် သိသိသာသာ ကျော်လွန်နေခြင်းမျိုးကို မတွေ့ခဲ့ရပါ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၏ လိုအပ်ချက်အရ လေအရည်အသွေးတိုင်းတာမှုကို Haz-Scanner (EPAS) စက်ဖြင့် တိုင်းတာခဲ့ပါသည်။ ထိုတိုင်းတာမှု၏ ရလဒ်များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက် ၂၀၁၅(NEQEG) စံချိန်စံညွှန်းဖြင့် နှိုင်းယှဉ်ခဲ့ရာတွင် ရလဒ်များသည် (NEQEG) စံချိန်စံညွှန်းအတွင်း ရှိနေသည်ကို တွေ့ရှိခဲ့ရပါသည်။ တိုင်းတာမှုရလဒ်များကို အောက်ပါ ဇယား ၆-၄ နှင့်ဇယား ၆-၅ တွင် ဖော်ပြထားပါသည်။

ဇယား ၆-၄ High Volume Air Sampler ဖြင့် တိုင်းတာရရှိသော လေအရည်အသွေးရလဒ်

| လေအရည်အသွေး တိုင်းတာမှု | အချိန် | ယူနစ် | ရလဒ် | (NEQG*) | ကမ္ဘာဘဏ် |
|---|---|---|---|---|---|
| TSP | -၂၄ နာရီ | µg/m³ | ၂၃၃ | - | ၂၃၀ |
| PM10 | -၂၄ နာရီ | µg/m³ | ၁၅၈ | ၅၀ | - |

*အမျိုးသား ပတ်ဝန်းကျင် အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်(၂၀၁၅)

ဇယား ၆-၅ Haz Scanner (EPAS) ဖြင့် တိုင်းတာရရှိသော လေအရည်အသွေးရလဒ်

| No. စဉ် | Parameters တိုင်းတာသည့် အရည်အသွေး | Result ရလဒ် | Unit ယူနစ် | Sampling Duration ပျှမ်းမျှကာလ | | *Guideline value ထုတ်လွှတ်မှုစံနှုန်း | Avg.Period ပျှမ်းမျှကာလ |
|---|---|---|---|---|---|---|---|
| 1. | Carbon dioxide (CO2) ကာဗွန်ဒိုင်အောက်ဆိုဒ် | ၄၀၉.၉၈ | ppm | ၂၄ | နာရီ | NG | - |
| 2. | Carbon monoxide (CO) ကာဗွန်မိုနောက်ဆိုဒ် | ၇၄.၅၈ | µg/m³ | ၂၄ | နာရီ | NG | - |
| 3. | Methane (CH4) မီသိန်း | ၂၁၂,၈၈ | ppm | ၂၄ | နာရီ | NG | - |
| 4. | Nitrogen dioxide (NO2) နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | - | µg/m³ | - | နာရီ | - | ၁နှစ် |
| | | ၄၅.၀ | µg/m³ | ၁ | နာရီ | ၂၀၀ µg/m³ | ၁နာရီ |
| 5. | Ozone (O3) အိုဇုန်း | ၈၇.၃ | µg/m³ | ၈ | နာရီ | ၁၀၀ µg/m³ | ၈နာရီ |
| 6. | Particulate Matter (PM10) လေထုထဲရှိ အမှုန်အမွှား | ၁၄.၃၃ | µg/m³ | ၂၄ | နာရီ | ၅၀ µg/m³ | ၂၄-နာရီ |

| No.<br>စဉ် | Parameters<br>တိုင်းတာသည့်<br>အရည်အသွေး | Result<br>ရလဒ် | Unit<br>ယူနစ် | Sampling<br>Duration<br>ပျမ်းမျှကာလ | | *Guideline value<br>ထုတ်လွှတ်မှုစံနှုန်း | Avg.Period<br>ပျမ်းမျှကာလ |
|---|---|---|---|---|---|---|---|
| 7. | Particulate Matter (PM2.5)<br>လေထုထဲရှိ အမှုန်အမွှား | ၈.၀၂ | µg/m³ | ၂၄ | နာရီ | ၂၅ µg/m³ | ၂၄-နာရီ |
| 8. | Sulphur dioxide (SO2)<br>ဆာလဖာဒိုင်အောက်ဆိုဒ် | ၁၄.၅၁ | µg/m³ | ၂၄ | နာရီ | ၂၀µg/m³ | ၂၄-နာရီ |
| 9. | Volatile Organic Compound (VOCs) | ၁.၂၅ | ppb | ၂၄ | နာရီ | NG | - |
| 10. | Humidity<br>စိုထိုင်းစ | ၆၉ | %RH | ၂၄ | နာရီ | - | ၂၄-နာရီ |
| 11. | Temperature<br>အပူချိန် | ၃၂.၃ | °C | ၂၄ | နာရီ | - | - |
| 12. | Wind Speed<br>လေတိုက်နှုန်း | ၁.၂ | m/s | ၂၄ | နာရီ | - | - |
| 13 | Win Direction<br>လေတိုက်ရာအရပ် | ၆၀ | Deg | ၂၄ | နာရီ | - | - |

သိသာသော ထိခိုက်မှုကို သိရှိရန်အတွက် ပထမဦးစွာ ပတ်ဝန်းကျင်၏ တန်ဖိုးနှင့် သက်ရောက်မှု ပမာဏကို နှိုင်းယှဉ် တွက်ချက်ရန် ဖြစ်သည်။ သက်ရှိသတ္တဝါတို့၏ ရှင်သန် ကြီးထွားမှု အတွက် လေထု၏တန်ဖိုးသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ လေ၏ ပတ်ဝန်းကျင်တန်ဖိုးကို M ဟု သတ်မှတ်ပါသည်။ အနှောင့်အယှက် ပေးနိုင်သော ဖုန်မှုန့်များ၏ တန်ဖိုးကို သုံးသပ်ရာတွင် စီမံကိန်း၏ တည်ဆောက်ရေး လုပ်ငန်းသည် အသေးစား တည်ဆောက်ရေးနှင့် ပြင်ဆင်ခြင်းမျိုး ဖြစ်သောကြောင့် ထိခိုက်မှုတန်ဖိုးကို L ဟု သတ်မှတ်ပါသည်။

ထို့ကြောင့် ပတ်ဝန်းကျင်တန်ဖိုးကို တွက်ချက်ရာတွင် သက်ရှိသတ္တဝါ တန်ဖိုးနှင့် အနှောင့်အယှက်ပေးမှု ပမာဏတို့ကို ဆက်စပ် တွက်ချက်ရာတွင် L အဆင့် သတ်မှတ်ပါသည်။

ထိခိုက်မှု ကျယ်ပြန့်ခြင်းကို လေ့လာရာတွင် စီမံကိန်း၏ ဆောက်လုပ်ရေး လုပ်ငန်းများသည် အသေးစား ပြုပြင်ခြင်းမျိုး နှင့် အနီးအနားတွင် ထိခိုက်လွယ်သော ပတ်ဝန်းကျင် မရှိခြင်း တို့ကြောင့် ထိခိုက်မှု ကျယ်ပြန့်ခြင်းကို S ဟု သတ်မှတ်ပါသည်။

ထိခိုက်မှု ကြာချိန်ကိုလေ့လာရာတွင် စီမံကိန်း၏ တည်ဆောက်မှု၏အချိန်သည်ယာယီဖြစ်ပြီး တိုတောင်းသောအချိန်ကာလတစ်ခုသာ ဖြစ်သောကြောင့် T ဟုသက်မှတ်ပါသည်။

ထိခိုက်မှုအတိုင်းအတာ၊ ကျယ်ပြန့်မှု နှင့် ကြာမြင့်ချိန် တို့ကို ဆက်စပ်၍ တွက်ချက်လေ့လာရရှိသော ရလဒ်များအရ ပတ်ဝန်းကျင်အပေါ် သိသိသာသာထိခိုက်မှုအဆင့်ကို VL ဟုသတ်မှတ်ပါသည်။

| ထိခိုက်မှု | ပတ်ဝန်းကျင်တန်ဖိုး | ထိခိုက်မှုပမာဏ | ထိခိုက်မှုအတိုင်းအတာ | ထိခိုက်မှုဖြစ်ပေါ်ချိန် | သိသာသောထိခိုက်မှု |
|---|---|---|---|---|---|
| လေ | M | L | S | T | VL |

## ၆.၈ ဆူညံမှု

ဆူညံသံ ထွက်ပေါ်မှုသည် စက်ရုံတည်ဆောက်ရေး ကာလတွင်သာ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှု အနည်းငယ် ရှိပြီး လုပ်ငန်းလည်ပတ်စဉ် ကာလတွင် ထိခိုက်မှု မရှိနိုင်ကြောင်း တွေ့ရှိခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် စက်ရုံ၏ ထုတ်လုပ်မှု လုပ်ငန်းများတွင် ဆူညံသံ ဖြစ်ပေါ်နိုင်သော လုပ်ငန်းများသည် စက်ရုံအတွင်းသာ ပြုလုပ်မည် ဖြစ်သောကြောင့် အနီးဝန်းကျင်ကို ထိခိုက်မှု မရှိနိုင်ပါ။ လက်ရှိ ဆူညံသံ တိုင်းတာခဲ့သည့် ရလဒ်များအရလည်း မြန်မာနိုင်ငံရှိ သတ်မှတ်ထားသော စံနှုန်းထက် သိသိသာသာ များနေခြင်း မရှိပါ။ တိုင်းတာမှုရလဒ်များကို အောက်ပါ ဇယား ၆-၆ တွင် ဖော်ပြထားပါသည်။

**ဇယား ၆-၆ အသံဆူညံမှုတိုင်းတာခြင်းရလဒ်**

| နေ့စွဲ | တိုင်းတာသည့် နေရာ | တိုင်းတာမှုနေရာအနီးအနားလုပ်ဆောင်နေမှု | အချိန် | Average 1 hr (dBA) | |
|---|---|---|---|---|---|
| | | | | Laeq | Lamax |
| ၂၄.၂.၂၀၁၈ | စက်ရုံဧရိယာအ တွင်း | အဆောက်အဦများအား ပြုပြင်မွမ်းမံနေစဉ် | နံနက် ၁၀ နာရီ မှ နေ့လည် ၁ နာရီ | ၅၄.၈ | ၆၇.၃ |
| ၁၆-၂၀ .၃.၂၀၁၈ (၂၄ နာရီ) | ဆိုင်ကယ်ထုတ်လုပ်မည့်စက်ရုံအတွင်း (လုပ်ငန်းလည်ပတ်ချိန်) | မော်တော်ဆိုင်ကယ် နှင့်သုံးဘီးဆိုင်ကယ် တပ်ဆင်ထုတ်လုပ် | နံနက် ၉ နာရီ မှ ညနေ ၅ နာရီ | ၇၂.၄ | ၇၄.၂ |
| | စီမံကိန်းဧရိယာအတွင်း | စက်ရုံချင်းကပ်လမ်းနှင့် ၈၀ မီတာ အကွာ ထူးခြားသောလုပ်ဆောင်နေမှုမရှိ | နံနက် ၇ နာရီ မှ ည ၁၀ နာရီ | ၅၈.၁ | ၆၂.၄ |
| | | | ည ၁၀ နာရီမှ နံနက် ၇ နာရီ | ၄၃.၁ | ၄၆.၁ |

သိသာသော ထိခိုက်မှုကို သိရှိရန်အတွက် ပထမဦးစွာ ပတ်ဝန်းကျင်၏တန်ဖိုးနှင့် အနှောက်အယှက်ပေးမှု ပမာဏကို နှိုင်းယှဉ်တွက်ချက်ရန် ဖြစ်သည်။ အနီးအနားတွင် ရှိသော ပတ်ဝန်းကျင် အနေအထားသည် လူနေအရပ်နှင့် ဝေးကွာသောကြောင့် ပတ်ဝန်းကျင် ထိခိုက်မှု တန်ဖိုးကို M ဟု သတ်မှတ်ပါသည်။ အနှောင့်အယှက် ပေးနိုင်သော ဖုန်မှုန့်များ၏ တန်ဖိုးကို သုံးသပ်ရာတွင် စီမံကိန်း၏ တည်ဆောက်ရေး လုပ်ငန်းသည် အသေးစား တည်ဆောက်ရေးနှင့် ပြင်ဆင်ခြင်းမျိုးသာ ဖြစ်ပြီး စက်ရုံ လည်ပတ်ရာတွင် လည်း ဆူညံမှု ဖြစ်နိုင်သော လုပ်ငန်းများမှာ စက်ရုံအတွင်း၌ သာ ဖြစ်သောကြောင့် ထိခိုက်မှုတန်ဖိုးကို L ဟု သတ်မှတ်ပါသည်။

ထို့ကြောင့် ပတ်ဝန်းကျင်တန်ဖိုးကို တွက်ချက်ရာတွင် ပတ်ဝန်းကျင် အခြေအနေနှင့် အနှောင့်အယှက်ပေးမှု ပမာဏတို့ကို ဆက်စပ် တွက်ချက်ရာတွင် L အဆင့် သတ်မှတ်ပါသည်။

ထိခိုက်မှုကျယ်ပြန့်ခြင်းကို လေ့လာရာတွင် စီမံကိန်း၏ ဆောက်လုပ်ရေး လုပ်ငန်းများသည် အသေးစား ပြုပြင်ခြင်းမျိုး နှင့် အနီးအနားတွင် ထိခိုက်လွယ်သော ပတ်ဝန်းကျင် မရှိခြင်းတို့ကြောင့် ထိခိုက်မှု ကျယ်ပြန့်ခြင်းကို S ဟုသတ်မှတ်ပါသည်။

ထိခိုက်မှု ကြာချိန်ကို လေ့လာရာတွင် စီမံကိန်း တည်ဆောက်မှု၏ အချိန်သည် တိုတောင်းသော အချိန်ကာလ တစ်ခုသာ ဖြစ်သောကြောင့် T ဟုသတ်မှတ်ပါသည်။

ထိခိုက်မှု အတိုင်းအတာ၊ ကျယ်ပြန့်မှုနှင့် ကြာမြင့်ချိန်တို့ကို ဆက်စပ်၍ တွက်ချက် လေ့လာရရှိသော ရလဒ်များအရ ပတ်ဝန်းကျင်အပေါ် သိသိသာသာ ထိခိုက်မှုအဆင့်ကို VL ဟု သတ်မှတ်ပါသည်။

| ထိခိုက်မှု | ထိခိုက်မှု | ပတ်ဝန်းကျင်တန်ဖိုး | ထိခိုက်မှုပမာဏ | ထိခိုက်မှုအတိုင်းအတာ | ထိခိုက်မှုဖြစ်ပေါ်ချိန် |
|---|---|---|---|---|---|
| ဆူညံသံ | M | L | S | T | VL |

## ၆.၉ စွန့်ပစ်အမှိုက်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု

စွန့်ပစ်ပစ္စည်းများမှာ တည်ဆောက်စဉ် ကာလနှင့် စက်ရုံ လည်ပတ်စဉ် ကာလ နှစ်ခုစလုံးတွင် ထွက်ရှိနိုင်ပြီး ဆောက်လုပ်ရေးသုံး ပစ္စည်း အကြွင်းအကျန်များ၊ မော်တော် ဆိုင်ကယ် ထုတ်လုပ်ရန်အတွက် ပြည်ပမှ တင်သွင်းလာသော စက်ပစ္စည်းများကို ထုတ်ပိုးလာသည့် စက္ကူပုံး နှင့် ပလတ်စတစ်များ အပြင် လုပ်သား နှင့် ဝန်ထမ်းတို့၏ သုံးစွဲပြီး အကြွင်းအကျန်ပစ္စည်းများ စသည်တို့ကို စနစ်တကျ စွန့်ပစ်ခြင်းမရှိပါက ပတ်ဝန်းကျင်နှင့် လူမှုဘဝ ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။

သိသာသော ထိခိုက်မှုကို သိရှိရန်အတွက် ပထမဦးစွာ ပတ်ဝန်းကျင်၏ တန်ဖိုးနှင့် အနှောင့်အယှက်ပေးမှု ပမာဏကို နှိုင်းယှဉ် တွက်ချက်ရန် ဖြစ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်တန်ဖိုးကို H ဟု သတ်မှတ်ပါသည်။ အနှောင့်အယှက် ပေးနိုင်သော စွန့်ပစ်အမှိုက်၏ တန်ဖိုးကို သုံးသပ်ရာတွင် စီမံကိန်း၏ ကာလနှစ်ခုမှ ထွက်ရှိသော အရေအတွက်နှင့် ပမာဏအရ ထိခိုက်မှုတန်ဖိုးကို M ဟု သတ်မှတ်ပါသည်။

ထို့ကြောင့် ပတ်ဝန်းကျင်တန်ဖိုးကို တွက်ချက်ရာတွင် သက်ရှိ သတ္တဝါတန်ဖိုးနှင့် အနှောင့်အယှက်ပေးမှု ပမာဏတို့ကို ဆက်စပ် တွက်ချက်ရာတွင် H အဆင့် ဟု သတ်မှတ်ပါသည်။

ထိခိုက်မှု ကျယ်ပြန့်ခြင်းကို လေ့လာရာတွင် စီမံကိန်းကာလ နှစ်ခုစလုံးတွင် ထွက်ရှိသော အမှိုက်များကို ပြင်ပသို့ စွန့်ပစ်မည် ဖြစ်သောကြောင့် ထိခိုက်မှု ကျယ်ပြန့်ခြင်းကို L ဟုသတ်မှတ်ပါသည်။

ထိခိုက်မှု ကြာချိန်ကို လေ့လာရာတွင် စီမံကိန်း၏ တည်ဆောက်မှုနှင့် လုပ်ငန်း လည်ပတ်မည့် ကာလ နှစ်ခု ဖြစ်သောကြောင့် အချိန်ကာလ သတ်မှတ်ချက်ကို L ဟု သတ်မှတ်ပါသည်။

ထိခိုက်မှု အတိုင်းအတာ၊ ကျယ်ပြန့်မှုနှင့် ကြာမြင့်ချိန်တို့ကို ဆက်စပ်၍ တွက်ချက် လေ့လာရရှိသော ရလဒ်များအရ ပတ်ဝန်းကျင်အပေါ် သိသိသာသာ ထိခိုက်မှုအဆင့်ကို M ဟု သတ်မှတ်ပါသည်။

| ထိခိုက်မှု | ထိခိုက်မှု | ပတ်ဝန်းကျင်တန်ဖိုး | ထိခိုက်မှုပမာဏ | ထိခိုက်မှုအတိုင်းအတာ | ထိခိုက်မှုဖြစ်ပေါ်ချိန် |
|---|---|---|---|---|---|
| စွန့်ပစ်အမှိုက် | M | H | L | L | M |

## ၆.၁၀ လုပ်သားများ ထိခိုက်ခြင်းနှင့် ကျန်းမာရေး

စက်ရုံတွင် လုပ်သားများ၏ ပေါ့ဆမှု၊ အန္တရာယ် ရှိသော လုပ်ငန်းများတွင် စနစ်တကျ လုပ်ကိုင်ခြင်း မရှိပါက လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်မှုများနှင့် မီးဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ လုပ်သားများ၏ တစ်ကိုယ်ရည် သန့်ရှင်းမှု အားနည်းခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု အားနည်းခြင်း ကြောင့်လည်း ကျန်းမာရေး ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိခိုက်မှုနှင့် ကျန်းမာရေး အခြေအနေ တွက်ချက်ရာတွင် ပတ်ဝန်းကျင် တန်ဖိုးကို ထည့်သွင်း စဉ်းစားခြင်း မပြုပဲ လူမှုဘဝတန်ဖိုး ကိုသာ စဉ်းစားရန် လိုအပ်ပါသည်။

သိသာသော ထိခိုက်မှုကို သိရှိရန်အတွက် အနှောင့်အယှက် ပေးနိုင်သော တန်ဖိုးကို သုံးသပ်ရာတွင် စီမံကိန်း၏ ကာလနှစ်ခုမှ အသုံးပြုမည့် ဝန်ထမ်း ပမာဏနှင့် လုပ်ငန်းဆောင်တာများ အရ ထိခိုက်မှုတန်ဖိုးကို M ဟုသက်မှတ်ပါသည်။

ထိခိုက်မှု ကျယ်ပြန့်ခြင်းကို လေ့လာရာတွင် စီမံကိန်းကာလ နှစ်ခုစလုံးတွင် ဖြစ်ပေါ်နိုင်မှုသည် စက်ရုံအတွင်းရှိ ဝန်ထမ်းဆောင်များသာ ဖြစ်သောကြောင့် ထိခိုက်မှု ကျယ်ပြန့်ခြင်းကို S ဟု သတ်မှတ်ပါသည်။

ထိခိုက်မှု ကြာချိန်ကို လေ့လာရာတွင် စီမံကိန်း၏ တည်ဆောက်မှုနှင့် လုပ်ငန်း လည်ပတ်မည့် ကာလ နှစ်ခု ဖြစ်သောကြောင့် အချိန်ကာလ သတ်မှတ်ချက်ကို L ဟု သတ်မှတ်ပါသည်။

ထိခိုက်မှု အတိုင်းအတာ၊ ကျယ်ပြန့်မှုနှင့် ကြာမြင့်ချိန်တို့ကို ဆက်စပ်၍ တွက်ချက် လေ့လာရရှိသော ရလဒ်များအရ ပတ်ဝန်းကျင်အပေါ် သိသိသာသာ ထိခိုက်မှု အဆင့်ကို M ဟု သတ်မှတ်ပါသည်။

| ထိခိုက်မှု | ထိခိုက်မှုတန်ဖိုး | ထိခိုက်မှုပမာဏ | ထိခိုက်မှုအတိုင်းအတာ | ထိခိုက်မှုဖြစ်ပေါ်ချိန် |
|---|---|---|---|---|
| ကျန်းမာရေးနှင့် ဘေးအန္တရာယ် | M | S | L | M |

## ၆.၁၁ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးအစီအစဉ် အကျဉ်းချုပ်

ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်မှု လုပ်ငန်းကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ထိခိုက်မှု များ ကို လျှော့ချရေး အစီအစဉ်များ ပြုလုပ်ရန် လိုအပ်ပါသသည် ထို့ကြောင့် အကြံပြုထားသော ပတ်ဝန်းကျင်ထိခိုက်မှု များကို လျှော့ချရေးအစီအစဉ်များ၊ ထိန်းချုပ်ရမည့် နည်းလမ်းများကို အောက်ဖော်ပြပါ ဇယား ၆-၇ တွင် အသေးစိတ် ဖော်ပြထားပါသည်။

## ဇယား ၆-၇ သက်ရောက်နိုင်မှုများ နှင့် လျှော့ချရမည့် နည်းလမ်းများ

| အကြောင်းအရာ | သက်ရောက်မှုများ | လျှော့ချရမည့်နည်းလမ်းများ |
|---|---|---|
| **လေထုညစ်ညမ်းမှု** | | |
| ဖုန်မှုန့် | စက်ရုံသို့လာသော ကား၊ ဆိုင်ကယ်များမှ ဖုန်မှုန့် ထွက်ရှိခြင်းကြောင့် ပတ်ဝန်းကျင် လူထု အပေါ် ကျန်းမာရေး ထိခိုက်နိုင်သည် | မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ သွားလာအသုံးပြုသောလမ်းများကို တစ်ရက်လျှင် နှစ်ကြိမ် သုံးကြိမ် ခန့်ရေဖြန်းပေးခြင်း၊<br>မော်တော်ယာဉ်များကို အရှိန်လျှော့မောင်းစေခြင်း။<br>စက်ရုံအတွင်းသွားလာ အသုံးပြုနေသော ယာဉ်များ၏ စက်ပစ္စည်း များကို ပုံမှန် စစ်ဆေး ပြုပြင်ပေးခြင်း။<br>ဆိုင်ကယ်ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ဆေးအမှုန့်များ ပြင်ပရှိလေထုထဲသို့ အများအပြား မထွက်ရှိစေရန် ဆေးမှုတ်မည့် အခန်းကို စနစ်တကျ ဖွဲ့စည်းထားခြင်း။<br>ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့် လုပ်သားများကို လုံလောက်သော ကာကွယ်ရေးပစ္စည်းများအထောက်အပံ့များ ထောက်ပံ့ထားခြင်းဥပမာ( လက်အိတ်၊ နှာခေါင်းစီးများ) ကဲ့သို့ အစရှိသော ပစ္စည်းများ။ |
| **ရေထုညစ်ညမ်းမှု** | | |
| စွန့်ပစ်ရေ | ဝန်ထမ်းများ အသုံးပြုသောရေများမှ ထွက်ရှိသော စွန့်ပစ်ရေများတွင် ဆီများ၊ ဆပ်ပြာရေများ၊ အိမ်သာမှ မသန့်စင်သော အညစ်အကြေးရေများသည် ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေခြင်း | စီမံကိန်းဧရိယာအတွင်း ရေမြောင်းစနစ်များကို စနစ်တကျ တည်ဆောက်ပေးခြင်း။<br>မိလ္လာကန်စနစ်များ ကို စနစ်တကျတည်ဆောက်ပေးခြင်း<br>စီမံကိန်းဧရိယာမှ ထွက်ရှိလာသော စွန့်ပစ်ရေများကို စွန့်ပစ်ရမည့်နေရာသို့ စနစ်တကျ ရေမြောင်းဖောက်လုပ်ထားပေးခြင်း။<br>စွန့်ပစ်ရေ စီးဆင်းသော ရေနုတ်မြောင်းများကို ပုံမှန်စစ်ဆေးပေးခြင်း။<br>အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို ရေနုတ်မြောင်းသို့ စွန့်ပစ်မှုကို တားမြစ်ခြင်း။ |
| **အသံဆူညံမှု** | | |
| ဆူညံသံ | စက်ရုံ၏ထုတ်လုပ်မှုလုပ်ငန်းများတွင် ဆူညံသံထွက်ရှိခြင်းကြောင့် အနီးအနားတွင်အလုပ်လုပ်နေသော လုပ်သားများအား ထိခိုက်နိုင်ပါသည်။ | ဆူညံမှုများသောနေရာတွင်ဝန်ထမ်းများအားလုံ လောက် သောနားကြပ်များထောက်ပံ့ပေးထားခြင်း။<br>ဆူညံမှုနည်းသောစက်ပစ္စည်းများကိုအသုံးပြုခြင်း။<br>ဆူညံသံများကို လျှော့ချရန် အတွက် စက်ပစ္စည်းများကို ပုံမှန်စစ်ဆေးပြုပြင်ခြင်း။ |
| **စွန့်ပစ်အမှိုက်** | | |
| စက်ရုံမှထွက်သော အမှိုက် | စက်ရုံမှ ထွက်ရှိသော စက္ကူပုံးနှင့် ပလတ်စတစ်များမှာ တစ်ရက်လျှင် ၅၀ | တင်ပို့လာသော စက်ပစ္စည်းမှ မကောင်းသော အစိတ်အပိုင်း များကိုပြန်လည် ပို့ဆောင်မည် |

| အကြောင်းအရာ | သက်ရောက်မှုများ | လျှော့ချရမည့်နည်းလမ်းများ |
|---|---|---|
| | ကီလိုဂရမ် ရှိပါသည်။ ကောင်းမွန်စွာ စီမံခန့်ခွဲမှု မရှိ ပါက ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်သော ပမာဏ ဖြစ်ပါသည်။ | ပြန်လည်အသုံးပြုနိုင် သော အမှိုက်များကို ခွဲခြားပြီး စုဆောင်းခြင်း။ |
| | | အမှိုက်များကို သတ်မှတ် ထားသော အမှိုက်ကန်များတွင် စွန့်ပစ်ခြင်း။ |
| ဝန်ထမ်းများမှထွက်သော အမှိုက် | ဝန်းထမ်းများမှ အသုံးပြုပြီးအမှိုက်များ၊ စားကြွင်းစားကျန်များကိုလဲ ထိနည်းတူစွာ စီမံခန့်မှု မကောင်းပါက ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နိုင်ပါသည်။ | သီးသန့် အမှိုက်ပုံးများ ထားရှိခြင်း။ |
| | | မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ (သို့) စဉ့်ကိုင် စည်ပင်သာယာ၏ အမှိုက်သိမ်း စနစ် အတိုင်း လိုက်နာပြီးမှ လမ်းညွှန်ချက် အတိုင်း စွန့်ပစ်ခြင်း။ |
| ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းမှု | | |
| မတော်တဆ မီးလောင်မှု ဖြစ်ပေါ်ခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိနိုင်ခြင်းနှင့် ကျန်းမာရေး ထိခိုက်စေခြင်း။ | လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများပေါ့လျော့မှုကြောင့်နှင့် မတော်တဆဖြစ်ခြင်းများကြောင့် ထိခိုက်ခြင်း | အရေးပေါ် ဆေးကုသရေးနှင့် မီးသတ်ဌာန၊ အစိုးရဌာနများနှင့် ဆက်သွယ်ရန် စီစဉ်ပေးခြင်း။ |
| | | မီးသတ် ကိရိယာများနှင့် မီးသတ် ဆေးဘူးများကို ကောင်းမွန်သော အခြေအနေ ဖြစ်နေစေရန် ပုံမှန် စစ်ဆေး ပေးခြင်း။ |
| | | ဝန်ထမ်းများကို မီးသတ်သင်တန်းများ နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းများ ပို့ချပေးခြင်း။ |
| | | စက်ရုံတွင် လိုအပ်သည့် အရေးပေါ် ရှေးဦးပြုစုခြင်းများ လုပ်ဆောင်နိုင်ရန် စီစဉ်ပေးထားခြင်းနှင့် ဆေးပစ္စည်းများ ထားရှိပေးခြင်း။ |

ဆိုင်ကယ်များတပ်ဆင်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ထိခိုက်မှုအတွက် လျှော့ချရေးအစီအစဉ်များကို ရေးဆွဲထားသော အစီအစဉ်အတိုင်း စီမံကိန်းဖော်ဆောင်သူမှ ဆောင်ရွက်ရန်လည်းလိုအပ်ပါသည်။ ထို့ကြောင့် ကားမက်စ် ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံမှ ဆောင်ရွက်မည့်အဖွဲ့အစည်းကို အောက်ပါ ဇယား ၆-၈ တွင်ဖော်ပြထားပါသည်။

**ဇယား ၆-၈ ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချခြင်းပြုလုပ်မည့်အဖွဲ့အစည်း**

| စဉ် | အမည် | ရာထူး | တာဝန်ယူမည့် အပိုင်း |
|---|---|---|---|
| ၁။ | ဦးနိုင်မင်းထွန်းကျော် | ကြီးကြပ်ရေးမှူး | အသံ၊ တုန်ခါမှု |
| ၂။ | ဦးမျိုးသူ | အထွေထွေမန်နေဂျာ | လေထုအရည်အသွေး<br>ရေအရည်အသွေး |
| ၃။ | ဒေါ်ဝေယံထွေး | စာရင်းကိုင် | စွန့်ပစ်ပစ္စည်းအမှိုက် |

# အခန်း (၇)

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များ

ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်သည် စီမံကိန်း အတွက် ပတ်ဝန်းကျင် နှင့် လူမှုဘဝ ထိခိုက်မှုများကို လျှော့ချရေး၊ ထိန်းသိမ်းရေး အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါသည်။ စီမံကိန်း လုပ်ဆောင်မှုများ အလိုက် စောင့်ကြပ်ကြည့်ရှုရမည့် အစီအစဉ်များ၊ လျှော့ချရေး နည်းလမ်းများကို ကာမက်(စ်) မှ ပြုလုပ်ရမည့် ကတိကဝတ်များ ပါရှိပါမည်။ ထို့အပြင် ပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး ချမှတ်ထားသော ပြဋ္ဌာန်း ဥပဒေများကို လိုက်နာ ဆောင်ရွက်နိုင်ရန် အစီအရင်ခံစာတွင်အကြံပြုပါသည်။

## ၇.၁ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အကောင်အထည် ဖော်ရန် နည်းလမ်း

ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်တွင် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးထိခိုက်မှုများကို သင့်လျော်သော လျှော့ချရေးနည်းလမ်းများကို ဖော်ဆောင်ရန် ဆက်စပ်နေသော ဥပဒေနှင့် နည်းလမ်းများကို လိုက်နာ၍ သက်ဆိုင်ရာပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း စုဖွဲ့ပြီး ပြုလုပ်ရမည် ဖြစ်သည်။ ထိုသို့ပြုလုပ်ရန် အောက်ဖော်ပြပါ ပုံ ၇-၁ စက်ဝိုင်းဖြင့် အခြေခံကျကျ ပြုလုပ်ရမည် ဖြစ်ပါသည်။




**ပုံ ၇-၁ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပြစက်ဝိုင်း**

စက်ဝိုင်းတွင်ဖော်ပြထားသည့်အတိုင်း (၁) အစီအစဉ်ရေးဆွဲခြင်း၊ ဆောင်ရွက်မည့် စီမံကိန်းကာလများ အတွက် EMP အစီအစဉ်ကို တတိယအဖွဲ့အစည်း (သို့) အကြံပေးပုဂ္ဂိုလ်မှ စနစ်တကျ ရေးဆွဲရမည်။ (၂) အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စီမံကိန်းအဆိုပြုသူ (သို့) လုပ်ငန်း လုပ်ဆောင်သူက ရေးဆွဲထားသော ပတ်ဝန်းကျင်လျှော့ချရေးနှင့် ထိန်းသိမ်းရေး အစီအစဉ်များကို လုပ်ဆောင်သွားရမည်ဖြစ်သည်။ (၃) စောင့်ကြပ်ကြည့်ရှုခြင်း၊ အစီအစဉ် အကောင် အထည်ဖော်မှု များအား

စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးမှု ပြုလုပ်ရမည် ဖြစ်သည်။ စောင့်ကြည့်မှု အတွက် စီမံကိန်း ဖော်ဆောင်သူ အပါအဝင် သက်ဆိုင်ရာ အနီးပတ်ဝန်းကျင်ရှိ ပုဂ္ဂိုလ်များ၊ အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ ပုဂ္ဂိုလ်များ အစရှိသော သက်ဆိုင်ရာ အဖွဲ့အစည်းများ စုပေါင်း၍ လေ့လာ စောင့်ကြည့်မှု ပြုလုပ်ရပါမည်။ ၎င်းစောင့်ကြည့်မှုကိုလည်း အစီရင်ခံစာ ပြုစုပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်သည်။ (၄) စစ်ဆေးခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်မှုများအရ စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို ပြင်ဆင်ပြီး အစီအစဉ် ချမှတ်သွားရမည် ဖြစ်သည်။ လုပ်ငန်းလည်ပတ်ချိန်နှင့် ပိတ်သိမ်းချိန်တွင် သက်ရောက်နိုင်မှုများနှင့်လျှော့ချရေး အစီအစဉ်များကို ဇယား ၇-၁ နှင့် ဇယား ၇-၂ တွင်ဖော်ပြထားပါသည်။

## ဇယား ၇-၁ လုပ်ငန်းစဉ် ဆောက်လုပ်ချိန်နှင့် ပိတ်သိမ်းချိန်တွင် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများနှင့် လျှော့ချရေး အစီအစဉ်များ

| ပတ်ဝန်းကျင် ဆိုင်ရာပြဿနာ များ | သက်ရောက်မှုများ | ထွက်ရှိသည့်နေရာ | လျှော့ချရမည့်အစီအစဉ် | တိုင်းတာမည့်နေရာ | ခန့်မှန်းကုန်ကျ ငွေ(ကျပ်) | တာဝန်ယူမည့်အဖွဲ့ အစည်း |
|---|---|---|---|---|---|---|
| လေထုညစ်ညမ်းခြင်း | စီမံကိန်း၏ ပိတ်သိမ်းရေး လုပ်ငန်း စဉ်မှ ထွက်ရှိသောဖုန်မှုန့် များမှာ $CO_2$, CO, $CH_4$, $NO_2$, $O_3$, $PM_{10}$, $PM_{2.5}$, $SO_2$ and VOCs, TSP&PM10 များ ကြောင့် လေထု ညစ်ညမ်း စေခြင်း။<br>ဖုန်နှင့် အငွေ့ရှူရှိုက်မိခြင်း။<br>အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပေါ်စေနိုင်ခြင်း။<br>မျက်လုံးယားယံခြင်းမြင် ကွင်းကြည် လင်မှု လျော့ကျခြင်း။ | စီမံကိန်းဧရိယာအတွင်း ပိတ်သိမ်း ဖြိုဖျက်ရေး အစီအစဉ်များ ဆောင်ရွက်ချိန်တွင် ဖြစ်ပေါ် စေခြင်း။<br>ဖြိုဖျက်ထားသော အဆောက်အဦး ပစ္စည်းများ သယ်ယူချိန်တွင် ဖြစ်ပေါ်စေခြင်း။<br>ယာဉ်နှင့် စက်ပစ္စည်းများမှ အငွေ့ များထွက်ရှိခြင်း။ | • စီမံကိန်းဧရိယာမှ ဖုန်မှုန့်များ နှင့် ဓာတုအမှုန်မွှားများ ထွက်ရှိနိုင်သော နေရာများ တွင် ပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေရန် ရေဖြန်းပေးခြင်း။<br>• လုပ်ငန်းသုံးပစ္စည်းများကို သယ်ယူချိန်တွင် မိုးရေကာဖျင်(Tarpaulin) များ ဖုံးအုပ်ပြီး စနစ်တကျ သယ်ယူစေခြင်း။<br>• အလုပ်သမားများကို နှာခေါင်းစည်းများ လုံလောက်စွာ ထောက်ပံ့ပေးခြင်း။<br>• အရည်အသွေးကောင်းမွန်သော လောင်စာဆီများကို အသုံးပြုခြင်း။<br>• ပိတ်သိမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ပြီးနောက် ထိခိုက်သွားသော ဧရိယာများကို နဂိုမူလ အခြေအနေအတိုင်းပြန်လည် ဆောင်ရွက်ပေးခြင်း။ | စီမံကိန်းဧရိယာအတွင်း | ၅,၀၀၀,၀၀၀ | ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီ လီမိတက်၏ပတ်ဝန်း ကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |
| ရေထုညစ်ညမ်းခြင်း | လုပ်ငန်းပိတ်သိမ်းနေရာမှ မိလ္လာစွန့်ပစ်ရေများ နှင့် ညစ်ညမ်းရေများကို စနစ်တကျ စွန့်ပစ်မှု မရှိသောအခါ ရေထုနှင့် ပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်ပေါ်စေခြင်း။ | ပိတ်သိမ်းရေးလုပ်ငန်းမှ စွန့်ပစ်ရေများ ထွက်ရှိခြင်း။<br>ဝန်ထမ်းများအသုံးပြုရာမှ ထွက်ရှိသော စွန့်ပစ်ရေများ ဥပမာ။ အိမ်သာ၊ ) နှင့် (ဆေးကြောရေ၊ သုံးရေ မြေပေါ်ရေ စီးဆင်းခြင်း။ | • စီမံကိန်းပိတ်သိမ်းနေရာအတွင်း မိလ္လာ စနစ် ဆိုင်ရာများကို စနစ်တကျ ထောက်ပံ့ ပေးခြင်း။<br>• စီမံကိန်းနေရာအတွင်းနှင့် အနီးအနားတွင် ရေမြောင်းစနစ် များကိုပိတ်ဆို့မှု ဖြစ်စေ | ပိတ်သိမ်းရေးလုပ်ငန်းမှ စွန့်ပစ်ရေများ ထွက်ရှိခြင်း။<br>ဝန်ထမ်းများအသုံးပြုရာမှ ထွက်ရှိသော စွန့်ပစ်ရေများ | ၃,၀၀၀,၀၀၀ | ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီ လီမိတက်၏ပတ်ဝန်း ကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |

| ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ | သက်ရောက်မှုများ | ထွက်ရှိသည့်နေရာ | လျှော့ချရမည့်အစီအစဉ် | တိုင်းတာမည့်နေရာ | ခန့်မှန်းကုန်ကျငွေ(ကျပ်) | တာဝန်ယူမည့်အဖွဲ့အစည်း |
|---|---|---|---|---|---|---|
| | | | သောအရာများကိုဖယ်ရှားထိန်းသိမ်း စေခြင်း။ | | | |
| ဆူညံသံနှင့်တုန်ခါမှု | လုပ်ငန်းပိတ်သိမ်းစဉ်တွင် အသုံးပြုသော ကားကြီးများနှင့် စက်ပစ္စည်းများအသုံးပြုရာမှ ထွက်ရှိလာသော ဆူညံသံများကြောင့် အကြား အာရုံများ ထိခိုက်လာနိုင်ခြင်း၊ အိပ်မပျော်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းများတွင် အဆင်မပြေ ခြင်း။ | လုပ်ငန်းပိတ်သိမ်းစဉ်တွင် အသုံးပြုသော ကားကြီးများနှင့် စက်ပစ္စည်းများအသုံးပြုရာမှ ထွက်ရှိလာသော ဆူညံသံများ<br>ပိတ်သိမ်းရေးလုပ်ငန်းမှ ထွက်ရှိလာ သော အမှိုက်များ သံတိုသံစ၊ ) ကျောက်တုံး၊ ရာဘာ၊ အလူမီနီယံ၊ ဝါယာ၊ (မီးချောင်း<br>ဝန်ထမ်းများ စွန့်ပစ်သော အမှိုက်များ။ | • ဆူညံမှုနည်းသော စက်ပစ္စည်းများကို အသုံးပြုခြင်း။<br>• ယာဉ်အမျိုးအစားနှင့် မောင်းနှင်မှုပုံစံကို ပြောင်းလဲခြင်းဖြင့် ဆူညံသံ ထွက်ရှိမှုကို လျှော့ချနိုင်ခြင်း။<br>• ယာဉ်မောင်းသောအခါ တာယာပွတ်တိုက် မောင်းနှင်သော အပြုအမူကို တားမြစ်ခြင်း။<br>• ဆူညံမှုများသောနေရာတွင်လုပ်ကိုင်နေသောလုပ်သားများ ကိုနားအကာအကွယ်ပစ္စည်းများ ဖြစ်သော နားကြပ်၊ နားအဖုံးများကို ထောက်ပံ့ပေးခြင်း။ | စီမံကိန်းဧရိယာအတွင်း | ၂,၀၀၀,၀၀၀ | ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီလီမိတက်၏ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ |
| အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ | စွန့်ပစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်မှုမရှိသောကြောင့် ပတ်ဝန်းကျင်ကိုဆိုးကျိုးများ ဖြစ်ပေါ်ခြင်း။ | ပိတ်သိမ်းရေးလုပ်ငန်းမှ ထွက်ရှိလာ သော အမှိုက်များ သံတိုသံစ၊ ) သစ်သား စ၊ ကျောက်တုံး၊ ရာဘာ၊ အလူမီနီယံ၊ ဝါယာ၊ မီးချောင်း(<br>ဝန်ထမ်းများ စွန့်ပစ်သော အမှိုက်များ | • စီမံကိန်းလုပ်ငန်း ပိတ်သိမ်းအချိန်အတွင်း စွန့်ပစ်အမှိုက် များကို အမှိုက်ပုံးများထဲတွင် စွန့်ပစ်စေခြင်း။<br>• အမှိုက်များကို နေ့တိုင်း အစိုင်အခဲစွန့်ပစ် သိုလှောင်ကန်တွင် သီးခြားစွန့်ပစ်ထားခြင်း။<br>• ဖြိုဖျက်ထားသော ပစ္စည်းများကို သိုလှောင် သောနေရာတွင် သတ်မှတ် ပေးထားခြင်း။<br>• အမှိုက်များကို စဥ်ကိုင် စည်ပင်သာယာရေး ကော်မတီဖြင့် | စီမံကိန်းဧရိယာအတွင်း | ၄,၀၀၀,၀၀၀ | ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီလီမိတက်၏ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ |

| ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ | သက်ရောက်မှုများ | ထွက်ရှိသည့်နေရာ | လျှော့ချရမည့်အစီအစဉ် | တိုင်းတာမည့်နေရာ | ခန့်မှန်းကုန်ကျငွေ(ကျပ်) | တာဝန်ယူမည့်အဖွဲ့အစည်း |
|---|---|---|---|---|---|---|
| | | | ချိတ်ဆက်၍ စွန့်ပစ်ခြင်း (သို့) မြေဖို့ခြင်းများကို စနစ်တကျ ဆောင်ရွက် ခြင်း။<br>• လုပ်ငန်းပိတ်သိမ်းရာမှ ထွက်လာသော စွန့်ပစ်အမှိုက်များကို ပိတ်သိမ်းသည့် နေရာတွင် မီးရှို့ခြင်းများကို တားမြစ်ပေးခြင်း။ | | | |
| လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး | ပိတ်သိမ်းလုပ်ငန်း ဆောင်ရွက်ရာမှမှ ထွက်ရှိ သော ဖုန်မှုန့်များကြောင့် ပတ်ဝန်းကျင်နှင့် လုပ်သားများ၏ ကျန်းမာရေးကို ထိခိုက်မှု ဖြစ်ပေါ်စေခြင်း။<br>အလုပ်သမားများ၏ပေါ့လျော့မှုကြောင့် မတော်တဆ ထိခိုက်မှု ဖြစ်ပေါ်နိုင်ခြင်း။<br>ပိတ်သိမ်းရေးသုံးယာဉ်များကြောင့်ဒေသခံများ ကိုထိခိုက်မှု ဖြစ်စေနိုင်ခြင်း။ | ပိတ်သိမ်းရေးလုပ်ငန်း ဆောင်ရွက်သည့် ဧရိယာအတွင်း | • လုပ်ငန်းလုပ်ကိုင်စဉ်တွင် PPE များကို လုပ်သားများ အား လုံလောက်စွာ ထောက်ပံ့ပေးခြင်း။<br>• အလုပ်သမားများအတွက်ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ သင်တန်းများပေးခြင်း။<br>• ရှေးဦးသူနာပြု ဆေးသေတ္တာများကို ပိတ်သိမ်းရေး လုပ်ငန်း ဆောင်ရွက်နေသော ဧရိယာအတွင်း လုံလောက်စွာ ထောက်ပံ့ ပေးခြင်း။<br>• လုပ်သားများထိခိုက်နိုင်သော နေရာများတွင် သတိပေးဆိုင်းဘုတ် အမှတ်သားများ ရှင်းလင်းစွာ တပ်ဆင်ထားပေးခြင်း။<br>• မီးငြိမ်းသတ်ပစ္စည်းများ၊ မီးသတ်ဆေးဗူးများ ကို လုပ်ငန်း ဧရိယာအတွင်း တပ်ဆင်ထား ပေးခြင်း။<br>• ယာဉ်မောင်းများအား ဘေးအန္တရာယ် ကင်းရှင်းစွာ မောင်းနှင်စေခြင်း။ | စီမံကိန်းဧရိယာအတွင်း | ၅,၀၀၀,၀၀၀ | ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီ လီမိတက်၏ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ |

| ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ | သက်ရောက်မှုများ | ထွက်ရှိသည့်နေရာ | လျှော့ချရမည့်အစီအစဉ် | တိုင်းတာမည့်နေရာ | ခန့်မှန်းကုန်ကျငွေ(ကျပ်) | တာဝန်ယူမည့်အဖွဲ့အစည်း |
|---|---|---|---|---|---|---|
| | | | • ယာဉ်မောင်းများ ကျွမ်းကျင်မှုနှင့် လိုင်စင်ကို ပုံမှန် စစ်ဆေးပေးခြင်း။ | | | |

## ဇယား ၇-၂ လုပ်ငန်းလည်ပတ်ချိန်တွင် ပတ်ဝန်းကျင် အပေါ်သက်ရောက်မှုများနှင့်လျှော့ချရေးအစီအစဉ်များ

| ပတ်ဝန်းကျင်ဆိုင်ရာပြဿနာ များ | သက်ရောက်မှုများ | ထွက်ရှိသည့်နေရာ | လျှော့ချရမည့်အစီအစဉ် | တိုင်းတာမည့်နေရာ | ခန့်မှန်းကုန်ကျငွေ (ကျပ်) | တိုင်းတာမည့်အဖွဲ့အစည်း |
|---|---|---|---|---|---|---|
| လေထုညစ်ညမ်း ခြင်း | ဖုန်မှုန့် နှင့် အငွေ့များ ရှူရှိုက်မိခြင်းကြောင့်အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါများ ဖြစ်ပေါ် စေခြင်း။<br>မျက်လုံးယားယံခြင်း။<br>မြင်ကွင်းကြည်လင်မှုများကို လျော့ကျခြင်း။<br>စက်ရုံသို့လာသော ကားဆိုင်ကယ်များကြောင့် ပတ်ဝန်းကျင် လူထုအပေါ် ထိခိုက်နိုင်ခြင်း။<br>ကုန်ကြမ်းပစ္စည်းများ အတင်အချ ပြုလုပ်ချိန်တွင် ကုန်ကြမ်း ပစ္စည်းများမှ အမှုန်များ ထွက်ရှိ၍ လေထုပျံ့နှံ့နိုင်ခြင်း။ | စီမံကိန်းတည်ရှိရာ နေရာနှင့် စီမံကိန်းအနီးရှိကားလမ်းများ။ | • ဖုန်ထသော မျက်နှာပြင် အား ရေဖုန်းသိပ်စေသည့် အခြား (သို့) ပစ္စည်းဖြင့် ဖြန်းပက် ပေးခြင်း။<br>• ပစ္စည်းများ သယ်ယူပို့ဆောင်ချိန်တွင် အဖုံးအကာများ ဖုံးအုပ် သယ်ယူခြင်း။<br>• လုပ်သားများအား ဖုန်မှုန့်ကာနိုင်သော နှာခေါင်းစည်းများ ထောက်ပံ့ပေးခြင်း။<br>• ယာဉ်အို ယာဉ်ဟောင်းများ အသုံးပြုခြင်းကို တားမြစ်ခြင်း။<br>• အရည်အသွေးကောင်းမွန်သော လောင်စာဆီများ အသုံးပြုခြင်း။<br>• ယာဉ် နှင့် စက်ပစ္စည်း များအား ပုံမှန်စစ်ဆေး ထိန်းသိမ်း ပြုပြင်ခြင်း။<br>• စက်ရုံသို့ လာသော ကားလမ်းကို စနစ်တကျ စစ်ဆေး ပြုပြင်မှုများ ပြုလုပ်ပေခြင်း ။ | စီမံကိန်းဧရိယာအတွင်း | ၃,၀၀၀,၀၀၀ | ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီ လီမိတက်၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |
| ရေထုညစ်ညမ်းခြင်း | အလုပ်သမားများမှ စွန့်ပစ်ရေများကို စနစ်တကျ စွန့်ပစ်မှု မရှိသောအခါ ပတ်ဝန်းကျင်ကို ဆိုးကျိုး ဖြစ်ပေါ်စေခြင်း။ | ဝန်ထမ်းများအသုံးပြုပြီးရာမှ ထွက်ရှိလာသောရေနှင့် မြေပေါ်စီးဆင်းရေ။ | • စီမံကိန်းဧရိယာအတွင်းတွင် သန့်ရှင်းပြီးစနစ်/ ကျသော ရေအိမ်များစီစဉ်ပေးခြင်း။ | ဝန်ထမ်းများအသုံးပြုပြီးရာမှ ထွက်ရှိလာသောရေနှင့် မြေပေါ်စီးဆင်းရေ။ | ၁,၅၀၀,၀၀၀ | ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီ လီမိတက်၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည် |

| ပတ်ဝန်းကျင် ဆိုင်ရာပြဿနာ များ | သက်ရောက်မှုများ | ထွက်ရှိသည့်နေရာ | လျှော့ချရမည့်အစီအစဉ် | တိုင်းတာမည့်နေရာ | ခန့်မှန်းကုန်ကျငွေ (ကျပ်) | တိုင်းတာမည့်အဖွဲ့အစည်း |
|---|---|---|---|---|---|---|
| | ရေသွား ရေလာ စီးဆင်းမှု ကောင်းမွန် မှုမရှိခြင်း။<br>ရေမြောင်းထဲသို့ အမှိုက်များ စွန့်ပစ်မိခြင်း။<br>ရေအိမ်များ စနစ်တကျ မရှိခြင်း။ | | • ရေအိမ်များကို လည်း လုပ်သားဆောင်များနှင့် သတ်မှတ်ထားသော အကွာအဝေးအတိုင်း တည်ဆောက်ပေးထားခြင်း။<br>• သောက်ရေ နှင့် သုံးရေများကို လုပ်သားများ လုံလောက်အောင် စီစဉ်ဆောင်ရွက်ထားခြင်း။<br>• ရေမြောင်းများကိုလည်းစနစ်တကျဖောက်လုပ်ခြင်း နှင့် ရေသွားရေလာ စီးဆင်းမှုကောင်းမွန်စေရန်စနစ်တကျ စစ်ဆေးမှုများ ပြုလုပ်၍ ထိန်းသိမ်း စောင့်ရှောက်ခြင်း။ | | | အသေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |
| ဆူညံသံနှင့်တုန်ခါမှု | လွန်ကဲသော ဆူညံသံနှင့် တုန်ခါမှု များ ထိတွေ့မှု ကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုး များမှာ<br>• အကြားအာရုံထိခိုက်ခြင်း<br>• အိပ်မပျော်ခြင်း<br>• နှလုံးနှင့်ဆက်စပ်ရောဂါများ ဖြစ်ပွားခြင်း<br>• ဆက်သွယ်ရေး ခက်ခဲခြင်း<br>• မျက်လုံးအမြင် မကြည်လင် ခြင်း<br>• ကြွက်သားများ ထိခိုက် နာကျင်ခြင်း | စက်ရုံ၏ ဆိုင်ကယ်ထုတ်လုပ်မှု လုပ်ငန်းများတွင် ဆူညံသံထွက်ရှိခြင်း ကြောင့် အနီးနားတွင် အလုပ်လုပ်နေသော လုပ်သားများ အား ဆူညံသံ ထိခိုက်မှုများရှိနိုင်ပါသည်။ | • လုပ်ငန်းသုံးစက်ပစ္စည်းများ သည် NEQEG မှ သတ်မှတ် ထားသော စံနှုန်းထက် မကျော်လွန်စေရန် ဆောင်ရွက် ထားရှိခြင်း။<br>• ဆူညံမှုနည်းသောစက်ပစ္စည်းများကို အသုံးပြုခြင်း။<br>• ဆူညံသံထွက်ရှိမှုများနိုင်သည့် မောင်းနှင်သည့် အပြုအမူများကို ကန့်သတ်ခြင်း။<br>• မလိုလားအပ်သော ဆူညံသံနှင့် တုန်ခါမှုများ မဖြစ်ပေါ်စေရန် စက်ပစ္စည်း ကိရိယာများအား ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းပေးခြင်း။<br>• လုပ်သားများအားနား အကာအကွယ် ပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ပေးခြင်း။ | စီမံကိန်းဧရိယာအတွင်း | ၁,၀၀၀,၀၀၀ | ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီ လီမိတက်၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |

| ပတ်ဝန်းကျင် ဆိုင်ရာပြဿနာ များ | သက်ရောက်မှုများ | ထွက်ရှိသည့်နေရာ | လျှော့ချရမည့်အစီအစဉ် | တိုင်းတာမည့်နေရာ | ခန့်မှန်းကုန်ကျငွေ (ကျပ်) | တိုင်းတာမည့်အဖွဲ့အစည်း |
|---|---|---|---|---|---|---|
| | | | • ဆူညံမှုများသောနေရာတွင် လုပ်ကိုင်သော လုပ်သားများကို အလှည့်ကျ လုပ်ကိုင်စေ ခြင်း။ | | | |
| အစိုင်အခဲ စွန့်ပစ် ပစ္စည်းများ | • အမှိုက်ပုံမှ ထွက်ရှိသော မကောင်းသော အနံ့အသက် များသည် လည်း လေထု အရည်အသွေးကို ထိခိုက်စေ ခြင်း။<br>• အမှိုက်များမှ စိမ့်ထွက်သော ရေသည် မြေပေါ်မြေအောက် ရေ အရင်းအမြစ်ကို ထိခိုက် စေခြင်း။<br>• ကူးစက်တတ်သော ရောဂါ များ ဖြစ်ပွားစေခြင်း ဝမ်းကိုက်၊ ) ဝမ်းလျှောရောဂါ | လုပ်ငန်းဆောင်ရွက်သည့် နေရာ၊ ဝန်ထမ်းများစွန့်ပစ်သည့် အ မှိုက် များဥပမာ။) စားကြွင်း စားကျန် များ၊ရေဘူးခွံများ၊တစ် သျှူးများ( | • အမှိုက်များကို သတ်မှတ်ထားသည့်အလိုက် ခွဲပြီး စွန့်ပစ်စေခြင်း။<br>• အမှိုက်စွန့်ပစ်ရန်ထားရှိသော နေရာကို လုံလောက် သောနေရာအကျယ် အဝန်းထားရှိခြင်း။<br>• ယာယီသတ်မှတ်ထားသောအမှို က်ပုံအား ပုံမှန် စစ်ဆေးပေးခြင်း။<br>• စဥ့်ကိုင်စည်ပင်သာယာရေး နှင့် ချိတ်ဆက်ပြီး ပုံမှန်အမှိုက်သိမ်းရန် စီစဉ်ထားရှိပေးခြင်း။<br>• လုပ်ငန်းခွင်ဧရိယာတွင် အမှိုက်မီးရှို့ခြင်းအား တားမြစ် ခြင်း။<br>• စွန့်ပစ်ပစ္စည်းများ ကိုင်တွယ်ရာနှင့် ပတ်သက်ပြီး အလုပ်သမားများအား ကျန်းမာရေး အသိပညာ ပေးခြင်း။ | စီမံကိန်းလုပ်ငန်းဆော င်ရွက်သည့်နေရာ၊ ဝန်ထမ်းများအမှိုက်စွန့် ပစ်သည့်နေရာနှင့် ယာယီအမှိုက်ကန်၊ | ၂,၀၀၀,၀၀၀ | ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီ လီမိတက်၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး စောင့်ကြပ် ကြည့်ရှု ရေးအဖွဲ့ |
| လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်း ရေး | စီမံကိန်း ဧရိယာအတွင်းတွင် ဖုန်မှုန့် နှင့် အခြားသော အမှုန့်များ ထွက်ရှိ ခြင်း ကြောင့် အလုပ်သမား များ၏ ကျန်းမာရေးကို ထိခိုက် စေနိုင်ခြင်း။<br>လည်ပတ် ရွေ့လျား နေသော စက် ပစ္စည်း ကိရိယာ များကို အသုံးပြုခြင်း ကြောင့် မတော်တဆ ထိခိုက်ဒဏ်ရာ ရရှိခြင်း၊ ပွန်းပဲ့ခြင်း၊ နာကျင်ခြင်း၊ အရိုးကျိုးခြင်း။ | လုပ်ငန်းခွင်အတွင်း ထုတ်လုပ် သည့် နေရာ။<br>လည်ပတ် ရွေ့လျားနေသော စက်ပစ္စည်း ကိရိယာများ အသုံး ပြု သည့် နေရာ။ | • လုပ်ငန်းလုပ်ကိုင်နေစဉ်တွင် PPEများကို လုပ်သားများအား လုံလောက်စွာ ထောက်ပံ့ ပေးခြင်း။<br>• အလုပ်သမားများအတွက် ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ သင်တန်းများစနစ်တကျ သင်ကြားပို့ချ ပေးခြင်း။<br>• လုပ်ငန်းလည်ပတ်သည့် စီမံကိန်းဧရိယာအတွင်း ရေးဦး | လုပ်ငန်းခွင်အတွင်း ထုတ်လုပ် သည့် နေရာ။<br>လည်ပတ် ရွေ့လျား နေသော စက်ပစ္စည်း ကရိယာ များ အသုံး ပြု သည့် နေရာ။ | ၂,၅၀၀,၀၀၀ | ကားမက်(စ်) ဂရုမြန်မာ ကုမ္ပဏီ လီမိတက်၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး စောင့်ကြပ် ကြည့်ရှု ရေးအဖွဲ့ |

| ပတ်ဝန်းကျင် ဆိုင်ရာပြသနာ များ | သက်ရောက်မှုများ | ထွက်ရှိသည့်နေရာ | လျှော့ချရမည့်အစီအစဉ် | တိုင်းတာမည့်နေရာ | ခန့်မှန်းကုန်ကျငွေ (ကျပ်) | တိုင်းတာမည့်အဖွဲ့အစည်း |
|---|---|---|---|---|---|---|
| | | | သူနာပြု ဆေးသေတ္တာ များကို လုံလောက်စွာအသင့် ထားရှိခြင်း။<br>• အန္တရာယ်ရှိသော နေရာများတွင် သိသား ထင်ရှား သော အမှတ်အသား ဆိုင်းဘုတ် များ ပြသထားရှိခြင်း။<br>• မီးငြိမ်းသတ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဗူးများကို လုပ်ငန်းခွင်ဧရိယာအတွင်း တပ်ဆင်ထားပေးခြင်း။<br>• အရေး ပေါ်ကယ်ဆယ်ရေး လုပ်ငန်းအစီအစဉ်များ ထားရှိပြီး အနီးဆုံး ဆေးရုံ ဖုန်းနံပါတ် နှင့် မြေပုံများကို လုပ်သားများအလွယ်တကူ မြင်နိုင်သော နေရာများ တွင် ချိတ်ဆွဲ ထားရှိခြင်း။ | | | |

### ၇.၁.၁ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအတွက် တာဝန်ယူမည့်အဖွဲ့အစည်း

ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရာတွင် အဓိက တာဝန်ယူရမည့် အဖွဲ့အစည်းများမှာ ကားမက်(စ်) ဂရု ကုမ္ပဏီလီမိတက်မှ ဖြစ်ပါသည်။ ပတ်ဝန်းကျင် စီမံကိန်းတခုလုံးကို ကြီးကြပ်ဆောင်ရွက်မည့် စီမံကိန်းဖော်ဆောင်သူ၏ တာဝန်ရှိသောသူ များဖြင့် ဖွဲ့စည်းထားသော အုပ်ချုပ်မှု အဖွဲ့ပုံစံကို အောက်ပါ ပုံ ၇-၂ တွင် ဖော်ပြထားပါသည်။ အဆိုပါ စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့တွင် ပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းမည် ဖြစ်ပါသည်။




**ပုံ ၇-၂ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ဆောင်ရွက်မည့်အဖွဲ့အစည်း**

### ၇.၁.၂ အရေးပေါ်တုံ့ပြန်မှု အစီအစဉ်

အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက တာဝန်ယူ ဆောင်ရွက်မည့် အဖွဲ့ကို ကြီးကြပ်ရေးမှူး၊ အုပ်ချုပ်ရေးမှူး၊ မီးသတ်အဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့၊ ရှေးဦးသူနာပြုအဖွဲ့၊ HSE တာဝန်ခံ အစရှိသည်တို့ဖြင့် စနစ်တကျဖွဲ့စည်းထားပါသည်။ အဆိုပါ အဖွဲ့၏ အဓိက တာဝန် ဝတ္တရားများမှာ- စီမံကိန်းဝန်းကျင်တွင် အရေးပေါ်စုရပ်များ သတ်မှတ်ပြီး အရေးပေါ်အခြေအနေ ကြုံတွေ့လာပါက ဝန်ထမ်းများအားလုံးကို အချိန်မီ ကယ်ထုတ်နိုင်ရန်၊ သက်ဆိုင်ရာ အရေးပေါ်အဖွဲ့များ ရောက်ရှိလာပါက ပူးပေါင်းဆောင်ရွက်နိုင်ရန်


TOTAL BUSINESS SOLUTION CO., LTD.

နှင့် အရေးပေါ်အဖွဲ့ခေါင်းဆောင်နှင့် စဉ်ဆက်မပြတ် အချိန်နှင့် တပြေးညီ ဆက်သွယ်ပြီး ကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် တို့ ဖြစ်ပါသည်။

အရေးပေါ်အခြေအနေ တုံ့ပြန်မည့် အဖွဲ့ကိုလည်း အရေးပေါ် အခြေအနေဖြစ်ပေါ်လာပါက ကျွမ်းကျင်စွာ ကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် ကြိုတင်၍ တစ်နှစ်လျှင် နှစ်ကြိမ် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များအရ လေ့ကျင့်သင်ကြားပေးမည် ဖြစ်ပါသည်။ အရေးပေါ်တုံ့ပြန်မည့် အဖွဲ့အစည်း ပြပုံကို ပုံ ၇-၃ တွင်ပြသထားပါသည်။




**ပုံ ၇-၃ အရေးပေါ်တုံ့ပြန်မည့်အဖွဲ့ ဖွဲ့စည်းပုံ**

## ၇.၂ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်သည် ပြည့်စုံသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် ပြုလုပ်ရန်အတွက် အရေးကြီးသော အခန်းကဏ္ဍဖြစ်ပါသည်။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အပေါ်ဖြစ်ပေါ် လာနိုင်သော သက်ရောက်မှုများကို စောင့်ကြည့်ရာတွင် စောင့်ကြည့်ရေးအစီအစဉ်၏ ထိရောက်မှုများကို သုံးသပ်ခြင်း၊ လုပ်ငန်းခွင်အတွင်း သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိ၊မရှိတို့ကို လုပ်ဆောင် ရမည်ဖြစ်သည်။ လုပ်ငန်းလည်ပတ်စဉ်နှင့် ပိတ်သိမ်းစဉ်အတွင်း စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ လုပ်ဆောင်ခြင်းသည် ဖြစ်ပေါ် လာနိုင်သော ဆိုးကျိုးများကို လျော့ချနိုင်ရန်နှင့် ကောင်းကျိုးများကို ပိုမိုကောင်းမွန်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ စီမံကိန်းလုပ်ငန်းတွင် အဓိကစောင့်ကြပ်ကြည့်ရှုရမည့် အကြောင်းအရာများမှာ လေထု ညစ်ညမ်းမှု၊ အသံဆူညံမှု၊ အမှိုက်စွန့်ပစ်မှု၊ လုပ်သားများ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု တို့ကို စောင့်ကြပ်ကြည့်ရှုရပါမည်။ ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုရမည့် အစီအစဉ်များအသေးစိတ်ကို ဇယား ၇-၃ နှင့် ဇယား ၇-၄ တွင်ဖော်ပြထားပါသည်။

### ဇယား ၇-၃ လုပ်ငန်းလည်ပတ်စဉ်တွင်စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ

| စောင့်ကြည့်သော အချက်များ | စောင့်ကြည့်ရမည့် အရာများ | စောင့်ကြည့်ရမည့် နေရာ | ကြိမ်နှုန်း | ခန့်မှန်းကုန်ကျငွေ (ကျပ်) | တာဝန်ယူသော အဖွဲ့အစည်း |
|---|---|---|---|---|---|
| လေအရည်အသွေး | PM10, CO2 ,CO, CH4, NO2, O3, PM2.5, SO2, VOCs, | လုပ်ငန်းလည်ပတ်သည့် ဧရိယာ အတွင်း | တစ်နှစ် နှစ်ကြိမ် | ၅၀၀,၀၀၀ (တစ်နေရာ၊ တစ်ကြိမ်) | ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |
| အသံဆူညံမှု | အသံဆူညံမှုအဆင့် (dB(A) scale) | လုပ်ငန်းလည်ပတ် ဧရိယာ | တစ်နှစ် နှစ်ကြိမ် | ၃၀၀,၀၀၀ (တစ်နေရာ၊ တစ်ကြိမ်) | ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |
| စွန့်ပစ်ရေ | pH, Temperature, Turbidity, TSS, Dissolved Oxygen, BOD, COD, Iron, Free Cyanide, Arsenic, Phosphorous, Total Nitrogen, Lead | စွန့်ပစ်ရည်များ ထွက်ရှိရာ ရေနုတ်မြောင်း | တစ်နှစ် နှစ်ကြိမ် | ၈၀၀,၀၀၀ (တစ်နေရာ၊တစ်ကြိမ်) | ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |
| အစိုင်အခဲစွန့်ပစ် ပစ္စည်း | လုပ်ငန်းလုပ်ဆောင်ရာမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ၊ ဝန်ထမ်းများနှင့် ခရီးသည်များအသုံးပြုရာမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ | စီမံကိန်းအတွင်း ယာယီ သိုလှောင် နေရာများ စွန့်ပစ်ကြိမ်နှုန်းများ | လစဉ် | ၁၀၀,၀၀၀ (တစ်လ) | ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |
| လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး | မတော်တဆ ထိခိုက်မှုနှင့် ဖြစ်ပွားမှုများ | လုပ်ငန်းခွင်အတွင်း ထုတ်လုပ် သည့် နေရာ။ လည်ပတ် ရွေ့လျားနေသော | လစဉ် | ၂၀၀,၀၀၀ (တစ်လ) | လုပ်ငန်းခွင် ဆိုင်ရာ ဘေးကင်းလုံခြုံရေး အဖွဲ့ |

| | | | | | |
|---|---|---|---|---|---|
| | | စက်ပစ္စည်း ကိရိယာများ အသုံး ပြု သည့် နေရာ။ | | | |

## ဇယား ၇-၄ လုပ်ငန်းဆောက်လုပ်ချိန်နှင့်ပိတ်သိမ်းချိန်တွင် စောင့်ကြပ်ကြည့်ရှုရမည့် အစီအစဉ်များ

| စောင့်ကြည့်သော အချက်များ | စောင့်ကြည့်ရမည့် အရာများ | စောင့်ကြည့်ရမည့် နေရာ | ကြိမ်နှုန်း | ခန့်မှန်းကုန်ကျငွေ(ကျပ်) | တာဝန်ယူရှိသော အဖွဲ့အစည်း |
|---|---|---|---|---|---|
| လေအရည် အသွေး | PM10, CO2 ,CO, CH4, NO2, O3, PM2.5, SO2, VOCs, | ပိတ်သိမ်းရေးလုပ်ငန်း ဖော်ဆောင်သည့် ဧရိယာ အတွင်း | ပိတ်သိမ်းချိန် တွင် တစ်ကြိမ် | ၅၀၀,၀၀၀ (တစ်ကြိမ်) လျှင် | ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |
| အသံဆူညံမှု | ဆူညံမှုအဆင့် (dB(A) scale) | ပိတ်သိမ်းရေးလုပ်ငန်း ဖော်ဆောင်သည့် ဧရိယာ အတွင်း | ပိတ်သိမ်းချိန် တွင် တစ်ကြိမ် | ၃၀၀,၀၀၀ (တစ်ကြိမ်) လျှင် | ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |
| စွန့်ပစ်ရေ | pH, Temperature, Turbidity, TSS, Dissolved Oxygen, BOD, COD, Iron, Free Cyanide, Arsenic, Phosphorous, Total Nitrogen, Lead | စွန့်ပစ်ရည်များ ထွက်ရှိရာ ရေနုတ်မြောင်း | ပိတ်သိမ်းချိန် တွင် တစ်ကြိမ် | ၈၀၀,၀၀၀ (တစ်ကြိမ်) | ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |
| စွန့်ပစ်အမှိုက်များ | ဖြိုဖျက်ရာမှ ထွက်ရှိလာ သော အုတ်အကျိုးအပဲ့ များ၊ ကွန်ကရစ်၊ ကျောက် ကျိုးများ၊ သစ်တိုသစ်စ များ၊ ဖန်ခွဲများ၊အန္တရာယ်ရှိ သောအခြားဖြိုဖျက်ထား သောပစ္စည်းများ | စီမံကိန်းပိတ်သိမ်းချိန် စွန့်ပစ်နေရာ | ပိတ်သိမ်းချိန် တွင် တစ်ကြိမ် | ၁၀၀,၀၀၀ (တစ်လ) ၁,၂၀၀,၀၀၀ | ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ် ကြည့်ရှုရေးအဖွဲ့ |

| စောင့်ကြည့်သော အချက်များ | စောင့်ကြည့်ရမည့် အရာများ | စောင့်ကြည့်ရမည့် နေရာ | ကြိမ်နှုန်း | ခန့်မှန်းကုန်ကျငွေ(ကျပ်) | တာဝန်ယူရှိသော အဖွဲ့အစည်း |
|---|---|---|---|---|---|
| လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး | မတော်တဆ ဖြစ်ရပ်များ | ပိတ်သိမ်းရေးလုပ်ငန်း ဖော်ဆောင်သည့် ဧရိယာအတွင်း | နေ့စဉ် | ၂၀၀,၀၀၀ (တစ်လ)<br>၂,၄၀၀,၀၀၀ | လုပ်ငန်းခွင် ဆိုင်ရာ ဘေးကင်း လုံခြုံရေးအဖွဲ့ |

## ၇.၃ စက်ရုံတွင်ပြုလုပ်ရမည့်စီမံခန့်ခွဲမှုအစီအစဉ်

စီမံခန့်ခွဲမှု အစီအစဉ်တွင် ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးအောင် ဆောင်ရွက်ရန်အတွက် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး စီမံခန့်ခွဲမှု၊ မီးဘေး အန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု နှင့် အရေးပေါ် တုံ့ပြန်မှု အစီအစဉ်များကို ရေးဆွဲထားပါသည်။

### ၇.၃.၁ စွန့်ပစ်အစိုင်အခဲ စီမံခန့်ခွဲမှု

စီမံကိန်းလုပ်ငန်းမှ စွန့်ပစ်မည့် စက္ကူပုံးများ၊ ပလတ်စတစ်များနှင့် လူသုံးကုန် အမှိုက်များကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်မှု မဖြစ်ပေါ်စေရန် စီမံခန့်ခွဲမှု ပြုလုပ်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပြန်လည် အသုံးပြုနိုင်သော အမှိုက်များကို ခွဲခြားပြီး စုဆောင်းခြင်း၊ သတ်မှတ်ထားသော အမှိုက်ကန်များတွင် စွန့်ပစ်ခြင်း၊ အန္တရာယ်ရှိသော အမှိုက်များ အတွက် သီးသန့် အမှိုက်ပုံးများ ထားရှိခြင်း နှင့် အမှိုက်များကို မန္တလေး တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီ (သို့) စဥ့်ကိုင်စည်ပင်သာယာရေး ကော်မတီတို့ကို အကြောင်းကြားပြီး ၎င်းတို့၏ လမ်းညွှန်ချက်များ အတိုင်း စွန့်ပစ်ခြင်းတို့ကို ပြုလုပ်ရပါမည်။

### ၇.၃.၂ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု

စီမံကိန်းလုပ်ငန်းတွင် ဝန်ထမ်းများကို ယူနီဖောင်းများဖြင့် အလုပ်လုပ်စေခြင်း၊ ရေအိမ် နှင့် သုံးရေများကို လုံလောက်အောင် ဆောင်ရွက်ပေးခြင်း စသည်တို့ကို လုပ်ဆောင် ပေးသွားပါမည်။ မတော်တဆ ထိခိုက်ဒဏ်ရာ ရရှိမှုများကို စက်ရုံတွင် ရှေးဦး ပြုစုခြင်းများ ပြုလုပ်နိုင်ရန် အတွက် လိုအပ်သည့် ဆေးဝါးများ ထောက်ပံ့ပေးခြင်း၊ လိုအပ်လျှင် စက်ရုံတွင် ဆေးခန်းနှင့် သူနာပြု ထားရှိခြင်းမျိုး ကိုလည်း ပြုလုပ်ပေးထားပါသည်။ ထို့အပြင် စက်ရုံတွင် ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူးစက်ရောဂါများ မဖြစ်ပေါ်စေရေးအတွက် ဆေးစစ်ခြင်း အစရှိသည့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကို ပြုလုပ်ပေးမည်ဖြစ်ပါသည်။

### ၇.၃.၃ မီးဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု

စီမံကိန်းနေရာသည် အပူပိုင်းဒေသဖြစ်သော မန္တလေးတိုင်းတွင် တည်ရှိသောကြောင့် မီးဘေးအန္တရာယ်ကို အထူးအလေးထား စီမံခန့်ခွဲရန် လိုအပ်ပါသည်။ မီးကာကွယ်ရန်အတွက် ဧရိယာအတွင်း လုံလောက်သော မီးသတ် ဆေးဘူးများနှင့် ရေလှောင်ကန်များ ထားရှိခြင်း၊ မီးသတ်ကိရိယာများ ထောက်ပံ့ခြင်းနှင့် ၎င်းပစ္စည်းများကို ကောင်းမွန်သော အခြေအနေ ဖြစ်နေစေရန် ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ စက်ရုံတွင် လုံလောက်သော မီးသတ် ဆေးဘူးများနှင့် ရေလှောင်ကန်များကို မီးသတ်ဌာန၏ လမ်းညွှန်ချက်များ အတိုင်း လိုက်နာ ဆောင်ရွက်ရမည် ဖြစ်သည်။ ဝန်ထမ်းများကိုလည်း မီးသတ် သင်တန်းများနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေး သင်တန်းများကို မီးသတ်ဌာန၏ ဦးဆောင်မှုဖြင့် သင်တန်းများ ပို့ချခြင်းကို လုပ်ဆောင်ပေးရပါမည်။ ထို့ပြင် မီးဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ ဖြစ်သည့် (ဥပမာ-ဆေးလိပ်မသောက်ရ၊ မီးသတိ စသည့်) ပိုစတာများကို လိုအပ်သော နေရာများတွင် ချိတ်ဆွဲထားသွားမည်ဖြစ်သည်။ စီမံကိန်း ဖော်ဆောင်သူသည် မြန်မာနိုင်ငံက သတ်မှတ်ထားသော မီးငြိမ်းသတ်ရေး ပစ္စည်းများ၊ အလိုလျှောက်ရေဖြန်းစနစ်များ၊ မီးအသံပေးစနစ်များ၊ မီးအာရုံခံစနစ်များကို တပ်ဆင် ထားသွားမည် ဖြစ်သည်။ မီးဘေးအန္တရယ်ကင်းရှင်းရေးအဖွဲ့

တာဝန်ရှိသူများမှ မီးငြိမ်းသတ်ရေး နည်းလမ်းများကို တစ်နှစ်တစ်ကြိမ် လေ့ကျင့်နိုင်အောင် စီစဉ်ပေးရမည် ဖြစ်ပြီး မီးငြိမ်းသတ်ရေး သရုပ်ပြ လေ့ကျင့်ခြင်း များကိုလည်း ပြုလုပ်ပေးသွားမည် ဖြစ်သည်။ ထို့ပြင် အရေးပေါ်ထွက်ပေါက်များ၊ စုရပ်များ၊ အနီးအနားရှိဆေးရုံများနှင့် မီးသတ်ဦးစီးဌာန၏ ဖုန်းနံပါတ်များ၊ သက်ဆိုင်ရာအစိုးရအာဏာပိုင်များနှင့် အရေးပေါ် ဖြစ်လာလျှင်ဆက်သွယ်နိုင်ရန် အစီအစဉ်များရေးဆွဲထားသွားမည်ဖြစ်သည်။ မီးဘေးအန္တရာယ်ကာကွယ်မည့်အဖွဲ့အစည်း ပုံစံကို ပုံ ၇-၄ တွင် ပြသထားပါသည်။




**ပုံ ၇-၄ မီးဘေးအန္တရာယ်ကာကွယ်မည့်အဖွဲ့အစည်း**

## ၇.၃.၄ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်ရန်အတွက်အဖွဲ့အစည်းဖွဲ့ခြင်း

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အတွက် အဖွဲ့ဝင်၂ဦးမှ ၅ဦးအထိ ပါဝင်ဖွဲ့စည်းပြီး မန်နေဂျာကို ခေါင်းဆောင်အဖြစ် ထားရှိပါမည်။ အဖွဲ့ဝင်များတွင် ပညာရှင်နှင့် အတူ အလုပ်သမားများလည်း ပါဝင်မည်ဖြစ်ပါသည်။

## ၇.၃.၅ ရန်ပုံငွေ လျာထားခြင်း

စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုများနှင့် ပတ်ဝန်းကျင်စောင့်ကြည့်ခြင်းများ အတွက် လုံလောက်သော ဘဏ္ဍာငွေလျာထားမှု အစီအစဉ်များကို ရေးဆွဲထားရမည်ဖြစ်သည်။ စီမံကိန်းဖော်ဆောင်သူအနေဖြင့် လေ့လာတွေ့ရှိထားသော ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်ရေးလုပ်ငန်း ဆောင်ရွက်နေချိန် မှ ပိတ်သိမ်းအချိန်များ အထိ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များအတွက် ကုန်ကျစရိတ်များကို ရေးဆွဲထားရန်လိုအပ်ပါသည်။

နှစ်စဉ်လုပ်ငန်းလည်ပတ်ခြင်းတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည် ဖော်ခြင်းအတွက် စီမံကိန်းဖော်ဆောင်သူမှ သုံးစွဲမည့် ခန့်မှန်းအသုံးစရိတ်များကို အောက်ပါ ဇယား ၇-၅ နှင့် ဇယား ၇-၆ တွင် ဖော်ပြထားပါသည်။ ခန့်မှန်းအသုံးစရိတ်များမှာ လုံလောက်မှုမရှိပါကလည်း စီမံကိန်းဖော်ဆောင်သူမှ လိုအပ်သလို ထပ်မံဖြည့်စွက် အသုံးပြုမည် ဖြစ်ပါသည်။

ဇယား ၇-၅ ပတ်ဝန်းကျင် ဆိုင်ရာလျှော့ချခြင်း အစီအစဉ်များ အတွက် သုံးစွဲမည့် ခန့်မှန်းစရိတ်များ

| စဉ် | စီမံကိန်းလုပ်ငန်းဆောက်လုပ်ချိန်နှင့် ပိတ်သိမ်းချိန်တွင် ပတ်ဝန်းကျင်လျှော့ချရေးအတွက်ပြုလုပ်မည့်အစီအစဉ်များ | ခန့်မှန်းအသုံးစရိတ် ငွေ (ကျပ်) |
|---|---|---|
| ၁။ | ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာမှု | ၁၀,၀၀၀,၀၀၀ |
| ၂။ | အစိုင်အခဲ စွန့်ပစ် ပစ္စည်းများ | ၄,၀၀၀,၀၀၀ |
| ၃။ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး | ၅,၀၀၀,၀၀၀ |
| | စီမံကိန်းလုပ်ငန်းလည်ပတ်ချိန်တွင် ပတ်ဝန်းကျင်လျှော့ချရေးအတွက်ပြုလုပ်မည့် အစီအစဉ်များ | ခန့်မှန်းအသုံးစရိတ်(နှစ်စဉ်) ငွေ (ကျပ်) |
| ၄။ | ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာမှု | ၅,၅၀၀,၀၀၀ |
| ၅။ | အစိုင်အခဲ စွန့်ပစ် ပစ္စည်းများ | ၂,၀၀၀,၀၀၀ |
| ၆။ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး | ၂,၅၀၀,၀၀၀ |

ဇယား ၇-၆ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုရေးအတွက် သုံးစွဲမည့်ခန့်မှန်းစရိတ်

| စဉ် | စီမံကိန်းလုပ်ငန်းဆောက်လုပ်ချိန်နှင့် ပိတ်သိမ်းချိန်တွင် စောင့်ကြပ်ကြည့်ရှုရေးအတွက်ပြုလုပ်မည့်အစီအစဉ်များ | ခန့်မှန်းအသုံးစရိတ်ငွေ (ကျပ်) |
|---|---|---|
| ၁ | ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာမှု | ၃,၂၀၀,၀၀၀ |
| ၂။ | အစိုင်အခဲ စွန့်ပစ် ပစ္စည်းများ | ၂,၄၀၀,၀၀၀ |
| ၃။ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး | ၄,၈၀၀,၀၀၀ |
| | စီမံကိန်းလုပ်ငန်းလည်ပတ်ချိန်တွင် စောင့်ကြပ်ကြည့်ရှုရေးအတွက်ပြုလုပ်မည့် အစီအစဉ်များ | ခန့်မှန်းအသုံးစရိတ်(နှစ်စဉ်) ငွေ (ကျပ်) |
| ၄။ | ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာမှု | ၃,၂၀၀,၀၀၀ |
| ၅။ | အစိုင်အခဲ စွန့်ပစ် ပစ္စည်းများ | ၁,၂၀၀,၀၀၀ |
| ၆။ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး | ၂,၄၀၀,၀၀၀ |

## ၇.၄ မှတ်တမ်းတင်ခြင်းနှင့် အစီအရင်ခံတင်ပြခြင်း

ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေး နှင့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မှတ်တမ်းတင်ခြင်းအားဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနသို့ ၆လ တစ်ကြိမ် အစီရင်ခံ တင်ပြရာတွင် ပိုမိုတိကျသော အချက်အလက်များ ရရှိရန် အထောက်အကူပြုပါသည်။

### ၇.၄.၁ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်စစ်ဆေးခြင်းမှတ်တမ်း

ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အဖွဲ့သည် စီမံကိန်းလုပ်ငန်းများကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ပုံမှန် စစ်ဆေးမှုများ ပြုလုပ်ပြီး စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ် အတိုင်းလိုက်နာ ဆောင်ရွက်ခြင်း ရှိမရှိကို စစ်ဆေးရပါမည်။

### ၇.၄.၂ မတော်တဆဖြစ်ခြင်းနှင့်အရေးပေါ်ဖြစ်ခြင်းမှတ်တမ်း

ရုတ်တရက် မတော်တဆ ဖြစ်သော အဖြစ်အပျက်များကို သက်ဆိုင်ရာ အလုပ်သမားများက အစီရင်ခံစာ တင်ပြရပါမည်။ မတော်တဆ အဖြစ်အပျက်များ နှင့် အရေးပေါ် အခြေအနေများ ဖြစ်ပွားသည့် အကြောင်းအရာ၊ နေရာ၊ အချိန် နှင့် မည်သို့ လုပ်ဆောင်ခဲ့သည်ကိုပါ ပြည့်စုံစွာ ရေးသားပြီး အစီရင်ခံရပါမည်။

### ၇.၄.၃ သင်တန်းပို့ချခြင်းအစီအစဉ်

ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အဖွဲ့ဝင်များသည် သင်တန်းပို့ချခြင်း အစီအစဉ် အားလုံးကို စောင့်ကြပ်ကြည့်ရှုခြင်း နှင့် စစ်ဆေးခြင်းများ ပုံမှန် လုပ်ဆောင်ရပါမည်။ သင်တန်းပို့ချခြင်း အစီအစဉ် အတွက် အစီရင်ခံစာ တစ်ခုတွင် သင်တန်းတိုင်း ကဏ္ဍအလိုက် ထိရောက်မှု ရှိမရှိကို တင်ပြရပါမည်။

## ၇.၅ လူမှုအကျိုးပြုပူးပေါင်းပါဝင်မှု (CSR) အစီအစဉ်

လူမှုအကျိုးပြု ပူးပေါင်းပါဝင်မှု (CSR) အစီအစဉ်များ ပြုလုပ်ခြင်းဖြင့် ပြည်သူနှင့် စီမံကိန်းဖော်ဆောင်သူတို့ အကြား နှစ်ဦးနှစ်ဖက် ကောင်းမွန်သော ဆက်ဆံမှုများရရှိရန်နှင့် လူနေမှု အဆင့်အတန်းများ မြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ပါသည်။

စီမံကိန်းဖော်ဆောင်သူသည် ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် လူမှုအကျိုးပြု ပူးပေါင်း ပါဝင်မှုအတွက် ကျပ်သိန်း ၃၀၀ ကို လျာထားပြီး အကောင်အထည် ဖော် စီစဉ်ထားမှုကို ဇယား ၇-၇ တွင် ဖော်ပြထားပါသည်။

**ဇယား ၇-၇ လုပ်ငန်း၏ လူမှုအကျိုးတူပူးပေါင်းပါဝင်မှုအစီအစဉ်**

| အကြောင်း အရာ | ဆောင်ရွက် မည့်အရာများ | ထည့်ဝင်မည့် ငွေ (ကျပ်) သိန်း |
|---|---|---|
| ကျန်းမာရေး | ကျောက်ဆည်ဆေးရုံကြီး( အောက်ဆီဂျင် စက်၊ နှာခေါင်းစည်း) | ၁၀၀ |
| ပညာရေး | ပညာရေးနှင့် သင်ထောက်ကူပစ္စည်းများ | ၁၀၀ |
| ဒေသဖွံ့ဖြိုး ရေး | လမ်း၊ တံတား ပြုပြင်မှုများ | ၁၀၀ |

## ၇.၆ ဒေသတွင်းကူညီ ထောက်ပံ့မှုများ

ဒေသအတွင်း ကူညီမှုများအနေဖြင့် အောက်တွင် ဖော်ပြထားသည့် အတိုင်း ဆောင်ရွက်ခဲ့ပါသည်။

- ရပ်ရွာအတွင်း စိမ်းလန်းစိုပြေမှုကို မြှင့်တင် ဆောင်ရွက်ခြင်း။
- ဒေသအတွင်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လိုအပ်သည်များကို ချိတ်ဆက် ဆောင်ရွက်ခြင်း၊
- နည်းပညာများ ရယူခြင်းနှင့် ပြန်လည်မျှဝေခြင်း၊

# အခန်း (၈)
# အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း

## ၈.၁ လူထုတွေ့ဆုံပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်

လူထုတွေ့ဆုံပွဲသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာတွင် လိုအပ်သော အခန်းကဏ္ဍတစ်ခု အဖြစ် ပါဝင်ပါသည်။ တွေ့ဆုံပွဲတွင် ကားမက်(စ်) စက်ရုံအတွက်ပြုလုပ်ထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအကြောင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များကို ရှင်းလင်းတင်ပြခြင်း တက်ရောက်လာကြသော သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးရုံး နှင့်အနီးဝန်းကျင်ရှိ ပြည်သူလူထု၏ အကြံပေးချက်များ၊ လိုအပ်ချက်များ ကိုရယူရန်အတွက် ပြုလုပ်သည့် ပွဲဖြစ်ပါသည်။ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်မဖော်မီနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်စဉ် ကာလများအတွင်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူတို့၏ သဘောထားမှတ်ချက်များ အတိုင်းညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤကဲ့သို့ လူထုတွေ့ဆုံပွဲ ပြုလုပ်ပြီးချိန်တွင်လည်း စီမံကိန်းအနီးနားရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် စဥ့်ကိုင် အထွေထွေ အုပ်ချုပ်ရေးမှူး ရုံးရှိကြော်ငြာဆိုင်းဘုတ်များတွင် Presentation Slide များဖြင့်လည်းကောင်း၊ မန္တလေးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးနှင့် ကားမက်(စ်) စက်ရုံတို့တွင်လည်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာများ ထားရှိခြင်းဖြင့်လည်းကောင်း အများပြည်သူသိရှိစေရန် ကြော်ငြာထားမည်ဖြစ်ပါသည်။

## ၈.၂ လူထုတွေ့ဆုံပွဲပြုလုပ်ပုံအဆင့်ဆင့်

လူထုတွေ့ဆုံပွဲ ပြုလုပ်ပုံ အဆင့်ဆင့်မှာ

၁။ ပထမဦးစွာ TBS ကုမ္ပဏီသည် ကားမက်(စ်) စက်ရုံ နှင့် လူထုတွေ့ဆုံပွဲ အတွက် ဆွေးနွေးတိုင်ပင်ပါသည်။

၂။ TBS ကုမ္ပဏီသည် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် စီမံကိန်း အနီးပတ်ဝန်းကျင် တွင်နေထိုင်သူများကို ၃ ရက်၊ မေလ၊၂၀၁၈ခုနှစ်တွင် လူထုတွေ့ဆုံပွဲအတွက် ဖိတ်စာကို ဖိတ်ကြားခဲ့ပါသည်။

၃။ လူထုတွေ့ဆုံပွဲကို စဥ့်ကိုင်မြို့၊ ရန်ကုန်- မန္တလေး ကားလမ်းဘေးရှိ ရွှေအကယ်ဒမီ ဝိုင်ချစ်သူနှင့် စားဥယျာဉ် (ရွှေကိန္နရီခန်းမ)၌ ၁၀ ရက်၊ မေ လ၊ ၂၀၁၈ခုနှစ်တွင် ကျင်းပခဲ့ပါသည်။

၄။ လူထုတွေ့ဆုံပွဲတွင် တင်ပြထားသော ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာ နှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် တက်ရောက်လာသူများမှ သိလိုသည့် မေးခွန်းများကို ကားမက်(စ်) စက်ရုံမှ တာဝန်ရှိသူများ နှင့် TBS ကုမ္ပဏီမှ ဝန်ထမ်းများက ပြန်လည် ဖြေကြားခြင်းနှင့် အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

## ၈.၃ လူထုတွေ့ဆုံပွဲအကျဉ်း

အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးပွဲ တွင် TBS မှ ဦးထွန်းလင်းကျော် (Environmental Geologist) မှ အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့ပြီး ထို့နောက် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာ အကြောင်းကို TBS မှ ဒေါ်အိအိဇော် (Environmental Geologist) က ရှင်းလင်းတင်ပြခဲ့ပါသည်။ ရှင်းလင်းတင်ပြခဲ့သည့် Power Point presentation slide ကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။ ဆွေးနွေးပွဲပြုလုပ်သည့် တွေ့ဆုံပွဲသို့ တက်ရောက်လာသူများ၏ အမည်များ ပါဝင်သော အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။ လူထုတွေ့ဆုံပွဲ အခမ်းအနား တွင် သုံးဘီးဆိုင်ကယ်နှင့် နှစ်ဘီးဆိုင်ကယ်လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ ကို တင်ပြဆွေးနွေးပြီးနောက် အစည်းအဝေး တက်ရောက် လာသူများ နှင့် အပြန်အလှန် ဆွေးနွေး အကြံပေးခြင်းများကို အောက်တွင်ဖော်ပြ ထားပါသည်။

လူထုတွေ့ဆုံပွဲတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၊ စဉ့်ကိုင်မြို့နယ် စည်ပင်သာယာ ဌာန၊ မြို့နယ် မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှင့် စီမံကိန်း အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ တက်ရောက်ခဲ့ကြပါသည်။

သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် လူထု၏ အကြံပေးချက်များကို အောက်တွင် ဖော်ပြထားပါသည်။လူထု တွေ့ဆုံပွဲသို့ တက်ရောက် လာသူများ စာရင်းကို အစီရင်ခံစာ ၏ နောက်ဆုံးတွင် ပူးတွဲ ဖော်ပြထားပါသည်။ လူထုတွေ့ဆုံပွဲ အခမ်းအနား အစီအစဉ် များကို ဇယား ၈-၁ တွင် ဖော်ပြထားပါသည်။

**ဇယား ၈-၁ လူထုတွေ့ဆုံပွဲ အခမ်းအနား အစီအစဉ်**

| စဉ် | အစီအစဉ် | အချိန် |
|---|---|---|
| ၁။ | အစည်းအဝေးတက်ရောက်သူများ စာရင်းကောက်ယူခြင်း | ၉း၃၀ မှ ၁၀း၀၀ |
| ၂။ | ကားမက်(စ်)မော်တော်ဆိုင်ကယ်စက်ရုံတာဝန်ရှိသူမှအဖွင့်မိန့်ခွန်းပြောကြားခြင်း | ၁၀း၀၀ မှ ၁၀း၁၅ |
| ၃။ | မော်တော်ဆိုင်ကယ်နှင့်သုံးဘီးဆိုင်ကယ်တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှု များကိုတင်ပြဆွေးနွေးခြင်း | ၁၀း၁၅ မှ ၁၁း၀၀ |
| ၄။ | အစည်းအဝေးတက်ရောက်သူများနှင့်အပြန်အလှန်ဆွေးနွေးဝေဖန်အကြံပြုခြင်း | ၁၁း၀၀ မှ ၁၁း၃၀ |
| ၅။ | နေ့လည်စာဖြင့်ဧည့်ခံခြင်း | ၁၁း၃၀ မှ ၁၂း၀၀ |

### ၈.၃.၁ အဖွင့်အမှာစကား

အဖွင့် အမှာစကားကို ကာမက်(စ်) စက်ရုံမှ Marketing မန်နေဂျာ ဦးထွန်း မှ ကားမက်(စ်) စက်ရုံ သည် မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ် ထုတ်လုပ်လျှက်ရှိကြောင်း၊ ကားမက်(စ်) စက်ရုံမှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ၏ ညွှန်ကြားချက် အရ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာ ပြုလုပ်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း ပြုလုပ်ရန် ကားမက်(စ်) ကုမ္ပဏီမှ TBS ကုမ္ပဏီဖြင့် ၂၃ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ် တွင် စာချုပ် ချုပ်ဆိုမှု ပြုလုပ်ခဲ့ကြောင်း၊ ကားမက်(စ်) ကုမ္ပဏီ အနေဖြင့်လည်း ရေးဆွဲထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၏ အကြံပေးချက် အတိုင်း စက်ရုံ၏ လိုအပ်ချက်များကို ပြုပြင်၍ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

### ၈.၃.၂ အမေးအဖြေကဏ္ဍ

လူထုတွေ့ဆုံပွဲ အခမ်းအနားတွင် မော်တော်ဆိုင်ကယ် နှင့် သုံးဘီးဆိုင်ကယ် တပ်ဆင် ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဥ်း၍ ပတ်ဝန်းကျင် အပေါ် အကျိုးသက်ရောက်မှု များကို တင်ပြဆွေးနွေးပြီးနောက် တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးဝေဖန် အကြံပေးခြင်းများ ပြုလုပ်ခဲ့ပြီး ၎င်းတို့ကို အောက်တွင်အသေးစိတ် ဖော်ပြထားပါသည်။

- မေးခွန်း - ဒေါက်တာသက်ကိုကိုလွင် (မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာန)

ကားမက်(စ်) စက်ရုံ ဆေးခန်းတွင် ဆရာဝန်ထားရှိမှုရှိမရှိ၊ သူနာပြု ထားရှိမှုရှိမရှိ၊ အမှိုက် များလာက မီးရှို့မည်လား၊ စည်ပင် အမှိုက်ပုံသို့ ပစ်မှာလား၊ အစရှိသော မေးခွန်းများကို မေးမြန်းခဲ့ပါသည်။

- ဖြေကြားသူ - ဦးထွန်း (ကားမက်(စ်) ကုမ္ပဏီ)

ဆေးခန်းတွင် သူနာပြုထားရန် စီစဉ်ထားပါကြောင်း၊ ယခုလက်ရှိအချိန်တွင် ဒဏ်ရာ ရရှိသော လုပ်သားများနှင့် ဝန်ထမ်းများကို နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းတွင် ဆေးကုသမှု ခံယူရန် စီစဉ်ထားပါကြောင်း၊ အမှိုက်ကို စဉ့်ကိုင် စည်ပင်သာယာမှ ချမှတ်ထားသော နည်းစနစ်အတိုင်း စွန့်ပစ်ရန်နှင့် နှစ်ပတ် တစ်ကြိမ်စွန့်ပစ်ရန် စီစဉ်ထားပါကြောင်း ဖြေကြားခဲ့ပါသည်။

- မေးခွန်း နှင့် အကြံပြုချက် - ဦးမင်းလတ်ပိုင်ဦး (မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန)

ဆိုင်ကယ် စက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ အလုပ်အကိုင် အခွင့်အလမ်း တွင် မည်သည့် အရည်အချင်းမျိုးရှိ သူများကို ခန့်အပ်မည် ဖြစ်ကြောင်း ဒေသခံပြည်သူများမှ သိရှိအောင် ပြုလုပ်သင့်ကြောင်း၊ အန္တရာယ်ရှိသော အမှိုက်များကိုလည်း စဥ့်ကိုင် စည်ပင်သာယာကို ခေါ်ယူ၍ သိမ်းဆည်းမည်လား၊ စက်ရုံမှ သွားရောက် စွန့်ပစ်မည်လား၊ လူထုတွေ့ဆုံပွဲ ကျင်းပချိန်တွင်လည်း အနီးပတ်ဝန်းကျင်မှ ပြည်သူများကို ဖိတ်ကြားသင့်ကြောင်း၊ တက်ရောက်လာသော ပြည်သူများက အခြား ပြည်သူများကို ပြန်လည် ရှင်းပြနိုင်မည်လား အစရှိသော မေးခွန်းများ မေးမြန်းပြီး အကြံပြုချက်များကိုလည်း ပြောကြားခဲ့ ပါသည်။

- ဖြေကြားသူ - ဒေါ်အိအိဇော် (TBS ကုမ္ပဏီ)

ကားမက်(စ်) စက်ရုံသည် အဆောက်အဦပါ မြေနေရာကို ငှားရမ်းပြီး တပ်ဆင်ထုတ်လုပ်ခြင်းကြောင့် တည်ဆောက်မှု မရှိကြောင်း၊ လိုအပ်မှုများသာ ပြုပြင်မွမ်းမံကြောင်း၊ လူထုတွေ့ဆုံပွဲမကျင်းပမီ ပတ်ဝန်းကျင်မှ ပြည်သူများကိုလည်း ဖိတ်ကြားထားကြောင်း၊ စက်ရုံတွင် ဝန်ထမ်းများမှ စွန့်ပစ်သော အမှိုက်များသာရှိကြောင်း နှင့် စက်ရုံမှ ထွက်ရှိသော အမှိုက်များကို ပြန်လည်ရောင်းချကြောင်း၊ အန္တရာယ်ရှိသော အမှိုက်များကိုလည်း စဥ့်ကိုင် စည်ပင်သာယာ ရေးကော်မတီကို ခေါ်ယူ၍ သိမ်းဆည်းမည် ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

- အကြံပြုချက် - ဦးလှဝင်း (မြို့နယ် စည်ပင်သာယာ ဌာန)

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာတွင် တင်ပြသွားသော မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေသည် စဥ့်ကိုင်မြို့နယ် မပါကြောင်း စဥ့်ကိုင်အတွက် မန္တလေးတိုင်း ဒေသကြီး စည်ပင်သာယာရေး အဖွဲ့များ ဥပဒေကိုသာ ထည့်သွင်းရမည် ဖြစ်ကြောင်း၊ ယခုလက်ရှိ မြေနေရာကို စည်ပင်လိုင်စင် နှင့် စက်မှုလိုင်စင် လျှောက်ထား ရမည်ဖြစ်ကြောင်း၊ အမှိုက်ကန် မှ စွန့်ပစ်အမှိုက်ကို စည်ပင်မှ သတ်မှတ်ထားသော နေရာတွင် စွန့်ပစ်ရန်၊ စွန့်ပစ်ရေ ကြောင့်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သောကြောင့် စနစ်တကျ စွန့်ပစ်သင့်ကြောင်း အကြံပေး ဆွေးနွေးသွားပါသည်။

- အကြံပြုချက် - ဦးထွန်းထွန်းဝင်း (မြို့နယ် မီးသတ် ဦးစီးဌာန)

မီးသတ်ဦးစီးဌာန ၏ လမ်းညွှန်ချက်များကို လိုက်နာရမည် ဖြစ်ကြောင်း၊ စက်ရုံအတွင်း မီးငြိမ်းသတ်ရေး ကိရိယာများ ထားရှိရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများကို မီးသတ်ခြင်း ဆိုင်ရာ သင်တန်းများ လေ့ကျင့်သင်ကြား ပေးသင့်ကြောင်း အကြံပေး ဆွေးနွေးသွားပါသည်။

- အကြံပြုချက် - ဦးလှညို (ရပ်မိရပ်ဖ)

စီမံကိန်း စက်ရုံတွင် အနီးဝန်းကျင်မှ ဒေသခံ ပြည်သူများကို ဦးစားပေး အလုပ် ခန့်အပ်သင့်ကြောင်း၊ သက်ဆိုင်ရာ အုပ်ချုပ်ရေး အပိုင်း၏ ညွှန်ကြားချက် အတိုင်း ပြုလုပ်ရန် အကြံပေး ဆွေးနွေးသွားပါသည်။

- အကြံပြုချက် - ဒေါ်သင်းသင်း (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

လူထုတွေ့ဆုံပွဲသို့ တက်ရောက်လာသော သက်ဆိုင်ရာ ဌာနဆိုင်ရာများ၏ အကြံပေးချက် အတိုင်းပြုလုပ်ရန်၊ ဒေသခံတို့၏ စီးပွားရေး လုပ်ငန်းကို ထည့်သွင်းစဉ်းစားရန်၊ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာတွင် ပါရှိသော လျှော့ချရေး အစီအစဉ်များကို ကားမက်(စ်) ကုမ္ပဏီမှ လိုက်နာဆောင်ရွက်ရန် အကြံပေး ဆွေးနွေးသွားပါသည်။

ပုံ ၈-၁ ဒေါ်အိအိဇော်(TBS) မှရှင်းလင်းတင်ပြနေပုံ

ပုံ ၈-၂ ဒေါက်တာသက်ကိုကိုလွင် (မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန)မှ မေးမြန်းနေပုံ

**ပုံ ၈-၃ ကိုထွန်း (ကားမက်(စ်) စက်ရုံ Marketing Manager) မှ ပြန်လည်ဖြေကြားနေပုံ**

**ပုံ ၈-၄ ဦးမင်းလတ်ပိုင်ဦး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) မှ မေးမြန်းနေပုံ**




ပုံ ၈-၅ ဒေါ်အိအိဇော်(TBS) မှ ပြန်လည်ဖြေကြားနေပုံ

ပုံ ၈-၆ ဦးလှဝင်း(စည်ပင်သာယာရေးဦးစီးဌာန) မှ အကြံပြုဆွေးနွေးနေပုံ

ပုံ ၈-၇ ဦးထွန်းထွန်းဝင်း (မီးသတ်ဦးစီးဌာန) မှ အကြံပြုဆွေးနွေးနေပုံ

ပုံ ၈-၈ ဦးလှညို (ပြည်သူလူထု) မှ အကြံပြုဆွေးနွေးနေပုံ

ပုံ ၈-၉ ဒေါ်သင်းသင်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)မှအကြံပြုဆွေးနွေးနေပုံ

# အခန်း (၉)
# နိဂုံးချုပ်နှင့်အကြံပြုချက်

## ၉.၁ နိဂုံးချုပ်

ယခုစီမံကိန်းမှာ မော်တော်ဆိုင်ကယ် တပ်ဆင် ထုတ်လုပ်မည့် စက်ရုံဖြစ်ပြီး အမှတ်(၁၁၇)၊ ဦးပိုင်အမှတ်-၂၂၄၊၃၃၃/၂၊ ၂၄၆/၃၃၉၊ တောင်ရင်းရပ်၊ စဥ့်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင်၊ မန္တလေး တိုင်းဒေသကြီး တွင်တည်ရှိပါသည်။ စက်ရုံသည် မန္တလေးတိုင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၏ လမ်းညွှန်ချက် အတိုင်း ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ပါသည်။ စက်ရုံသည် ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းကွပ်မှုများအပြင် အခြားသော ဆက်စပ် ကိစ္စရပ်များကိုလည်း အကောင်းမွန်ဆုံး ပြုလုပ်ရန် စီမံခန့်ခွဲမှုများ ပြုလုပ်ထားပါသည်။

စက်ရုံအတွက် ပြင်ဆင်ထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ အပြင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကိုလည်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း (၂၀၁၅) အပြင် အခြားသော နိုင်ငံတကာ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ကိုးကားပြီး ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ကနဦး လေ့လာချက်များ ဖြစ်သော လက်ရှိ ပတ်ဝန်းကျင် အရည်အသွေးများ တိုင်းတာခြင်း၊ အနီးပတ်ဝန်းကျင် အနေအထား လူမှုဘဝ လေ့လာခြင်းများကိုလည်း စနစ်တကျပြုလုပ် ဖော်ပြထားပြီး ဖြစ်နိုင်ခြေရှိသော ဆိုးကျိုးထိခိုက်မှုများ အတွက် ကောင်းမွန်ပြီး သင့်တော်သော လျှော့ချရေး အစီအစဉ်များ၊ စီမံခန့်ခွဲမှု အစီအစဉ်များလည်း ဖော်ပြထားပါသည်။ စီမံကိန်း အဆိုပြုသူအနေဖြင့်လည်း ၎င်းတို့ကို သိရှိ နားလည်ပြီး လိုက်နာ ဆောင်ရွက်ရန်လည်း ကတိပြုထားပါသည်။

ကနဦးပတ်ဝန်းကျင် လေ့လာမှုများအရ ယခုစီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝတို့အပေါ် ထိခိုက်မှုမှာ ဆိုးဆိုးဝါးဝါး မရှိကြောင်းလည်း တွေ့ရှိထားပါသည်။ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာ ရေးဆွဲရာတွင် ကိုးကားထားသော အချက်များကို အောက်တွင် စာရင်း ပြုစု၍ ဖော်ပြထားပါသည်။

## ၉.၂ ကိုးကားချက်များ


Environmental Impact Assessment Procedure, 2015. The Government of the Republic of the Union of Myanmar, Ministry of Natural Resource and Environmental Conservation. Notification No. 616/2015, Nay Pyi Taw, the 3rd Waning Day of Nadaw, 1377 M.E.

Environmental, Health and Safety (EHS) Guideline (Complete Version), www.ifc.org/ehsguidelines

International Finance Corporation (IFC), 2012. Performance Standard on Environmental and Social Substainability. IFC's Guidance Notes.

Khine Phyu Htet, 2015. Study on the gut content of Oreochromis niloticus from Sun Ye Lake at Sintkaing Township. Department of Zoology, Kyaukse University, MSc. Thesis.

Kyaw Zay Ya Thu, 2011. Taxonomic study on some member of Angiopermae in Son Ye Lake and its surrounding area, Sintgaing Township, Kyaukse District, Mandalay Region. Department of Botany, Kyaukse University, MSc. Thesis.

Myo Aung, 2016. Species composition of water birds at Paleik Inn from Sintkaing Township, Mandalay Region. Department of Zoology, Kyaukse University, MSc. Thesis.

National Environmental Quality (Emission) Guideline, 2015. The Government of the Republic of the Union of Myanmar, Ministry of Natural Resource and Environmental Conservation. Notification No. 615/2015, Nay Pyi Taw, the 3rd Waning Day of Nadaw, 1377 M.E.

Nilar Paing, 2016. Meiotic characters Solanum SPP. Commercially cultivated in Bellin Village Tract, Sintgaing Township. Department of Botany, Kyaukse University, MSc. Thesis.

Soe Thura Tun, Maung Thein, Nyunt Htay and Kyaing Sein, 2014. Geological Map of Myanmar, Myanmar Geosciences Society (MGS).

Su Myat Naing, 2016. Occurrence of fish species in order Cypriniformes at Sintkaing Environs, Mandalay Region. Department of Zoology, Kyaukse University, MSc.Thesis.

Win Ei Phyo, 2017. Relative abundance of some butterfly species from Butar Village, Sintkaing Township, Mandalay Region. Department of Zoology, Kyaukse University, MSc. Thesis.

Ya Min Kay Thi, 2016. Meiotic Behaviors of Citrus SPP. Commercially cultivated in Bellin Village Tract, Sintgaing Township. Department of Botany, Kyaukse University, MSc. Thesis.

Yin Yin Aye, 2017. Species composition and abundance of some fishes in Sun Ye Lake at Sintkaing Township, Mandalay Region. Department of Zoology, Kyaukse University, MSc. Thesis.

# နောက်ဆက်တွဲ (က)
# လူထုတွေ့ဆုံပွဲ ဆွေးနွေးတင်ပြသည့် အချက်အလက်များ

## Kamax Group Myanmar Co., Ltd.
## ကနဦးပတ်ဂန်းကျင် ဆန်းစစ်ခြင်း
## မော်တော်ဆိုင်ကယ်နှင့်သုံးဘီးဆိုင်ကယ်တပ်ဆင်ထုတ်လုပ်သည့် စက်ရုံ

### အများပြည်သူနှင့် တွေ့ဆုံပွဲအခမ်းအနား

Presented by Ei Ei Zaw (Environmental Geologist)
Total Business Solution Co., Ltd

၁၀ ရက်၊ မေလ၊ ၂၀၁၈ ခုနှစ်။

## TOTAL BUSINESS SOLUTION CO., LTD

- မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပါသည်။
- ထိုင်းနိုင်ငံရှိ Team Consulting Engineering and Management ကုမ္ပဏီနှင့် ပူးပေါင်း လုပ်ကိုင်လျှက်ရှိပါသည်။ TBS သည် မြန်မာနိုင်ငံတွင် တာဝန်ယူဆောက်ရွက်ပေးနေသော လုပ်ငန်းဆောင်တာများမှာ
  - ❖ Geotechnical Engineering
    - ➢ Foundation Design
    - ➢ Deep Excavation
    - ➢ Dams
    - ➢ Landslide Investigation and Remediation
    - ➢ Geohazard assessments
  - ❖ Construction management and supervision
  - ❖ Environmental assessments (EIA, IEE, EMP)
  - ❖ Mine Planning and mine waste design

2

## ဆွေးနွေးတင်ပြမည့်အကြောင်းအရာ

- ကနဦးပတ်ဂန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်။
- စီမံကိန်းအကြောင်းဖော်ပြခြင်း
    - ❖ စီမံကိန်းဖော်ဆောင်သည့်ကုမ္ပဏီ
    - ❖ ထုတ်လုပ်ခြင်းလုပ်ငန်း အဆင့်ဆင့်
- စီမံကိန်းကြောင့် ပတ်ဂန်းကျင် အပေါ် အကျိုးသက်ရောက်မှု များကို လေ့လာခြင်းနှင့် လျှော့ချရေး အစီအစဉ်များ
- ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲခြင်း
- စီမံကိန်းကာလတွင်လိုက်နာဆောင်ရွက်သွားရမည့် ကတိကဝတ်များ

3

## ကနဦးပတ်ဂန်းကျင် ဆန်းစစ်ခြင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်

- စီမံကိန်းကြောင့် ပတ်ဂန်းကျင်နှင့် လူမှုဂန်းကျင် အပေါ် အကျိုးသက်ရောက် မှုများကို လေ့လာရန်။
- လေ့လာတွေ့ရှိချက်များကိုဆန်းစစ်ပြီးစီမံကိန်း ကြောင့်ပတ် ဂန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု များကိုလျှော့ချနိုင်သော အစီအစဉ်များရေးဆွဲရန်။
- ဌာနဆိုင်ရာ၊ပြည်သူလူထုနှင့်တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြီးလက်ခံရရှိသော အကြံဉာဏ်များကို စီမံခန့်ခွဲမှုအစီအစဉ်တွင် ထည့်သွင်း ဖော်ပြရန်။
- ကနဦးပတ်ဂန်းကျင် ဆန်းစစ်ခြင်း ရလဒ်များကို ပတ်ဂန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန (ECD) သို့တင်ပြရန်။

4

## ရေအသုံးပြုမှု

- စက်ရုံ၏တောင်ဘက် မီတာ ၃၇၀ အကွာတွင် ရှိသော ပေ၃၀၀ အနက်ရှိ အဝီစိတွင်း ရေကို အသုံးပြုသွားမည် ဖြစ်ပါသည်။
- ထိုရေကို စက်ရုံဝန်းအတွင်း ရေစင် နှင့် ၆ပေ ပတ်လည်ရှိသော ရေကန် ၂ကန် တို့တွင် သိုလှောင်ပြီး ဝန်ထမ်းများသုံးရေအဖြစ် အသုံးပြုမည် ဖြစ်ပြီး ဝန်ထမ်းများသောက်သုံးရေကို Filter System ဖြင့် အသုံးပြုမည်ဖြစ်ပါသည်။
- ရေဂါလံ၂သောင်းဆန့် ၁၅ပေ ပတ်လည် ရေကန်၃ကန်ကို မီးငြိမ်းသတ်ရေး အတွက် အသုံးပြုမည် ဖြစ်ပါသည်။

15

## ပတ်ဝန်းကျင်အခြေအနေ လေ့လာမှု

- TBS ကုမ္ပဏီသည် ကွင်းဆင်းလေ့လာမှု များကို ၂၄ ရက်၊ ဖေဖော်ဝါရီလ၊၂၀၁၈ ခုနှစ်တွင် စီမံကိန်းဧရိယာတွင်း လေ့လာမှုနှင့် ဆူညံသံတိုင်းတာမှု တစ်ကြိမ် ပြုလုပ်ခဲ့ပြီး ၁၉ ရက်မှ ၂၂ ရက်၊ မတ်လ၊ ၂၀၁၈ ခုနှစ်တွင်လည်း ပတ်ဝန်းကျင်အခြေအနေနှင့် ပတ်ဝန်းကျင် အရည်အသွေး တိုင်းတာမှုများကို ပြုလုပ်ခဲ့ပါသည်။
- စီမံကိန်းဧရိယာ၏အနီးပတ်ဝန်းကျင်ရှိမြေအသုံးချမှုများကို၂ကီလိုမီတာ ပတ်လည်အတွင်း လေ့လာခဲ့ပါသည်။
  - ❖ စီမံကိန်းပတ်ဝန်းကျင် မြေအသုံးချမှုနှင့် အနီးရှိ အဆောက်အဦများ
  - ❖ အသံဆူညံမှုတိုင်းတာခြင်း
  - ❖ လေအရည်အသွေးတိုင်းတာခြင်း
  - ❖ ရေအရည်အသွေးတိုင်းတာခြင်း
  - ❖ ဂေဟစနစ်အခြေအနေလေ့လာခြင်း

16

## မြန်မာနိုင်ငံပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများ

- ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ၊ ၁၉၉၄
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ၂၀၁၂
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ၂၀၁၄
- ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ၂၀၁၅
- အမျိုးသား ပတ်ဂန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅)

## အလုပ်ရှင်နှင့်အလုပ်သမားဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ

- အလုပ်သမား လျော်ကြေး အက်ဥပဒေ (၁၉၂၂)
- ခွင့်နှင့် ပိတ်ရက်ဆိုင်ရာ အက်ဥပဒေ (၁၉၅၁)
- လျှပ်စစ်ဥပဒေ (၂၀၁၅)
- လူမှုဖူလုံရေး ဥပဒေ (၂၀၁၂)
- အနည်းဆုံးအခကြေးငွေ နည်းဥပဒေ (၂၀၁၃)
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (၂၀၁၃)
- အလုပ်ရုံ အက်ဥပဒေ (၁၉၅၁)
- အလုပ်သမားအဖွဲ့အစည်း ဥပဒေ (၂၀၁၁)
- အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ (၂၀၁၂)
- မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေ (၁၉၉၂)

6

# စီမံကိန်း အကြောင်းအရာများ

- Kamax Group Myanmar Company သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူ တို့ ပူးပေါင်းလုပ်ကိုင်သော ကုမ္ပဏီဖြစ်ပါသည်။
- Kamax Co., Ltd သည် သုံးဘီးဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ် တပ်ဆင် ထုတ်လုပ်သော လုပ်ငန်း ဖြစ်ပါသည်။
- ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် အဆောက်အဦများပါရှိသောမြေနေရာကို ငှားရမ်းပြီး ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ်တွင် စက်ပစ္စည်းများ တပ်ဆင်ခြင်းနှင့် နေရာချထားခြင်းများကို စတင်ပြုလုပ်ခဲ့ပါသည်။

7

# စီမံကိန်း အကြောင်းအရာများ

- လုပ်ငန်း လည်ပတ်ရာတွင် လိုအပ်သော လျှပ်စစ်အသုံးပြုမှု၊ ရေရရှိမှု၊ ဝန်ထမ်းများနှင့် အလုပ်သမား နေထိုင်ရန် ဝန်ထမ်း အိပ်ဆောင်၊ အလုပ်သမား အိပ်ဆောင် တို့ကို ၂၀၁၈ ခုနှစ် မတ်လကုန် တွင် အပြီးသတ် ပြုလုပ်ပြီး၊ ဧပြီလတွင် စတင် ထုတ်လုပ်မည်ဖြစ်ပါသည်။
- စတင်ထုတ်လုပ်ချိန်၌ စုစုပေါင်း ဝန်ထမ်း ၅၉ ယောက် ၊ လုပ်သား ၆၀ ယောက် ဖြင့် ဆိုင်ကယ်အစီးရေ ၂၀၀ နှင့် သုံးဘီး အစီးရေ ၂၀ကို နေ့စဉ် ထုတ်လုပ်သွားမည် ဖြစ်ပါသည်။
- နောက်ပိုင်းတွင် စုစုပေါင်း လုပ်သားအင်အား ၂၀၀ ဖြင့် ဆိုင်ကယ် အစီးရေ ၄၀၀ နှင့် သုံးဘီး ၄၀ တိုးချဲ့ ထုတ်လုပ်ရန် လျာထားပါသည်။

8


စီမံကိန်းတည်နေရာ
95°50'0"E
96°0'0"E
96°10'0"E
22°0'0"N
21°50'0"N
21°40'0"N
မြေပုံအညွှန်း
မြို့နယ်
စီမံကိန်း တည်နေရာ
လမ်း
မြစ်
အင်း\ရေကန်
စီမံကိန်း တည်နေရာ
0 3.75 7.5 15
km
Service Layer Credits: Source: Esri, DigitalGlobe, GeoEye, Earthstar Geographics, CNES/Airbus DS, USDA, USGS, AeroGRID, IGN, and the GIS User Community


စက်ရုံအဆောက်အဦ အနေအထား
Gate
N
စစ်ဆေးသည့်နေရာ
မီးသတ်ရေကန်
ဝန်ထမ်းများအတွက် ဘောလုံးကွင်း
အိမ်သာ
ဝန်ထမ်းအဆောင်များ
10


သုံးဘီးဆိုင်ကယ်တပ်ဆင်ထုတ်လုပ်မှုအဆင့်ဆင့်
သုံးဘီးဆိုင်ကယ်အစိတ်အပိုင်းအားလုံးပြင်ဆင်ခြင်း
တပ်ဆင်ဌာနသို့ပို့ခြင်း
ရှေ့ပိုင်းတပ်ဆင်ခြင်း
ရေတိုင်ကီနှင့်ပန်ကာတပ်ဆင်ခြင်း
လက်ကိုင်၊ဒိုင်ခွက်၊သော့တပ်ဆင်ခြင်း
ဘီးနှင့်ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း
ရှေ့မီးလုံးအစုံတပ်ဆင်ခြင်း
ဝါယာထုတ်၊ကြိုးထုတ်တပ်ဆင်ခြင်း
ဆီတိုင်ကီတပ်ဆင်ခြင်း
ထိုင်ခုံနှင့်ကာဗာတွဲတပ်ဆင်ခြင်း
နောက်ပိုင်းတပ်ဆင်ခြင်း
လေးနှင့်စပရိန်တပ်ဆင်ခြင်း
တောရှင်းဝွေနှင့်နောက်ရှော့ဘားတပ်ဆင်ခြင်း
ဘီးနှင့်ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း
နောက်ခြေနင်းနှင့်ဘတ္တရီတပ်ဆင်ခြင်း
Transformerနှင့်ကြမ်းခင်းတပ်ဆင်ခြင်း
ဘေးအကာနှင့်နောက်ပိတ်တပ်ဆင်ခြင်း
Handဘရိတ်နှင့်နောက်မီးလုံးတပ်ဆင်ခြင်း
တပ်ဆင်ပြီးဆိုင်ကယ်များကိုစစ်ဆေးရေးဌာနသို့ပို့ခြင်း
ထုတ်ပိုးခြင်း
သုံးဘီးဆိုင်ကယ်အစိတ်အပိုင်း
ဆိုင်ကယ်တပ်ဆင်ခြင်း
ကုန်ချော
11


မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်မှုအဆင့်ဆင့်
မော်တော်ဆိုင်ကယ်အစိတ်အပိုင်းအားလုံးပြင်ဆင်ခြင်း
တပ်ဆင်ဌာနသို့ပို့ခြင်း
ဆိုင်ကယ်ကိုယ်ထည်နှင့်ဆက်စပ်ပစ္စည်းတပ်ဆင်ခြင်း
ရှော့ဘားတပ်ဆင်ခြင်း
ဘီးနှင့်ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း
အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း
ဆီတိုင်ကီတပ်ဆင်ခြင်း
ကာဘာအစိတ်အပိုင်းများတပ်ဆင်ခြင်း
တပ်ဆင်ပြီးဆိုင်ကယ်များကိုစစ်ဆေးရေးဌာနသို့ပို့ခြင်း
ထုတ်ပိုးခြင်း
မော်တော်ဆိုင်ကယ်အစိတ်အပိုင်း
မော်တော်ဆိုင်ကယ်တပ်ဆင်ခြင်း
မော်တော်ဆိုင်ကယ်ကုန်ချော
12

## လျှပ်စစ်အသုံးပြုမှု

- 315 KVA Transformer ဖြင့် ဘဲလင်းပင်မ ဓါတ်အားခွဲရုံမှ ပေးပို့သော ဓါတ်အားလိုင်းကို ရယူပါသည်။
- နောက်ပိုင်းတွင် တိုးချဲ့မည့် လုပ်ငန်းများ အတွက် ပြည့်မှီသော လျှပ်စစ် စွမ်းအင် ရရှိနိုင်သည့် Transformer ကို ထပ်မံတပ်ဆင် အသုံးပြုရန် စီစဉ်ထားပါသည်။
- လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားချိန်တွင် ယာယီအသုံးပြုရန်အတွက် 110 KVA ရှိသော မီးစက်ကို အသုံးပြုပါသည်။

315 KVA Transformer

110 KVA မီးစက်

13

## အမှိုက်စွန့်ပစ်မှု

- စက်ပစ္စည်းအစိတ်အပိုင်းများကို ထုတ်ပိုးလာသော စက္ကူပုံးများ ပလတ်စတစ် အိတ်များဖြစ်ပြီး တရက်ကို ၅၀ ကီလိုဂရမ်ထွက်ရှိပါသည်။
- ဝန်ထမ်းများမှစွန့်ပစ်အမှိုက်များ အတွက်လည်း အမှိုက်ပုံး များထားရှိပေးပါသည်။
- ပြန်လည်အသုံးပြု၍ ရသောအမှိုက်များနှင့် အသုံးပြုမရသော အမှိုက်များဟူ၍ ခွဲခြား၍စွန့်ပစ်ပါမည်။
- ပြန်လည် အသုံးပြု၍ ရသော စက္ကူပုံးနှင့်ပလတ်စတစ် အိတ်များကိုဝယ်ယူသူထံသို့ ရောင်းချသွားမည် ဖြစ်သည်။
- စက်ရုံဝန်းအတွင်းတွင်အမှိုက်များကို ပေ၂၀ ပတ်လည် ရှိသော အမှိုက်ကန် တည်ဆောက်ကာ စွန့်ပစ်မည်ဖြစ်ပါသည်။
- အမှိုက် များကိုစည်ပင်သာယာမှ ချမှတ်ထားသော နည်းစနစ် အတိုင်းစွန့်ပစ်ပြီးနှစ်ပတ်လျှင် တစ်ကြိမ်ပုံမှန် စွန့်ပစ်ပါသည်။

ဝန်ထမ်းများစွန့်ပစ်ရန် ထားရှိသော အမှိုက်ပုံး

14


စီမံကိန်းပတ်ဝန်းကျင်ရှိမြေအသုံးချမှုလေ့လာခြင်း
96°8'30"E
96°9'0"E
96°9'30"E
96°10'0"E
96°10'30"E
21°42'0"N
21°41'30"N
21°41'0"N
21°40'30"N
21°40'0"N
21°39'30"N
Service Layer Credits: Source: Esri, DigitalGlobe, GeoEye, Earthstar Geographics, CNES/Airbus DS, USDA, USGS, AeroGRID, IGN, and the GIS User Community
Top Myanmar
မြေပုံအညွှန်း
လမ်းနယ်
လေ့လာသည့် ဧရိယာ (၂ကီလိုမီတာ အချင်းဝက်)
ချောင်း
မြေအသုံးချမှု
အစိုးရပိုင်အဆောက်အဦ
စက်ရုံ ဧရိယာ
မြေလွတ်မြေရိုင်း
သာသနာ့နယ်မြေ
တောင်ကုန်းတောင်တန်း
လယ်ကွင်းများ
လူနေ ဧရိယာ
km
0 0.25 0.5 1
17


Kamax စက်ရုံအနီးရှိ စက်ရုံများ
96°7'30"E
96°8'0"E
96°8'30"E
96°9'0"E
96°9'30"E
21°41'30"N
21°41'0"N
21°40'30"N
21°40'0"N
ကျောက်ဆည်တက္ကသိုလ်
zxxnk
စီမံကိန်း တည်နေရာ
ပြည်ထဲရေး ဝန်ကြီးဌာန
Top Myanmar
ပိုက်ဆိုက်စက်ရုံ
ရွှေမြန်မာစက်ရုံ
ကြွေမိစက်ရုံ
ကျောက်ခွဲစက်
မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် ပလပ်စတစ်စက်ရုံ
ဘဲလင်းရွာ
ပြည်ထဲရေး ဝန်ကြီးဌာန
ရဲရွာလမ်း
ဘဲလင်း လျှပ်စစ် ပင်မဓာတ်အားခွဲစက်ရုံ
ကံကောင်းခြင်းရတနာ အထပ်သားစက်ရုံ
နဘဲပင်ရွာ
မန္တလေး-မြစ်ကြီးနား

## စီမံကိန်းဧရိယာတွင်းတိုင်းတာမှုများ




## အသံဆူညံမှုတိုင်းတာခြင်း




- အသံဆူညံမှုကို စီမံကိန်း ဧရိယာ အတွင်း တွင် (၂) နေရာနှင့် ဆိုင်ကယ် တပ်ဆင်သည့် နေရာတွင်(၁) နေရာခွဲ၍ တိုင်းတာခဲ့ပါသည်။
- တိုင်းတာမှုရလဒ်သည် အမျိုးသား ပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် နှင့်နှိုင်းယှဉ် ဖော်ပြ ထားပါသည်။

20

# လေအရည်အသွေးတိုင်းတာခြင်း

- စီမံကိန်း ဧရိယာတွင်း လေထုထဲတွင် လွင့်မျောနေသော ဖုန်မှုန့် ပမာဏ (TSP) နှင့် (PM10) ကို ၂၄ နာရီကြာ တိုင်းတာမှု ပြုလုပ်ခဲ့ပါသည်။
- စက်ရုံပြုပြင် မွမ်းမံခြင်း၊ အသေးစား ဆောက်လုပ်ရေးများ တည်ဆောက်ခြင်း၊ ဆိုင်ကယ် နှင့်ကား သွားလာခြင်း များရှိပါသည်။
- တိုင်းတာမှုမှရလဒ်သည် ကမ္ဘာ့ဘဏ်နှင့် အမျိုးသား ပတ်ဂန်း ကျင်ဆိုင်ရာ အရည်အသွေး ထုတ်လုပ်မှု လမ်းညွှန်ချက်များ နှင့်နှိုင်းယှဉ်ခဲ့ပါသည်။

| လေအရည်အသွေးတိုင်းတာမှု | အချိန် | ယူနစ် | ရလဒ် | (NEQG*) | ကမ္ဘာ့ဘဏ် |
|---|---|---|---|---|---|
| TSP | ၂၄ နာရီ | µg/m³ | ၂၃၃ | - | ၂၃၀ |
| PM10 | ၂၄ နာရီ | µg/m³ | ၁၅၈ | ၅၀ | - |

NEQG : အမျိုးသား ပတ်ဂန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

21

# ရေအရည်အသွေးတိုင်းတာခြင်း

- စီမံကိန်း အနီးအနားတွင် မြစ်ချောင်းအင်းအိုင်များမရှိခြင်းနှင့် စက်ရုံမှ စွန့်ပစ်ရေ မထွက်ခြင်းတို့ကြောင့် မြေပေါ်ရေတိုင်းတာမှု မပြုလုပ်ခဲ့ပဲ စက်ရုံဝန်ထမ်းများ အသုံးပြုသော အဝီစိတွင်းရေကို နမူနာကောက်ယူ၍ ဓါတ်ခွဲစမ်းသပ်ခဲ့ပါသည်။

| စဉ် | အရည်အသွေးညွှန်းကိန်း | ယူနစ် (Unit) | ရလဒ်အဖြေ | သောက်သုံးရေ စံနှုန်း (WHO) | စွန့်ရေစံနှုန်း (NEQG*) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ချဉ်ဖန်ကိန်း (pH) | * | ၇.၇ | ၆.၅-၈.၅ | ၆-၉ | Normal |
| ၂ | အပူချိန် (Temperature) | ˚C | ၂၀.၃ | - | ± ၃ | - |
| ၃ | အရောင် (Colour) | - | ၀ | - | - | - |
| ၄ | ဆိုင်းကြွ အနည်(TSS) | mg/L* | ၀ | NG | ≤ ၅၀ | Normal |
| ၅ | အောက်ဆီဂျင် ပျော်ဝင်မှု (Dissolved oxygen) | mg/L* | ၆.၅ | ≥ ၃ | - | Normal |
| ၆ | ဇီဝဆိုင်ရာ အောက်ဆီဂျင် လိုအပ်ချက် (BODs) | mg/L* | ၄ | ≤ ၃ | ≤ ၅၀ | Above DW limit |
| ၇ | ဓာတုဆိုင်ရာ အောက်ဆီဂျင် လိုအပ်ချက် (COD) | mg/L* | ၆.၂ | NG | ≤ ၂၅၀ | Normal |
| ၈ | ကလိုရင်း(Free Chlorine) | mg/L* | ၀.၄၇ | NG | - | - |
| ၉ | စိန်ဓာတ် (Arsenic) | mg/L* | ၀ | ≤ ၀.၀၁ | ≤ ၀.၁ | Normal |

22

## ဂေဟာစနစ်အခြေအနေလေ့လာခြင်း

- စီမံကိန်း ဧရိယာ အနီးဝန်းကျင်ရှိ သစ်ပင်ပန်းမန်နှင့် သတ္တဝါမျိုးစိတ်များအား( ဂေဟာစနစ်) စစ်တမ်းကောက်ရန် အတွက် စဉ့်ကိုင်မြို့နယ် အနီးဝန်းကျင်တွင် ပြုလုပ်ခဲ့သော ဇီဝဗေဒဆိုင်ရာ မဟာသုတေသန စာတမ်းများနှင့် စဉ့်ကိုင်မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များကို ကိုးကား၍ လေ့လာခဲ့ပါသည်။
- စဉ့်ကိုင်မြို့နယ်အတွင်း နှစ်ရှည်ပင်များ ဖြစ်သော သံပုရာပင်၊ ရှောက်ပင်၊ သရက်ပင် နှင့်ကောက်ပဲသီးနှံများ ဖြစ်သော စပါး၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ ပဲတီစိမ်း၊ နေကြာ နှင့် ကြက်သွန်နီ တို့ကို စိုက်ပျိုးကြပြီး သဘာဝ ပေါက်ပင်များ ဖြစ်သော ပဒုမ္မာကြာ၊ ကြာပြာ၊ ခေါင်ယမ်း၊ ဘောက်ခွေး၊ ချည်ပေါင်ခါး၊ သံမနိုင်ကျောက်မနိုင်၊ လေညှင်းကြီး၊ တောင်ကန်စွန်း၊ ဗေဒါ နှင့် နွယ်ရှုပ်ပင် စသည့်တို့ ပေါက်ရောက်နေပါသည်။

ကြာပြာ

ဗေဒါ

ခေါင်ယမ်း

ချည်ပေါင်ခါး

ရှောက်သီး

သံပုရာသီး

23

## ဂေဟာစနစ်အခြေအနေလေ့လာခြင်း

- တောရိုင်းတိရစ္ဆာန်များ ဖြစ်သော ယုန်၊ ဂျီ၊ ဖရက်၊ စာကလေး၊ ကျီး၊ ချိုး၊ မြွေအမျိုးမျိုး၊ လိပ်ပြာ နှင့် အခြားပိုးမွှား တို့ရှိပြီး မွေးမြူရေး သတ္တဝါများ ဖြစ်သော ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ၊ ငုံး၊ ငါး နှင့် ပုဇွန် တို့ကို မွေးမြူကြပါသည်။
- စဉ့်ကိုင်မြို့နယ်ရှိ စွန်ရဲအင်းကန် တွင် ငါးမျိုးစိတ်များကို တွေ့ရပြီး၊ ပလိပ်အင်း အနီးဝန်းကျင်တွင် ရေငှက်မျိုးစိတ် များကို တွေ့ရှိရပါသည်။
- ဘုတာရွာ အနီးဝန်းကျင်တွင်လည်း လိပ်ပြာမျိုးစိတ်များကို တွေ့ရှိရပါသည်။

*Labeo micropthalmus*


*Mystus pulcher*

*Threskiornis melanocephalus*

*Phalacrocorax niger*


*Notopterus notopterus*

*Channa punctatus*

*Catopsilia Pomona*

*Pareronia valeria*

24

## လုပ်ငန်း လည်ပတ်ခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနှင့် လျှော့ချရမည့် နည်းလမ်းများ

25

## လေထုညစ်ညမ်းမှု

| သက်ရောက်နိုင်မှုများ | လျှော့ချရေးနည်းလမ်းများ |
|---|---|
| **ဖုန်မှုန့်ထွက်ခြင်း** | |
| • စက်ရုံပြုပြင် မွမ်းမံခြင်း၊ အသေးစား ဆောက်လုပ်ရေးများ တည်ဆောက်ခြင်းတို့ကြောင့် ဖုန်မှုန့်များထွက်ရှိခြင်း။<br>• စက်ရုံသို့လာသော ကား၊ ဆိုင်ကယ်များကြောင့် ဖုံထွက်ရှိခြင်း။ | • စီမံကိန်းနေရာ ပြင်ဆင်ချိန်တွင် တည်ဆောက်ရေး ဧရိယာနှင့် သွားလာအသုံးပြုသောလမ်းများကို ရေဖြန်းပေးခြင်း။<br>• မော်တော်ယာဉ်များကို အရှိန်လျှော့မောင်းစေခြင်း။ |
| **မီးခိုးငွေ့ထွက်ခြင်း** | |
| • ဆိုင်ကယ်များ စမ်းသပ်ရာမှ မီးခိုးများ ထွက်ရှိခြင်း။<br>• မီးစက်များ အသုံးပြုရာမှ မီးခိုးများ ထွက်ရှိခြင်း။ | • မီးစက်နှင့် စက်ကိရိယာများကို ပုံမှန် ပြုပြင် ထိန်းသိမ်း ပေး ခြင်း။<br>• စက်ပစ္စည်းများကို အသုံးမပြုချိန်တွင် ရပ်ထားခြင်း။<br>• ဆာလဖာနည်းသောစက်သုံးဆီကိုအသုံးပြုခြင်း။ |

26

## စွန့်ပစ်အမှိုက်

| စက်ရုံမှထွက်သော အမှိုက် | |
|---|---|
| **သက်ရောက်နိုင်မှုများ** | **လျော့ချရေးနည်းလမ်းများ** |
| • စက်ရုံမှထွက်ရှိသော စက္ကူပုံးနှင့် ပလတ်စတစ်များ ထွက်ရှိခြင်း။<br>• ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ရာမှ ထွက်ရှိသော စက်ပစ္စည်းအစိတ်အပိုင်း အပျက်များ<br>• အန္တရာယ်ရှိသော အမှိုက်များ ဖြစ်သည့် မီးလုံး၊ မီးချောင်း အကွဲများ | • မျိုးတူအမှိုက်များကိုတစ်နေရာထဲတွင် စုပုံထားရှိ ခြင်း။<br>• ပြန်လည်အသုံးပြုနိုင် သော အမှိုက်များကို ခွဲခြားပြီး ရောင်းချခြင်း။<br>• ပြည်ပမှ တင်ပို့လာသော စက်ပစ္စည်းမှ မကောင်းသော အစိတ်အပိုင်းများကို တင်ပို့သူထံ ပြန်လည်ပို့ခြင်း။<br>• အန္တရာယ်ရှိသော အမှိုက်များကို သတ်မှတ်ထား သောနေရာများတွင် သိုလှောင်ထားခြင်း။<br>• အန္တရာယ်ရှိသောအမှိုက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ (သို့)စဥ့်ကိုင်စည်ပင်သာယာ၏ အမှိုက်သိမ်းစနစ်အတိုင်း လိုက်နာပြီးမှ လမ်းညွှန်ချက် အတိုင်း စွန့်ပစ်ရမည်။ |

29

## လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှု

| သက်ရောက်နိုင်မှုများ | လျော့ချရေးနည်းလမ်းများ |
|---|---|
| **မီးဘေးအန္တရာယ်** | |
| • ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် မတော်တဆ မီးလောင်မှု ဖြစ်ပေါ်နိုင်ခြင်း။<br>• လိုအပ်ချက်ရှိသော လျှပ်စစ်မီးသွယ်တန်းခြင်း နှင့် ဆေး လိပ်မီးတို့ မှ မတော်တဆ မီးလောင်မှု ဖြစ်ပေါ်နိုင်ခြင်း။ | • စက်ရုံဂန်ထမ်းများနှင့် လုပ်သားများကို မီးသတ်ခြင်းဆိုင်ရာနည်းလမ်းများ သင်ကြား လေ့ကျင့်ပေးခြင်း။<br>• လျှပ်စစ်ပစ္စည်းများကို ပုံမှန်စစ်ဆေးပေးခြင်း။<br>• မီးလောင်ခြင်းအသိပေးစနစ်၊ မီးသတ်စနစ် နှင့် မီးသတ် ဆေးဘူးများ တပ်ဆင်ခြင်း။<br>• အရေးပေါ်တံခါးပေါက်၊ လှေခါး၊ အရေးပေါ်စုရပ် များထားရှိပေးခြင်း။<br>• အရေးပေါ်ဆေးကုသရေးနှင့် မီးသတ်ဌာန၊ အစိုးရ ဌာနများနှင့်ဆက်သွယ်ရန် စီစဉ်ပေးခြင်း။ |

30

## စွန့်ပစ်ရေ (ဝန်ထမ်းများမှသုံးပြီးထွက်ရှိသောရေ)

| သက်ရောက်နိုင်မှုများ | လျှော့ချမည့်နည်းလမ်းများ |
|---|---|
| • ဝန်ထမ်းများ အသုံးပြုသော ရေများ ထွက်ရှိခြင်း။<br>• ရေအိမ်မှ ရေဆိုး ထွက်ရှိခြင်း။<br>• မိုးရာသီတွင် မြေပေါ်ရေစီးဆင်းမှု ရှိခြင်း။ | • စွန့်ပစ်ရေများ စနစ်တကျစီးဆင်းစေရန် ရေမြောင်းများ ထားရှိပေး ခြင်း။<br>• ရေသွားမြောင်းများကို ရေစီး ရေလာ ကောင်းမွန်မှု ရှိမရှိ ပုံမှန်စစ်ဆေး ပေးခြင်း။<br>• အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို ရေသွားမြောင်းထဲသို့ စွန့်ပစ်မှု ကို တားမြစ်ခြင်း။<br>• လုံလောက်သော မိလ္လာကန်စနစ်များ ထားရှိခြင်း။ |

မှတ်ချက်။ ။ စီမံကိန်း လည်ပတ်ရာမှ ရေဆိုး ထွက်ရှိမှု မရှိပါ။

27

## စွန့်ပစ်အမှိုက်

| သက်ရောက်နိုင်မှုများ | လျှော့ချရေးနည်းလမ်းများ |
|---|---|
| **ဝန်ထမ်းများမှထွက်သော အမှိုက်** | |
| • ဂန်ထမ်းများ အသုံးပြုသော အိတ်၊ ရေဗူး၊ စက္ကူစုတ်များထွက်ရှိခြင်း<br>• ဂန်ထမ်းများ စားသောက်ရာမှ စားကြွင်းစားကျန်များ ထွက်ရှိခြင်း။ | • စက်ရုံအတွင်း၊ စားသောက်ခန်း နှင့် ရုံးခန်းများတွင်သီးသန့် အမှိုက်ပုံးများကို လုံလောက်စွာ ထားရှိပေးရပါမည်။<br>• အမှိုက်များကို အမှိုက်ကန်သို့ ပုံမှန်စွန့်ပစ်ရမည်။ |

28

## လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှု

| သက်ရောက်နိုင်မှုများ | လျှော့ချရေးနည်းလမ်းများ |
|---|---|
| **လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု** | |
| • စက်ပစ္စည်းကိရိယာများကို သေချာမသုံးသဖြင့် ဒဏ်ရာရရှိခြင်း။<br>• ချောသောကြမ်းပြင်တွင်လဲကျ ခြင်း။ | • ကျန်းမာရေးနှင့်လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး သင်တန်းများပေးခြင်း။<br>• အန္တရာယ်ရှိသောနေရာများတွင်အမှတ်အသားများ ဆိုင်းဘုတ်များပြသ ထား ခြင်း။<br>• လုပ်ငန်းခွင်ရှေးဦးသူနာပြုအခန်းနှင့် ဆေးပစ္စည်းများ ထားရှိခြင်း။<br>• အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းအစီအစဉ်များ ထားရှိပြီး အနီးဆုံးဆေးရုံ ဖုန်းနံပါတ် နှင့်မြေပုံများ ထားရှိခြင်း။ |

31

## လူမှုစီးပွားအပေါ် ဖြစ်ပေါ်လာနိုင်သော ကောင်းကျိုးများ

- စီမံကိန်းလုပ်ငန်းခွင် အနီးအနားရှိ ကျေးရွာများ ဥပမာ ဘဲလင်းရွာနှင့် နဘဲပင်ရွာ တို့မှ ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း။
- အရည်အချင်း ရှိသောဝန်ထမ်းများ ဖြစ်အောင် လေ့ကျင့်သင်ကြားပေးခြင်း။
- နိုင်ငံဂင်ငွေတိုးတက်စေနိုင်ခြင်း။
- လူမှု အကျိုးတူ ပူးပေါင်းပါဝင်မှု (CSR) အစီအစဉ်များ ပြုလုပ်ခြင်းဖြင့် ပြည်သူနှင့် စီမံကိန်း တို့အတွက် နှစ်ဦးနှစ်ဘက် ကောင်းမွန် သော ဆက်ဆံမှုများကို ရရှိစေပါသည်။

32

# ပတ်ဝန်းကျင်လေ့လာစောင့်ကြည့်မှုအစီအစဉ်

တည်ဆောက်ဆဲကာလနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလ အတွက် EMP အစီအစဉ်ကို စနစ်တကျရေးဆွဲရမည်




စောင့်ကြပ်ကြည့်ရှုစစ်ဆေးပြီး ရလဒ်များကို ပိုမိုကောင်းမွန်ရန် ပြန်လည်ပြင်ဆင်ရေးဆွဲရမည်။

စီမံကိန်း အကောင် အထည်ဖော်သူမှ ဆောင်ရွက်ရပါမည်

ဌာနဆိုင်ရာ၊စီမံကိန်းအကောင်အထည်ဖော်သူ၊ အနီးအနားရှိဒေသခံများမှ စောင့်ကြပ်စစ်ဆေးပေးရမည်။

33

# စောင့်ကြပ်ကြည့်ရှုရမည့် အချက်အလက်များ

| စောင့်ကြပ်ကြည့်ရမည့်အစိတ်အပိုင်း | ပြုလုပ်ရမည့်အချက်များ | တိုင်းတာရမည့်နေရာနှင့်အချက်အလက်များ | တိုင်းတာရမည့်အကြိမ်အရေအတွက် | တာဝန်ရှိသောအဖွဲ့အစည်း |
|---|---|---|---|---|
| အမှိုက်များစွန့်ပစ်မှု | အန္တရာယ်ရှိ သော အမှိုက်များကို ခွဲခြား၍ သင့်တော်သော နေရာတွင် စနစ်တကျ ပုံမှန် စွန့်ပစ် ခြင်း။ | လုပ်ငန်းမှထွက်ရှိသောအမှိုက်များနှင့်ဝန်ထမ်းများမှထွက်ရှိသောအမှိုက်များစွန့်ပစ်သည့်နေရာ | နေ့စဉ် | Kamax Co., Ltd |

34

## စောင့်ကြပ်ကြည့်ရှုရမည့် အချက်အလက်များ

| စောင့်ကြပ်ကြည့်ရှုရမည့် အစိတ်အပိုင်း | ပြုလုပ်ရမည့် အချက်များ | တိုင်းတာရမည့်နေရာ နှင့် အချက်အလက်များ | တိုင်းတာရမည့်အကြိမ်အရေအတွက် | တာဝန်ရှိသော အဖွဲ့အစည်း |
|---|---|---|---|---|
| ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းမှု | စက်ရုံတွင်းဆေးပေးခန်းထားရှိခြင်းနှင့်အရေးပေါ် ဆေးကုသရေးများစီစဥ်ပေးခြင်း၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းများပို့ချခြင်း။မတော်တဆဖြစ်ပေါ်ခြင်းနှင့်ထိခိုက်မှုများမှတ်တမ်းထားရှိခြင်း။ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ် ဆောင်ချက် များကိုစစ်ဆေးခြင်း။ | စက်ရုံတွင်း(ဥပမာမီးသတ်ပိုက်၊PPE၊မီးသတ်ဆေးဘူး၊ေရှးဦးသူနာပြုဆေး သေတ္တာ) ဆေးခန်း။ | လစဥ် | Kamax Co., Ltd |

- ကနဦးပတ်ဂန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ပတ်ဂန်းကျင် စောင့်ကြပ်ကြည့်ရှုရေး အစီအစဥ်များနှင့် စီမံခန့်ခွဲမှုအစီအစဥ်များကိုထည့်သွင်းရေးထားပါသည်။
- စောင့်ကြည့်မှု အစီအစဥ်မှရလဒ်များကို ပတ်ဂန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD) သို့ ၆လ တစ်ကြိမ် တင်ပြရမည်ဖြစ်ပါသည်။

35

## ပတ်ဂန်းကျင်စီမံခန့်ခွဲမှု အစီအစဥ်ဖော်ဆောင်ရန် ဘဏ္ဍာငွေလျာထားမှု

| ပတ်ဂန်းကျင် လေ့လာစောင့်ကြည့်ရေး လုပ်ငန်းစဥ် | နှစ်စဥ် ဘဏ္ဍာငွေလျာ ထားမှု (ကျပ်) |
|---|---|
| လူမှုအကျိုးတူပူပေါင်းမှုအစီအစဥ် | သိန်း ၁၀၀ |
| ဆေးကုသမှု | သိန်း၂၀၀ |
| မီးသတ်ဆေးဘူး | သိန်း၂၀၀ |
| ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု အစီအစဥ် | သိန်း ၁၀၀ |

36

# စီမံကိန်းကာလတွင်လိုက်နာဆောင်ရွက်သွားရမည့်ကတိကဝတ်များ

37

- Kamax Co., Ltd သည် ရေးဆွဲထား**သော** ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိသည်။
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည်ဖော်မှုအတွက် လုံလောက်သော လျာထားငွေပမာဏ ရှိရမည်။
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည် ဖော်ရန် လိုအပ်သလို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စစ်ဆေးခြင်းများပြုလုပ်ရမည်။
- လူမှုအကျိုးတူ ပူးပေါင်းပါဝင်မှုများအစီအစဉ် (CSR) ကိုလည်း ကုမ္ပဏီမှ ဆောင်ရွက်ရမည်။
- အလုပ်သမားများကိုလည်း စက်ရုံအတွင်း အန္တရာယ်ကင်းရှင်းစွာလုပ်ဆောင်နိုင်ရန် လေ့ကျင့်ပေးခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခြင်း၊ လိုအပ်လျှင် အကြံပေးအဖွဲ့အစည်းများကို ငှားရမ်း၍ ဆောင်ရွက်ရမည်။

38

# Karmaxမော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တွေ့ဆုံဆွေးနွေးပွဲတက်ရောက်သူစာရင်း

ရက်စွဲ

အချိန်: ၉း၀၀ -၁၁း၀၀ နာရီ

| စဉ် | အမည် | ရာထူး | ဌာန | ဖုန်း | လိပ်စာ | လက်မှတ် |
|---|---|---|---|---|---|---|
| ၁။ | Dr သက်ကိုကိုဆွေ | [illegible] | [illegible] | 09-962902576 | [illegible] | [signature] |
| ၂. | ဦးမင်းနောင် | [illegible] | [illegible] | 09-972994918 | [illegible] | [signature] |
| ၃ | ဦးလှဝင်း | [illegible] | [illegible] | 09-2212383 | [illegible] | [signature] 18/5/18 |
| ၄ | ဒေါ်သင်းသင်း | [illegible] | [illegible] | 09-964621101 | ECD [illegible] | [signature] |
| ၅။ | [illegible] | [illegible] | [illegible] | 09-451607040 | [illegible] | [signature] |
| ၆. | ကိုထွန်း | Marketing Manager | | 09-792844744 | | [signature] |

# Karmaxမော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တွေ့ဆုံဆွေးနွေးပွဲတက်ရောက်သူစာရင်း

ရက်စွဲ

အချိန်၊ ၉း၀၀ -၁၁း၀၀ နာရီ

| စဉ် | အမည် | ရာထူး | ဌာန | ဖုန်း | လိပ်စာ | လက်မှတ် |
|---|---|---|---|---|---|---|
| ၇ | [illegible] | | [illegible] | [illegible] | Kamax | [signature] |
| ၈ | KoHtet Aung Khaing | Licence Manager | Licence | 09-421812952 | Kamax | [signature] HAK 10.5.18 |
| ၉ | Ko Yan Myo Aung | | စက်ရုံ | 09.783986798 | Kamax | [signature] |
| ၁၀ | Ko Tun Lin Aung | | ကုန်ပို့ | 09.97688731 | Kamax | [signature] |
| ၁၁ | မိုးမိုးမင်း | | [illegible] | 09.796499 2160 | KAMAX | [signature] |
| ၁၂ | ထွန်းထွန်းဝေ | | [illegible] | 09.796011168 | [illegible] | [signature] |

# Karmaxမော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တွေ့ဆုံဆွေးနွေးပွဲတက်ရောက်သူစာရင်း

ရက်စွဲ

အချိန်: ၉း၀၀ -၁၁း၀၀ နာရီ

| စဉ် | အမည် | ရာထူး | ဌာန | ဖုန်း | လိပ်စာ | လက်မှတ် |
|---|---|---|---|---|---|---|
| ၁၃ | ဦးကျော်ဦး | [illegible] | | | [illegible] | [signature] |
| ၁၄ | မစန္ဒာအောင် | ။ | | | ။ | [signature] |
| ၁၅ | မအောင်ချမ်း | ။ | | | [illegible] | [signature] |
| ၁၆ | မဂျဲဘွဲ့အောင် | ။ | | | [illegible] | [signature] |
| | | | | | | |
| | | | | | | |

# နောက်ဆက်တွဲ (ခ)

# ရေအရည်အသွေးရလဒ်

# ပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်း
# Ecological Laboratory

စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း (Advancing Life and Regenerating Motherland, ALARM)

Reference Number/ စာအမှတ်: EL-R / 02210

Date / နေ့စွဲ: 28 March, 2018

## Laboratory Analysis Report /ဓာတ်ခွဲစစ်ဆေးမှုအစီအရင်ခံစာ

### Sample Profileနမူနာရာဇဝင်

| | | | | |
|---|---|---|---|---|
| နမူနာအမည် /Sample Name | Ground Water | နမူနာအမှတ်/ Sample ID | 3562 | |
